The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 44 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 16 , 2015



# အတုယူရမည့်ရှင်သန်ဖွံ့ဖြိုးနေသဲ ထိုင်းနိုင်ငံ၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးလုပ်ငန်းများ

နေကျော်ဆန်း- TPD

၂၀

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိ....

၁၄



မုံရွာတောင်သူတို့ မိုးကြက်သွန်နီစိုက်အပြီး ဆောင်းကြက်သွန်နီ စိုက်ဖို့ပြင်

၇

ရောင်းသူဝယ်သူနှစ်ဦး အကျိုးရှိမယ့် ရော်ဘာဗဟိုဈေး ဖွင့်လှစ်ရန်စီစဉ်

၂၂

ရေပုသိမ်ဖွံ့ဖြိုးမှုကုမ္ပဏီမှ ကျန်းမာရေးနှင့်ညီညွတ်သော အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိ

၃၃


Sunkist Sparkling
လန်းလည်းလန်း ရှင်လည်းရှင်တဲ့
Sunkist® စပါကလင်...
smile!
Sunkist Sparkling
330 ml
Sunkist Sparkling
၅၀၀မီလီလီတာ
၃၅၀/- ကျပ်
Sunkist is a registered trademark of Sunkist Growers, Inc., USA ©2015
Another quality product distributed by
MDG
MYANMAR DISTRIBUTION GROUP
Proudly manufactured by
MYANMAR BEVERAGE COMPANY LIMITED

# ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း

## Yangon Stock Exchange & Economic Development Potentials

## ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကျင်းပ

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၏ Yangon Stock Exchange & Econimic Development Potentials ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းကကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ချို၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေနှင့်အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသား၊ သင်တန်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၏ အကြံပေး ဒေါက်တာမောင်အောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဒေါက်တာမောင်မောင်သိမ်းက စတော့အိတ်ချိန်း၏ အဓိပ္ပာယ်၊ရန်ကုန်စတော့အိတ်ချိန်း ပေါ်ပေါက်လာပုံ၊ စတော့အိတ်ချိန်း ပေါ်ပေါက်လာခြင်းဖြင့် အကျိုးရှိပုံများကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။




စတော့အိတ်ချိန်း ဆိုသည်မှာ စတော့ဆိုသည့်စကားနှင့်အိတ်ချိန်းဆိုသည့်စကားကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း၊ အိတ်ချိန်းဆိုသည်မှာ လဲလှယ်ခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ သို့သော် ကမ္ဘာပေါ်တွင် ကုန်စည်တစ်မျိုးတည်းကိုသာ အထူးပြုရောင်းချသည့်ဈေးကွက်ကို ဆိုလိုခြင်းပင်ဖြစ်ကြောင်း၊ ရှယ်ယာဆိုသည်မှာ ကုမ္ပဏီများ၏ပိုင်ဆိုင်မှုကို ဆိုလိုခြင်းပင်ဖြစ်ကြောင်း၊ စတော့ရှယ်ယာဆိုသည်မှာ ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုအချိုးဝေစုများကို အရောင်းအဝယ်လုပ်သည့်နေရာပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းကို မည်သည့်ခေတ်တွင်မှစတင်ခဲ့ခြင်းမရှိပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် စတော့အိတ်ချိန်းကို စတင်ရန် ဝန်ကြီး ၁၇ ဦးပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သော်လည်း ဖြစ်မလာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရတာဝန်ယူသည့်အချိန်တွင် ဖြစ်မလာသေးသော်လည်း ၂၀၁၂ ခုနှစ်တွင် ဒုတိယဝန်ကြီးတာဝန်ကိုယူသည့် အချိန်မှစ၍ စတော့အိတ်ချိန်းကို ထူထောင်ရန် တာဝန်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် စတော့အိတ်ချိန်းထူထောင်ရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကူအညီဖြင့် စတော့အိတ်ချိန်းထူထောင်ရေး ကိစ္စများကို စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ပြီးစီးလုနီးပါး ဖြစ်နေပြီဖြစ်ပါကြောင်း၊ လာမည့် ဒီဇင်ဘာလအတွင်း စတင်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိုယ်စားမြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံ ဒိုင်ဝါကုမ္ပဏီနှင့် ဂျပန်စတော့အိတ်ချိန်းတို့ပူးပေါင်း၍ ဖက်စပ်လုပ်ငန်းအဖြစ် ထူထောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ ကုမ္ပဏီနှစ်ခုဘက်မှ ၄၉ ရာခိုင်နှုန်းဖြင့် ဖက်စပ်လုပ်ငန်းအဖြစ် ထူထောင်ခဲ့ပါကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်ထားသည့် (Listed လုပ်ထားသည့်)ကုမ္ပဏီပေါင်း ခုနစ်ခုကို ရွေးချယ်ထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ကုမ္ပဏီခုနစ်ခုကို ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်သည့်နေ့တွင် စတင်ကြေညာပေးမည်ဖြစ်ပါကြောင်း၊ ယင်းဖွင့်ပွဲနေ့တွင် ပင်ရှယ်ယာစတင်ရောင်းချမည့် အများပိုင်ကုမ္ပဏီ၏အမည်ကိုလည်း ထုတ်ပြန် ကြေညာပေးမည်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၈နိုင်ငံရှိသည့်အနက် ၁၉၄နိုင်ငံမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပြီး အဆိုပါ ၁၉၈နိုင်ငံအနက် စတော့အိတ်ချိန်းဈေးကွက်မရှိသည့် နိုင်ငံပေါင်းမှာ ကိုးနိုင်ငံသာရှိကြောင်း၊ အဆိုပါကိုးနိုင်ငံတွင်လည်း ကျွန်းနိုင်ငံငယ်လေးများက ခြောက်နိုင်ငံရှိပြီး မြန်မာနိုင်ငံကဲ့သို့ သမိုင်းအစဉ်အဆက်ရှိသည့်နိုင်ငံမှာ သုံးနိုင်ငံသာရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲကို ထက်သီဟပိုင် ကုမ္ပဏီလီမိတက်နှင့် Worldlink Express Shipping Co., Ltd.(W.E.S Express Group) တို့က ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် Worldlink Express Shipping Co., Ltd. နှင့် ကုန်သွယ်မှုသင်တန်းကျောင်းမှ ဒေါက်တာမောင်အောင်တို့က ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းအား ဂါရဝပြုအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်-ဟိုချီမင်း ခရီးစဉ်အကြိမ်ရေ ပိုမိုတိုးမြှင့်နိုင်ရန် Vietjet မှ A321 အမျိုးအစားလေယာဉ် အစင်း ၃၀ ထပ်မံဝယ်ယူ ရန်ကုန်-ဟိုချီမင်းခရီးစဉ်နှင့် အခြားခရီးစဉ်များအတွက် သုည ဒေါ်လာမှစတင်သော အထူးလက်မှတ် ၃ သိန်း ရောင်းချမည်

Vietjet သည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ တန်ဖိုးရှိ A321 အမျိုးအစားဂျက်လေယာဉ် အစင်း ၃၀ ကို Airbus ကုမ္ပဏီမှ ထပ်မံဝယ်ယူရန် သဘောတူလက်မှတ်ကို ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်အသစ်များသည် မကြာသေးခင်က စတင်ပျံသန်းပြေးဆွဲခဲ့သည့် ရန်ကုန်-ဟိုချီမင်း ခရီးစဉ်တွင် အရည်အသွေးမြင့်မားပြီး စရိတ်သက်သာသည့် ဝန်ဆောင်မှုများပေးစွမ်းရန်အတွက် အားဖြည့်ပျံသန်းသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ခရီးသွားများ အနေဖြင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့် ခရီးသွားကဏ္ဍ အချက်အချာနေရာများသို့ သွားရောက်သည့်အခါတွင် အကောင်းဆုံး ပျံသန်းမှုအတွေ့အကြုံများကိုရရှိမည်ဖြစ်သည်ဟု Vietjet လေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Vietjet ၏နာယက၊ Nguyen Thanh Ha၊ Vietjet ၏ ဥက္ကဌနှင့် အမှုဆောင်အရာရှိချုပ် Nguyen Thi Phuong Thao နှင့် Airbus ၏ COO John Leahy တို့သည် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူတကွ အဆိုပါအခမ်းအနားတွင် လေယာဉ်အသစ်များဝယ်ယူမှု စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ Vietjet ၏ အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည့် အဆိုပါလေယာဉ်သစ်များ ဝယ်ယူခြင်းသည် Vietjet၏ခရီးသွားများအား ယခင်ကထက်ပို၍ လိုရာခရီးသို့ ပို့ဆောင်ပေးနိုင်စွမ်းနှင့် ပျံသန်းမှုကွန်ရက်ကျယ်ပြန့်လာခြင်းတို့ကို သိသာထင်ရှားစေခဲ့သည်။ Vietjet ၏ပျံသန်းမှုကွန်ရက်တိုးချဲ့ခြင်း တစ်စိတ်တစ်ဒေသအဖြစ် ရန်ကုန်-ဟိုချီမင်းခရီးစဉ်ကို အောက်တိုဘာ ၂ ရက်မှစတင်၍ ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ခန့်မှန်းပျံသန်းချိန် ၂ နာရီ ၁၅ မိနစ် ကြာမြင့်သော အဆိုပါတိုက်ရိုက်ခရီးစဉ်သစ်ကိုတစ်ပတ်လျှင် ငါးကြိမ်နှုန်းဖြင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ပျံသန်းပေးလျက်ရှိသည်။

အဆိုပါ လေယာဉ်သစ်များ ထပ်မံဝယ်ယူခြင်း အထိမ်းအမှတ်အဖြစ် Vietjet သည် ဗီယက်နမ်ပြည်တွင်းနှင့် ပြည်ပ ခရီးစဉ်များဖြစ်သည့် ဗန်ကောက်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ဆိုးလ်၊ ဟိုချီမင်းနှင့် ရန်ကုန်ခရီးစဉ်များအတွက် သုည ဒေါ်လာမှစတင်သော အရောင်းမြှင့်တင်ရေးလက်မှတ် သုံးသိန်းကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလက်မှတ်များအတွက် အကျုံးဝင်သည့်ကာလမှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် မေလ ၂၀ ရက်အထိဖြစ်သည်။

"Vietjet ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ မျှော်မှန်းထားတာထက် ပိုပြီးလျှင်မြန်စွာ တိုးတက်လာခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့ ပထမရေးဆွဲထားတဲ့ လေယာဉ်အသစ်တွေ ဝယ်ယူရေးအစီအစဉ်က တိုးတက်နေတဲ့ လိုအပ်ချက်နဲ့မကိုက်ညီတော့ပါဘူး။ အခုလိုလေယာဉ်သစ်တွေ ဝယ်ယူတာနဲ့အတူ ကျွန်တော်တို့ရဲ့ပျံသန်းမှု ကွန်ရက်တွေကို ဆက်လက်တိုးချဲ့သွားမယ့်အပြင် ခရီးသည်တွေနဲ့ကမ္ဘာလှည့်ခရီးသွားတွေ အဆင်ပြေပြေ ခရီးသွားနိုင်အောင် အထူးဝန်ဆောင်မှုနဲ့ အသုံးအဆောင်တွေကို အသက်သာဆုံးဈေးနှုန်းနဲ့ ဝန်ဆောင်မှုတွေ ပေးအပ်သွားမှာပါ" ဟု Vietjet ၏ ဥက္ကဌနှင့်အမှုဆောင်အရာရှိချုပ် Nguyen Thi Phuong Thao က လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။ **မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.44 Monday November 16 2015

# ဆန်ချောအဟောင်း ပစ္စည်းကောင်းလို့ ဈေးတက်ပေမယ့် ဆန်ပုံမှန်ဝင်နေလို့ အရောင်းအဝယ်အေး

ရန်ကုန်မြို့၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ နိုဝင်ဘာ ၁၃ ရက်နေ့ ဈေးနှုန်းအရ ဆန်ဟောင်းတွေဖြစ်တဲ့ ဖျာပုံပေါ်ဆန်း ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းထိပ်စ တစ်အိတ် ၄၂၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၉၅၀၀ ကျပ်တို့ဖြင့် ယခင်တစ်ပတ်ထက် တစ်အိတ် ၁၅၀၀ ကျပ်-၁၀၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။

နယ်စုံပေါ်ဆန်းအဟောင်း ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ နိုဝင်ဘာလ ၁၃ ရက်နေ့ဈေးမှာ ပေါ်ဆန်းဆန်သစ်ဈေး တစ်အိတ်ကို ၂၇၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၁၀၀၀-၂၀၀၀ ခန့်ဈေးတက်လာခဲ့ကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ချောအဟောင်းမှာ ဆန်ဝါမပါဘဲ ပစ္စည်းကောင်းလို့ ဈေးအနည်းငယ်တက်ရခြင်း ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့်တော့ ဈေးမတက်ကြောင်း သိရှိရပါတယ်။

ဆန်ကြမ်းအဟောင်းဖြစ်တဲ့ ညှော်မထ ထိပ်စ တစ်အိတ် ၂၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၄၀၀၀ ကျပ်ဖြစ်ပြီး ညှော်မထဆန်သစ်ဈေးကတော့ တစ်အိတ် ၁၉၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။

စပါးထွက်ရာနယ်မှ မန္တလေး-မူဆယ်သို့ တိုက်ရိုက်တင်ပို့မှုများနေပြီး၊ ရန်ကုန်ကုန်စည်ဒိုင်သို့ ဆန်သစ်အဝင်နည်းခဲ့လို့ ဈေးတက်ရတာဖြစ်ကြောင်း၊ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်ပုံမှန်ဝင်နေသော်လည်း အရောင်းအဝယ်က ခပ်အေးအေးသာရှိကြောင်း ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ညှော်မထ ၂၅ မှတ် ၁၀၈ ပေါင် တစ်အိတ်ကို ဆန်သစ် ၁၈၅၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ခန့်ရှိပြီး၊ ညှော်မထ MYANMAR 25% FOB (Yangon) ဈေး (300-310) မှ (325-330 ) USD / MT ခန့်ဈေးနှုန်းရှိကြောင်း ယခင်ထက် တစ်တန်ကို ၅ ဒေါ်လာမှ ၁၀ ဒေါ်လာခန့် ဈေးကျဆင်းခဲ့ကြောင်း သက်ဆိုင်ရာ အသင်းအဖွဲ့များထံမှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ နိုဝင်ဘာ ၁၃ ရက် ဈေးနှုန်းများအရ ညှော်မထ ၅ မှတ် မော်ဘီ တစ်အိတ်ကို ၁၃၉-၁၄၀ ယွမ်၊ မနောသုခ ၅ မှတ် ၁၃၁-၁၃၂ ယွမ်၊ ညှော်မထ ၁၀ မှတ် မော်ဘီ ၁၃၂-၁၃၅ ယွမ်နဲ့ မနောသုခ ၁၀ မှတ် ၁၂၈-၁၃၀ ယွမ်၊ ညှော်မထ ၁၅ မှတ် ရတနာတိုး တစ်အိတ် ၁၂၇-၁၂၉ ယွမ်၊ ညှော်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၃-၁၂၄ ယွမ်၊ ညှော်မထ ၃၅ မှတ် မနောသုခ တစ်အိတ်ကို ၁၂၁-၁၂၂ ယွမ်၊ ငစိန် ၅ မှတ် ၁၃၉-၁၄၅ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၅-၁၃၇ ယွမ်၊ ငစိန် ၂၅ မှတ် ၁၃၂-၁၃၄ ယွမ်ဈေးအသီးသီးဖြစ်ခဲ့ကြပြီး၊ နိုဝင်ဘာ ၁၃ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၀ ဒသမ ၄၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်ယွမ်ကို ၁ ဒသမ ၄ ကျပ်ခန့် ဈေးကျလာခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်တန် ၁၉၁၃၉ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန်တန် ၃၃၅၂ ကျော် ပိုမိုဝင်ရောက်ခဲ့ကြောင်း၊ ဝင်ရောက်သည့်ဆန်များမှာ ဆန်သစ်အများစုဖြစ်ခြင်း၊ ထားသိုရန် နေရာအခက်အခဲရှိနေခြင်း၊ အစိုဓါတ်လည်းအသင့်အတင့်ရှိနေခြင်းများကြောင့် ဈေးလျော့အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မူဆယ်သို့ ဆန်တင်ဆောင်ခ တစ်တန်ကို ၉၃၀၀၀ ကျပ်ခန့်ရှိနေကြောင်း မူဆယ်ဆန်ဈေးကွက်နှင့် ကုန်တင်ကားဂိတ်များမှ သိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာ ၆ ရက်နေ့အထိ တန်ချိန် ၈၀၅၂၁၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈၁ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၇၄၁၀၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၁ သန်းကျော်ဖိုး တင်ပို့နိုင်မှု ပမာဏနှင့် တန်ဖိုးလျော့နည်းလျက်ရှိကြောင်း သိရှိရပါတယ်။

**MIRT-YGN**

# ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် နှစ်သောင်း ငါးထောင်ကျော်တင်ပို့နိုင်

နိုဝင်ဘာလ ပထမပတ်အတွင်းမှာ မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၉ ဒသမ ၃၉၁ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၂၅၂၆၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်မှ ငစိန်ဆန် ၁၂၂၆၈ တန်ကျော်၊ ညှော်မထဆန် ၁၀၁၂၁ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၂၀၉ တန်နဲ့ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် ၂၆၆၆ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၉၄၄၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်အပြင် ကန်ဒေါ်လာ ၁ ဒသမ ၄၂၇ သန်းဖိုးရှိ ဆန်ကွဲကို မူဆယ် ၁၀၅ မိုင်မှ ၄၃၇၈ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ၁၆၈၈ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ တင်ပို့မှုကတော့ နိုဝင်ဘာ ၁ ရက်မှ ၇ ရက်နေ့အထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၀၁ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် တန် ၅၂၀ တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ စင်ကာပူနိုင်ငံကို ဇီယာဆန် ၂၄၅ တန်၊ အီတလီနိုင်ငံကို ပေါင်းဆန်တန် ၅၀ နဲ့ ပိုလန်နိုင်ငံကို ပေါင်းဆန် ၂၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၇၇၂ တန်လျော့နည်းခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၃၂၅ သန်းဖိုးရှိ ဆန်ကွဲ ၁၂၅ တန်ကို နယ်သာလန်နိုင်ငံကို တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်အတိုင်း တင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၂ | ၃၇၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၁ | ၃၆၇ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၄၅ | ၃၄၅ | □ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၂ | ၃၅၈ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၂၅ | ၃၂၅ | □ | ၂၈၅ | ၂၉၀ | △ |
| ပေါင်းဆန် | ၃၅၀ | ၃၅၅ | △ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

# အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၀ | ၄၉၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၁၃-၁၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၃၀၀ | □ | ၂၃၀၀၀ | △ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၆၀၀ | △ | ၂၄၀၀၀ | □ | ၈၇၅၀ | □ | ၃၇၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၇၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | △ | ၃၀၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၅၀၀ | △ | - | - | ၄၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စုံအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ကျောက်ဆည်ခရိုင်တွင် မိုးစပါးများ ရင့်မှည့်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်ထွက် မိုးစပါး ၅၂၉၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုနှစ်တွင် နွေစပါး ၄၄၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့သော်လည်း မိုးစပါးမှာ လျာထားချက်နီးပါး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးများကို ဇွန်၊ ဇူလိုင်လများတွင် စတင်စိုက်ပျိုးခဲ့ ကြပါတယ်။ ယခုအခါ မိုးစပါးများ ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာခင်ထွက်ပေါ်တော့မှာ ဖြစ်ပါတယ်။

ယခုအချိန်တွင် ရွှေဝါရောင်ဝင်းမှည့်နေတဲ့ စပါးခင်းကြီးတွေ၊ စပါးနှံများ ဖွေးဖွေးလှုပ်နေတဲ့ လယ်ကွင်းပြင်ကြီးများကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိသေးပါ။ မိုးစပါးများအားလုံးကောင်းမွန်စွာ ဖြစ်ထွန်းလျက်ရှိပါတယ်။ မိုးစပါးမျိုးကွဲအလိုက် စိုက်ပျိုးမှုမှာ မနောသုခ ၁၀၃၃၇ ဧက၊ ပုလဲ သွယ် ၈၂၉ ဧက၊ ရောပဒေသာ ၃၇၀၀၀ ဧက၊ ရွှေမနော ၁၅၁၁ ဧက၊ ဆင်းသုခ ၃၂၇၅ ဧက စသဖြင့် စိုက်ပျိုးခဲ့ပါတယ်။

ရောပဒေသာစပါးမျိုးကို အဓိကစိုက်ပျိုးရခြင်းမှာ ဆန် အရည်အသွေးကောင်းမွန်ခြင်း၊ ဈေးကောင်းရရှိခြင်း၊ အရောင်းအဝယ်ကောင်းခြင်း၊ ဒေသတွင်း စားသုံးသူအကြိုက်ဖြစ်ခြင်းတို့ကြောင့် အများဆုံးစိုက်ပျိုးကြခြင်းဖြစ်ပါတယ်။ ရောပဒေသာ စပါးတစ်ဧကကို ကျပ် ၃၀၀၀၀၀ ဝန်းကျင်ကုန်ကျခဲ့ပြီး၊ စပါးတစ်ဧက ၈၅ တင်းထွက်ရှိပါက ထွက်ပေါ်ချိန် ရောင်းဈေးခန့်မှန်း စပါးတင်း ၁၀၀ ကို ၇၀၀၀၀၀ ကျပ်ရှိပါက တစ်ဧက အကျိုးအမြတ်အနေဖြင့် ၃၀၀၀၀၀ ကျပ်နီးပါးရရှိနိုင်ပါတယ်။

ယခုအချိန်တွင် ရောပဒေသာစပါး (ဟောင်း) တင်း ၁၀၀ ကို ၉၀၀၀၀၀ ကျပ်၊ ရောပဒေသာ ဆန်တစ်အိတ် ၃၇၅၀၀ ကျပ်ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက် ရှိပါတယ်။ မကြာခင်ထွက်ပေါ်တော့မယ့် မိုးစပါးများ ဈေးကောင်းရရှိရေး တောင်သူများ မျှော်လင့်လျက် ရှိပါတယ်။

**ဝင်းမာ-ကျောက်ဆည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၃-၁၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၁၁ | ၁၃/၁၁ | ပြောင်းလဲမှု | ၆/၁၁ | ၁၃/၁၁ | ပြောင်းလဲမှု | ၆/၁၁ | ၁၃/၁၁ | ပြောင်းလဲမှု | ၆/၁၁ | ၁၃/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၅၆၈ | ၃၅၉၂ | ▲ | - | - | - | ၃၆၀၀ | ၃၆၀၀ | ■ | ၃၆၀၀ | - | |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | - | - | - | ၃၃၅၀ | - | |
| ၃ | ပဲတီစိမ်း | ၂၁၃၀ | ၂၂၃၀ | ▲ | - | ၁၉၅၆ | - | ၁၀၄၂ | ၁၀၄၂ | ■ | ၁၉၂၀ | ၂၀၅၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၄၅၀ | ၂၄၀၀ | ▼ | - | - | - | - | - | - | ၁၉၇၅ | ၁၉၅၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၄၁၅ | ၁၃၈၈ | ▼ | - | - | - | - | - | - | ၁၁၆၀ | ၁၀၈၈ | ▼ |
| ၆ | ထောပတ်ပဲ | ၉၀၀ | ၉၀၀ | ■ | ၉၂၄ | ၉၂၄ | ■ | - | - | - | ၇၆၅ | ၇၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၃-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၅/၁၁ | ၁၂/၁၁ | ပြောင်းလဲမှု | ၅/၁၁ | ၉/၁၁ | ပြောင်းလဲမှု | ၅/၁၁ | ၉/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၀၀ | ၁၇၀၀ | ■ | - | ၁၅၀၈ | - | ၁၃၇၀ | ၁၄၃၂ | ▲ |
| ၂ | ပဲစင်းငုံ | ၁၅၇၀ | ၁၅၇၀ | ■ | - | ၁၅၀၇ | - | ၁၆၁၄ | ၁၅၀၈ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၈ | ၁၀၈၈ | ■ | - | - | - | ၁၁၈၈ | ၁၁၉၁ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၉၂ | ၇၇၆ | ▲ | ၇၆၉ | ၇၇၆ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၃၁.၁၀.၁၅)ထိ | ယခုတစ်ပတ် (၇.၁၁.၁၅)ထိ | (၁.၄.၁၅) မှ (၇.၁၁.၁၅) ထိ |
| မတ်ပဲ | ၁၇၀၅ | ၄၄၃ | ၃၈၄၇၀၆ |
| ပဲတီစိမ်း | ၆၈၀ | ၁၃၀၃ | ၁၀၉၅၅၂ |
| ပဲစင်းငုံ | ၅၉ | ၈၁ | ၁၁၅၆၅၆ |
| ကုလားပဲ | ၄၁ | ၂၅ | ၂၃၂၃၂ |
| ပဲလွန်းဖြူ | ၄၄ | ၃၆၁ | ၁၂၈၆၄ |
| မြေထောက်ပဲ | ၈၁ | ၃ | ၁၂၁၉၀ |

## မုံရွာကုန်စည်ဒိုင် နိုဝင်ဘာဒုတိယပတ် ပဲဈေးကွက် ဆီထွက်သီးနှံသာ အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် နိုဝင်ဘာလ ဒုတိယပတ် ပဲဈေးကွက်မှာ ပဲမျိုးစုံထက် မြေပဲဆန်ဈေးကွက် အရောင်းအဝယ်သွက်ခဲ့တယ်လို့ ဆိုပါတယ်။ ယခုတစ်ပတ်ပဲဈေးကွက်မှာ Export ဈေးကွက်ပဲတွေဖြစ်ကြတဲ့ ငုံနီ၊ စိမ်းသေးနဲ့ မတ်ပဲတို့မှာ ပေါက်ဈေးသာဖွင့်နိုင်ခဲ့ပြီး အရောင်းအဝယ်မဖြစ်သလောက်ပါးခဲ့ကာ ဒေသသုံးပဲ တွေဖြစ်တဲ့ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲပုပ်၊ စားတော်ပဲနဲ့ ပဲယင်းဝါတို့ အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ပါတယ်။

ကုလားပဲမျိုးစုံဈေးကွက်မှာတော့ ထိုင်ဝမ်တစ်တင်း ၃၈၂၀၀ ကျပ်၊ V2 တစ်တင်း ၃၉၀၀၀ ကျပ်၊ 929 တစ်တင်း ၃၉၃၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ခဲ့ကြပြီး၊ ဒေသတွင်း ပဲခွဲစက်၊ အမှုန့်ကြိတ်စက်နဲ့ ကြာဆံစက်သမားတွေ မရှိမဖြစ်လုပ်ငန်းသုံးအဝယ်ရှိခဲ့လို့ တစ်ရက် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ဒီတစ်ပတ်အတွင်း ပဲမျိုးစုံအသီးသီးရဲ့ တစ်တင်း ပေါက်ဈေးများအနေနဲ့ ငုံနီ ၄၂၀၀၀ ကျပ်၊ မတ်ပဲ ၇၂၀၀၀ ကျပ်၊ စွန်တာနီ ၁၇၂၀၀ ကျပ်၊ ပဲနီလုံးကြား ၁၇၈၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၈၇၀၀ ကျပ်၊ စားတော်ပဲ ၂၅၀၀၀ ကျပ်၊ ပုဂံပဲ ၂၄၇၀၀ ကျပ်အသီးသီး ဖြစ်ပေါ်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်အသွက်ဆုံးသီးနှံဖြစ်တဲ့ မြေပဲဆန် ပေါက်ဈေးမှာ မြေပဲဆန်နီ တစ်ပိဿာ ၃၀၀၀ ကျပ်၊ မြေပဲဆန်ဖြူ တစ်ပိဿာ ၂၇၀၀ ကျပ်အသီးသီးပေါက်ခဲ့ပြီး နယ်စုံက ပစ္စည်းအဝင်ရှိသလို ဝင်သလောက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် လှည်းပွဲကျေးရွာအုပ်စု၊ လှည်းပွဲ၊ သဲတော၊ ညောင်ပင်သာကျေးရွာများတွင် ဒေသခံတောင်သူများသည် ပဲစင်းငုံသီးနှံများစိုက်ပျိုးခဲ့ရာ ယခုအခါ အသီးအပွင့်များ ဝေဆာလျက် အောင်မြင် ဖြစ်ထွန်းလျက်ရှိပါတယ်။

ပဲစင်းငုံသီးနှံများကို ကဆုန်လတွင်စတင်စိုက်ပျိုးပြီး နတ်တော်လတွင် စတင်ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ ပဲစင်းငုံသီးနှံကို သီးညှပ်အဖြစ် နှမ်းကိုပက်ကြဲစိုက်ပျိုးကြရာ၊ ပဲစင်းငုံအဖြူလုံး ထိုင်ဝမ်မျိုးကိုသာ စိုက်ပျိုးကြပါတယ်။ တစ်ဧကကုန်ကျစရိတ်မှာ ၅၀၀၀၀ ကျပ်ခန့်ရှိပြီး၊ ယခင်နှစ်မှာ ၆ တင်းမှ ၈ တင်းအထိထွက်ရှိပြီး၊ ယခုနှစ်မှာ မိုးရွာသွန်းမှုများသောကြောင့် တစ်ဧကလျှင် ၁၀ တင်းခန့်ထွက်ရှိလိမ့်မယ်လို့မျှော်လင့်ကြောင်း၊ ယခင်နှစ် ပဲစင်းငုံ တစ်တင်းကို ၂၅၀၀၀ ကျပ်ဈေးနှုန်းရှိခဲ့ပြီး၊ ယခုနှစ်တွင် မိုးကောင်းလို့ အထွက်နှုန်းလည်းကောင်းပြီး အကျိုးအမြတ် ပိုမိုရရှိလိမ့်မယ်လို့မျှော်လင့်ကြောင်း၊ လှည်းပွဲကျေးရွာ ပဲစင်းငုံသီးနှံစိုက်ပျိုးတဲ့တောင်သူ ဦးသန်းထိုက်ရဲ့ပြောကြားချက်အရ သိရှိရပါတယ်။

**တင်တင်ဌေး-မိတ္ထီလာ**

## နိုဝင်ဘာလ ဒုတိယပတ် မန်းကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) လယ်ယာထွက်ကုန်သီးနှံများအား ပွဲစား၊ ကုန်သည်၊ စက်ပိုင်များမှ လာရောက်ပြီး၊ အရောင်းအဝယ်ပြုလုပ်ကြရာ ၂၀၁၅ခုနှစ် နိုဝင်ဘာလ ဒုတိယတစ်ပတ်မှာ အရောင်းအဝယ်ပြုလုပ်တဲ့ ကုန်ပစ္စည်းများရဲ့ ဈေးနှုန်းများကို ယခင်လ အောက်တိုဘာလကာလတူဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက -

တစ်ပိဿာဈေး (ကျပ်)

| သီးနှံအမည် | စက်တင်ဘာလဒုတိယပတ် | | နိုဝင်ဘာလဒုတိယပတ် | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၈၆၇ | ၂၀၄၄ | ၂၀၈၀ | ၂၀၉၈ |
| ပဲကြီး | ၁၈၁၀ | ၁၉၀၀ | ၁၄၄၈ | ၁၉၀၀ |
| ပဲပုပ် (ရှမ်း) | ၉၃၉ | ၁၀၃၃ | ၉၇၇ | ၁၀၈၀ |
| ပဲပုပ် (ဗမာ) | ၁၀၃၃ | ၁၀၇၀ | ၁၀၂၃ | ၁၀၃၃ |
| ပဲယင်း | - | ၉၆၇ | - | ၉၀၀ |
| ထောပတ်ပဲ | ၉၄၂ | ၁၀၃၁ | ၉၂၄ | ၉၆၀ |
| မတ်ပဲ | - | ၃၆၆၇ | ၃၇၅၀ | ၃၈၃၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၀၇ | - | ၄၂၆ |
| ပြောင်းဖူးစေ့ (ယဏ) | - | ၄၀၇ | - | ၄၃၅ |
| အထွက်တိုးပြောင်း | - | ၆၀၄ | - | ၅၈၅ |
| ဆန်ပြောင်း | - | ၅၅၇ | - | ၅၄၀ |
| နှမ်းဖြူ | ၂၂၆၇ | ၂၅၁၁ | ၂၂၂၂ | ၂၅၁၁ |
| နှမ်းညို | ၂၀၂၂ | ၂၀၆၇ | ၁၈၄၄ | ၁၈၈၉ |
| နှမ်းနက် | ၂၇၇၈ | ၃၆၆၇ | ၂၆၆၇ | ၄၀၀၀ |
| နှမ်းနက် (စမုံ) | ၄၃၃၃ | ၄၈၈၉ | ၄၃၃၃ | ၄၉၅၆ |
| ပန်းနှမ်း | ၂၆၆၇ | ၂၈၈၉ | - | ၂၀၀၀ |
| မြေပဲဆန် (S1 လုံးဆန်) | ၂၆၀၀ | ၂၉၀၀ | ၂၇၀၀ | ၂၇၅၀ |

ပြည်ပ (တရုတ်) ဝယ်လက်မှ ပဲတီစိမ်းကို ဝယ်လိုအားရှိနေပေမယ့် ဒေသတွင်းမှာ လက်ကျန်နည်းနေ တာကြောင့် အရောင်းအဝယ် အလွန်အေးလျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်း တစ်ပိဿာ ၂၀၉၈ ကျပ် (တစ်တန် ၁၂၈၄၇၉၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းရဲ့အထက် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲကြီးမှာ ယခင်လကာလတူဈေးနှုန်းနဲ့ဈေးတူပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ခန့်၊ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၁၀၈၀ ကျပ်(တစ်တန် ၆၆၁၃၈၁ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၁၀၃၃ ကျပ်(တစ်တန် ၆၃၂၅၉၉ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း သုံးတင်းဝင်အိတ် ၃၅၀ ခန့် အရောင်း အဝယ်ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ ပဲယင်းတစ်ပိဿာ ၉၀၀ ကျပ် (တစ်တန် ၅၅၁၁၅၁ ကျပ်) နဲ့ အရာင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် ရောက်နေပါတယ်။ တစ်ရက်ကို ပျမ်းမျှ သုံးတင်းအိတ် ၁၀၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၉၆၀ ကျပ်( တစ်တန် ၅၈၇၈၉၄ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ မတ်ပဲ တစ်ပိဿာ ၃၈၃၃ ကျပ် (တစ်တန် ၂၃၄၇၂၉၁ ကျပ်) နဲ့ ဈေးဖွင့်ထားပေမယ့် လက်ကျန်နည်းပါးနေလို့ အရောင်းအဝယ်အေးလျက် ရှိကြောင်းသိရပါတယ်။

ဒေသတွင်းလုပ်ငန်းရှင်များမှ တရုတ်ဝယ်လက် ဝယ်ယူမှုရှိနေတဲ့ပြောင်းဖူးစေ့များ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၂၆ ကျပ် (တစ်တန် ၂၆၀၈၇၈ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန် ၂၆၆၃၉၀ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၈၅ ကျပ် (တစ်တန် ၃၅၈၂၄၈ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၄၀ ကျပ် (တစ်တန် ၃၃၀၆၉၁ ကျပ်) နဲ့ အဆိုပါပြောင်းဖူးလေးမျိုး နေ့စဉ်သုံးတင်းအိတ် ၁၃၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

နှမ်းဖြူတစ်ပိဿာ ၂၅၁၁ ကျပ် (တစ်တန် ၁၅၃၇၇၁၁ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၈၈၉ ကျပ် (တစ်တန် ၁၁၅၆၈၀၅ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၄၀၀၀ ကျပ်(တစ်တန် ၂၄၄၉၅၆၀ကျပ်)၊ နှမ်းနက် (စမုံ)တစ်ပိဿာ ၄၉၅၆ ကျပ်(တစ်တန် ၃၀၃၅၀၀၅ ကျပ်)နဲ့ အဆိုပါ နှမ်းရောင်စုံလေးမျိုးနေ့စဉ် သုံးတင်းအိတ် ၁၅၀၀ခန့်၊ နှမ်းတစ်ပိဿာ ၂၀၀၀ ကျပ်(တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၇၅၀ ကျပ် (တစ်တန် ၁၆၈၄၀၇၃ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ပဲ၊ ပြောင်း၊ နှမ်းနဲ့မြေပဲများရဲ့ဈေးနှုန်းများ ယခင်လကာလတူဈေးနှုန်းနဲ့ ကွာဟမှုကြီးကြီးမားမားမရှိပေမယ့် ပစ္စည်းအဝင်နည်းလို့ အရောင်းအဝယ်လည်း အေးလျက်ရှိကြောင်း၊ နှမ်းများအနက် နှမ်းနက်နဲ့နှမ်းနက် (စမုံ) မှာ ယခင်လထက်ဈေးမာသလို အရောင်းအဝယ်လည်း မြန်ဆန်သွက်လက်ကြောင်း၊ ပြောင်းဖူးစေ့များမှာ ပုံမှန် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

## နိုဝင်ဘာဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ကုလားပဲ၊ ပဲကြီးသီးနှံများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ကျန်ပဲများအရောင်းအဝယ်အေးနေ

ပြည်ပဲမျိုးစုံဈေးကွက်မှာ နိုဝင်ဘာဒုတိယပတ်အတွင်း ပဲကြီးနှင့်ကုလားပဲ သီးနှံသာ ပြည်တွင်းဝယ်လက်များ ပုံမှန်ရှိခဲ့လို့ တစ်ရက်အိတ် ၁၅၀ ကျော်၊ ၂၀၀ နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ပြည်ပဝယ်လက်မတ်ပဲ ကတော့ ရက်ခြားလောက်သာ ရန်ကုန်ဝယ်လက်မှ အဝယ်ရှိခဲ့ကြပါတယ်။ ယခုအချိန်က ဆောင်းပဲစိုက်ချိန်ရာသီဖြစ်တဲ့အတွက် မျိုးပဲများ ပိုအရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။

မတ်ပဲသီးနှံကို မျိုးပဲအဖြစ် ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်မြို့နယ်များမှ ပြည်ဈေးကွက်သို့ လာရောက်ဝယ်ယူကြပြီး တစ်ရက်အိတ် ၄၀ ကျော်၊ ၅၀ အထိ အရောင်းအဝယ်သွက်နေခဲ့ပါတယ်။ မျိုးပဲဈေးမှာ တစ်တင်း ၇၅၀၀၀ ကျပ်ရရှိနေသလို လက်ကားဝယ်လက်ဈေးကတော့ တစ်တင်း ၇၀၀၀၀ ကျပ်ရရှိပြီး၊ မတ်ပဲဈေးဟာ ယခုနှစ်အတွင်းစံချိန်တင်မြင့်တက်ခဲ့ပါတယ်။ ပဲတီစိမ်းနှင့်ပဲစင်းငုံသီးနှံကတော့ အောက်တိုဘာလကုန်ထဲက ပဲလက်ကျန်မရှိတော့လို့ ဈေးကွက်မှာ အရောင်းအဝယ်မဖြစ်တော့ဘဲ မတ်ပဲသီးနှံသာ ပြည်တွင်းဝယ်လက်ပဲများလောက် အရောင်းအဝယ်ဖြစ်မှုမများဘဲ ရက်ခြားအရောင်းအဝယ်ဖြစ်ခဲ့ တာကိုတွေ့ ရပါတယ်။

ကုလားပဲသီးနှံမှာပဲလက်ကျန်ကို ခွဲစက်သမားပုံမှန်ဝယ်ယူနေလို့ တစ်ရက်အိတ် ၂၀၀ ကျော် ရောင်းချနိုင်ပြီး၊ မျိုးပဲလည်း အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာတစ်တင်း ၃၉၅၀၀ကျပ်ဖြင့် ပဲကြီးသီးနှံဈေးထက် ဈေးပိုရလျက်ရှိခဲ့ပါတယ်။ ကုလားပဲသီးနှံဈေးမှာလည်း ယခင်နှစ်ဈေးထက် ၂ ဆခန့်ဈေးပိုရလာတဲ့ပဲဖြစ်ခဲ့ပြီး ယခင်နှစ်က ယခုလို မျိုးပဲရာသီချိန်မှာ တစ်တင်း ကျပ် ၁၅၀၀၀ အောက်သာရရှိခဲ့လို့ ယခင်နှစ်တစ်နှစ်တာလုံး ဈေးအေးခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ရွှေကျွန်းပဲထက် ကမ်းနားပဲက ပိုအရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပဲဈေးမှာတော့ ကမ်းနားထက် ရွှေကျွန်းက ဈေးပိုရကာ တစ်တင်း ၃၄၅၀၀ ကျပ်ရရှိခဲ့ပါတယ်။ ကမ်းနားပဲက တစ်တင်း ၃၂၀၀၀ ကျပ်သာရရှိခဲ့ပါတယ်။ ပဲကြီးသီးနှံမှာလည်း ကုလားပဲကဲ့သို့ ယခုလအတွင်း မျိုးပဲများလည်းဝယ်ယူလျက်ရှိခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာ ယခင်နှစ်က တစ်တင်းကျပ် သုံးသောင်းအောက်သာရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ယခင်နှစ်ဈေးထက် ကျပ်တစ်သောင်းကျော်ပိုရခဲ့လို့ ပဲကြီးဈေးမှာလည်း ကုလားပဲဈေးနဲ့အပြိုင် ယခုနှစ်ဈေးကောင်းရနေခဲ့ကြပါတယ်။

လက်လီပဲဈေးကွက်မှာတော့ ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲ၊ ပဲပုပ်သီးနှံများ ပုံမှန်သာအရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာလည်း ဈေးဆက်ငြိမ်နေလျက်ရှိကာ ထောပတ်ပဲတစ်တင်း ၁၇၅၀၀ ကျပ်၊ ပဲနီပြားတစ်တင်း ၂၆၅၀၀ ကျပ်၊ စားတော်ပဲ တစ်တင်း ၃၇၀၀၀ ကျပ်၊ ပဲပုပ်တစ်တင်း ၁၉၀၀၀ ကျပ်နဲ့ အသီးသီးဈေးငြိမ်လျက်ရှိကာ လဆန်းရက်ကအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ယခုနှစ်ပဲစင်းငုံအထွက်နှုန်းကောင်းနိုင်

မြင်းခြံခရိုင်တွင် ပဲစင်းငုံစိုက်ပျိုးရန် လျာထားချက် ၁၇၇၃၁၆ ဧကအပေါ် အမှန်စိုက်ပျိုးနိုင်မှုမှာ ၁၆၆၃၇၇ ဧက ဖြစ်ခဲ့ပါတယ်။ မြို့နယ်အလိုက် စိုက်ပျိုးနိုင်မှုမှာ မြင်းခြံမြို့နယ်တွင် ၂၁၀၄၄ ဧက၊ တောင်သာတွင် ၂၈၀၂၄ ဧက၊ နွားထိုးကြီးတွင် ၈၂၇၈၈ ဧက၊ ငါန်းဇွန်မြို့နယ်တွင် ၃၄၅၂၁ ဧက စိုက်ပျိုးခဲ့ပါတယ်။ အောက်တိုဘာနှင့် နိုဝင်ဘာလဆန်းများတွင် ရွာသွန်းသောမိုးလည်း ပဲစင်းငုံသီးနှံအကြိုက်မိုးဖြစ်၍ အပင်များဖြစ်ထွန်းအောင်မြင်မှု ရှိကြောင်းနဲ့ အပွင့်များ စတင်ဝင်ရောက်နေပြီဖြစ်၍ ပဲစင်းငုံစိုက်တောင်သူများရဲ့ ပြောကြားချက်အရ ပဲစင်းငုံဟာ ယခင်နှစ်ထက် အထွက်နှုန်း ပိုမိုကောင်းမွန်နိုင်ကြောင်းနှင့် ဒေသခံတောင်သူတချို့လည်း ကုန်စည်ဒိုင်တာဝန်ရှိသူများရဲ့ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုဖြင့် အိန္ဒိယမျိုးသစ် ဧက ၃၀၀ ခန့် စမ်းသပ်စိုက်ပျိုးနေကြောင်းနှင့် အိန္ဒိယမျိုးများလည်း ဖြစ်ထွန်းအောင်မြင်မှုရှိသည့်အတွက် ပဲစင်းငုံသီးနှံအနေဖြင့် ဒေသခံတောင်သူများရဲ့ သုံးသပ်ချက်အရ ပန်းအဝင်လှမယ်လို့ သိရပါတယ်။

**စိုးလွင်-မြင်းခြံ**

## ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ စတင်ဝင်ရောက်လာ

ယခု နိုဝင်ဘာလ ဒုတိယပတ်တွင် ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ စတင်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ပဲသစ်ပေါ်စဖြစ်လို့ အမြောက်အမြား ဝင်ရောက်မှုမရှိသေးဘဲ အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့တဲ့အတွက် အရောင်းအဝယ်ဖြစ်မှု ပမာဏအနေဖြင့်လည်း နည်းနေခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာတော့ တစ်တင်း ၂၅၅၀၀ ကျပ်ခန့်ရရှိခဲ့ပြီး ပဲဟောင်းဈေးထက်တော့ ဈေးလျော့နည်းနေခဲ့ပါတယ်။ ပဲဟောင်းကုန်ခါနီးအချိန်ဖြစ်ပေါ်ခဲ့သော ဈေးမှာ တစ်တင်း ၂၈၀၀၀ ကျပ်ရရှိခဲ့ကြပါတယ်။ အခုမှ ပဲသစ်ပေါ်စ ဖြစ်တဲ့အတွက် အဖွင့်ဈေးမှာ ဈေးလျော့ပေမယ့် ပဲအထွက်လှိုင်လာရင်တော့ ပဲဟောင်းဈေးမှီလာမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ နှစ်အလိုက်၊ ကာလတူအချိန် ပဲဈေးနှုန်းအခြေအနေများ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်၌ အောက်တိုဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်းများကို လေ့လာရာမှာ ပဲဈေးအားလုံးလိုလို ပြည်ပဝယ်လက်ပဲရော ပြည်တွင်းလက်လီ၊ လက်ကားပဲများပါ ဈေးမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ပြည်ပဝယ်လက်ပဲများထဲမှာတော့ မတ်ပဲသီးနှံသာ မျိုးပဲများအဝယ်ရှိသလို ရန်ကုန်ဝယ်လက်မှလည်း ဝယ်ယူလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ပေမယ့် ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံမှာ လက်ကျန်မရှိတော့လို့ ယခုလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဒေသတွင်း ပဲများအနက် ပဲကြီးနှင့် ကုလားပဲသီးနှံအရောင်းသွက်ခဲ့ကြောင်း သိရပါတယ်။ နှစ်အလိုက်ကာလတူအချိန် အရောင်းအဝယ်ဖြစ်ခဲ့သော ပဲမျိုးစုံဈေးကွက်အခြေအနေကိုတော့ အောက်ဖော်ပြပါ ဇယားအတိုင်းတွေ့ရပါတယ်-

| ပဲအမျိုးအစား | ၂၀၁၃ အောက်တိုဘာလ | | ၂၀၁၄ အောက်တိုဘာလ | | ၂၀၁၅ အောက်တိုဘာလ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၆၃၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၅၅၀၀ | ၆၂၀၀၀ | ၇၄၀၀၀ |
| ပဲတီစိမ်း | ၂၉၅၀၀ | ၃၀၄၀၀ | ၃၈၂၀၀ | ၃၈၅၀၀ | - | - |
| ပဲစင်းငုံ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၂၂၄၀၀ | - | - |
| ကုလားပဲ | ၁၇၆၀၀ | ၁၇၈၀၀ | ၁၃၁၀၀ | ၁၃၅၀၀ | ၃၄၇၀၀ | ၃၉၈၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၃၇၅၀၀ | ၄၂၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၃၄၅၀၀ | ၃၅၀၀၀ |
| ပဲကြီး (ကမ်းနား) | ၃၆၅၀၀ | ၄၀၀၀၀ | ၁၉၅၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၃၂၅၀၀ |
| ပဲပုပ် | ၂၄၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၁၉၅၀၀ |

မတ်ပဲသီးနှံကို နှစ်အလိုက်ဈေးနှုန်းနှိုင်းယှဉ်ရာ တစ်နှစ်ထက်တစ်နှစ် ဈေးပိုလာခဲ့ပြီး ယခုနှစ်မှာတော့ ဈေးအကောင်းဆုံးရခဲ့ကာ စက်တင်ဘာလကစပြီး ဈေးနှုန်းများသိသိသာသာ ဈေးမြောက်တက်ခဲ့ရာ ယခုလမှာ တော့ မျိုးပဲရာသီဖြစ်တဲ့အတွက် ဈေးကလည်း အခြားပဲများနဲ့မတူဘဲ ဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေကာ တစ်တင်း ၇၄၀၀၀ ကျပ်ထိ ရရှိခဲ့တာကို တွေ့ရပါတယ်။

၂၀၁၃ ခုနှစ်တွင် မတ်ပဲဈေးမှာ ပြည်ပဝယ်လက် ပဲတီစိမ်း၊ ပဲစင်းငုံတို့နဲ့ ယှဉ်ရင်လည်း ဈေးလျော့နည်းခဲ့လို့ တစ်တင်း ၁၆၃၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ခန့်သာ ရရှိခဲ့ပါတယ်။ ၂၀၁၄ နိုဝင်ဘာမှာလည်း ယခင်နှစ်ကကဲ့သို့ ပဲတီစိမ်းထက် ဈေးလျော့ခဲ့ကာ ပဲစင်းငုံနဲ့တော့ ဈေးသိပ်မကွာဘဲ တစ်တင်း ၂၂၀၀၀ ကျပ်မှ ၂၅၅၀၀ ကျပ်ရရှိခဲ့လို့ ယခင်နှစ်ကဈေးနဲ့ ယှဉ်ရင်တော့ ဈေးပိုရလာခဲ့ပြီး၊ ယခုနှစ်မှာတော့ အောက်တိုဘာလအတွင်း ပဲတီစိမ်းနှင့် ပဲစင်းငုံလက်ကျန်မရှိတော့လို့ မတ်ပဲတစ်မျိုးသာ ပြည်ပဝယ်လက်နှင့် မျိုးပဲများအရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ပဲဈေးကတော့ ပဲတီစိမ်းထက် စက်တင်ဘာလကထဲက ဈေးပိုရလာပြီး ပဲစင်းငုံထက်တော့ ဈေးလျော့နည်းနေခဲ့ပါတယ်။ ပဲစင်းငုံလက်ကျန်မရှိတော့မှ မတ်ပဲဈေးမှာ ဈေးပိုမြင့်တက်လာခဲ့တဲ့အတွက် အောက်တိုဘာလအတွင်းမှာ တစ်တင်း ၆၂၀၀၀ ကျပ်မှ ၇၄၀၀၀ ကျပ်ရရှိခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းနဲ့ ပဲစင်းငုံသီးနှံမှာယခင် နှစ်နှစ်ဆက်တိုက် အောက်တိုဘာလအထိ ပဲလက်ကျန်လည်းရှိကာ အရောင်းအဝယ်လည်း ဖြစ်ခဲ့ပေမယ့် ယခုနှစ်မှာတော့ အောက်တိုဘာလမှာ ၎င်းပဲ နှစ်မျိုးစလုံး ပဲလက်ကျန် မရှိတော့ဘဲ စက်တင်ဘာလထဲက ပဲဈေးနှုန်းများ ဈေးအမြင့်နဲ့ လက်ကျန်ပြတ်သွားခဲ့ပါတယ်။ ပဲတီစိမ်းဈေးမှာ မတ်ပဲကဲ့သို့မဟုတ်ဘဲ နှစ်စဉ်ဈေးကောင်းရလျက်ရှိကာ ၂၀၁၃ အောက်တိုဘာလတွင် တစ်တင်း ၂၉၅၀၀ ကျပ်မှ ၃၀၄၀၀ ကျပ်၊ ၂၀၁၄ အောက်တိုဘာလတွင် တစ်တင်း ၃၈၂၀၀ ကျပ်မှ ၃၈၅၀၀ ကျပ်ရရှိပြီး၊ ၎င်းနှစ်တွင် ပြည်ပဈေးကွက်ပဲထဲမှာ ဈေးကောင်းရခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ ၂၀၁၃ အောက်တိုဘာလအတွင်း တစ်တင်း ၁၇၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်၊ ၂၀၁၄ အောက်တိုဘာလအတွင်း တစ်တင်း ၂၁၀၀၀ ကျပ်မှ ၂၂၄၀၀ ကျပ်ရရှိခဲ့ကာ ယခင်နှစ်များထက် ဈေးပိုရလာခဲ့ပါတယ်။

ကုလားပဲသီးနှံရဲ့ ဈေးနှုန်းအခြေအနေများကို လေ့လာပါက ယခုနှစ်မှာ ဈေးကောင်းရခဲ့တဲ့အတွက် တစ်တင်း ၃၄၇၀၀ ကျပ်မှ ၃၉၈၀၀ ကျပ်ထိ ဈေးမြင့်တက်ခဲ့ပါတယ်။ ယခုလမှာ မျိုးပဲများလည်းဝယ်ယူတဲ့အတွက် မျိုးပဲဈေးအနေဖြင့် တစ်တင်း ၄၂၀၀၀ ကျပ်ရရှိခဲ့ကြောင်း သိရပါတယ်။ ၂၀၁၃ အောက်တိုဘာလမှာ တစ်တင်း ၁၇၆၀၀ ကျပ်မှ ၁၇၈၀၀ ကျပ် ရရှိခဲ့ပြီး၊ ၂၀၁၄ အောက်တိုဘာလမှာတော့ ဈေးလျော့နည်းကာ တစ်တင်း ၁၃၁၀၀ ကျပ်မှ ၁၃၅၀၀ ကျပ်သာရရှိခဲ့သလို ပဲဈေး ကွက်မှာ ဈေးအနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။ ယခုနှစ်ကတော့ ပဲပေါ်ချိန်မှစ၍ ယခင်နှစ်ဈေးထက် ဈေးပိုရလာကာ တဖြည်းဖြည်းပဲဈေးနှုန်းမ ျားမြင့်တက်လာသည့်အတွက် ပြည်တွင်းပဲ ဈေးကွက်မှာ ဈေးကောင်းရလာတဲ့ သီးနှံဖြစ်ခဲ့ကာ ဒေသတွင်း ပဲခွဲစက်များ အဓိကထား ဝယ်ယူနေကြောင်း သိရပါတယ်။

ပဲကြီးသီးနှံကလည်း ပြည်တွင်းဝယ်လက်သာရှိပေမယ့်သုံးနှစ်တာဈေးနှုန်းနှိုင်းယှဉ်ရာ၌ ၂၀၁၄ အောက်တိုဘာတွင်သာ ဈေးလျော့နည်းပြီး ကျန် ၂၀၁၃ နဲ့ ၂၀၁၅ နှစ်များမှာ တစ်တင်းကို ကျပ်သုံးသောင်းကျော် လေးသောင်းအထိ ရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလဈေးကတော့ ယခုနှစ်ထက်ရော ရှေ့ကနှစ်ထက်ပါ ဈေးလျော့နည်းခဲ့ပြီး တစ်တင်း ကျပ် နှစ်သောင်းအထက်သာ ရရှိခဲ့ကြပါတယ်။ ယခုနှစ်ကတော့ ပြည်ပဝယ်လက်ပဲရော၊ ပြည်တွင်းပဲများပါ ဈေးမြင့်ရခဲ့လို့ ပဲကြီးနဲ့ ကုလားပဲ ဈေးကလည်း ဈေးပြိုင်မြင့်တက် လာခဲ့တာကို တွေ့ရပါတယ်။ ပဲကြီးသီးနှံကတော့ ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူခဲ့ကြပြီး ယခုလတွင် ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိလို့ နေ့စဉ်အိတ် ၁၅၀ ကျော် ၂၀၀ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲပုပ်သီးနှံကတော့ ပြည်ပရော၊ ပြည်တွင်းပါ အဝယ်ရှိပေမယ့် ပဲပေါ်ချိန် ပဲအထွက်လှိုင်ချိန်တွင်သာ ရန်ကုန်ဝယ်လက်ဝယ်ယူမှုများပြီး ကျန်အချိန်များတွင်တော့ လက်ကျန်ပဲ အနည်းငယ်သာ ဒေသရှိ လက်လီသမားများမှ ဝယ်ယူခဲ့ကြပါတယ်။ ပဲပုပ်ဈေးမှာ အခြားပဲများကဲ့သို့ မဟုတ်ဘဲ နှစ် အလိုက်ကာလတူ အချိန်နှိုင်းယှဉ်ရာတွင် တစ်နှစ်ထက်တစ်နှစ် ဈေးလျော့နည်းလာခဲ့တာ တွေ့ရပါတယ်။

၂၀၁၃ အောက်တိုဘာလတွင် တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် ဈေးအပြောင်းအလဲမရှိဈေးငြိမ်နေခဲ့သလို ၂၀၁၄ အောက်တိုဘာမှာလည်း ယခင်နှစ်က ဈေးထက် ဈေးလျော့နည်းသွားခဲ့ကာ တစ်တင်း ၂၀၀၀၀ ကျပ်သာရရှိခဲ့ပြီး တစ်လလုံးဈေးငြိမ်ခဲ့ပါတယ်။ ယခုနှစ်တွင်တော့ တစ်တင်း ၁၈၅၀၀ ကျပ်မှ ၁၉၅၀၀ ကျပ်အထိသာ ရရှိခဲ့တာကြောင့် ပဲဈေးကွက်မှာလည်း ဈေးအနိမ့်ဆုံး ရရှိခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။ ယခုအောက်တိုဘာလအတွင်းမှာ ပြည်တွင်းပဲဈေးကွက်၌ ကုလားပဲနဲ့ပဲကြီးသီးနှံသာ ဈေးလည်းကောင်း အရောင်းအဝယ်လည်းသွက်ခဲ့ပေမယ့် ကျန်ပဲများကတော့ လက်လီသမားများနဲ့သာ အရောင်း အဝယ်ဖြစ်ခဲ့ပြီး ပြည်ပဈေး ကွက်ပဲထဲမှာတော့ မတ်ပဲသီးနှံဟာ ရန်ကုန်ဝယ်လက်အပေါ် မူတည်၍ အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း -ပြည်**

## နနွင်း

### နနွင်း တန်ချိန် ၂၄၀ ကျော်တင်ပို့

နိုဝင်ဘာ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း နနွင်း ၂၄၉ ဒသမ ၉၀တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၄၉၁၀၀ တန်ဖိုးရှိ နနွင်းတန်ချိန် ၁၂၀ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်းကောင်း၊ ကန်ဒေါ်လာ ၂၈၄၀၅ ဒသမ ၅၀ တန်ဖိုးရှိ နနွင်း၃၉ ဒသမ ၉ တန်ကို စင်ကာပူ နိုင်ငံကို လည်းကောင်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တန်ချိန် ၆၀ ကျော်သာတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၈၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဟိုပုံးဈေးကွက်မှာ နနွင်းသစ်မထွက်သေးလို့ လက်ကျန်နနွင်းခြောက် အနည်းငယ်အရောင်းအဝယ်ဖြစ်

မတ်လနဲ့ဧပြီလလောက်ရောက်မှသာ နနွင်းသစ်တွေ ဝင်မှာဖြစ်တာကြောင့် အခုချိန်မှာတော့ နနွင်းအဝင်မရှိသေးဘဲ အရောင်းအဝယ်လည်း အေးနေပါတယ်။ အဝင်မရှိသေးပေမယ့် မနှစ်ကလက်ကျန် နနွင်းအနည်းငယ် ရှိနေတာကြောင့် နယ်စုံက ဈေးပတ်သမားတွေနဲ့ နည်းနည်းစီတော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ အရင်ဝယ်ထားတဲ့ ဆင်တောင်၊ တောင်ပို့လ ဘက်ကနနွင်းတွေတော့ နည်းနည်းရှိသေးတာကြောင့် အဝယ်ရှိရင်တော့ ရှိတာလေးတွေကို ထုတ်ရောင်းနေကြပါတယ်။ အဆွဲကလည်း ပြည်တွင်းသုံးဝယ်လက်တွေပဲ အဝယ်ရှိနေပါတယ်။ ဒီတစ်ပတ်ဈေးကတော့ တစ်ပိဿာကို ၁၂၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဈေးရှိပြီး ခေါင်းခြမ်းကတော့ တစ်ပိဿာ ၈၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ နနွင်းအသစ် မထွက်သေးတာကြောင့် ယခင်နှစ်လက်ကျန် နည်းနည်းရှိတဲ့ နနွင်းခြောက်အနည်းငယ်သာ အရောင်းဖြစ်နေပါတယ်။ ပစ္စည်းလည်းသိပ်မရှိတာကြောင့် လက်လီသမားလောက်ပဲ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ဈေးကတော့ တစ်ပိဿာ ၁၅၀၀ ကျပ်-၁၅၅၀ ကျပ်ဈေးရှိပါတယ်။ နနွင်းအသစ်တွေ မဝင်သေးတာကြောင့် အခုချိန်ပေါ်နေတဲ့ ပြောင်း၊ ကြက်သွန်ဖြူသာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## ချင်း

### အောင်ပန်းဈေးကွက်မှာ ချင်းထိုးသမား ပိုကြိုက်တဲ့ ချင်းသစ်တွေ အရောင်းသွက်

အောင်ပန်းဈေးကွက်မှာ ချင်းအဝင်က ပုံမှန်အဝင်ရှိနေပါတယ်။ တစ်ရက်ကို ပျမ်းမျှ ပိဿာချိန် လေးထောင်၊ ငါးထောင်ခန့် အဝင်ရှိနေပြီး အရောင်းလည်းပုံမှန်ခန့်သာရှိနေပါတယ်။ လက်လီသမားတွေနဲ့ ဈေးပတ်သမားတွေသာ အဝယ်ရှိနေပါတယ်။ ချင်းက ဒီတစ်နှစ်၊ နှစ်နှစ်မှာ ပြည်ပဝယ်လက်နည်းသွားပြီး ပြည်တွင်းဖြန့်အားသာရှိတော့တယ်လို့လည်း ဈေးကွက်ကသိရပါတယ်။ ဈေးကွက်မှာ အော်ဒါရှိရင်ရှိသလိုတော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ လောလောဆယ်မှာတော့ ချင်းထိုးသမားတွေက အဆွဲများနေပြီး ပြည်ပအဆွဲမရှိပေမယ့် ကိုယ့်ဖောက်သည်နဲ့ကိုယ်တော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ချင်းထိုးသမားတွေကလည်း ချင်းဥမထက်ချင်းသစ်ကို ပိုကြိုက်လို့ချင်းသစ်တွေက ပိုရောင်းရပြီး ချင်းဥမကတော့ အရောင်းအေးနေပါတယ်။ ချင်းဥမနဲ့ ချင်းသစ်ဈေးကလည်း ဈေးသိပ်မကွာပါဘူး။ ချင်းသစ်တစ်ပိဿာ ၅၅၀ ကျပ်နဲ့ ချင်းဥမ တစ်ပိဿာ ၅၀၀ ကျပ်-၄၅၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းကုန်စည်ဒိုင်မှ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

### ပြည်ချင်းဈေးကွက်အဝယ်လိုက်လို့ ဈေးအနည်းငယ်ပြန်မြင့်

ယခု နိုဝင်ဘာလ ဒုတိယပတ်မှစ၍ ချင်းဈေး အနည်းငယ်ပြန်တက်လာပြီး အရောင်းအဝယ် ဖြစ်လျက်ရှိနေပါတယ်။ ပြည်ဈေးကွက်သို့ ချင်းအဝင်မှာ တစ်နေ့ကို ပိဿာချိန် ၃၀ ဝင်အိတ် ၁၅၀ ခန့်သာ အဝင်ရှိပြီး၊ နယ်ဝယ်လက်များလို့ ဈေးအနည်းငယ်မြင့်လာပါတယ်။

အရောင်းအဝယ်အားဖြင့် ယခုအချိန်က ကထိန်ရာသီဖြစ်တဲ့အတွက် လက်လီလက်ကားဝယ်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့မှုအပါအဝင် ချင်းပိဿာချိန် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းမှာ ချင်းတစ်ပိဿာ (ရှယ်) ၁၀၀၀ - ၁၃၀၀ ကျပ်၊ (ဂွန်) ၇၀၀ -၈၀၀ ကျပ်ဈေးနှုန်း အသီးသီး ရောင်းဝယ်လျက်ရှိကြောင်း သိရှိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## ကြက်သွန်

### မြဝတီစခန်း တစ်ခုတည်းမှသာ ကြက်သွန်တင်ပို့

နိုဝင်ဘာလ ပထမပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၄၄၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၃၀ တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မြဝတီမှ ၃၂ တန်နဲ့ တာချီလိတ်မှ တန် ၇၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ ကြက်သွန်နီတင်ပို့မှုမှာ သိသိသာသာ လျော့ကျသွားတာတွေ့ရပါတယ်။

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ကြက်သွန်နီ(ဆိပ်ဖြူ)တစ်ပိဿာကို ၁၄၅၀-၂၂၀၀ ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာကို ၂၅၅၀-၂၆၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

စက်တင်ဘာလ ကုန်ပိုင်းကတည်းက ဈေးမြင့်တက်ခဲ့တဲ့ ကြက်သွန်နီဈေးမှာ ပြည်တွင်းဈေးကွက်ရဲ့ လိုအပ်ချက်မြင့်မားမှုနဲ့အတူ အဝယ်လိုက်တာကြောင့် ဈေးဆက်လက်မြင့်တက်နေရတာပါလို့ ကြက်သွန်နီလုပ်ငန်းရှင်များက ပြောကြားပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

### မုံရွာတောင်သူတို့ မိုးကြက်သွန်နီစိုက်အပြီး ဆောင်းကြက်သွန်နီစိုက်ဖို့ပြင်

မုံရွာမြို့နယ်ရဲ့ နှစ်စဉ်ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ ဆောင်းစိုက်ဧက ၅၅၀၀ ခန့်နဲ့ မိုးစိုက်ဧက ၁၀၀၀ ဝန်းကျင်ရှိပြီး ဒေသတွင်း စားသုံးမှုပိုလျှံရုံမျှမက မန္တလေး၊ ရန်ကုန်ဈေးကွက်များကိုပါ တင်ပို့နိုင်မှုရှိပါတယ်။ ဈေးကွက်အားဖြင့် ကြက်သွန်ပေါ်ချိန်မှာ အနိမ့်ဆုံး ၁၈၀ ကျပ်-၂၀၀ ကျပ်မှ ၂၅၀ ကျပ်-၃၀၀ ကျပ်အထိ ပေါက်ဈေး ဖြစ်ပေါ်တတ်ပြီး၊ ကြက်သွန်ရှားချိန် နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ တစ်ပိဿာ ၁၀၀၀ ကျပ်-၁၅၀၀ ကျပ်ထက် မကျော်တတ်ပေမယ့် ယခုနှစ်မှာတော့ ဈေးကွက်ထဲကြက်သွန် သိသိသာသာပြတ်လပ်ခဲ့တဲ့အတွက် ဝယ်လိုအား မြင့်မားနေတာကြောင့် တစ်ပိဿာ ၂၀၀၀ ကျပ်-၂၅၀၀ ကျပ်အထိ အမြင့်ဈေးဖြစ်ပေါ်နေတာတွေ့ရပါတယ်။ ဒါဟာ ကုန်သည်တွေ ဈေးကစားလို့ ဖြစ်တာမဟုတ်ဘဲ မနှစ်က ကြက်သွန်ပေါ်ချိန် တောင်သူအများစု ကြက်သွန်ခင်းမိုးမိခဲ့ကြပြီး တာရှည်အထားမခံသလို သိုလှောင်တာကိုလည်း မခံဘဲ ပုပ်သွားခဲ့တဲ့ဖြစ်စဉ် မျိုးတွေများခဲ့တာကြောင့် ဈေးကွက်ထဲကို ကြက်သွန်နီ ဝင်ရောက်မှုလျော့ခဲ့တာဖြစ်တယ်လို့ ကြက်သွန်နီစိုက်တောင်သူတွေက ဆိုပါတယ်။

ချောင်းဦးမြို့နယ်၊ တမာမြိုင်ရပ်ကွက်မှ ကြက်သွန်တောင်သူ ဦးဆန်းဝင်းက မနှစ်က ဆောင်းစိုက်ကြက်သွန် ၁၀ ဧကစိုက်ခဲ့ရာ ပိဿာ ၅၀၀၀၀ ကျော်ထွက်ရှိပေမယ့် တူးဖော်ချိန်မိုးမိလို့ သိုလှောင်ချိန်မှာ ပုပ်ခဲ့ရာ ပိဿာ ၂၅၀၀၀ တန်ဖိုးအားဖြင့် အဲဒီအချိန်က တစ်ပိဿာ ၄၀၀ ကျပ်နှုန်းနဲ့ ကျပ်သိန်းတစ်ရာခန့် ဆုံးရှုံးနစ်နာခဲ့တယ်လို့ ဆိုပါတယ်။

မုံရွာမြို့ရဲ့ ကြက်သွန်နီအဓိကစိုက်ပျိုးရာ မြေနဲကျေးရွာက တောင်သူတွေကတော့ အရှုံးအမြတ်ကို အဓိကမထားဘဲ ထုတ်လုပ်မှုကိုသာ နှစ်စဉ်မပျက် ရာသီအလိုက်ပုံမှန်စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးစိုက်ကြက်သွန် ဧက ၄၀၀ နီးပါး စိုက်ပျိုးခဲ့ကြတယ်လို့ တောင်သူတွေကဆိုပါတယ်။ အစောပိုင်းမိုးစိုက် တောင်သူတွေက မျိုးအဖြစ် ဖော်မွှားတစ်ပိဿာ ၇၀၀ ကျပ်၊ ၈၀၀ ကျပ်နဲ့ စိုက်ပျိုးနိုင်ခဲ့ကြပေမယ့် နောက်ကျစိုက်သူတွေအနေနဲ့ တစ်ပိဿာ ၁၀၀၀ ကျပ်အထိ ဈေးပေးစိုက်ပျိုးခဲ့ကြရလို့ ကုန်ကျစရိတ်များတယ်လို့ ဆိုပါတယ်။

ယခုအခါ မုံရွာနယ်မှာ မိုးစိုက်ကြက်သွန်နီတွေ စိုက်ပျိုးပြီးစီးသလို လာမယ့်လထဲမှာ ဆောင်းကြက်သွန်တွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ တောင်သူတိုင်းပျိုးပင်စတင်ပျိုးထောင်နေကြပြီး ယခင်နှစ်ကထက် စိုက်ဧကတော့ ပိုလာနိုင်ဖွယ်ရှိတယ်လို့ ကြက်သွန်နီစိုက်တောင်သူနဲ့ ပွဲရုံရပ်ကွက်က လေ့လာသိရှိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**



### စားပိုဆောင် ကြက်သွန်နီဈေးတက်ဆဲ

ပြည်ကြက်သွန်နီ ပွဲရုံများတွင် ယခု နိုဝင်ဘာ ဒုတိယပတ်တွင်လည်း ကြက်သွန်နီဈေး ဆက်တက်လာခဲ့ပါတယ်။ ပွဲရုံပိုင်ရှင်နဲ့ ဒေသတွင်းဝယ်လက်များနဲ့ အိတ်ဆွဲအနည်းအများပေါ်တွင် တက်ဈေး၊ ကျဈေးဖြစ်နေကြောင်း သိရပါတယ်။

နယ်မှဝင်ရောက်လာတဲ့ ကြက်သွန်နီ အဝင်နည်းလာရင်လည်း ပွဲရုံလက်ကျန် နည်းနေပါက ဈေးတက်လာခြင်းဖြစ်ပါတယ်။ ကြက်သွန်နီအသစ်မဝင်ရောက်ခင်ထိ ကြက်သွန်နီ ဈေးမငြိမ်ဘဲ ဈေးကစားနေမှာ ဖြစ်ပါတယ်။

ယခုတစ်ပတ် ပြည်ကြက်သွန်နီ (ပွဲရုံ ဈေး) တစ်ပိဿာကြီး ၂၄၀၀ ကျပ်၊ လတ် ၂၃၀၀ ကျပ်နဲ့ သေး ၂၁၀၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း လက်လီဈေးကတော့ ကြီး ၂၆၀၀ ကျပ်၊ လတ် ၂၅၀၀ ကျပ်နဲ့ သေး ၂၄၀၀ ကျပ် တို့ဖြစ်ကြောင်း တွေ့ရပါတယ်။

နယ်မှ ကြက်သွန်နီအိတ်တင်ကားကြီးများ နှစ်ရက်ခြား အိတ် ၈၀၀၊ ၉၀၀ ဝင်ရောက်လျက်ရှိပါတယ်။ ကြက်သွန်နီများ ဈေးနှုန်းမြင့်တက်လာမှုကြောင့် အရောင်းအဝယ်နည်းရကြောင်းလည်း သိရပါတယ်။ ပွဲရုံများတွင်လည်း အရောင်းအဝယ် ပုံမှန်အောက်သာ ဖြစ်တယ်လို့ သိရပါတယ်။

**နီနီဝင်း-ပြည်**

### မြင်းခြံမိုးကြက်သွန်နီ စိုက်ပျိုးမှုလျာထားချက် ကျော်လွန်

မြင်းခြံမြို့နယ်မှာ မိုးကြက်သွန်စိုက်ပျိုးရန်လျာထားချက် ၉၀၀ ဧကဖြစ်ပြီး၊ အမှန်စိုက်ပျိုးနိုင်မှုမှာ ၁၅၂၁ ဧကစိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးရွာသွန်းမှု ကောင်းမွန်မှုကြောင့်လည်းကောင်း၊ ဆောင်းကြက်သွန်များ ဈေးကောင်း ရသဖြင့်လည်းကောင်း၊ ပိုမိုစိုက်ပျိုးလာကြပြီး သီးနှံဖြစ်ထွန်းမှုမှာ ယခင်နှစ်ထက် ပိုမိုကောင်းမွန်ကြောင်း ဒေသခံတောင်သူများထံမှသိရှိရပါတယ်။

မိုးကြက်သွန်နီ တစ်ဧကကုန်ကျစရိတ်မှာ ၆၆၃၅၀၀ ကျပ်ဖြစ်ပါတယ်။ တစ်ဧကခန့်မှန်းအထွက်နှုန်း ၁၅၀၀ ပိဿာခန့် ထွက်ရှိမှာဖြစ်ကြောင်းသိရပါတယ်။ မိုးနှောင်းကာလရွာသွန်းသော မိုးကြောင့် မြင်းခြံမြို့နယ် မိုးကြက်သွန်နီထုတ်လုပ်မှုတွင် ထိခိုက်ပျက်စီးမှုမရှိပါကြောင်းသိရှိရပါတယ်။

**မိုးကင်း-မြင်းခြံ**

Vol: 15, No.44 Monday November 16 2015

# စတော့ရှယ်ယာဘက်ကို သွားမလား သမားရိုးကျ ရင်းနှီးမြှုပ်နှံမလား

|အင်ကြင်းစံ|

မြန်မာနိုင်ငံမှာ အခြေအနေအရပ်ရပ်တွေ ပြောင်းလဲနေပြီဖြစ်ပါတယ်။ အဲဒီလိုပြောင်းလဲလျက်ရှိနေရာမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ပုံစံအမျိုးမျိုးတွေ ထွက်ပေါ်နေတာကိုလည်း အများသိကြပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေအနေနဲ့ လက်ထဲမှာ ငွေများများစားစားရှိတဲ့သူ၊ စိတ်ကူးစိတ်သန်း ကောင်းသူတွေကတော့ ကုမ္ပဏီကြီးတွေထောင်ပြီး ကုန်သွယ်မှုလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ကြပါတယ်။

ရင်းနှီးငွေ များများစားစားလည်း မရှိ၊ အကြံဉာဏ်ကလည်း မရှိဆိုတဲ့သူတွေကတော့ ရွှေ၊ ဒေါ်လာနဲ့ အိမ်ခြံမြေဘက်ကိုသာဦးတည်နေကြပါတယ်။

ခေတ်တွေတစ်ခေတ်ပြီးတစ်ခေတ်သာ ပြောင်းလဲလာပေမယ့် မြန်မာပြည်သူတွေရဲ့ရင်းနှီးမြှုပ်နှံမှုပုံစံကတော့ ပြောင်းလဲမလာခဲ့ပါဘူး။ ရွှေတက်ရင် ရွှေ၊ ငွေတက်ရင် ငွေ၊ အိမ်ခြံမြေက ကောင်းစားရင် အိမ်ခြံမြေ။ ဒါတွေကိုပဲ လှည့်ပတ်ပြီး ဈေးကစားကြ၊ ဝယ်လိုက်ကြ၊ ရောင်းလိုက်ကြ၊ လုပ်လာခဲ့ကြတာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပါပြီ။

အဲဒီလို ရွှေ၊ ငွေနဲ့ အိမ်ခြံမြေ လောကမှာ ဝယ်ရောင်းလုပ်ရင်းနဲ့ အမြတ်များများရလို့ ချမ်းသာသွားကြတဲ့သူတွေရှိသလို အရှုံးနဲ့ရင်ဆိုင်ကြရလို့ ကုန်းကောက်စရာမရှိအောင် ဆင်းရဲသွားကြတဲ့သူတွေလည်း ဒုနဲ့ဒေးပါပဲ။

မကြာမီကာလမှာ စတော့အိတ် ချိန်းဆိုတာ ပေါ်လာတော့မယ်။ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းလောက်ကတည်းက လုပ်ငန်းစဖို့ စိုင်းပြင်းလာတဲ့ ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်ကြီးဟာ မကြာမတင်သောကာလအတွင်းမှာ ရုပ်လုံးပေါ်လာတော့မှာဖြစ်ပါတယ်။

လာမယ့် ဒီဇင်ဘာလအတွင်းမှာ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ကြီးကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းနဲ့ ကုန်သည်လမ်းထောင့်မှာရှိတဲ့ ကိုလိုနီခေတ် အဆောက်အအုံဟောင်းကြီးမှာ ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။

ရွေးကောက်ပွဲလွန်ကာလအတွင်းမှာ ဖြစ်ပေါ်လာမယ့် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ကြီးဟာ မြန်မာပြည်သူတွေရဲ့ ခေတ်အဆက်ဆက် ရင်းနှီးမြှုပ်နှံမှုပြုလာတဲ့ သမားရိုးကျ ရင်းနှီးမြှုပ်နှံမှုပုံစံကို ပြောင်းသွားမလားဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ သို့လောသို့လောဖြစ်နေကြတာ အမှန်ပါ။

ကမ္ဘာ့ပေါ်တွင် နိုင်ငံပေါင်း ၁၉၈ နိုင်ငံရှိသည့်အနက် ၁၉၄နိုင်ငံမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အဆိုပါ ၁၉၈ နိုင်ငံအနက် စတော့အိတ်ချိန်းဈေးကွက်ရှိသည့် နိုင်ငံပေါင်းမှာ ကိုးနိုင်ငံသာရှိပါတယ်။ အဲဒီကိုးနိုင်ငံမှာလည်း ကျွန်းနိုင်ငံငယ်လေးတွေက ခြောက်နိုင်ငံရှိပြီး မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးက သုံးနိုင်ငံသာရှိတယ်လို့ ဆိုပါတယ်။

စတော့ရှယ်ယာဈေးကွက်စတင် ဖွင့်လှစ်ခြင်းဟာ အနာဂတ်ကာလအတွက် ကောင်းမွန်နိုင်သော်လည်း ယခုလက်ရှိကာလတွင်မူ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်ရနိုင်သည်ဟု အိမ်ခြံမြေဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိကြသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည့် စတော့ ဈေးကွက်တစ်ခုဖြစ်ထွန်းပေါ်ပေါက်လာပါက စတော့ဈေးကွက်တွင်းသို့ ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာနိုင်သည်မှာ အံ့သြဖွယ်ရာမဟုတ်ပေ။

မြန်မာလူမျိုးများဟာ အသစ်အဆန်းဆိုရင် ဘယ်လိုအရာမျိုးမဆို စိတ်ဝင်စားတတ်ကြတဲ့သူတွေ ဖြစ်ကြ တဲ့အတွက် စတော့ဈေးကွက်အတွင်းကိုလည်း အလုံးအရင်းနဲ့ ဝင်ရောက်ကြမည်မှာ မလွဲပေ။

အဲဒီလို စတော့ဈေးကွက်ကို ရင်းနှီးမြှုပ်နှံသူတွေအလုံးအရင်းနဲ့ ဝင်ရောက်လာခဲ့မယ်ဆိုရင်တော့ အရင်ခေတ်အဆက်ဆက်က ရင်းနှီးမြှုပ်နှံလာခဲ့ကြ သမားရိုးကျရင်းနှီးမြှုပ်နှံမှုပုံစံတွေဖြစ်တဲ့ ရွှေ၊ ငွေနဲ့ အိမ်ခြံမြေ ဝယ်ရောင်းလောကဟာ မှေးမှိန်သွားနိုင်တာကို သတိပြုကြရမှာဖြစ်ပါတယ်။

သမားရိုးကျ ရင်းနှီးမြှုပ်နှံသူတွေဟာ စတော့ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံခြင်းရဲ့ အကျိုးအမြတ်တွေကို သိရှိခဲ့မယ်ဆိုရင်တော့ စတော့ရှယ်ယာကိုသာ ဦးစားပေးရင်းနှီးမြှုပ်နှံကြမှာသေချာပါတယ်။

ဘာကြောင့်လဲဆိုရင် စတော့ရှယ်ယာဆိုတာ ပုပ်သိုးသွားနိုင်တဲ့ ကုန်ပစ္စည်း မဟုတ်ပါဘူး။ ဒါ့အပြင် အကျိုးအမြတ် လျင်မြန်စွာရနိုင်တဲ့အပြင် အခွန်အခ ပေးဆောင်ရန်မလိုဆိုတဲ့ အကျိုးကျေးဇူးကြောင့်ပဲဖြစ်ပါတယ်။ အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူတွေဟာ အခွန်အခဆိုတဲ့ ပြဿနာကြောင့် အခွန်အခတိမ်းရှောင်ခြင်းအလုပ်ကို ဥပဒေမဲ့လုပ်နေရတာတွေရှိနေသလို ဥပဒေတွင်းကနေလုပ် နေကြတာတွေလည်း ရှိနေကြပါတယ်။

စတော့ဈေးကွက်မှာတော့ အခွန်အခ ပေးစရာမလိုတဲ့အပြင် ကိုယ့်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု၊ ကံကြမ္မာမျက်နှာပေးမှုစတာတွေပေါင်းစပ်ပြီး အကျိုးအမြတ်ရနိုင်တာကို သိမြင်လာကြမှာဖြစ်တဲ့အတွက် အိမ်ခြံမြေဈေးကွက်ဟာ မကြာခင်ကာလမှာ မှေးမှိန်သွားလိမ့်မယ်လို့ ပညာရှင်များက ခန့်မှန်းသုံးသပ်ထားကြပါတယ်။

မြန်မာ့အိမ်ခြံမြေ အွန်လိုင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ BalajiRamaswami က "အိမ်ခြံမြေမှာရင်းနှီးမြှုပ်နှံတာကတော့ စတော့နဲ့ယှဉ်မယ်ဆိုရင်ထိန်းချုပ်မှုမျိုးတွေလုပ်လို့ရတဲ့ အားသာချက်တွေရှိပါတယ်။ ဒါ့အပြင် စတော့အိတ်ချိန်းဟာ အကျိုးအမြတ်များများ ပြန်ပြီးရရှိနိုင်တာမှန်ပေမယ့်လည်း အနည်းငယ်တော့ စွန့်စားသလိုဖြစ်နေပါတယ်။ အိမ်ခြံမြေကတော့ ပိုပြီးလုံခြုံစိတ်ချရတဲ့အပြင် ပိုင်ဆိုင်မှုကမြင်သာပါတယ်။ အရိုးရှင်းဆုံးပြောရရင် ရင်းနှီးမြှုပ်နှံတဲ့သူတွေ အတော်များများက ပိုပြီးမြင်သာတဲ့ရင်းနှီးမြှုပ်နှံမှုမျိုးကိုပဲ သဘောကျကြပါတယ်။ စွန့်စားသလိုဖြစ်မယ်ဆိုတာကတော့ ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေအတွက်ဖြစ်နိုင်ပါတယ်။ အစမှာတော့ Portfolio တွေခွဲပေးထားတာဟာ ရင်းနှီးမြှုပ်နှံလိုသူတွေအတွက်တော့ အကောင်းဆုံးပါ"လို့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။

စတော့အိတ်ချိန်းပေါ်လာပေမယ့်လည်း အိမ်ခြံမြေဈေးကွက်ကတော့ သူ့နေရာနဲ့သူ အသုံးဝင်နေဦးမှာဖြစ်တယ်လို့လည်း ၎င်းက ထပ်မံပြောကြားခဲ့ပါသေးတယ်။

စတော့အိတ်ချိန်းဈေးကွက်ပေါ်လာတာဟာ မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေ ဈေးကွက်အပေါ်ကို အနည်းနဲ့အများ ရိုက်ခတ်မှုရှိမှာကသေချာပါတယ်။

ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံတွင်းမှာရှိတဲ့ တချို့သော ငွေရှင်များဟာ ပြည်တွင်းမှာ စတော့ရှယ်ယာဈေးကွက် မရှိတဲ့အတွက် အိမ်နီးချင်းပြည်ပနိုင်ငံတွေရဲ့ ရှယ်ယာဈေးကွက်တွေကို နားစွင့် ပြီး ရှယ်ယာကစားခဲ့ကြလို့ သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ကြတဲ့ငွေရှင်တွေ အများအပြားရှိခဲ့တာကို ကြားသိနေရလို့ပါပဲ။

ပြည်တွင်းမှာ စတော့ရှယ်ယာဈေးကွက် ပေါ်ပေါ်လာပြီဆိုရင် ငွေရှင်တွေ၊ ရင်းနှီးမြှုပ်နှံလိုသူတွေဟာ အရင်းအနှီးများလှတဲ့ အိမ်ခြံမြေထက် အရင်းအနှီးနည်းနည်းနဲ့ အလုပ်ဖြစ်မယ့် စတော့ရှယ်ယာဘက်ကိုပဲ ခြေဦးလှည့်တော့မယ်ဆိုတာ ယုံကြည်မိနေကြောင်းပါ။

## ၂၀၁၅ခုနှစ်တွင် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များအတွင်း ကြော်ငြာများ ၇၀ ရာခိုင်နှုန်းခန့် တိုးတက်လာ

၂၀၁၅ခုနှစ်တွင် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များအတွင်း ကြော်ငြာများ ၇၀ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်း Ads.com.mm ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာပြည်အတွင်း အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်ကို ၂၀၁၂ နှစ်လည်ပိုင်းလောက်တွင် စတင်အသုံးပြုလာခြင်းဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်ပေါင်း မြောက်များစွာ ပေါ်ပေါက်လာပြီး ယင်းဝက်ဘ်ဆိုက်ကိုအသုံးပြုမှုနှုန်းမှာလည်း သိသိသာသာ တိုးမြင့်လာကြောင်းကိုလည်း တွေ့ရှိရသည်။

"လက်ရှိ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ နေ့စဉ်နဲ့အမျှရောင်းချမှုဟာ ၂၀၁၅ နှစ်ကစပြီး ၇၀ ရာခိုင်နှုန်းလောက်အထိ တိုးတက်လာပါတယ်။လက်ရှိကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာ Facebook ကနေတစ်ဆင့် login ပြုလုပ်ပြီး ရောင်းချလို့ရတဲ့ဝန်ဆောင်မှုကို ထပ်ဖြည့်လိုက်တဲ့အချိန်မှာ အသုံးပြုသူတွေလည်း ပိုမိုအဆင်ပြေသလို အသုံးပြုမှုတွေလည်း အရမ်းမြင့်တက် လာတာကိုတွေ့ရှိရပါတယ်။ လွန်ခဲ့တဲ့နှစ်တွေက တစ်ရက်ကို ကြော်ငြာ ၁၀၀ လောက်တင်နေရာကနေ အခုဆိုရင် တစ်ရက်ကို ၂၄၀ ကျော်အထိ တင်လာတာကို တွေ့ရှိရပါတယ်။ ကြော်ငြာတင်တဲ့လူတိုင်းကလည်း သူတို့တင်တဲ့ ကြော်ငြာတွေကို ဓာတ်ပုံတွေ၊ အကြောင်းအရာ စုံစုံလင်လင် တင်ကြသလို ဈေးနှုန်းတွေကိုလည်း အသက်သာဆုံးနဲ့ အမှန်ကန်ဆုံး ရောင်းလာကြတဲ့အတွက် အလွယ်တကူအရောင်းအဝယ်ဖြစ်နေတာကို ပိုမိုတွေ့ရှိရပါတယ်။ အသုံးပြုသူအများစုဟာ အခုနောက်ပိုင်းဆိုရင် ကျွန်တော်တို့ရဲ့ Customer service Feature တစ်ခုဖြစ်တဲ့ viber ကနေလည်း သူတို့သိချင်တဲ့ အကြောင်းအရာလေးတွေကို မေးမြန်းလာကြတာကိုတွေ့ရှိရပါတယ်။ တစ်ပတ်ရစ် ရောင်းဝယ်သူတွေအတွက်ကတော့ အရမ်းကိုအဆင်ပြေပြီး လုပ်ငန်းဖြစ်တဲ့ဈေးကွက်ဖြစ်တဲ့အတွက်လည်း အခမဲ့ကြော်ငြာမှာ ကြော်ငြာတင်မှုတွေ မြင့်တက်လာတာဖြစ်ပါတယ်"ဟု Head Of Content ဖြစ်သူ ကိုဟိန်းအောင်ကျော်က ပြောကြားခဲ့သည်။

မြန်မာပြည်တွင်း ဆက်သွယ်ရေးလုပ်ငန်းများကို ကောင်းမွန်စွာအကောင်အထည်ဖော်လာသည်နှင့်အမျှ အင်တာနက်ကိုကောင်းမွန်စွာ အသုံးပြုလာသည့် အွန်လိုင်းဈေးကွက်သည် လူငယ်ထုတွင်သာမက လုပ်ငန်းရှင်များ၏ အားထားအားပြုရာနေရာ တစ်နေရာ ဖြစ်လာကြောင်း တွေ့ရှိရသည်။ စွန့်ဦးတီထွင်သူများ၊ တစ်နိုင်တစ်ပိုင် စီးပွားရေးနှင့် တစ်ပတ်ရစ်ဈေးကွက်ကို လုပ်ကိုင်သူများအတွက် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များသည် အဓိကအားထာရာနေရာဖြစ်သကဲ့သို့ လက်ရှိအချိန်တွင် လူကြိုက်များလာသည့် ဝက်ဘ်ဆိုက်တစ်ခု ဖြစ်လာကြောင်း သိရသည်။

လက်ရှိမြန်မာပြည်တွင် လူသိအများဆုံး အခမဲ့ကြော်ငြာ ဝက်ဘ်ဆိုက်များမှာ www.ads.com.mm, ezay.com.mm, နှင့် Yaung-wal. com.mm တို့ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ခတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ်ခတ်ဆီ၊ ဒီဇယ်အဝင်နားခဲ့

နိုဝင်ဘာ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ခတ်ဆီ၊ ဒီဇယ် အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။အောက်တိုဘာ ပထမပတ်မှာ ခတ်ဆီ၊ဒီဇယ်တန်ချိန်၇၀၀ကျော်၊ ဒုတိယပတ်မှာတန်ချိန်၅၀ကျော်၊တတိယပတ်မှာတန်ချိန် ၃၀ ကျော်နဲ့ နောက်ဆုံးပတ်မှာတော့ တန်ချိန် ၅၇၀ ကျော်အထိ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ အင်ဂျင်ဝိုင်သာအများဆုံး တင်သွင်းလာခဲ့တယ်လို့လည်း သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ နိုဝင်ဘာ၉ ရက်နေ့မှ ၁၃ ရက်နေ့အတွင်းရောင်းချနေတဲ့ခတ်ဆီ၊ဒီဇယ်ဈေးများကမော်လမြိုင်နဲ့ရန်ကုန်မှာ ဈေးငြိမ်နေပြီး တောင်ကြီးမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာခတ်ဆီ၊ ဒီဇယ်ဈေး ငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊အောက်တိန်း (92) ၆၉၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ နိုဝင်ဘာလ ၉ ရက် ခတ်ဆီဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံးဒီဈေးနဲ့ပဲအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ နိုဝင်ဘာလ ၉ ရက်မှာ ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ခတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ကျပ်နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ ခတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ခတ်ဆီ၊အောက်တိန်း၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။

ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၉ ရက်မှာ ဒီဇယ်ဝယ် ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ခတ်ဆီဈေးမှာ နိုဝင်ဘာ ၉ ရက်မှာ ဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ဓါတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ခတ်ဆီ၊ ဒီဇယ်ဈေးနည်း နည်းတက်လာခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီ တစ်ဂါလန် ၃၃၀၀ ကျပ်၊ဒီဇယ် ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီရော ဒီဇယ်ပါ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်၊ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ခတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၂၈၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓါတ်ဆီတစ်ဂါလန် ၃၅၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရှိရပါတယ်။

**သီတာဝင်း (DOT)**

## Energy NYMEX 13-11-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 41.49 | -0.26 | -0.02 |
| Brent Crude Futr (USD/bbl) | 44.06 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 127.05 | -0.26 | -0.20 |
| Natural Gas Futr (USD/MMBtu) | 2.29 | 0.03 | 1.24 |
| Heating Oil Futr (Cent/gal) | 140.79 | 0.13 | 0.09 |

## ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။ ရွေးကောက်ပွဲကာလမတိုင်မီက အနည်းငယ်ကျဆင်းခဲ့သည့်ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ယင်းကဲ့သို့ပြန်လည်မြင့်တက်လာရခြင်းမှာ ရွေးကောက်ပွဲမတိုင်ခင်က ခေတ္တရပ်နားထားခဲ့သည့်ကုန်သည်များက လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လာကြသဖြင့် ငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်ဟု ငွေလဲလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

"ပြီးခဲ့တစ်ပတ်က ရွေးကောက်ပွဲကာလနဲ့ဆိုတော့ ငွေဈေးက နည်းနည်းလေး တန့်သွားတယ်။ ဒီတစ်ပတ်ကျတော့ ရွေးကောက်ပွဲလည်းပြီးသွားရော ဈေးကွက်ထဲမှာ ပြန်ပြီးလှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ ဈေးပြန်တက်လာတာပေါ့။ ရွေးကောက်ပွဲမတိုင်ခင်က ခဏနားထားတဲ့ကုန်သည်တွေ ဒီတစ်ပတ်မှာ ပြန်ပြီး လှုပ်ရှားလာကြတယ်။ ကုန်ပစ္စည်းတင်သွင်းဖို့အတွက် လိုအပ်တဲ့ငွေကို ဝယ်လာကြတယ်။ အဲဒါကြောင့် ဈေးပြန်တက်သွားတာပါ။ ဒါတောင်မှ ဒီတစ်ပတ်ထဲမှာ ဒေဝါလီအပြီး နောက်တစ်ရက်ကျတော့ ဈေးက ကျသွားသေးတယ်။ ဒေဝါလီလည်းပြီးရော ဈေးက တစ်ဆယ်နီးပါးလောက်ကျသွားတယ်။ အရောင်းက ပိုများလာလို့ပါ။ ဒေဝါလီမတိုင်ခင်တစ်ရက်က ၁၂၈၈ကျပ်နဲ့ ရောင်းနေတာကနေ ဒေဝါလီလည်းပြီးရော ၁၂၇၉ ကျပ်အထိ ကျသွားတယ်။ ဒါပေမယ့် နောက်တစ်နေ့ကျတော့ ပြန်တက်သွားတယ်။ အဝယ်ပြန်လိုက်လာလို့ပါ"ဟု ငွေဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲဈေးကွက်တွင် နိုဝင်ဘာ ၉ ရက်က ရောင်းဈေး ၁၂၉၀ ကျပ်၊ ဝယ်ဈေး ၁၂၈၆ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာ ၁၁ ရက်တွင် ရောင်းဈေး ၁၂၇၉ ကျပ်၊ ဝယ်ဈေး ၁၂၇၄ကျပ်သို့ ကျဆင်း ခဲ့သည်။

ထို့နောက် နိုဝင်ဘာ ၁၂ ရက်တွင် ရောင်းဈေး ၁၂၈၃ ကျပ်၊ ဝယ်ဈေး ၁၂၈၀ ကျပ်ရှိခဲ့ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ရောင်းဈေး ၁၂၈၆ ကျပ်၊ ဝယ်ဈေး ၁၂၈၂ကျပ်သို့ ပြန်လည်မြင့်တက်ခဲ့သည်။ ဗဟိုဘဏ်မှသတ်မှတ်သည့် ရည်ညွှန်းငွေလဲနှုန်းမှာ နိုဝင်ဘာ ၉ ရက်တွင် ၁၂၈၄ ကျပ်ရှိပြီး နိုဝင်ဘာ ၁၃ ရက်တွင် ၁၂၈၇ကျပ်သို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေး လိုက်ပါကျဆင်း

နှစ်ပတ်ဆက်တိုက်ကျဆင်းလျက်ရှိသည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

ရွှေဈေးကျဆင်းလာမှုကြောင့် ရွှေဈေးကွက်အတွင်း ပြန်လည်ရောင်းချသူများ များပြားလာခဲ့သလို ရွေးကောက်ပွဲလွန်ကာလတွင်လည်း လုပ်ငန်းများလုပ်ကိုင်ရန် ပြန်လည်ရောင်းချမှုများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင် အဝယ်ထက် အရောင်းပမာဏ ပိုမိုများပြားလာကြောင်းဖြင့် ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ရွှေဈေးကွက်တွင် ပြန်လည်ထုတ်ရောင်းချမှုများပြားလာသဖြင့် ကမ္ဘာ့ရွှေဈေး ကျဆင်းလာခြင်းကြောင့်လည်း ပြည်တွင်းရွှေဈေးကွက်တွင် ဈေးများ ကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးကလည်းကျဆင်းလာတယ်။ အဲဒီအချိန်မှာ ရွေးကောက်ပွဲပြီးသွားလို့ အလုပ်လုပ်မယ့်သူတွေ၊ လုပ်ငန်းတိုးချဲ့မယ့်သူတွေက သူတို့ရင်းထားတဲ့ရွှေတွေကို ပြန်ပြီးထုတ်ရောင်းလာတာတွေရှိနေတယ်။ နောက်ပြီးဈေးကျတော့မယ့် အရိပ်အယောင်ကြောင့်လည်း ပြန်ပြီး ရောင်းလာကြတာတွေများပါတယ်။ဈေးကွက်ထဲမှာတော့ ပြန်ရောင်းတာတွေ ပိုများတယ်။ အထည်ဘက်မှာတော့ အဝယ်နည်းနည်းရှိတယ်။ ပြည်တွင်းရွှေဈေး ကျသွားတဲ့အချိန်ဟာ သီးနှံပေါ်တဲ့အချိန်နဲ့ တစ်သားတည်း ဖြစ်သွားတဲ့အတွက် ရွှေဈေးကွက် ပြန်ကောင်းလာဦးမယ်လို့ ထင်ပါတယ်"ဟု ရွှေကုန်သည် ဦးလှစိုးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် နိုဝင်ဘာလ ၉ ရက်နေ့က ကျပ် ၇၆၁၀၀၀ ရှိခဲ့ရာမှ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျပ် ၇၅၃၅၀၀ သို့ ကျဆင်းသွားခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျပ် ၇၄၉၅၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၉ ရက်နေ့က ၁၀၉၂ ဒေါ်လာရှိခဲ့ရာမှ နို ဝင်ဘာလ ၁၃ ရက်နေ့တွင် ၁၀၈၂ ဒေါ်လာသို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

November 13, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.40 |
| BDT | Bangladesh Taka | 77.41 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.37 |
| EUR | Euro | 0.93 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.13 |
| I DR | Indonesia Rupiahs | 13663.24 |
| JPY | Japan Yen | 122.67 |
| MYR | Malaysia | 4.37 |
| PKR | Pakistan Rupees | 105.42 |
| PHP | Philippines Pesos | 47.09 |
| RUB | Russia Rubles | 66.74 |
| SGD | Singapore Dollars | 1.42 |
| KRW | South Korea Won | 1165.10 |
| LKR | Sri Lanka Rupe | 140.76 |
| THB | Thailand Baht | 35.92 |
| GBP | United Kingdom Pounds | 0.66 |
| VND | VietnamDon | 22416.50 |

*Source : xe.com*

## World Gold Price

November, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 9 | 1091 | 1091 | 1091 |
| 10 | 1093 | 1093 | 1093 |
| 11 | 1090 | 1090 | 1090 |
| 12 | 1186 | 1187 | 1186 |
| 13 | 1181 | 1181 | 1181 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 9-11- 2015 | 761.00 | 759.50 |
| 10-11- 2015 | - | - |
| 11-11- 2015 | 753.00 | 753.80 |
| 12-11- 2015 | 750.00 | 749.30 |
| 13-11- 2015 | 749.00 | 748.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 9 | 6 .39 | 35.90 | 79.06 | 66.36 |
| 10 | 6. 36 | 35.88 | 78.29 | 66.36 |
| 11 | 6 36 | 35.86 | 78.06 | 66.15 |
| 12 | 6 .37 | 35.86 | 77.74 | 66.11 |
| 13 | 6.37 | 35.92 | 77.41 | 66.13 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 9- November | 14.73 | 1662.02 | 1522.98 | 5075.17 | 938.00 |
| 10- November | 14.43 | 1583.68 | 1495.20 | 5006.85 | 898.00 |
| 11- November | 14.51 | 1587.71 | 1497.22 | 5014.46 | 902.00 |
| 12- November | 14.42 | 1645.95 | 1536.19 | 5039.55 | 885.00 |
| 13- November | 14.30 | 1607.65 | 1503.94 | 4883.87 | 874.00 |

Source:kitco.com

## ဘိလပ်မြေ

### ရေကြောင်းလမ်းမှဘိလပ်မြေတန်ချိန်ခြောက်သောင်းကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ဘိလပ်မြေ ၆၃၈၆၅ ဒသမ ၄၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တန်ဖိုးကတော့ ကန်ဒေါ်လာ ၅၂၈၈၁၉၆ ရှိတယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၅၃၂၅၅ဒသမ ၂၅ တန်နဲ့ တရုတ်နိုင်ငံမှ ၁၀၆၁၀ ဒသမ ၂၀တန် ဝင်လာခဲ့ပါတယ်။ဝင်လာတဲ့တံဆိပ်များမှာ စိန်၊ ဆင်၊ **Jambo**၊မောင်းတိန်း စတဲ့ဘိလပ်မြေများဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၈၀၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၅၈၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဈေးငြိမ်ပြီးအရောင်းသွက်နေတဲ့ ဘိလပ်မြေဈေးကွက်

နိုဝင်ဘာလ ၁ ရက်မှ ၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၃၈၆၅ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင်မှာ ၂၈၀၂၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၃၅၈၀၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၇၁၆၅ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၇၅၃ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၅၀ ကျော် အဝင်လျော့ခဲ့တယ် လို့သိရ ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းသွက်ပေမယ့် ဒီတစ်ပတ်မှာတော့ အပါချီဘိလပ်မြေဈေးက ယခင်တစ်ပတ်ဈေးထက် နည်းနည်းကျလာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၇၅၀ ကျပ်၊ အပါချီ ၅၅၀၀ ကျပ်၊ မြင်းခေါင်း ၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်လည်း အရောင်းသွက်တယ်လို့သိရပါတယ်။ ပွင့်လင်းရာသီ ရောက်လာတာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေက ပိုပြီးလုပ်လာကြတယ်။ ဒါကြောင့်လည်း ရောင်းအားကောင်းတယ်။ ဒီတစ်ပတ်မှာ ဆင်နဲ့ ကြံ့ဘိလပ်မြေက ဈေးငြိမ်နေပေမယ့် စိန် က ၄၀၀ ကျပ်ဈေးမြင့်လာတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၇၅၀ ကျပ်၊ စိန်(ထိုင်း) ၅၅၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလည်းစပြီး လုပ်ကိုင်လာတာကြောင့် ဘိလပ်မြေက အရောင်းအဝယ်လိုက်ပေမယ့် ဈေးကငြိမ်နေတယ်လို့ သိရပါတယ် ။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်တဲ့ ဈေးမှာ စိန် ၇၃၀၀ ကျပ်၊ ဆင် ၇၁၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ယခင်တစ်ပတ်ထက် တန်ချိန် နှစ်ထောင်ကျော် အဝင်ပို

နိုဝင်ဘာ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၁၆၄၃၀ တန်ဖိုးရှိ မြေသြဇာ ၃၂၄၀ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ မြေသြဇာ ၁၄၆၅ တန်၊ စင်ကာပူမှ ၁၄၇၀ တန်၊ အာဖဂန်နစ္စတန် မှ ၃ ဒသမ ၂ တန်နဲ့ တရုတ်နိုင်ငံမှ ၃၀၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့ အမျိုးအစား များမှာ ကွန်ပေါင်း၊ ယူရီးယား၊ အော်ဂဲနစ်စတဲ့မြေသြဇာများ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေသြဇာ အဝင်မှာ တန်ချိန် ၁၂၂၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၁၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေးနေ

နိုဝင်ဘာ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၃၂၄၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၂၂၆ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၀၁၈၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၂၄၃၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်၊ မကွေးနဲ့ ရန်ကုန်မှာ ဈေးငြိမ်ပြီး တောင်ကြီးမှာ ဈေးအနည်းငယ်မြင့်ကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေသြဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ လဆန်းရက်မှ ဆက်တိုက်ဆိုသလို အရောင်းအဝယ် ကောင်းလာပေမယ့် ဒီတစ်ပတ်မှာ ရောင်းအားကျလာပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မိုးစပါးရိတ်သိမ်းပြီးချိန်မို့ မြေသြဇာအသုံးနည်းနေတာကြောင့် မြေသြဇာက အရောင်းအဝယ် အေးတယ်ဆိုတာထက်ပိုအေးတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်က တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အရောင်းအေးသလို ဒီတစ်ပတ်မှာ ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၆၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၂၀၃၀၀ကျပ်၊ တီစူပါ(**GTSP**၄၆%တရုတ်)၁၉၅၀၀ ကျပ်၊ တီစူပါ(**GSSP** ၁၆%တရုတ်) ၁၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၆၀၀ ကျပ် ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိ ရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာ အရောင်းအေးတယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ ယူရီးယား၁၀၀၀ ကျပ်ဈေးမြင့်တာကလွဲပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ (အပြာ) ၁၆၂၀၀ကျပ်၊ဆင် ၁၀း၁၀း၅ ၁၅၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၇၀၀ ကျပ်၊ အာမို၁၅ ပတ်လည် ၃၈၃၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၃၄၇၀၀ကျပ်၊ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၁၈၀၀ ကျပ်၊ မြေဆီယူရီးယား ၃၉၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီအဝင်မရှိဘဲ နို့မှုန့်တန်ချိန် ၃၅၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ နို့ဆီအဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်နဲ့ဆိုရင် နှစ်ပတ်ဆက်တိုက် အဝင်နားခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ မလေးရှားမှ ၃၉ ဒသမ ၀၀၇ တန်၊ စင်ကာပူမှ ၁၂ ဒသမ ၄၇၆ တန်နဲ့ နယူးဇီလန်မှ ၃၀၃ ဒသမ ၇၆၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စုစုပေါင်း နို့မှုန့်အဝင်မှာ တန်ချိန်မှာ ၃၅၅ ဒသမ ၂၅၁ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မရှိခဲ့ဘဲ ဒီတစ်ပတ်မှ အင်တိုက်အားတိုက် တင်သွင်းခဲ့တာဖြစ်ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက စိုက်ပျိုးရာသီချိန်လည်း မဟုတ်တာကြောင့် အရောင်းအဝယ်က အေးတယ်။ ဒီတစ်ပတ်မှာဝယ်ရင်း ဈေးလည်းကျလာတာကြောင့် မြေသြဇာဈေးလည်း ကျလာပါတယ်။ ယူရီးယားက ၁၅၀၀ ကျပ်၊ တီစူပါနဲ့ မြားကမ္ဘာက ၅၀၀ ကျပ် ဈေးကျလာခဲ့ပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးအတိုင်းရှိခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၁၅၀၀ ကျပ်၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၆၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၀ မှ ၆/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၀ မှ ၃၀/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၄၇၄·၅၀ | ၇၃၇·၀၀၀ | (-) ၂၆၂·၅၀ |
| ၂။ | လွယ်ဂျယ် | ၆၃၆·၀၀ | ၆၁၆·၀၀ | (+) ၂၀·၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၃·၅၀ | ၃၀၀·၀၀ | (-) ၂၆၆·၅၀ |
| ၄။ | ကန်ပိုက်တီး | ၂၆၁၀·၀၀ | ၂၃၉၂·၀၀ | (+) ၂၁၈·၀၀ |
| ၅။ | တာချီလိတ် | - | ၁၅၁၀·၀၀ | (-) ၁၅၁၀·၀၀ |
| ၆။ | မြဝတီ | ၇၀၆·၁၀ | ၃၃၆·၄၀ | (+) ၃၆၉·၇၀ |
| ၇။ | ကော့သောင်း | ၁၂၇၀၅·၀၀ | ၆၅၂၇·၅၀ | (+) ၆၁၇၇·၅၀ |
| ၈။ | မြိတ် | - | ၃၃၃၅·၀၀ | (-) ၃၃၃၅·၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၁၇၁၆၅·၁၀ | ၁၅၇၅၃·၉၀ | (+) ၁၄၁၁·၂၀ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၀ မှ ၆/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၄/၁၀ မှ ၂၃/၃၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၈၆၉၂·၇၉၀ | ၁၀၂၆၈·၀၅၀ | (-) ၁၅၇၅·၂၆၀ |
| ၂။ | လွယ်ဂျယ် | - | ၉၉·၀၀၀ | (-) ၉၉·၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၃၈၄·၇၅၀ | (-) ၃၈၄·၇၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၇၃၁·၂၀၀ | ၁၁၂၄·၅၂၅ | (-) ၃၉၃·၃၂၅ |
| ၆။ | ကော့သောင်း | ၁၈၂·၀၀၀ | ၁၁၀·၀၀၀ | (+) ၇၂·၀၀၀ |
| ၇။ | မြိတ် | ၁၇၅·၀၀၀ | ၁၅၀·၀၀၀ | (+) ၂၅·၀၀၀ |
| ၈။ | ရိုဒ် | ၄၀၀·၀၀ | ၃၀၀·၀၀၀ | (+) ၁၀၀·၀၀၀ |
| | စုစုပေါင်း | ၁၀၁၈၀·၉၉၀ | ၁၂၄၃၆·၃၂၅ | (-) ၂၂၅၅·၃၃၅ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### နှမ်းတင်ပို့မှု သိသိသာသာလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလပထမပတ်တွင် နှမ်းညို ၁၆ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) ၃၈ တန်ကို ကန်ဒေါ်လာ သုည ဒသမ ၀၇၈ သန်းဖိုး၊ ချင်းရွှေဟော် ကုန်သွယ်ရေးမှ နှမ်းဖြူ ၄၀၄ တန် ၊ နှမ်းညို တန် ၇၀ နဲ့ နှမ်းနက် ၁၇၀၃ တန်ကို ကန်ဒေါ်လာ ၂ ဒသမ ၆၅၃ သန်းဖိုး တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ နှမ်းဖြူ ၁၇ တန်ခွဲနဲ့ နှမ်းဖြူ(အခွံချွတ်) ၅၈ တန်၊ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၆၅၈၆ တန်ခွဲထိ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှု သိသိသာသာ လျော့ကျသွားတာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တန်ကို ယခင်တစ်ပတ်က ၁၇၉၀၃၀၀ ကျပ်၊ နှမ်းနက် တစ်တန်ကို ၂၁၉၀၃၀၀ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၈၀၁၁၀၇ ကျပ်နဲ့ နှမ်းနက်ဈေး ၂၂၀၃၅၂၁ ကျပ်သို့ နှမ်းဈေးတွေဆက်လက်မြင့်တက်လာခဲ့ပါတယ်။ နှမ်းစိုက်ခင်းများကောင်းမွန်ပြီး ထွက်နှုန်းကောင်းကြသလို ဈေးနှုန်းများလည်းမြင့်တက်နေတာကြောင့် တောင်သူတွေ အဆင်ပြေနေကြတယ်လို့ မန္တလေးရှိနှမ်းကုန်သည်တစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

### မလှိုင်မိုးမြေပဲများ စတင်ထွက်ရှိ



မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသော မိုးမြေပဲစိုက် ခင်းများသည် မိုးရက်ခြား ရွာသွန်းမှုကြောင့် အောင်မြင်ဖြစ်ထွန်းခဲ့ပြီး နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ ဆွတ်ခူးပေါ် ထွက်လာပြီဖြစ်ပါတယ်။

မလှိုင်မြို့နယ်တွင် မိုးမြေပဲကို နိုဝင်ဘာ ၁၀ ရက်အထိ စိုက် ဧက ၁၄၁၉၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၁၃၈၈ ဧက ရိတ်သိမ်းဆွတ်ခူးကာ အထွက်နှုန်း ၅၁ ဒသမ ၈၀ တင်း၊ စုစုပေါင်း ၇၁၉၀၀ တင်းထွက်ရှိကြောင်း၊ ဆောင်းမြေပဲကိုလည်း ၁၆၈၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါတယ်။

မြေပဲဈေးနှုန်းအနေဖြင့် မြေပဲအစို (အတောင့်) တစ်တင်းကို ယခင်နှစ်က ၇၀၀၀ ကျပ်ရှိခဲ့ကြောင်း၊ ယခုနှစ်မြေပဲအစို၊ အတောင့် တစ်တင်းကို ၉၀၀၀ ကျပ် ဈေးနှုန်းရှိကြောင်း မြေပဲစိုက်တောင်သူ ဦးမြင့်သိန်းထံမှ သိရှိရပါတယ်။

**တင်တင်ဌေး-မိတ္ထီလာ**

### ဆီးဆံ တန် ၂၀ နီးပါး မူဆယ်မှတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ပထမပတ်အတွင်း ကန်ဒေါ်လာ ၇၆၀၀၀ တန်ဖိုးရှိ ဆီးဆံ ၁၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ကန်ဒေါ်လာ ၇၉၀၀၀ တန်ဖိုးရှိ ဆီးဆံ တန် ၂၀ တင်ပို့ခဲ့တာကြောင့် ယခုသီတင်းပတ်မှာတော့ တစ်တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ဆိုရပါမယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆံတင်ပို့မှု မရှိသော်လည်း ကန်ဒေါ်လာ ၆၈၀ တန်ဖိုးရှိ ဆီးသီးခြောက် ၄ တန် တင်ပို့မှုရှိခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## စားအုန်းဆီ

### မိုးခေါင်ခြောက်သွေ့မှု၊ မီးနဲ့ မီးခိုးမြူများ ဖြစ်ပေါ်နေသော်လည်း စားအုန်းဆီထုတ်လုပ်မှု အရှိန်မြင့်တက်

ပူပြင်းခြောက်သွေ့မှု၊ မီးနဲ့မီးခိုးမြူများကြောင့် မလေးရှားနဲ့ အင်ဒိုနီးရှားမှာရှိတဲ့ စားအုန်းဆီခြံတွေမှာ အကျပ်အတည်းတွေဖြစ်ပေါ်ခဲ့ပေမယ့် စားအုန်းဆီထုတ်လုပ်မှုက မြင့်တက်နေပြီး လက်ကျန်တွေလည်း အများအပြား ရှိနေကြောင်း ဝေါလ်စထရိဂျာနယ်မှာ ဖော်ပြပါတယ်။

ကမ္ဘာမှာ စားအုန်းဆီထုတ်လုပ်မှု အများဆုံးဖြစ်တဲ့ ဒီနှစ်နိုင်ငံမှာ ထုတ်လုပ်မှု နှေးကွေးကျဆင်းမယ့် လက္ခဏာကို မတွေ့ရပါဘူး။ အင်ဒိုနီးရှားရဲ့ အောက်တိုဘာတင်ပို့မှု ယခင်လနဲ့နှိုင်းယှဉ်ရင် ကိုးရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အင်ဒိုနီးရှား စားအုန်းဆီထုတ်လုပ်ရေးအသင်းက ပြောပါတယ်။

မလေးရှားနိုင်ငံရဲ့ အောက်တိုဘာ စားအုန်းဆီထုတ်လုပ်မှုက မက်ထရစ်တန် နှစ်သန်းထိရောက်ရှိခဲ့တဲ့အတွက် စက်တင်ဘာနဲ့နှိုင်းယှဉ်ရင် ၄ရာခိုင်နှုန်း၊ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၇ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်ပါတယ်။ စားအုန်းဆီ သိုလှောင်လက်ကျန်က ယခင်လနဲ့နှိုင်းယှဉ်ရင် ၇ ဒသမ ၃ ရာခိုင်နှုန်း၊ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၃၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မလေးရှား ရေနံဘုတ်အဖွဲ့ စာရင်းများအရ သိရပါတယ်။

အယ်နီညိုရာသီဥတု သွင်ပြင်လက္ခဏာက စားအုန်းဆီထွက်နှုန်းကို နိမ့်ကျစေမယ့်အထိ ပြင်းထန်မယ့် အခြေအနေရှိပေမယ့် သိုလှောင်လက်ကျန် မြင့်တက်နေမှုကလည်း ဈေးနှုန်းမြင့်တက်စေမယ့် အလားအလာကို အဟန့်အတားဖြစ်စေနိုင်ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်မှာ ဇန်နဝါရီလအတွက် စားအုန်းဆီကန်ထရိုက် စာချုပ်ဈေးက မက်ထရစ် တစ်တန်ကို ၂၃၃၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၃၂) နှုန်း ဖြစ်တဲ့အတွက် ၅၂ ရင်းဂစ်နှုန်း ကျဆင်းပါတယ်။ ဒါပေမယ့် ၂၀၀၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်တဲ့ ဩဂုတ်လနဲ့ နှိုင်းယှဉ်ရင် ထူးထူးခြားခြားမြင့်တက် နေဆဲဖြစ်ပါတယ်။

နိုဝင်ဘာလ ၁၂ ရက်နေ့က စားအုန်းဆီရောင်းချရတဲ့ ပမာဏက ၂၅တန်ရှိ အတွဲ ၃၅၆၇၄ တွဲရှိခဲ့တဲ့အတွက် တစ်ရက်ပျမ်းမျှရောင်းချရတဲ့ အတွဲ ၃၅၀၀၀ အတွဲထက် အနည်းငယ်သာလွန်နေပါတယ်။

စားအုန်းဆီ အနိမ့်ဆုံးဈေးက တစ်တန်ကို ၂၃၁၉ ရင်းဂစ်အထိရှိနိုင်ပြီး ဆက်ကျမယ်ဆိုရင် ၂၂၃၂ ရင်းဂစ်အထိ ရှိနိုင်ကြောင်း ရိုက်တာမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

သမိုင်းစဉ်ကို ပြန်ကြည့်ရင် အယ်နီညိုဖြစ်တဲ့နှစ်တွေမှာ စားအုန်းဆီဈေးက အဆမတန်မြင့်တက်ခဲ့ပါ တယ်။ အယ်နီညိုဖြစ်ခဲ့တဲ့ ၂၀၀၆ခုနှစ်က ၄၀ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပါတယ်။ စားအုန်းဆီနဲ့ ပျော့ဖတ်ထုတ်လုပ်တဲ့ သစ်ပင်တွေပြန်လည်စိုက်ပျိုးဖို့အတွက် ခြံလုပ်ငန်းပိုင်ရှင်တွေက မြေရှင်းလင်းတဲ့အနေနဲ့ တောတွေကို မီးရှို့ခဲ့တဲ့အတွက် မလေးရှားနဲ့ အင်ဒိုနီးရှားမှာ အခက်အခဲတွေတွေ့ရပေမယ့် စားအုန်းဆီထုတ်လုပ်မှုက ပုံမှန်အတိုင်းဖြစ်နေပါတယ်။ မီးကြောင့်ဖြစ်ရတဲ့ ထိခိုက်မှုတွေက အယ်နီညိုကြောင့် ပိုမိုဆိုးရွားခဲ့ပါတယ်။

အမေရိကန် ပဲပုပ်ဆီရဲ့ ဒီဇင်ဘာဈေးက သုည ဒသမ ၃ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်ဒါလီယံ ကုန်စည်ဒိုင်မှာ ပဲပုပ်ဈေးက သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၃-၁၁-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၇၀၀ | ၅၂၀၀ | ▽ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၉၀ | ၁၃၅၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၈၀ | ၁၄၇၀ | ▽ |
| ပဲခူး | ၃၀၀၀ | ၃၀၀၀ | □ | ၄၉၀၀ | ၄၈၀၀ | ▽ | ၁၄၈၀ | ၁၄၅၀ | ▽ |
| မကွေး | ၅၀၀၀ | ၄၅၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၆၀၀ | ▽ |
| မုံရွာ | ၄၄၀၀ | ၄၅၀၀ | △ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၃၀ | ၁၅၁၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၃-၁၁-၂၀၁၅ US$/Ton

| အမျိုးအစား | နိုဝင်ဘာလပထမပတ် | နိုဝင်ဘာလဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၄၄.၅၀ | ၅၃၇.၅၀ | ▽ |
| RBD P.Olein | ၅၆၂.၅၀ | ၅၆၁.၀၀ | ▽ |
| RBD P.Strarin | ၄၅၆.၀၀ | ၄၄၉.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၃- ၁၁ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၇၂.၂၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၈၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၁၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၄.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၁၃.၁၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၃-၁၁-၂၀၁၅နေ့ (CIFဈေး Cloud Point 8 ˚C Max ၆၀၅ ဒေါ်လာ၊ FOB ၅၈၀ ဒေါ်လာ နှင့် USD ဈေး ၁၂၈၇ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၃-၁၁-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံ၌ ငွေချေးလုပ်ငန်းများဆိုင်ရာစာရင်းအင်းဗျူရိုကိုတည်ထောင်မည်

စင်ကာပူနိုင်ငံ၌ စာရင်းအင်းနှင့် အသင်းအဖွဲ့များကြီးကြပ်မှုအာဏာပိုင် အဖွဲ့ (ACRA) နှင့် ချိတ်ဆက်လျက် စီးပွားရေးလုပ်ငန်းများ၏ စာရင်းဇယား အချက်အလက်များအားပြုစုသည့် လုပ်ငန်းကိုဆောင်ရွက်နေသော DP Information Group သည် ငွေချေးလုပ်ငန်းများ၏ကြွေးမြီဆိုင်ရာ စာရင်းအင်းဌာန (Moneylenders Credit Bureau - MLCB) ကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်လုပ်ကိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၅ ရက်နေ့က ထုတ်ဖော်ပြောကြားလိုက်ပါသည်။

DP Info လုပ်ငန်းစု၏ကြေညာချက်တွင် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန၏ တာဝန်ပေးအပ်မှုအရ ကြွေးမြီဗျူရိုကို ထူထောင်ရခြင်းဖြစ်ကြောင်း၊ လိုင်စင်ရငွေချေးလုပ်ငန်းရှင်များအနေဖြင့် ငွေချေးယူသူ ဖောက်သည်များထံသို့ချေးငွေထုတ်ပေးမှုနှင့် ငွေချေးယူသူများ၏ ချေးငွေပြန်လည်ပေးဆပ်မှုဆိုင်ရာ ပြုမူဆောင်ရွက်ချက်များကို MLCB သို့တင်ပြရမည်ဖြစ်ကြောင်း၊ အဆိုပါသတင်းအချက်အလက်များအား ဥပဒေရေးရာ ဝန်ကြီးဌာနကစုစည်းရယူမည်ဖြစ်သကဲ့သို့ အခြားသောလိုင်စင်ရ ငွေချေးလုပ်ငန်းရှင်များသည်လည်း ငွေကြေးချေးငှားရန် ၎င်းတို့ထံ လျှောက်ထားမှုများအပေါ် အကဲဖြတ် စိစစ်ရာ၌ ရယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန၏ အတိုင်ပင်ခံအဖွဲ့က မေလ ၂၉ ရက်နေ့တွင် တင်ပြခဲ့သောငွေချေးယူသူများအား အကာအကွယ်ပေးမှုနှင့် ငွေကြေးချေးငှားနိုင်မှုတို့ဟန်ချက်ညီတိုးတက်စေရေး အပြီးသတ် အစီရင်ခံစာတွင် ကြွေးမြီစာရင်းအင်းဗျူရိုတည်ထောင်ရန်နှင့်ချေးငွေအတိုးနှုန်းများလျှော့ချသတ်မှတ်ရန် ထောက်ခံအကြံပြုခဲ့ရာ MLCB အစီအစဉ်သည် ယခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်ခဲ့သောငွေချေးငှားမှုနည်း ဥပဒေအသစ်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လာခဲ့ပါသည်။ သို့ဖြစ်ရာ MLCB ၏ လုပ်ငန်းစဉ်များအရ ငွေချေးယူသူများနှင့်ပတ်သက်၍ ချေးငွေပြန်လည်ပေးဆပ်ရန်စိတ်ချရမှု အခြားတစ်နေရာ၌ ငွေကြေးချေးယူလျက် ကြွေးမြီနစ်မွန်းမှုရှိမရှိစသည့်အခြေအနေများကိုငွေချေးလုပ်ငန်းရှင်များက စိစစ်နိုင်မည်ဖြစ်ပြီး ချေးငွေရယူသူများအတွက်လည်း အကြွေးများစွာတင်ရှိကာ မတန်တဆအတိုးပေးရသည့် အဖြစ်မျိုး မဖြစ်ပေါ်အောင် အကာအကွယ်ပြုမည်ဖြစ်ပါသည်။

DPInfo မှ အမှုဆောင်အရာရှိချုပ် Mr. Lincoln Teo က ယခု အစီအစဉ်သည် ပွင့်လင်းမြင်သာရှိမှုကိုတိုးတက်စေသည့်အလျောက် တာဝန်ယူမှုရှိသော ငွေကြေးချေးငှားမှုများကိုပို မိုမြင့်တင်ရာတွင် အထောက်အကူပြု မည်ဖြစ်ကြောင်း၊ ထို့အပြင် ချေးငွေပြန် လည်ပေးဆပ်နိုင်ခြင်းမရှိသည့်ဖြစ်စဉ်များကိုလည်း လျှော့ပါးစေမည်ဖြစ် ကြောင်းပြောဆိုပါသည်။

စင်ကာပူနိုင်ငံ၌ ငွေချေးငှားသူများအက်ဥပဒေအရ နိုဝင်ဘာလ ၁ ရက်နေ့အထိ ငွေချေးလုပ်ငန်း မှတ်ပုံတင်ထားသည့် လိုင်စင်ရငွေချေးလုပ်ငန်းပေါင်း ၁၇၀ ကျော်ရှိရာလုပ်ငန်းရှင်အများအပြားက MLCB ဗျူရိုတည်ထောင်မှုအစီအစဉ်ကိုလက်ခံကြိုဆိုခဲ့ကြပါသည်။ ၎င်းဗျူရိုထံမှ ငွေချေးယူသူများဆိုင်ရာသတင်းအချက်အလက်များကိုလိုင်စင်ရငွေချေးလုပ်ငန်းရှင်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိသူများမှအပ အခြားမည်သည့် လုပ်ငန်းနယ်ပယ်ကမျှ ရယူနိုင်မည်မဟုတ်ကြောင်း DP Info ၏ ဖော်ပြချက်အရ သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# ထိုင်းငွေကြေးဈေးကွက်တွင် ဘတ်ငွေတန်ဖိုး တည်ငြိမ်လာသော်လည်း စိုးရိမ်ဖွယ်ရှိနေ

တရုတ်နှင့်အီးယူ၏ ငွေကြေးမူဝါဒများ ပြောင်းလဲစဉ်တွင် ဘတ်ငွေတန်ဖိုးသည် စံချိန်တင် တည်ငြိမ်နေခဲ့ကြောင်း၊ သို့ရာတွင် ငွေကြေးဈေးကွက်အနေဖြင့် ဖွံ့ဖြိုးစနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှင့်ပတ်သက်၍ စိုးရိမ်နေဆဲဖြစ်ကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်မှ ပြောကြားခဲ့ပါသည်။

ယူရိုတန်ဖိုးသည် အောက်တိုဘာ လ ၂၆ ရက်နေ့က တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၅ ဒေါ်လာမှ ၁ ဒသမ ၁၀ ဒေါ်လာသို့ကျဆင်းခဲ့ပါသည်။ ငွေကြေးဈေးကွက်များသည် အောက်တိုဘာလ နှောင်းပိုင်းတွင် ကျင်းပခဲ့သော ဥရောပဗဟိုဘဏ် (ECB) ၏ အစည်းအဝေးကိုများစွာ စိတ်ဝင်စားခဲ့ကြပါသည်။

ဥရောပဗဟိုဘဏ်မှ ၎င်း၏မူဝါဒ အတိုးနှုန်းကို သုည ဒသမ ၀၅ ရာခိုင်နှုန်း မှာပင်ဆက်လက်ထားရှိပြီး လစဉ် ယူရို ၆၀ဘီလီယံ (ဘတ် ၂ ဒသမ ၃၅ ထရီလီယံခန့်) တန်ဖိုးရှိသော Asset ဝယ်ယူမှု (Asset purchase programme) ကို လာမည့် စက်တင်ဘာလအထိ သို့မဟုတ် ရည်မှန်းထားသည့် ငွေကြေး ဖောင်းပွမှုနှုန်း နှစ်ရာခိုင်နှုန်းရောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ECB အနေဖြင့် လာမည့် ဒီဇင်ဘာလ အစည်းအဝေးတွင် ငွေကြေး မူဝါဒ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်သုံးသပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံဗဟိုဘဏ်သည် အောက်တိုဘာလ ၂၃ ရက်နေ့၌ ကျင်းပခဲ့သော အစည်းအဝေး၌ ထုတ်ချေးငွေနှင့်စုဆောင်းငွေအတွက် အတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်းစီ လျှော့ချရန် ဆုံးဖြတ်ခဲ့ပါသည်။

မကြာသေးခင်က တရုတ်၊ အိန္ဒိယ အပါအဝင် နိုင်ငံအနည်းငယ်သာလျှင် ၎င်းတို့၏ အတိုးနှုန်းများကိုလျှော့ချခဲ့ကြောင်း၊ ထိုင်းဘတ်ငွေလဲနှုန်းသည် စီးပွားရေးနာလန်ထူလာမှုအတွက် အထောက်အကူဖြစ်နေဆဲဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဗဟိုဘဏ်၏ ငွေကြေးမူဝါဒ ကော်မတီ အတွင်းရေးမှူး Mr.Jaturong က ပြောကြားခဲ့ပါသည်။

အမေရိကန်ဗဟိုဘဏ်မှ ယခုနှစ် အတွင်း အတိုးနှုန်းမြင့်တက်ဖွယ်ရှိသည် ဟု ယူဆထားကြကြောင်း၊ အမေရိကန် ဗဟိုဘဏ်၏ အတိုးနှုန်း အတက်အကျ အပေါ် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မသေချာမှုသည် ကမ္ဘာ့ငွေကြေးဈေးကွက် မတည်ငြိမ်မှုကို ဖြစ်ပေါ်စေသောအချက် (အကြောင်းရင်း) တစ်ခုဖြစ်ကြောင်း သိရှိ ရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံ၏ မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၅၀ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိရန် ဆုံးဖြတ်

အစိုးရ၏ စီးပွားရေး လှုံ့ဆော်မှု စီမံချက်များသည် စီးပွားရေးတိုးတက်မှုအတွက် စတင်အထောက်အကူပြုနေပြီ ဖြစ်ကြောင်း၊ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်များနှင့် အိမ်ရာမြေကဏ္ဍများအတွက် စီမံချက်များ/အစီအစဉ်များသည် စတင်အကျိုးသက်ရောက်မှုရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ ဗဟိုဘဏ်၏ ငွေကြေးမူဝါဒကော်မတီသည် နိုဝင်ဘာလ ၄ ရက်နေ့၌ ကျင်းပခဲ့သော အစည်းအဝေးတွင် မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၅၀ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသည် ထိုင်းနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌသစ် Mr. Veerathai Santipraphob ၏ ဦးဆောင်မှုဖြင့် ပထမဆုံးအကြိမ်ကျင်းပသော အစည်းအဝေးဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးသည် (ကြာရှည်မခံသော ကုန်စည်များအတွက်) ပြည်တွင်းသုံးစွဲမှုနှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအနည်းငယ် တိုးတက်ကောင်းမွန်ခြင်းကြောင့် ပြန်လည်နာလန်ထူလာပြီဖြစ်ပါသည်။

လောလောဆယ်တွင် ထိုင်းနိုင်ငံဗဟိုဘဏ်၏ ယခုနှစ်စီးပွားရေး တိုးတက်မှုနှုန်း ခန့်မှန်းချက်မှာ ၂ ဒသမ ၇ ရာခိုင်နှုန်းဖြစ်သော်လည်း ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပမည့် အစည်းအဝေး၌ ၎င်း၏ခန့်မှန်းချက်ကို ပြင်ဆင်ဖွယ်ရှိကြောင်းသိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အခွန်ဆိုင်ရာဆွဲဆောင်မှုအသစ်များဖြင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည်

ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် အဆိုပြုတင်ပြခဲ့သည့် အခွန်ဆိုင်ရာ အထူး အခွင့်အရေးများကို နိုဝင်ဘာလ ၃ ရက်နေ့တွင် အစိုးရက အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ အစီအစဉ်တွင် ယခုနှစ်နှင့် လာမည့်နှစ် ရင်းနှီးမြှုပ်နှံမှုများအတွက် ကုန်ကျမည့် စရိတ်များတွင် လုပ်ငန်းဝင်ငွေခွန်လျှော့ချခြင်း ပါဝင်ပါသည်။

ရင်နှီးမြှုပ်နှံမှုအဖွဲ့ (BOI) မှ ပေးသော အထူးအခွင့်အရေးများကို လျှောက်ထားခြင်းမပြုသည့်လုပ်ငန်းများအား သီးသန့်အထူးအခွင့်အရေးများ (Special incentives) ပေးမည် ဖြစ်ပါသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အရှိန်မြှင့်တင်ရန် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၆ခုနှစ်၊ ဇွန်လအတွင်း BOI သို့ လျှောက်ထားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် သီးသန့်အထူး အခွင့်အရေးများကို ပြီးခဲ့သည့် စက်တင်ဘာလတွင် အစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပြီ ဖြစ်ပါသည်။

အပိုထပ်ပေးသော အထူးအခွင့်အရေးများကို ယခုနှစ် အောက်တိုဘာလနှင့်လာမည့်နှစ် မတ်လအတွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ရည်ရွယ်၍ ပေးခြင်းဖြစ်ပါသည်။ စက်တင်ဘာလ ၁၅ ရက်နေ့၌ အစိုးရအဖွဲ့သည် BOI ၏ အခွန်ဆိုင်ရာ နောက်ထပ်အထူးအခွင့်အရေးများကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ အထူးအခွင့်အရေးများတွင် လုပ်ငန်းဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလကို ရှစ်နှစ်မှ၁၃နှစ်အထိ တိုးမြှင့်ခြင်းလည်းပါဝင်ခဲ့ပါသည်။

နှေးကွေးထိုင်းမှိုင်းနေသော စီးပွားရေးကိုပြန်လည်နာလန်ထူလာစေရန် ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုအသစ်များ လိုအပ်လျက်ရှိပါသည်။ သေချာမှုမရှိသော နိုင်ငံရေးအခြေအနေကြောင့် ရင်းနှီးမြှုပ်နှံသူအများစုသည် စောင့်ကြည့်လေ့လာသည့် အနေအထားတွင် ရှိနေပါသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှု စေ့ဆော် တွန်းအားပေးရေး အစီအစဉ်များသည် ယခုနှစ်နှင့် လာမည့်နှစ် ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှု အရှိန်မြှင့်တက်စေမည်ဟု ဒုတိယဝန်ကြီးချုပ် Mr. Somkid က ယူဆထားကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူ၏ဆေးကုသမှု ခရီးသွားလုပ်ငန်းကျဆင်းလျက်ရှိ

ဆေးကုသမှုစရိတ်များမြင့်တက်လျက်ရှိပြီးဒေသတွင်း၌ လုပ်ငန်းယှဉ်ပြိုင်မှုများများပြားလာသည့်အလျှောက် တစ်ချိန်ကအောင်မြင်မှုရရှိခဲ့သည့် စင်ကာပူနိုင်ငံ၏ဆေးကုသရေး ခရီးသွားလုပ်ငန်းကဏ္ဍမှာ ဆေးကုမည့်ခရီးသည်များလာရောက်မှုကျဆင်းသည့်အခြေအနေနှင့် တွေ့ကြုံလာရပါသည်။

ဆေးကုသမှုလုပ်ငန်းများထံမှ ရရှိသော ကိန်းဂဏန်းအချက်အလက်များမှာ အမျိုးမျိုးကွဲပြားလျက်ရှိသော်လည်းယေဘုယျအားဖြင့် စင်ကာပူသို့ ဆေးကုသရန် လာရောက်သည့် ခရီးသည်ပမာဏမှာ ကာလအတန်ကြာကျဆင်းလျက်ရှိသည်ကို မြင်တွေ့ရကြောင်း၊ အထူးသဖြင့် အစဉ်အလာအားဖြင့်လာရောက်နေကျဖြစ်သော အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့မှ ခရီး သည်ဝင်ရောက်မှု နည်းပါးလာကြောင်း၊ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဆေးကုရန် လာရောက်သူအရေအတွက် တိုးတက်လျက်ရှိသော်လည်း ပုံမှန်ဈေးကွက်နိုင်ငံများမှ လျော့နည်းရရှိမည့် ဝင်ငွေကိုကာမိခြင်းမရှိကြောင်းဖြင့် လေ့လာဆန်းစစ်သူများ၏ပြောဆိုချက်အား နိုဝင်ဘာလ ၁၁ ရက်နေ့ထုတ် The Business Times သတင်းစာ၌ ဖော်ပြထားပါသည်။

ဆေးကုသစရိတ်များကြီးမြင့်မှုသည်စင်ကာပူသို့ ပြည်ပခရီးသည်လူနာများလာရောက် ကုသစေရာတွင် အဟန့်အတားပြုလျက်ရှိသော အဓိကအချက်တစ်ရပ်ဖြစ်ပါသည်။ BMI သုတေသနလုပ်ငန်းဌာနမှ ဖော်ပြချက်အရ စင်ကာပူနိုင်ငံ၌ နှလုံးသွေးကြောအစားထိုးခွဲစိတ်ကုသမှုတစ်ရပ် ပြုလုပ်ရာတွင် ကုန်ကျစရိတ်မှာ ထိုင်းနိုင်ငံတွင် ကုသမှုထက် ၄၁ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံ၌ ကုန်ကျမှုထက် ၁၀၆ ရာခိုင်နှုန်းပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ ကုန်ကျစရိတ်ကြီးမြင့်မှုသည် အရှေ့တောင်အာရှဒေသ၌ ဆေးကုသမှုခရီးသွားလုပ်ငန်း အချက်အချာဒေသအဖြစ် စင်ကာပူနိုင်ငံ၏တည်ရှိမှုကိုထိန်းသိမ်းထားရန် ခက်ခဲစေမည်ဖြစ်ကြောင်းယခုနှစ် ဆန်းပိုင်း၌ အဆိုပါသုတေသနဌာနမှ ခန့်မှန်းပြောဆိုခဲ့ပါသည်။

စင်ကာပူခရီးသွားလုပ်ငန်းကြီးကြပ်မှုအဖွဲ့၏ အစီရင်ခံစာများအရ ပြည်ပခရီးသည်များထံမှ ရရှိသည့် ဆေးကုသမှုဝင်ငွေမှာ ၂၀၀၉ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၇၇၇ သန်းရှိရာမှ ၂၀၁၂ ခုနှစ်၌ ၁ ဒသမ ၁၁ ဘီလီယံအထိတိုးတက်လာသော်လည်း ၂၀၁၃ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းလျော့နည်းပြီး ၈၃၂ သန်းသို့ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ Oliver Wyman စီးပွားရေးစီမံခန့်ခွဲမှုအတိုင်ပင်ခံလုပ်ငန်းမှ အာရှနှင့် ပစိဖိတ်ဒေသကျန်းမာရေးဌာနအကြီးအကဲ Jeremy Lim က ကုန်ဈေးနှုန်းပြောင်းလဲမှုများသည် ဆေးကုသမှုပြုစဉ်အတွင်း ထပ်တိုးတွေ့ရှိရသည့် ရောဂါအသစ်များကို ကြည့်ရှုကုသပေးရာ၌ ပေးဆောင်ရသောမမျှော်မှန်းနိုင်သည့် ကုန်ကျစရိတ်များမြင့်တက်မှုကိုဖြစ်ပေါ်စေကြောင်းပြောဆိုပါသည်။ သယ်ယူပို့ဆောင်မှုနှင့် တည်းခိုနေထိုင်မှုစရိတ်များမြင့်မားသည့်အပြင်၊ ဒေသတွင်းအခြားနိုင်ငံငွေကြေးများနှင့်နှိုင်းယှဉ်လျှင် စင်ကာပူဒေါ်လာငွေတန်ဖိုးအားကောင်းခိုင်မာနေခြင်းကလည်း စင်ကာပူ၏ ဆေးကုသမှုခရီးသွားလုပ်ငန်းအခြေအနေကို ထိခိုက်စေလျက်ရှိပါသည်။

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဆေးကုသမှုဆိုင်ရာအခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့်အတွက် အဆိုပါနိုင်ငံများမှစင်ကာပူသို့လာရောက်၍ ဆေးကုသမှုခံယူသူအရေအတွက်မှာ ကျဆင်းလာခဲ့သည့်အပြင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ရှိယှဉ်ပြိုင်ဖက်လုပ်ငန်းများ၏ ဝန်ဆောင်မှုအရည်အသွေး တိုးတက်မြင့်မားလာခြင်းက ဒေသတွင်းဆေးကုသမှုခရီးသွားလုပ်ငန်း၌ စင်ကာပူ၏ယှဉ်ပြိုင်နိုင်မှုအားသာချက်ကို လျော့ပါးစေကြောင်းဖြင့် လေ့လာဆန်းစစ်သူများကပြောဆိုကြပါသည်။

စင်ကာပူရှိ PwC အတိုင်ပင်ခံလုပ်ငန်းမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဌာနခွဲအကြီးအကဲ David Mckeering ကမလေးရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပခရီးသည်လူနာ ၁ဒသမ ၉ သန်းအထိ လက်ခံဆေးကုသပေးနိုင်ရန် ရည်မှန်းထားကြောင်း၊ မကြာသေးမီနှစ်များအတွင်း မလေးရှားနိုင်ငံရှိဆေးရုံ ရှစ်ခုနှင့် ထိုင်းနိုင်ငံရှိဆေးရုံ ၁၈ ခုတို့သည် JCI ခေါ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းကော်မရှင်ထံမှ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ရွှေအဆင့် အသိအမှတ်ပြုလက်မှတ်များရရှိခဲ့ကြကြောင်း၊ ယခင်က စင်ကာပူ၏ ယှဉ်ပြိုင်မှုအားသာချက်ဖြစ်သည့် အထူးကုဝန်ဆောင်မှုများကို အခြားနိုင်ငံများ၌ လုပ်ဆောင်လာကြပြီဖြစ်ရာ စင်ကာပူလုပ်ငန်းရှင်များအနေဖြင့် ယင်းကဲ့သို့သောအားသာချက်များကိုထပ်မံရရှိတော့မည် မဟုတ်ကြောင်း၊ လက်ရှိအခြေအနေကိုတုံ့ပြန်နိုင်သည့် နည်းလမ်းတစ်ရပ်မှာဈေးနှုန်းများခန့်မှန်းနိုင်မှုမရှိသည်ကို တည့်မတ်ပြင်ဆင်ရန်နှင့်ပေါင်းစပ်ဝန်ဆောင်မှုဈေးနှုန်းများ(Bundle Prices)ကမ်းလှမ်းမှုပြုရန် ဖြစ်ကြောင်း စသည်ဖြင့်ထောက်ပြပြောဆိုပါသည်။

လတ်တလော ကာလတွင် စင်ကာပူရှိအချို့သောကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများမှာ ပိုမိုအကျိုးအမြတ်ဖြစ်ထွန်းနိုင်မည့် လူဦးရေများပြားသောပြည်ပဈေးကွက်များသို့ ပြောင်း ရွှေ့ခြင်း၊ ဒေသတွင်းအခြားကုမ္ပဏီလုပ်ငန်းများနှင့် ပေါင်းစည်းခြင်း တို့ကိုဆောင်ရွက်လာကြပါသည်။ ဥပမာအားဖြင့် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့၌ စတော့ဈေးကွက်ဝင် IHH Healthcare Berhadသည် ပြီးခဲ့သောမတ်လအတွင်း အိန္ဒိယနိုင်ငံရှိ India's Continental Hospitals ၏ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းကိုဝယ်ယူခဲ့ပါသည်။ ထို့နောက် ငါးလအကြာတွင် India's Global Hospitals လုပ်ငန်း၏ အစုရှယ်ယာ၇၃ ဒသမ ၄ရာခိုင်နှုန်းကိုထပ်မံဝယ်ယူလျက် လုပ်ငန်းသိမ်းသွင်းမှုပြုခဲ့ပါသည်။ ထို့အပြင် ယခုနှစ်အတွင်း၌ပင် တရုတ်နိုင်ငံရှိ Shanghai Broad Ocean Investment နှင့် Shanghai HongxinMdical Investment Holding ကုမ္ပဏီတို့နှင့် ဖက်စပ်လုပ်ငန်းများ ထူထောင်ခဲ့ပါသည်။ IHHအနေဖြင့် ပြည်ပဈေးကွက်သို့တိုးချဲ့ ဆောင်ရွက်မှုများရှိသော်လည်း စင်ကာပူဈေးကွက်အားရေရှည်၌ ဆေးကုသမှုဆိုင်ရာခေတ်မီပစ္စည်းကိရိယာများနှင့် နည်းပညာကျွမ်းကျင်သူဝန်ထမ်းများဖြင့် လုပ်ငန်းကြပ်မတ်မှုပတ်ဝန်းကျင် ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုဗဟိုအချက်အချာဒေသအဖြစ် ၎င်းတို့၏လုပ်ငန်းများကိုအခြေစိုက်ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။ စင်ကာပူအခြေစိုက် Raffles Medical Group ကလည်း၎င်းတို့၏လုပ်ငန်းများအားတရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သို့ တိုးချဲ့ရန်ရည်မှန်းထားကြောင်းထုတ်ဖော်ပြောဆိုထားပါသည်။

စင်ကာပူနိုင်ငံရှိကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် ဈေးနှုန်းညှိနှိုင်းမှုများ လုပ်ဆောင်ရန်အတွက် ကုန်ပစ္စည်းပေးသွင်းမှုနှင့် ကိုင်တွယ်ဝန်ဆောင်မှုပြုသည် အဖွဲ့အစည်းတို့အကြား လုပ်ငန်းပေါင်းစည်းခြင်းမှာပိုမိုအကျိုးရှိသည်ကို အသိအမှတ်ပြုလာကြကြောင်း၊ သို့ရာတွင် ယင်းသို့လုပ်ဆောင်ခြင်းသည် စင်ကာပူနိုင်ငံအတွက် အကျိုးမရှိကြောင်း၊ စင်ကာပူမှ ကျွမ်းကျင်မှုရှိသည့် လုပ်သားအင်အားစုများပြင်ပသို့ ရွှေ့ပြောင်းထွက်ခွာခြင်း၊ စီမံခန့်ခွဲသူများ အနေဖြင့် စင်ကာပူနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်ခြင်းထက် အခွင့်အလမ်းနှင့်အမြတ်အစွန်းရရှိမည့် ဒေသများသို့ အလေးပေးဂရုပြုခြင်း၊ အဆုံးသတ်အားဖြင့် စင်ကာပူ၌ အလုပ်အကိုင် ကောင်းများရရှိနိုင်မှုနည်းပါးခြင်း စသည့်ရလာဒ်များကိုသာ ကြုံတွေ့ရနိုင်ကြောင်းဖြင့် Dr. Jeremy Lim က မှတ်ချက်ပြုပြောဆိုပါသည်။

စင်ကာပူနိုင်ငံ၏ ဆေးကုသရေး ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ ဒေသခံလုပ်ငန်းရှင်များအတွက် လုပ်ငန်းတိုးတက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများဆက်လက်တည်ရှိနေသော်လည်း ၎င်းတို့အနေဖြင့် ဈေးကွက်လိုလားချက်မှာပြောင်းလဲလျက်ရှိသည်ကို သတိပြုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း The Business Times သတင်းဌာနမှ သုံးသပ်ဖော်ပြထားပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## တောင်ကိုရီးယားလူမျိုးများ၏ အလုပ်ချိန်များ ရှည်ကြာသော်လည်း ကုန်ထုတ်လုပ်မှု နည်းပါး

၂၀၁၄ ခုနှစ်တွင်ကိုရီးယားလူမျိုးများသည် တစ်နှစ်လျှင် ၂,၁၂၄ နာရီအလုပ်လုပ်ကြ သည့်အတွက် အိုအီးစီဒီနိုင်ငံများ၏ ပျမ်းမျှစံနှုန်းအရ ဒုတိယအများဆုံး အလုပ်ချိန်ဖြစ်ကြောင်း နိုဝင်ဘာလ ၂ ရက်နေ့က ထုတ်ပြန်သည့် စာရင်းများ အရ သိရှိရ သည်။ နိုင်ငံပေါင်း ၃၂ နိုင်ငံကို စာရင်းကောက်ယူရာတွင် ကိုရီးယားသည် မက္ကဆီကို၏ တစ်နှစ်အလုပ်ချိန် ၂,၂၂၈ နာရီပြီးလျှင် ဒုတိယအလုပ်ချိန် အရှည်ကြာဆုံးနိုင်ငံဖြစ်သည်။ အိုအီးစီဒီ၏ ပျမ်းမျှစံနှုန်း သည် ၁,၇၇၀ နာရီဖြစ်ရာ ကိုရီးယားသည် ၃၅၄ နာရီပို၍ အလုပ်လုပ်သည့် သဘောဖြစ်သည်။

၂၀၀၇ ခုနှစ်တိုင်အောင် ကိုရီးယား လူမျိုးများသည် ရှည်ကြာစွာ အလုပ်လုပ်ကြပြီး ၂၀၀၀ ပြည့်နှစ်တွင် အရှည်ကြာဆုံး အလုပ်ချိန် ၂,၅၁၂နာရီရှိခဲ့သည်။ ယင်း ကဲ့သို့ ရှည်ကြာသည့် အလုပ်ချိန်ရှိခြင်းမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် အနားယူမှု သိပ်မရှိဘဲ လူအချို့သာလျှင် အချိန်ပိုင်းအလုပ်များကို လုပ်ကိုင်ကြခြင်း ကြောင့် ဖြစ်ကြောင်း၊ ကိုရီးယား အလုပ် သမားဝန်ကြီးဌာနက ပြောကြားခဲ့သည်။ လုပ်သားများ၏ ကုန်ထုတ်လုပ်မှုပမာဏ တွင်မူ ကိုရီးယားသည် အိုအီးစီဒီနိုင်ငံ များကြားတွင် အောက်ခြေအဆင့်တွင်ရှိသည်။ နာရီလိုက် ကုန်ထုတ်လုပ်မှုပမာဏ တွင် ကိုရီးယားသည် အဆင့် ၂၈ တွင်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၄ သာတစ်နာရီအတွင်း ပျမ်းမျှ ထုတ်လုပ်နိုင်သည်။ အမေရိကန် ပြည်ထောင်စုတွင် တစ်နာရီလျှင် ဒေါ်လာ ၆၅ ဒသမ ၁ နှင့်ပြင်သစ်တွင် ဒေါ်လာ ၆၀ ဒသမ ၆ နှင့်ဂျာမနီသည် ဒေါ်လာ ၅၉ ဒသမ ၂ အသီးသီး ထုတ်လုပ်နိုင်ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## လူမှုရေးမီဒီယာများကို မြောက်ကိုရီးယားက စတင်အသုံးပြုလာ

မြောက်ကိုရီးယား နိုင်ငံသားများသည် ပြင်ပကမ္ဘာနှင့်ဆက်သွယ်ရန်နှင့် စပ်စုတတ်သော မျက်လုံးများမှ ရှောင်ရှားသွားရန် အုပ်ချုပ်သူအစိုးရ၏ ဝါဒဖြန့်ချိရေးယန္တရားအဖြစ် အသုံးပြုလျက်ရှိသည့် ဆိုရှယ်မီဒီယာများကို ပိုမိုသုံးစွဲလာခဲ့ကြပါသည်။ ယခင်အပတ်က မြောက်ကိုရီးယားအရာထမ်းတစ်ဦး၏ instagram account တွင် ခေါင်းဆောင်ကင်ဂျုံအန်၏ ရိုးရာအဝတ်အစားဝတ်ဆင်ထားသည့် ဓာတ်ပုံနှင့်ကိုရီးယားပြည်သူအချို့ ပြုံယမ်းတွင် စကိတ်စီးနေသည့်ပုံများကိုတင်ထားခဲ့သည်ကိုတွေ့ရသည်။

ကင်ဂျုံအန် အာဏာရလာပြီးနောက် ဆိုရှယ်မီဒီယာများကို ထဲထဲဝင်ဝင် သုံးစွဲလာကြပြီး ဆိုက်ဘာစစ်ပွဲရေးရာ ကျွမ်းကျင်သူ ၆,၀၀၀ ဦးခန့် လေ့ကျင့်မွေးမြူထားသည်ဟု ခန့်မှန်းရသည်။ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြောက်ကိုရီးယားလိုလားသည့် ဝက်ဘ်ဆိုဒ်ပေါင်း ၁၆၂ ခုရှိပြီး၊ ၂၀၁၄ ခုနှစ်ဇူလိုင်လ စာရင်းအရ ပြုံယမ်းအခြေစိုက် ဆိုရှယ်မီဒီယာအကောင့်ပေါင်း ၁,၆၂၂ ခုရှိသည်ဟု သိရှိရသည်။

**သန့်ဇင်၊**
**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊**
**ဆိုးလ်မြို့**

# စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိသည်

## ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးမြင့်ချိုနှင့် တွေ့ဆုံခြင်း

|ဒီဇင်ဘာဝမ်း|

**မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးလှုပ်ရှားမှုများကို လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်ခန့်ကပင် တိုင်းဒေသကြီး/ ပြည်နယ်များတွင်ဆောင်ရွက်နေတာကို မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင် သတင်းစာနဲ့ ပုဂ္ဂလိကဂျာနယ်များတွင် တွေ့မြင်ဖတ်ရှုခဲ့ရပါတယ်။ ဒါကြောင့် စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်ပြီး ပိုမိုသိရှိစေရန်အတွက် အပတ်စဉ် ကောမတ်စ်ဂျာနယ်တွင်ပါဝင်နေသည့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို တက်ကြွစွာလှုပ်ရှားနေတဲ့ ကုန်သွယ်မှုမြှင့်တင် ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးအား ကောမတ်စ်ဂျာနယ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။**



မေး။ **ဆရာရဲ့အမည်၊ ဌာန၊ ရာထူးကို သိပါရစေ။**

ဖြေ။ ကျွန်တော်နာမည်ကတော့ ဦးမြင့်ချိုပါ။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူးဖြစ်ပါတယ်။

မေး။ **ယခင်ကစားသုံးသူရေးရာလုပ်ငန်းတွေကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့တယ်လို့သိရှိခဲ့ပါတယ်၊ ယခု ပြောင်းလဲသွားရတဲ့ အခြေအနေကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ယခင်က စီးပွား/ကူးသန်းဝန်ကြီးဌာန လက်အောက်မှာ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကိုဖွဲ့စည်းထားပြီး စားသုံးသူရေးရာနဲ့ ပတ်သက်တဲ့လုပ်ငန်းများကို စားသုံးသူရေးရာဌာနခွဲက ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဧပြီလကစပြီး ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဦးစီးဌာနများကို ပြန်လည်ပြင်ဆင်ခဲ့သည့်အချိန်မှစပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနလို့ အမည်ပြောင်းလဲ၍ ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး/ ပြည်နယ်ဦးစီးမှူးရုံးတွေကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

မေး။ **စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်တဲ့လှုပ်ရှားမှုတွေမှာ ဆရာတို့ရန်ကုန်တိုင်းရုံးနဲ့ ဆောင်ရွက်ချက်တွေကို အခြားပြည်နယ်/ တိုင်းများနည်းတူ ဂျာနယ်တွေမှာ မကြာခဏဖတ်ရှုနေရပါတယ်။ စားသုံးသ အကာအကွယ်ပေးရေး ဥပဒေပြဌာန်းခဲ့မှုနဲ့ သိသင့်သိထိုက်တာလေးတွေ ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့-----ပြည်သူအားလုံး ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများကို ဝယ်ယူစားသုံး/သုံးစွဲရာမှာ ဘေးဥပဒ်အန္တရာယ်ကင်းစေရန်အတွက် နိုင်ငံတော်က ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ရက်နေ့မှာ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြဌာန်းပေးခဲ့ပါတယ်။ ဥပဒေမှာ အခန်း ၁၂ ခန်း၊ ပုဒ်မ ၃၁ ခုပါရှိပြီး စားသုံးသူရဲ့ အခွင့်အရေးနဲ့ တာဝန်၊ စီးပွားရေး လုပ်ငန်းရှင်အတွက် အခွင့်အရေးနဲ့ တာဝန်၊ တားမြစ်ချက်၊ ပြစ်မှုနဲ့ ပြစ်ဒဏ်များ စတာတွေ ပါဝင်ပါတယ်။

မေး။ **စားသုံးသူအကာအကွယ်ပေးရေးဥပဒေရဲ့ ရည်ရွယ်ချက် အောင်မြင်စေဖို့အတွက် ဘယ်လိုစတင် ဆောင်ရွက်ခဲ့ပါသလဲခင်ဗျာ။**

ဖြေ။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ရည်ရွယ်ချက် အောင်မြင်စေဖို့အတွက် ၂၀၁၄ ခုနှစ် ဇွန်လ၄ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ(အမှတ် ၃၈/၂၀၁၄) ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကိုဖွဲ့စည်းပေးခဲ့ပါတယ်။

မေး။ **ဟုတ်ကဲ့ ---- အဲဒီကော်မတီကိုဘယ်သူတွေနဲ့ ဖွဲ့စည်းထားပါသလဲခင်ဗျာ။**

ဖြေ။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကိုဆောင်ရွက်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာနက အဓိက တာဝန်ယူဆောင်ရွက် မည့် ဌာန (Focal Ministry) ဖြစ်တဲ့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာန ၁၇ ခုမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ ကျွမ်းကျင်သူများကအဖွဲ့ဝင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူး(၁)နဲ့ စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူး(၂) အဖြစ်ပါဝင် ဖွဲ့စည်းထားပါတယ်။

မေး။ **ဒါဆိုရင်----ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုနဲ့ပတ်သက်လို့စားသုံးသူနဲ့ စီးပွားရေးလုပ်ငန်းရှင် အကြား အငြင်းပွားမှုဖြစ်ပေါ် ခဲ့ရင် ဥပဒေအတိုင်းအရေးယူဆောင်ရွက်မှာလားဆရာ။**

ဖြေ။ ဟုတ်ပါတယ်------ဥပဒေဟာထွက်ရှိပြီးဖြစ်တဲ့အတွက် အသက်ဝင်နေပြီဖြစ်ပါတယ်၊ အဲဒီဥပဒေကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်နဲ့ ဥပဒေပါပြဌာန်းချက်တွေကို စားသုံးသူပြည်သူတွေ သိရှိရအောင်အသိပညာပေးမှုများကိုဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေပါပြဌာန်းချက်များကို လိုက်နာမှုမရှိခဲ့လျှင် အရေးယူမှုများကိုဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

မေး။ **ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး စားသုံးသူနဲ့ စီးပွားရေးလုပ်ငန်းရှင်တို့ရဲ့မကျေနပ်မှု၊ အငြင်းပွားမှုကိစ္စတွေကို ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမလဲကို သိပါရစေ။**

ဖြေ။ အငြင်းပွားမှုတွေပေါ်ပေါက်လာရင် ဖြေရှင်းဆောင်ရွက်နိုင်ဖို့ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီက ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄) နဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များမှာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်ညွှန်ကြားခဲ့ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ဗဟိုကော်မတီက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ-၁၇တွင်ပြဌာန်းထားသည့် ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူက စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားမှုကို လက်ခံစစ်ဆေးခြင်းဆိုတဲ့ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်အညီ စားသုံးသူတိုင်ကြားမှုပုံစံများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

မေး။ **ဒါဆို ဆရာတို့ရန်ကုန်တိုင်းမှာရော အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးပြီလားဆရာ။**

ဖြေ။ ဟုတ်ကဲ့၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို တိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နဲ့ စုစုပေါင်းအဖွဲ့ဝင်၁၀ဦးပါဝင်တဲ့ အဖွဲ့ကိုဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၅ ခုနှစ်ဇူလိုင်လ ၁၄ရက်နေ့တွင် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းမှ နှစ်ဦးကိုလည်း ထပ်မံဖြည့်စွက်ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီအဖွဲ့ရဲ့ အတွင်းရေးမှူးကတော့ ကျွန်တော်ဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့ကို အထောက်အကူပြုဖို့ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ထားပါတယ်။

မေး။ **ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေနဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဘယ်လိုဆောင်ရွက်ပါလဲခင်ဗျာ။**

ဖြေ။ ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေနဲ့ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့နှင့်အတူ လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွေကို ပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးတွင် အဖွဲ့နဲ့ လုပ်ငန်းကော်မတီနှစ်ရပ်တို့က ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုကို စားသုံးသူများက အသုံးပြုရာမှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့အညီ အကာအကွယ်ပေးရေး၊ လက်ရှိဆောင်ရွက်နေသည့် စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများနဲ့ ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူကာကွယ်ပေးရေး လုပ်ငန်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပါတယ်။

စာမျက်နှာ ၂၅ သို့ ➲

# မြန်မာ-ကိုရီးယား ဆောက်လုပ်မှုလုပ်ငန်း စီမံခန့်ခွဲခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

မြန်မာ-ကိုရီးယား ဆောက်လုပ်မှုလုပ်ငန်း စီမံခန့်ခွဲခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို(Myanmar Korea Construction Management Conference)ကို နိုဝင်ဘာ၁၂ရက်နေ့က ရန်ကုန်တိုင်း ဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်မှာ မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကိုရီးယားမြေယာ၊အခြေခံ အဆောက်အအုံနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ကိုရီးယားမြေယာ၊ အခြေခံအဆောက်အအုံနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ အကြီးတန်း ဒုတိယညွှန်ကြားရေးမှူး Chun-woo Jung နဲ့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးကိုယ်စား ကောင်စစ်ဝန် Soon -Jae Jang တို့ တက်ရောက်ခဲ့ကြပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာမှာ ဆောက်လုပ်ရေး ကဏ္ဍမှာ နည်းပညာများ၊ နည်းစနစ်များကို အသစ်တစ်ဖန် အသုံးပြုရတော့မှာဖြစ်ကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံများကိုလည်း သင်ယူလေ့လာစေခဲ့ကြောင်း၊ အစဉ်တစိုက် ကြိုးပမ်းအားထုတ် လေ့လာမှုများ ပြုလုပ်နေပြီဖြစ်၍ အတန်အသင့်ပြည့်ဝမှုရှိလာပြီဖြစ်ကြောင်း၊ ယခုကွန်ဖရင့်သည် ဆောက်လုပ်ရေးလုပ်ငန်း စီမံခန့်ခွဲရေးနည်းပညာအတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ နည်းစနစ် နည်းပညာများသည် လွန်စွာအရေးကြီးကြောင်း ပဏာမပြောကြားခဲ့ပါတယ်။

အဆောက်အအုံ၊ လမ်းတံတား၊ ဆည်မြောင်း တာတမံဘာပဲဆောက်ဆောက် နည်းပညာနည်းစနစ်ကျနဖို့ လိုအပ်ပါကြောင်း၊ ယနေ့ကွန်ဖရင့်မှာ ဆောက်လုပ်ရေးလုပ်ငန်း စီမံခန့်ခွဲမှုကော်မတီကိုလည်း ဖွဲ့စည်း သွားမည်ဖြစ်ရာ ဌာနဆိုင်ရာပိုင်းက မူဘောင်ပိုင်းသာ ချမှတ်ပေးမှာဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီများ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ ပါဝင်ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်မည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု လုပ်ဆောင်ရာမှာ အဆင့်ဆင့် တင်ပြလုပ်ဆောင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ကိုရီးယား ဆောက်လုပ်ရေးလုပ်ငန်းကော်မတီသည် အလွန်အရေးပါကြောင်း၊ Public, Private, Partnership (PPP) နဲ့ သွားရမှာဖြစ်ကြောင်း၊ မြန်မာမှုနဲ့ လိုက်လျောညီထွေမယ့် အချက်အလက်များကို အကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါတယ်။

ကိုရီးယားမြေယာ အခြေခံအဆောက် အအုံနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန အကြီးတန်း ဒုတိယညွှန်ကြားရေးမှူး Chun-woo Jung ကပြောကြားရာမှာ မြို့နေလူတွေများပြားလာတဲ့အတွက် မြို့တော်များ တိုးချဲ့ဖော်ဆောင်ခဲ့ရကြောင်း၊ ကိုရီးယားနိုင်ငံက မြို့တော်တိုးချဲ့ရေးအတွက် ၁၉၆၇ ခုနှစ်က စတင်ပြီး အိုးအိမ် လမ်းတံတား၊ ဆိပ်ကမ်းများတိုးချဲ့တည်ဆောက်ခြင်းကို ဒေါ်လာ ၇၀၀ ဘီလီယံထိ စီမံကိန်းများချမှတ် လုပ်ဆောင်ခဲ့ကြောင်း၊ နည်းပညာဆိုင်ရာမှာ နှစ်နိုင်ငံပူးပေါင်း လုပ်ဆောင်သွားကြဖို့ မျှော်လင့်ကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံရုံးကောင်စစ်ဝန်က ကိုရီးယားနိုင်ငံဟာစစ်ပွဲကြောင့် ရင်ဆိုင်ခံစားခဲ့ရတဲ့ အပျက်အစီးများမှ ရုန်းထွက်ပြီး ကြိုးပမ်းလုပ်ဆောင်လာရာ ပြည်တွင်းမှာသာမက ပြည်ပမှာပါ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ ကြည့်ရင်လည်း အစိုးရရဲ့ အင်တိုက်အားတိုက် အားပေးကြိုးပမ်းမှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ အခြေခံအဆောက်အအုံများ ၉ ရာခိုင်နှုန်းခန့်ထိ တိုးတက်မှုများ ရလာတာကို တွေ့ရကြောင်း၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာဆောက်လုပ်ရေးကဏ္ဍ အောင်မြင်မှုများ ရရှိလာမယ်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့ပါတယ်။

သုတေသနအဖွဲ့ခေါင်းဆောင်က ပရော်ဖက်ဆာ Hyun- Soo Lee သုတေသနအဖွဲ့ရဲ့ စာတမ်းကိုလည်းကောင်း၊ ဆောက်လုပ်ရေးစီမံခန့်ခွဲမှုနဲ့ မြန်မာ-ကိုရီးယား ဆောက်လုပ်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းဆိုင်ရာကို KICEM မှ ပရော်ဖက်ဆာ Jung-ho Yoo ကလည်းကောင်း ကွန်ဖရင့်တွင် ဆွေးနွေးပြောကြားခဲ့ပါတယ်။

ထို့နောက် မြန်မာ-ကိုရီးယား ဆောက်လုပ်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းသဘောတူညီမှု၊ မြန်မာ-ကိုရီးယား လုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းမှု၊ မြန်မာဘက်မှကုမ္ပဏီ ခုနစ်ခုနဲ့ ကိုရီးယားဘက်မှကုမ္ပဏီ ငါးခုတို့ သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ကြပြီး ဆောက်လုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းလက်စွဲများကို Chun-woo Jung က ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ကို ပေးအပ်ခဲ့ပါတယ်။

ထို့နောက် ဆောက်လုပ်ရေး စီမံကိန်းများ လုပ်ငန်းအဆင့်ဆင့်နဲ့ စီမံခန့်ခွဲမှု၊ ဆောက်လုပ်ရေးစီမံခန့်ခွဲမှု၊ အရည်အသွေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုနဲ့ ဘေးကင်းလုံခြုံစိတ်ချရေး စီမံခန့်ခွဲမှု အပိုင်းကြီးလေးပိုင်းကို ကဏ္ဍတစ်ခုချင်းစီ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြကြောင်းသတင်းရရှိပါတယ်။

Myanmar Korea Collaboration Committe တွင် မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးကုမ္ပဏီ ခုနစ်ခုတို့ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိပါတယ်။

**MIRT**

## တတိယအကြိမ်မြောက် Construction, Power & Mining Myanmar 2015 ပြပွဲ ပြသမည်

တတိယအကြိမ်မြောက် Construction, Power & Mining Myanmar 2015 ပြပွဲကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင် တာတွင် နိုဝင်ဘာလ ၂၆ရက်နေ့မှ ၂၈ ရက်နေ့ အထိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၏ အရေးအပါဆုံးလုပ်ငန်းနယ်ပယ်သုံးခု ဖြစ်သည့် Building & Construction, Electrical Power & Renewable Energy နှင့် Mining & Minerals Recovery ဟူ၍ နိုင်ငံတကာ ကုန်စည်ပြပွဲသုံးခုကိုပါ တစ်ပါတည်းပူး တွဲပြသသွားမည်ဖြစ်သည်။ ယင်းပြပွဲတွင် နိုင်ငံပေါင်း ၂၃နိုင်ငံ မှ ထိပ်တန်းကုမ္ပဏီပေါင်း ၁၆၀ခန့်လာ ရောက်ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် Myanmar German Renewables Training(MGRT) မှ တင်ဆက်မည့် လေ့ကျင့်ရေးအစီအစဉ်သစ်ကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။ အဆိုပါ အစီအစဉ်ကို သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး ဟိုတယ်နှင့် အဆောက်အအုံ၊ ကုန်ထုတ်လုပ်ရေး၊ တယ်လီကွန်းဆက်သွယ်ရေးတို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာဖြေ ရှင်းနည်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MGRT အခမ်းအနား သည် "renewables- Made in Germany" ဟူသောပုံစံဖြင့် ကျင်းပခြင်း ဖြစ်ပြီး စီးပွားရေးမိတ်ဘက်သစ်များ ရှာဖွေရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် ရှိပြီးသားစီးပွားရေးမိတ်ဘက်များနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

" Construcion, Mining နဲ့ Renewable Energy ဟာ ကျွန်တော် တို့တိုင်းပြည်အတွက် အင်မတန် အရေးပါတဲ့ Sector တွေ ဖြစ်ပါတယ်။ ဒီပြပွဲ ဟာ Trading ကို သီးခြားပြတဲ့ပြပွဲ မဟုတ်ပါဘူး။ တိုင်းပြည်အတွက် တကယ်လိုအပ်တဲ့ Services နဲ့ Manufacturing ကို ဖော်ပေးပြီး ပြသတဲ့ပွဲမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက ထွက်ရှိနေတဲ့ သတ္တုတွင်းထွက် ပစ္စည်းတွေ၊ ကျွန်တော်တို့အတွက် တကယ်လိုအပ်နေတဲ့ Infrastructure တွေကို အကျိုးပြုနိုင်မယ့်၊ တကယ့်ကို Value Added လုပ်ပေးနိုင်မယ့် ပွဲမျိုးဖြစ်ပါတယ်။ ဒီလိုမျိုးပူးပေါင်းကျင်းပတဲ့အတွက် တကယ်ကို ဝမ်းသာစရာ ကောင်းပါတယ်"ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးတင်အောင်လှိုင် က ပြောကြားခဲ့သည်။

**မယ်သီတာ**

## Korea Product Show 2015 ကုန်စည်ပြပွဲကျင်းပ




Korea Product Show 2015 ကုန်စည် ပြပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၂ ရက် နံနက် ၉း၀၀ နာရီ တွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မ တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ Korea Association in Myanmar မှ ဥက္ကဋ္ဌ Mr.Moon Houng Souk၊ Logic Myanmar မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်အောင်ထွန်း၊ Myanmar Blue Ocean Agency Co.,Ltd မှ ဦးဇေယျာလင်းနှင့်တာဝန် ရှိသူများ တက်ရောက်ကြပြီး ပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။ ၎င်းကုန်စည်ပြပွဲတွင် ကိုရီးယားနိုင်ငံ၏လူသုံးကုန်၊ အလှကုန်နှင့်မီးဖိုချောင်သုံး ပစ္စည်းများ၊ စားသောက်ကုန်များ၊ လျှပ် စစ်ပစ္စည်းများ၊ အိမ်ခန်းအလှဆင်ပစ္စည်းများကို ကုမ္ပဏီကြီး ၅ ခုမှ ပြခန်းပေါင်း ၈၀ ကျော်ဖြင့် ခင်းကျင်းပြသခဲ့ပါသည်။ ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုနှင့် အစားအစာတို့မှ တဆင့်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုပမာဏများ ပိုမိုတိုးတက် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိ လေးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များနှင့် အများပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

Commodity Exchange News
Vol: 15, No.44 Monday November 16 2015



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲလက်ကျန်နည်းလာသလို အိန္ဒိယဘက်ကလည်း ဝယ်လိုအားလျော့လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ လက်ကျန်နည်းလာချိန်မှာ ပဲအရောင်းအဝယ် ပြုလုပ်လိုတဲ့ ကုန်သည်ကြီးများလာရောက်မှုလည်း နည်းသွားကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲပစ္စည်းလက်ကျန်ကလည်းတန်ချိန်ထောင်ဂဏန်းသာရှိခဲ့ပြီး၊ အိန္ဒိယဘက်ကလည်း အဝယ်ပြန်အေးတာကြောင့် ဈေးကွက်မှာ အရောင်းရော အဝယ်ပါအေးနေကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရာသီဥတုပုံမှန်ဖြစ်ပါကပဲတန်ချိန် ခြောက်သိန်းခန့်ထွက်ပေမယ့် ရာသီဥတုမမှန်တာကြောင့် မတ်ပဲအထွက်နှုန်းက ဒီနှစ်မှာ တန်ချိန် လေးသိန်းခန့်သာထွက်ရှိခဲ့ကြောင်း၊ ဒါပေမယ့် ဒီနှစ်မှာ အိန္ဒိယဘက်မှ ဈေးပေးအဝယ်ရှိတာကြောင့် တစ်တန်ကို ၂၅ သိန်းဝန်းကျင်အထိ မကြုံစဖူးဈေးကောင်းရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲလက်ကျန်နည်း

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဈေးချအဝယ်ရှိတာကြောင့် ရောင်းသူကုန်သည်တွေက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းသီးနှံကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၂၅ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက ကြိုက်ဈေးမရလို့ အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲကို ပဲခွဲစက်တွေ ဝယ်အားပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၇၅ ကျပ် (တစ်တန်ကို ၁၂၀၉၄၇၀ ကျပ်)ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲပုံမှန် အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မိုးပဲတီစိမ်း(သစ်)များကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် တစ်ပိဿာကို ၂၀၀၅ ကျပ်(တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်)ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်ဒေသတွင်းလုပ်ငန်းသုံးသမားများနှင့် တောင်သူတွေမျိုးအတွက် ဝယ်လိုအားများခဲ့လို့ အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၀၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်)တစ်ပိဿာ ၁၉၇၀ ကျပ် (တစ်တန်ကို ၁၂၀၆၄၀၈ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၆–၁၁– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ပြည်ဈေးကွက်မှာ ပဲဟောင်းအများစု လက်ကျန်နည်း အရောင်းအဝယ်အေး

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲနှင့် ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားအေးနေတာကြောင့် ဈေးကွက်မှာ အရောင်းရော အဝယ်ပါအေးနေကြောင်း သိရပါတယ်။ ကုလားပဲကတော့ အခြားပဲများကဲ့သို့ ဈေးအတက်အကျသိပ်မဖြစ်ဘဲ ဈေးတန့်နေကြောင်း၊ ဒေသတွင်းပဲခွဲစက်များကတော့ တစ်ပိဿာကို ၁၉၇၅ ကျပ် (တစ်တန်ကို ၁၂၀၉၄၇၀ ကျပ်)ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များနှင့် လုပ်ငန်းသုံးသမားများက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀ မှ ၂၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းကြီးကို မန္တလေး ဝယ်အားများ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းလုံးကြီးနှင့် ပဲတီစိမ်းလုံးသေးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားများခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၂၁၅၈ ကျပ် (တစ်တန်ကို ၁၃၂၁၅၃၇ ကျပ်)၊ ပဲတီစိမ်းလုံးသေး တစ်ပိဿာ ၂၂၃၇ ကျပ် (တစ်တန်ကို ၁၃၆၉၉၁၆ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနှင့် သိပ္ပံနှမ်း အရောင်းအဝယ်ပုံမှန်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေး ဝယ်လက်က တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကို ပြည်ပဝယ်လက်တွေက တစ်ပိဿာ ၄၆၆၇ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်အေး ထောပတ်၊ ပဲယင်းနှင့် ကုလားပဲပုံမှန် အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းအရောင်းအဝယ်အေးပြီး၊ ထောပတ်နှင့်ပဲယင်းကို ဝယ်လက်တွေ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ထောပတ်ပဲတစ်ပိဿာ ၉၇၈ ကျပ်(တစ်တန်ကို ၅၉၈၉၁၇ ကျပ်)၊ ပဲယင်းတစ်ပိဿာ ၉၀၀ ကျပ်(တစ်တန်ကို ၅၅၁၁၅၁ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်များကတစ်ပိဿာ ၂၀၉၈ ကျပ် (တစ်တန်ကို ၁၂၈၄၇၉၄ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ် ပုံမှန်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံပြောင်းအဝင်ပုံမှန်ရှိသလို ရန်ကုန်-မန္တလေးဝယ်လက်နှင့် မူဆယ်ဘက်က တစ်ပိဿာ ၄၀၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် လေးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်အားများ

လားရှိုးဈေးကွက်မှာ နယ်စုံမှ ပြောင်းပုံမှန်ဝင်ရောက်နေသလို တရုတ်ဘက်ကလည်း ဝယ်လိုအား များခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ၄၄၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၈ သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဘက်က ဝယ်လိုအားများ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်းအဝင် တန်ချိန် ၂၅၀၀၀ ခန့်ဝင်ရောက်ခဲ့ပြီး၊ တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၈၀ ယွမ်မှ အမြင့်ဆုံး ၈၂ ယွမ်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# အာမခံအကြောင်း တစေ့တစောင်း

|စိုးလှိုင်ထွန်း|

မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ကို ပုဂ္ဂလိကလုပ်ငန်း ရှင်များအား ၂၀၁၃ တွင်စတင် လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်း စုစုပေါင်း ၁၃ ခုထိ ရှိလာပြီဖြစ်သည်။

အာမခံကုမ္ပဏီများမှ မိမိတို့ လုပ်ကိုင်ခွင့်ရရှိသော အာမခံအမျိုးအစားနှင့် ပတ်သက်ပြီး စားသုံးသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိသည်။

အဆိုပါအာမခံကုမ္ပဏီများနှင့်မြန်မာ့အာမခံတို့ပူးပေါင်း၍ အခါအားလျော်စွာ အာမခံပညာပြန့်ပွားရေးအတွက် အာမခံကိုယ်စားလှယ် သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ပုဂ္ဂလိကအာမခံကုမ္ပဏီများအား အသက်နှင့် အထွေထွေအာမခံဟူ၍ လုပ်ငန်းလုပ်ကိုင်ခွင့်ပေးထားပါသည်။

အသက်အာမခံလုပ်ငန်းတွင် ပြည်သူပြည်သား အသက်အာမခံ ၊ စုပေါင်းအသက်အာမခံ ၊ အားကစား သမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ မြွေအန္တရာယ်အာမခံ၊ အထူးခရီးသွားအာမခံ ၊ ကျန်းမာရေးအာမခံတို့ ပါဝင်ပါသည်။

စုပေါင်းအသက်အာမခံသည် အသက် ၁၈ နှစ်ပြည့်ပြီးသော အလုပ်သမား အနည်းဆုံး ငါးဦးရှိလျှင် စတင်ထားရှိနိုင်ပါသည်။ အာမခံသက်တမ်းမှာ တစ်နှစ်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ခရီးသွားနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ စသည့် လုပ်ငန်းများအနေဖြင့် မိမိတို့၏ဝန်ထမ်းများအားထားရှိပေးသင့်ပါသည်။

အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှုအာမခံကို မည်သည့်အားကစား နည်းမဆို အားကစားသမားတစ်ဦးလျှင် အာမခံသက်တမ်းတစ်နှစ် ထားရှိနိုင်ပါသည်။

အထူးခရီးသွားအာမခံသည် ခရီးသွားများအတွက် ခရီးစဉ်အလိုက် တစ်ယူနစ်လျှင် ၃၀၀/- ကျပ်ဖြင့် အများဆုံး နှစ်ယူနစ်အထိ ဝယ်ယူနိုင်ပါသည်။ တစ်ယူနစ်လျော်ကြေးအနေဖြင့် အများဆုံးကျပ်သိန်း ၃၀ အထိရရှိ နိုင်ပါသည်။ အဆိုပါအာမခံသက်တမ်းများသည် ခရီးစဉ်တစ်ခုစာအတွက်သာ အကျုံးဝင်ပါသည်။

ကျန်းမာရေးအာမခံသည်ပြည်သူပြည်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ကျန်းမာရေးကုသစရိတ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါသည်။ တစ်ယူနစ်လျှင် ငါးသောင်းကျပ်ဖြင့် အများဆုံး ငါးယူနစ်အထိ ဝယ်ယူနိုင်ပါသည်။

အထွေထွေအာမခံလုပ်ငန်းတွင် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ ၊ ငွေပို့ ငွေသယ်အာမခံ ၊ သမာဓိအာမခံ ၊ ငွေသားလုံခြုံမှုအာမခံနှင့် မကြာမီက ခွင့်ပြုထားသော ရေကြောင်းကုန်စည် အာမခံတို့ပါဝင်ပါသည်။




မီးအာမခံသည် မီးနှင့် အခြား သောဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးသွားခြင်းကို ပြန်လည် ကုစားပေးနိုင်ပါသည်။ အဆောက်အအုံများ၊ စက်ပစ္စည်းများ၊ ကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ စသည်တို့ကို အာမခံထားရှိနိုင်ပါသည်။ အာမခံသက်တမ်းမှာ အများဆုံး တစ်နှစ်အထိထားရှိနိုင်ပါသည်။

အလုံးစုံ မော်တော်ယာဉ်အာမခံကို ကညနတွင် မှတ်ပုံတင်ထားသော မည်သည့်စက်တပ်ယာဉ်မဆို ထားရှိနိုင်ပါသည်။ယာဉ်မတော်တဆထိခိုက်မှုကြောင့်ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများအတွက် အကာအကွယ်ပေးသော အာမခံအမျိုးအစားဖြစ်ပါသည်။ အာမခံသက်တမ်းမှာ တစ်နှစ်ဖြစ်ပါသည်။

သမာဓိ အာမခံသည် လုပ်ငန်းရှင်များ၏ ငွေကြေးဆုံးရှုံးမှုကို အကာအကွယ်ပေးသော အာမခံအမျိုးအစားဖြစ်ပါသည်။ လုပ်ငန်းတွင်ရှိသော ငွေကြေးကိုင်ဆောင်၍ လုပ်ကိုင်ရသော ဝန်ထမ်း၏ ပေါ့လျော့မှုကြောင့်သော် လည်းကောင်း ၊ မရိုးမသားမှုကြောင့်ဖြစ်ပေါ်လာသော ငွေကြေးဆုံးရှုံးမှုများကို အကာအကွယ်ပေးခြင်းဖြစ်ပါသည်။ အာမခံသက်တမ်းမှာ အများဆုံး တစ်နှစ်အထိ ထားရှိနိုင်ပါသည်။

ငွေပို့ငွေလွှဲအာမခံသည် လုပ်ငန်း ရှင်များ၏ ငွေကြေးကို တစ်နေရာမှ တစ် နေရာသို့သယ်ဆောင်စဉ် လုယက်ခံရခြင်းကြောင့်သော်လည်းကောင်း၊ ခိုးယူခံရခြင်းကြောင့်သော်လည်းကောင်း ဆုံးရှုံးမှုကို ရင်းစားပြန်ပေးခြင်း ဖြစ်ပါသည်။ အာမခံသက်တမ်း မှာ တစ်ရက်မှ တစ်နှစ်အထိ ထားရှိနိုင်ပါသည်။

ငွေသားလုံခြုံမှုအာမခံသည် ငွေ ကြေးသိမ်းဆည်းရာ အဆောက်အအုံတွင် ဖောက်ထွင်း ခိုးယူခံရခြင်း၊ လက် နက် ဖြင့်ခြိမ်းခြောက်၍ လုယူခံရခြင်းအန္တရာယ်မှ အကာအကွယ်ပေးခြင်း ဖြစ် ပါသည်။ အာမခံသက်တမ်းမှာ တစ်ရက်မှ တစ်နှစ်အထိ ကြိုက်နှစ်သက်ရာ သက်တမ်းထားရှိနိုင်ပါသည်။

အာမခံကုမ္ပဏီများအနေဖြင့် အာမခံထားချင်သူများအား အာမခံ အမျိုးအစားအလိုက် အမြန်ဆုံးနှင့် အကောင်းဆုံးဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။ အာမခံသည် ပျက်စီးဆုံးရှုံးသွားသော မိမိတို့၏ ကုန်ပစ္စည်းများ၊ အဆောက်အအုံများကို နဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ရင်းစားအတိုင်း ပြန်လည်ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းသဘာဝအရ ရောက်ရှိနေထိုင်လုပ်ကိုင်သော ပြည်ပကုမ္ပဏီများနှင့် နိုင်ငံခြားသားများအတွက် ဒေါ်လာဖြင့် အာမခံထားရှိနိုင်ပြီး ပုဂ္ဂလိက အာမခံကုမ္ပဏီများအား ဒေါ်လာငါးသိန်းအထိလုပ်ကိုင် ခွင့်ပြုထားပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် အာမခံနှင့် ပတ်သက်သောအသိပညာ နှင့် အကျိုးကျေးဇူးများ အား သိရှိသူ အလွန်နည်းပါးနေသေးပါသည်။ ထို့ ကြောင့် အာမခံကုမဏီများမှလည်း အာမခံအသိပညာပြန့်ပွားရေး အထူးဂရုပြုလုပ်ဆောင်ပေးရန်လိုအပ်ပါသည်။ ယခုအချိန်တွင် ကမ္ဘာကြီးသည် သဘာဝဘေးအန္တရာယ်နှင့် အခြားသောမတော်တဆမှုများပိုမိုဖြစ်ပွားနေသောကြောင့် မိမိပိုင်ဆိုင်သော အရာများဆုံးရှုံးခြင်းမှ ပြန်လည်ရင်းစားရရှိစေရန်အတွက် အာမခံထားရှိသင့်ကြောင်း အကြံပြုရေးသားအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စု ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၏ပြောကြားချက်လေးဖြင့် နိဂုံးချုပ်အပ်ပါသည်။

အာမခံထားတဲ့သူတွေများတဲ့ နိုင်ငံတွေမှာ ဆုံးရှုံးမှုဖြစ်ပွားလာရင် နိုင်ငံစီးပွားရေးကို ကာလတိုပဲ ထိခိုက်ပြီး အာမခံထားသူနည်းတဲ့ နိုင်ငံတွေမှာတော့ နိုင်ငံ့စီးပွားရေးတိုးတက်မှုကို နှစ်ရာခိုင်နှုန်းလောက် ထာဝရ ထိခိုက်သွားစေတယ်။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CommuniCast Myanmar 2015 အိုင်စီတီပြပွဲကြီးတွင် ပါဝင်ပြသမည်

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာတစ်ခုဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် နိုဝင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပမည့် CommuniCast Myanmar 2015 ပြပွဲတွင် ပါဝင်ပြသမည်ဖြစ်ကြောင်း MPT၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MPT ၏အရောင်းပြခန်းတွင် MPT ၏ ကျွမ်းကျင်ပညာရှင်များက MPT ၏ ဝန်ဆောင်မှုအသစ်ဖြစ်သည့် စီးပွားရေးလုပ်ငန်းသုံးဆိုင်ရာဒေတာ ကွန်ရက်ဝန်ဆောင်မှုများ (Data Network Services for Enterprise) နှင့် မိုဘိုင်းဝန်ဆောင်မှုများ (Mobile Services for Enterprise) အကြောင်းကို ရှင်းလင်းတင်ပြချက်များနှင့်အတူ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများပါ ပြုလုပ်ပေးမည်ဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

CommuniCast Myanmar ကို ၂၀၁၄ ခုနှစ်က ပထမအကြိမ်ကျင်းပပြီးစီးခဲ့ပြီး ကုမ္ပဏီပေါင်း ၉၀၊ ပညာရှင်ပေါင်း ၂၀၈၆ ကျော်လာရောက်ခဲ့ပြီး ယခုနှစ်တွင် ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးကျင်းပသော နိုင်ငံတကာ မြန်မာအိုင်စီတီပြပွဲကိုလည်း ယခုကျင်းပသော Myanmar Event Park တွင်ပင် နှစ်စဉ်ကျင်းပလျက်ရှိပြီး စိတ်ဝင်တစား လာရောက်သူများပြားခဲ့သည်။

အဆိုပါပြပွဲတွင် အိုင်စီတီကဏ္ဍကို စိတ်ပါဝင်စားသူများအနေဖြင့် တစ်နေရာတည်းတွင် ဂြိုလ်တုနှင့် Broadband နည်းပညာမှစ၍ မိုဘိုင်းနှင့်စီးပွားရေးလုပ်ငန်းသုံးများအထိ သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လာရောက်ကြည့်ရှုလေ့လာသူများကိုလည်း ပြပွဲကျင်းပချိန်အတွင်း ဗဟုသုတများနှင့် လက်တွေ့ပြသမှုများကိုပါ ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**မယ်သီတာ**

## မြန်မာ-တရုတ် နယ်စပ်မှ ရေထွက်ကုန် တန် ၁၂၀၀ ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာပထမပတ်တွင် ကန်ဒေါ်လာ ၂ဒသမ ၂၄၀ သန်းဖိုးရှိ ရေထွက်ကုန်တန် ၁၃၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်မှ တင်ပို့တဲ့ ရေထွက်ကုန်တွေကတော့ ကဏန်း ၂၃၁ တန်ခန့်၊ ငါးရှဥ့် တန် ၉၀ နီးပါး၊ ရေခဲငါး ၂၂၂ တန်ခန့်၊ ငါးမှုန့် ၁၅၆ တန်၊ ငါးလေးခြောက် ၃၅၁ တန်၊ ငါးဆားနယ် ၆၁ တန်ကျော်၊ ပုစွန်ခြောက် ၁၆ တန်၊ ကင်းမွန်ခြောက် ၅၃ တန်ကျော်၊ ရေခဲပုစွန် ၂၁ တန်ကျော်၊ ပုစွန်ခြောက်မှုန့် ၅၁ တန်အသီးသီး ဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၂၀၀ ခန့်လျော့နည်းတင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်းဖိုးရှိ ငါးရှဥ့် တန် ၄၀ နီးပါးနဲ့ ငါးဟောက် ၁ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၀ တန်ခန့် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်မှ ငါးရှဥ့်ဈေးတက်ပြီး၊ ကဏန်းဈေးကျကြောင်း သိရှိရပါတယ်။ ငါးရှဥ့် တစ်တန်ကို ယခင်တစ်ပတ်က ၅၆၂၈၀၀၀ ကျပ်ရှိပြီး၊ ယခုတစ်ပတ်မှာ ၇၈၇၈၀၀၀ ကျပ်သို့ဈေးမြင့်လာခဲ့ပါတယ်။ ကဏန်းဈေးကတော့ ယခင်တစ်ပတ်က တစ်တန်ကို ၈၇၉၃၇၅၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၆၃၁၂၅၀၀ ကျပ် သို့ဈေးကျလာကြောင်း သိရှိရပါတယ်။

**MIRT**

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်းပို့ကုန်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းက အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမိုဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ပိုမိုခဲ့တယ်လို့ သတင်းရရှိပါတယ်။ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ဆန်၊ပြောင်း၊မျှစ်စို၊ မြေထောက်ပဲနဲ့ မုတ်ခါးများကို ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာလအတွင်း လွယ်ဂျယ်ကုန်သွယ်ရေးစခန်းရဲ့ အများဆုံးပို့ကုန်များမှာ ပြောင်းဖူးစေ့၊ဆန်(ငစိန်၊ ဧည့်မထ)၊ကြိမ်၊ မြေထောက်ပဲ၊ မျှစ်စို၊မုတ်ခါးတို့ဖြစ်ကြပြီး အများဆုံးသွင်းကုန်များမှာ ဘိလပ်မြေ၊ ပိတ်အလိတ်၊ ၁/၄၀၊၂/၈၀ ချည်ခင်များ၊ သိုမွေးတုစောင်များ၊ ချွေးသုတ်ပုဝါ၊ ဓါတ်မြေဩဇာ(ယူရီးယား၊ကွန်ပေါင်း)၊ထိုင်ခုံခင်းများ၊ ကျောပိုးအိတ်၊ ဇာ၊ ကတ္တီပါစ၊ စောင်ကြမ်း၊ အိပ်ရာဖုံးတို့ဖြစ်ကြပါတယ်။

အောက်တိုဘာလမှာ ပို့ကုန်ကန်ဒေါ်လာ ၅ ဒသမ ၇၉၂ သန်း ၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၉၆၇ သန်း ၊ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၆ ဒသမ ၇၅၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှု ပမာဏအနေနဲ့ အနီးစပ်ဆုံးကာလထက် ကန်ဒေါ်လာ သုည ဒသမ ၈၆၈ သန်း ၊ ယမန်နှစ်ကာလတူထက် ၁ ဒသမ ၃၈၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

နောင်လာမယ့်လများမှာ ဆန်သစ်ပေါ်လာတော့မှာဖြစ်ခြင်း၊ ဖရဲပြောင်း ရာသီရောက်ရှိလာခြင်း၊ ပွင့်လင်းရာသီရောက်ပြီဖြစ်၍ သတ္တုများလည်း တင်ပို့လာနိုင်တော့မယ့်အနေအထား ရှိတယ်လို့ စခန်းတာဝန်ခံက ပြောကြားထားပါတယ်။

**MIRT**

## မြိတ်ကုန်သွယ်ရေးစခန်းကအနီးစပ်ဆုံးကာလထက်ပို့ကုန်တင်ပို့မှု လျော့နည်းသော်လည်း ယမန်နှစ်ကာလတူထက်ပို့ကုန်ပိုမို

မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းသည် အောက်တိုဘာလမှာ ပို့ကုန် ကန်ဒေါ်လာ ၈ ဒသမ ၇၃၈ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၄ ဒသမ ၁၁၁ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၂ ဒသမ ၈၄၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်လျော့နည်းခဲ့သော်လည်း သွင်းကုန်ပိုမိုသဖြင့်လည်းကောင်း၊ ယမန်နှစ်ကာလတူထက် ပို့ကုန်ရောသွင်းကုန်ပါပိုမိုခဲ့သဖြင့်လည်းကောင်း ကုန်သွယ်မှုပမာဏ ပိုမိုခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက်ပို့ကုန်လျော့နည်းရခြင်းမှာ ရော်ဘာတင်ပို့မှုပိုမိုခဲ့သော်လည်း သစ်တောထွက်ပစ္စည်း၊ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ငါးမှုန့်နဲ့တန်ဖိုးမြင့်ရေထွက်ပို့ကုန်တင်ပို့မှု လျော့နည်းခဲ့လို့ဖြစ်ပါတယ်။

ရေထွက်ပို့ကုန်တင်ပို့မှုလျော့နည်းရခြင်းမှာ ရေထွက်ပို့ကုန် လှိုင်းဖြူလှေများမှာ မြိတ် FOB မှ ရနောင်းသို့ ပို့ကုန်တင်ပို့ပြီးအပြန် မြိတ်သို့ဝင်ရောက်ခြင်းမပြုတော့ဘဲ ပင်လယ်ပြင် အတွင်း ရှိ ကုမ္ပဏီပိုင် ငါးဖမ်းလှေအုပ်စုများသို့ ဝင်ရောက်ငါးကဲ့ပြီး ကော့သောင်း FOB မှရနောင်းသို့ထပ်မံတင်ပို့နေခြင်းကြောင့် မြိတ် FOB ရေထွက်ကုန် တန်ဖိုးကျဆင်းခြင်းတို့ကြောင့် ပို့ကုန်တန်ဖိုး ယခင်လကထက်လျော့နည်းရခြင်းဖြစ်ပါတယ်။

သွင်းကုန်ပစ္စည်းတင်သွင်းမှုအပိုင်းမှာ အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုအုပ်စုမှာ ဘိလပ်မြေ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများတင်သွင်းမှုလျော့ကျခြင်း၊ လူသုံးကုန်ပစ္စည်းအုပ်စုမှာ စားသုံးဆီ၊နို့ဆီနဲ့ ကလေးအသုံးအဆောင်၊ အဝတ်အထည်များတင်သွင်းမှု လျော့နည်းခဲ့သော်လည်း ငါးဖမ်းဆီးမှု ၅၀ ရာခိုင်နှုန်း လျှော့ချသော ဇွန်၊ဇူလိုင်၊ဩဂုတ်လများ ကုန်ဆုံးပြီးနောက် ပင်လယ်ပြင်သို့ ငါးဖမ်းလှေ၊ အအေးခန်း၊ စက်၊ ရေခဲစက်များရဲ့ စက်သုံးဆီ၊ ဓါတ်ဆီသုံးစွဲမှု ပိုမိုလာခြင်းကြောင့် သွင်းကုန်တန်ဖိုး ပိုမိုခဲ့ရတာလို့ သိရပါတယ်။

မြိတ် FOB အနေနဲ့ ယခင်ရနောင်းမှတိုက်ရိုက်တင်သွင်းနေတဲ့ ကုန်ပစ္စည်းများ ယခုအခါ ကုန်သွယ်မှုလမ်းကြောင်း ပြောင်းလဲလာပြီး ရန်ကုန်မှ ကားများနဲ့ တိုက်ရိုက် တင်သွင်းမှုရှိလာခြင်း၊ ရေထွက်ကုန်လုပ်ငန်းနဲ့ ဆက်စပ်လျက်ရှိသော သွင်းကုန်အမယ်များလျော့ကျလျက်ရှိနေတဲ့အတွက် ကုန်သွယ်မှုကျဆင်းနိုင်တဲ့ အလားအလာတော့ရှိနေတယ်လို့ သိရပါတယ်။

အောက်တိုဘာအတွက် အများဆုံး ပို့ကုန်များမှာ ငါးမျိုးစုံ၊ ပုစွန်၊ ငါးမှုန့်၊ ကင်းမွန်၊ အေးခဲ ကဏန်းပျော့၊ MSR-၂၀ ၊ အေးခဲ အသားလွှာ၊ RSS-၃၊ ကဏန်း နီ၊ ငါးခြောက်၊ပုစွန်ခြောက်၊ ကဏန်းအသေး(အသေ)၊ သဲကဏန်းတို့ ဖြစ်ကြပါတယ်။

အများဆုံး သွင်းကုန်များမှာ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ဘိလပ်မြေ၊ ဆိုင်ကယ်အသစ်၊စားအုန်းဆီ၊ ဓါတ်မြေဩဇာ၊ လွှ၊ ကြွေပြားနို့ဆီ၊သံချောင်းလုံး၊ ငါးဖမ်းပိုက်ကြိုး၊ အင်ဂျင်ဝိုင်၊ အဝတ်လျှော်စက်၊ အင်န်ဂဲလ်အိုင်းယွန်းများ ဖြစ်ကြပါတယ်။

**MIRT**

## မူဆယ်၊ မြဝတီနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ သီဟိုဠ်စေ့ တန် ၂၀ ကျော်တင်ပို့

မူဆယ် မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန် သွယ်ရေးစခန်းတို့မှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာ လ ၆ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၄၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၂၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါ က ၂၇ တန် ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၉ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်း ပတ်နဲ့ နှိုင်းယှဉ် ပါက ၃ တန်ကျော် တင် ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြဝတီ ကုန်သွယ်ရေးဇုန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၆ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၄၆၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၅၈၉ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၇၁ တန်ကျော် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၆၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ တန်၈၀ ကျော်၊ကဏန်း ၂၇ တန်ကျော်နဲ့ ပုစွန်၄ တန်တင်ပို့ နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀ တန်ကျော်လျော့ နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၄၃၂ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၀၄ တန်ကျော် အခြား ရေထွက်ပစ္စည်း ၄၇ တန်ကျော်နဲ့ ကင်းမွန် ၁၉ တန် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၂၆ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၈၆၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၅၈၀ တန်ကျော်၊ငါးမှုန့် တန် ၃၀၀၊ ပုစွန် ၂၂ တန်ကျော်၊ ကင်းမွန် ၃ တန်ကျော်နဲ့ သဲကဏန်း ၄၅၀ ကီလိုဂရမ် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၀၈ တန်ကျော် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ထိုင်း-မြန်မာနယ်စပ်ရှိ မောတောင်ကုန်သွယ်ရေးစခန်းမှ ခဲသတ္တု စတင်တင်ပို့

ထိုင်း-မြန်မာနယ်စပ်ရှိ မောတောင် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၇၅၈၀ တန်ဖိုးရှိ ခဲသတ္တုငါးတန်ကျော်ကို အောက်တိုဘာလမှ စတင်တင်ပို့နိုင်ခဲ့တယ်လို့ မောတောင် ကုန်သွယ်ရေးစခန်းက သတင်းရရှိပါတယ်။

မောတောင် ကုန်သွယ်ရေးစခန်းဟာ အောက်တိုဘာလမှာ ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၀၈၁ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၄၀၈ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၄၈၉ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အများဆုံးပို့ကုန်တွေကတော့ သဘော်သီး၊ ငါးမျိုးစုံ၊ ကမာခွံ၊ ခရု၊ ဇင့် တို့ဖြစ်ကြပြီး အများဆုံးသွင်းကုန်တွေကတော့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ဒီဇယ်ဆီ၊ ကွန်ကရစ်ပိုက်၊ လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီးနဲ့ ပလတ်စတစ်ဘူးများ လို့သိရပါတယ်။အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက် ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုလည်းပိုမိုခဲ့ပါတယ်။

ထိုကဲ့သို့ ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းမှာ ခဲသတ္တုစတင်တင်ပို့နိုင်ခြင်း၊ သွင်းကုန်ပိုင်းမှာ ထီးခီးတွင် ရုံးဖွင့်ထားသော ကုမ္ပဏီများမှ မော်တော်ဆိုင်ကယ်နဲ့ မော်တော်ယာဉ်များတင်သွင်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။

**MIRT**

## အကောက်ခွန်ဦးစီးဌာနသို့အပ်နှံမည့်ယာဉ်မှ ကျောက်စိမ်းဟုယူဆရသော ဖြတ်စနဲ့ကျောက်တုံးများ ထပ်မံစစ်ဆေးတွေ့ရှိ

အောက်တိုဘာလ ၁၁ ရက်နေ့ ၀၉း၃၀ ချိန်က နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ မိုဘိုင်းအဖွဲ့လရ-၁ သို့ ၀င်ရောက်စစ်ဆေးခံကာ မန္တလေးမှ မူဆယ်သို့ ထွက်ခွာလာတဲ့ ယာဉ်များအား စစ်ဆေးစဉ် ကိုယ်ပိုင်ယာဉ် ပရိုဘောက် 4J/xxxx အတွင်းပိုင်းနှင့် ဝမ်းဗိုက်အတွင်းတို့၌ အံ့ဝှက်များပြုလုပ်ပြီး သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်ဖြတ်စများနဲ့ ကျောက်တုံးများ ၁၁ ထုပ်(၄၉၉)ကီလိုဂရမ် ခန့်မှန်းတန်ဖိုးကျပ် ၄၉၉၀၀၀၀ ကိုစစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အဆိုပါယာဉ်အား အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံရန်အတွက် ယခင်ကျောက်များ ရှာဖွေစဉ်က ဖြုတ်ထားသော ကားပစ္စည်းများအား ပြန်လည်တပ်ဆင်စဉ် သံပြားများနဲ့ သေသပ်စွာ ပြုလုပ်ထားတဲ့ ယာဉ်ရှေ့ဘန်ပါ အတွင်းပိုင်း အံ့ဝှက်အား မသင်္ကာဖွယ်ရာ ထပ်မံတွေ့ရှိသဖြင့် မိုဘိုင်း OSS အဖွဲ့ခေါင်းဆောင် များအား ခေါ်ယူ၍ ထပ်မံစစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်ဖြတ်စနဲ့ ကျောက်တုံးများ ၄ ထုပ် ၉၄ ကီလိုဂရမ်အား ထပ်မံရှာဖွေတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## ယာဉ်သုံးစီးပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများကို မူဆယ်မိုဘိုင်းအဖွဲ့ မှ စစ်ဆေးတွေ့ရှိ

အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ မူဆယ်မိုဘိုင်းအဖွဲ့သည် အောက်တိုဘာလ ၂၃ ရက်နေ့တွင် မြတ်မန္တလာထွန်းအမြန်ယာဉ်အမှတ် 3G/xxxx၊ ချစ်မင်းခန့် အမြန်ယာဉ်အမှတ် 8J/xxxx နဲ့ အားသစ်အမြန်ယာဉ်အမှတ် 1i/xxxx ယာဉ် သုံးစီးပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများဖြစ်တဲ့ (1x72) ပါ ကော်ဘူးလေးဖာ၊(1x50) ပါ LED မီးချောင်းလေးဖာ၊ (1x12) ပါ တရုတ်ခေတ်ဘူး နှစ်ဖာတို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ယာဉ်သုံးစီးပေါ်မှ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်တစ်သိန်းခုနစ်သောင်းဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ် အပ်နှံပြီးဖြစ်ပါတယ်။ **MIRT**

## ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ သစ်တုံးအတိုများကိုတွေ့ရှိ

အောက်တိုဘာလ ၂၉ ရက် ၀၅း၃၀ ချိန်မှာ မိုဘိုင်းအဖွဲ့ လရ-၁ မှ စစ်ဆေးရေးတာဝန်ထမ်းဆောင်စဉ် သတင်းအရ သွားရောက်စစ်ဆေးရာမှာ နောင်ချိုမြို့အထွက် ဝက်မွေးမြူတဲ့ ကုမ္ပဏီသို့သွားတဲ့ လမ်းပိုင်းမှာ စုပုံထားတဲ့ တမလန်းလို့ ယူဆရတဲ့ သစ်တုံးအတို လေးခုကို ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူနိုင်ရေး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ စုပုံထားတဲ့ တမလန်းသစ်တုံးအတို ၄ ခုရဲ့ အလေးချိန်မှာ သုည ဒသမ ၂၀၇၈ တန်၊ တန်ဖိုးအားဖြင့် ခန့်မှန်းတန်ဖိုး ကျပ် ခြောက်သိန်းရှိတယ်လို့ သိရပါတယ်။ **MIRT**

## ကျွဲ နွားသားရေဆားနယ်အစို မြဝတီမှတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလပထမပတ်အတွင်း ကန်ဒေါ်လာ ၁၉၅၀၀ တန်ဖိုးရှိ ကျွဲနွားသားရေဆားနယ်အစို တန်၃၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က ၃၅ တန် တင်ပို့ခဲ့ပြီး အောက်တိုဘာလ တစ်လလုံးမှာတော့ ၈၂ တန်ထိ တင်ပို့မှုရှိခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## လွယ်တော်ခမ်းလမ်းဆုံတွင် အကောက်ခွန်မဲ့ပစ္စည်းများကို စစ်ဆေးတွေ့ရှိ

တာချီလိတ်စခန်းထုတ်နုတ်အင်အား မိုဘိုင်းအဖွဲ့သည် နိုဝင်ဘာလ ၅ ရက်နေ့တွင် တာချီလိတ် မိုင်းဆန်လမ်း ဟွေ့ရဲလွယ်တော်ခမ်းလမ်းဆုံတွင်တိုက်ဂါးယာဉ်အမှတ် ၃ခ/xxxx ပေါ်မှဂက်မီးခြစ် သုံးဖာ၊ စီးကရက် သုံးဖာ၊ ရော်ဘာဖိနပ် တစ်ထုပ်၊ ဘီယာဖာ ၂၀ တို့ကိုစစ်ဆေးတွေ့ရှိခဲ့တယ်လို့ ကနဦးသတင်းများ အရသိရပါတယ်။ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ပစ္စည်းများအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ **MIRT**

## ID ထက်ပိုတင်ဆောင်လာတဲ့ စတီးပိုက်များကို တာချီလိတ် မိုဘိုင်းအဖွဲ့မှ စစ်ဆေးတွေ့ရှိ

တာချီလိတ်စခန်းထုတ်နုတ်အင်အား မိုဘိုင်းအဖွဲ့သည် အောက်တိုဘာလ ၂၂ ရက်တွင် တာချီလိတ်မှ ကျိုင်းတုံသို့ ထွက်ခွာတဲ့ ယာဉ်များကို စစ်ဆေးရာ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ တင်ဆောင်လာတဲ့ ခြောက်ဘီးယာဉ်အမှတ် 6H/xxxx အား ပို့ကုန်ယာဉ်စစ်ကွင်းသို့ ပြန်လည်ခေါ်ယူပြီး အသေးစိတ်စစ်ဆေးရာ ID ထက်ပိုမို တင်ဆောင်လာတဲ့ စတီးပိုက် ၁၄၅၀ ကီလိုဂရမ် ကိုစစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိID ထက်ပိုမို တင်ဆောင်လာတဲ့ စတီးပိုက်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း၄၀ကျော်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းပြီးဖြစ်ပါတယ်။ **MIRT**

## ဝမ်ကောင်းမွန်ကျေးရွာအနီး ယာဉ်ငါးစီးပေါ်မှ စားသောက်ကုန်များနဲ့ အဝတ်အထည်ထုပ်များစစ်ဆေးတွေ့ရှိ

တာချီလိတ်မိုဘိုင်းအဖွဲ့သည် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဝမ်ကောင်းမွန်ကျေးရွာအနီး ရှောင်တခင်စစ်ဆေးရာ ယာဉ်ငါးစီးပေါ်မှ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ပဲနို့၊ ဘာဒီကော်ဖီ၊ မုန့်ဖာ၊ဖိနပ်ထုတ်၊ ကလေးဝတ်အထည်ထုပ်၊ အားကစားအင်္ကျီများ ကျပ် ၈၇ သိန်းကျော်ခန့်ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။စစ်ဆေးတွေ့ရှိစားသောက်ကုန်များနဲ့ အထည်ထုပ်များကို အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။ **MIRT**

## မုန့်ဖာများနဲ့ ရောနှောသိုဝှက်တင်ဆောင်လာတဲ့ တမလန်းဟုယူဆရတဲ့ သစ်တုံးများ နောင်ချိုမှာစစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီးယာယီအခြေပြု၍ မိုဘိုင်းအဖွဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောနေရာသို့ ဝင်ရောက်စစ်ဆေးခံတဲ့ မန္တလေးမှ မူဆယ်သို့ ထွက်ခွာလာတဲ့ ပို့ကုန်ယာဉ်များအနက် ၁၂ ဘီးယာဉ် 6F/xxxx အား စစ်ဆေးမှုပြုလုပ်ရာ ယာဉ်ပေါ်တွင် မုန့်ဖာများနဲ့ ရောနှောဖုံးအုပ်သိုဝှက်တင်ဆောင်လာတဲ့ တမလန်းသစ်လို့ ယူဆရတဲ့ သစ်တုံးများကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ ဖြစ်စဉ်ဖြစ်ပွားတဲ့နေ့မှာ အောက်တိုဘာလ ၂၈ ရက် ၀၃း၀၀ နာရီချိန်ဖြစ်ပြီး ဖမ်းဆီးရမိတဲ့ တမလန်းသစ်များနဲ့ မော်တော်ယာဉ်ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး သက်ဆိုင်ရာဌာနများသို့ အပ်နှံနိုင်ရေး လုပ်ထုံးလုပ်နည်းနဲ့အညီအကောက်ခွန်အမှုတွဲဖွင့်ရန် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အလားတူ အောက်တိုဘာလ ၂၇ ရက် ၂၂း၀၀ နာရီချိန်မှာလည်း နီဆန်းတာဘို8J/xxxx ၁၂ ဘီး ယာဉ် ပေါ်မှလည်း ပလတ်စတစ်ဖြတ်စများနဲ့ ရောနှောဖုံးအုပ် သိုဝှက်တင်ဆောင်လာသော တမလန်းသို့ ယူဆရတဲ့ သစ်တုံးများကိုလည်း စစ်ဆေးတွေ့ရှိတဲ့အတွက် အကောက်ခွန် လုပ်ထုံးလုပ်နဲ့အညီ အမှုတွဲဖွင့်အပ်နှံနိုင်ရေး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**MIRT**

## သွင်းကုန်ကြေညာလွှာမပါဘဲ သယ်ဆောင်လာတဲ့ ခန့်မှန်းတန်ဖိုးကျပ် ၁၆၆ သန်း ကျော်တန်ဖိုးရှိ လူသုံးကုန်များဖမ်းဆီးရမိ

အောက်တိုဘာလ ၂၃ ရက် ၀၆း၀၀ ချိန်တွင် မိုင်းလား-ကျိုင်းတုံမှ တာချီလိတ်သို့ မောင်းနှင် ဝင်ရောက်လာတဲ့ ၁၂ ဘီး ကုန်တင်ယာဉ် ၄ စီးအနက် ယာဉ် 3k/xxxx အား သတင်းအရ မယ်ယန်း ကုန်သွယ်ရေးစခန်းအဝင် ဝမ်ကောင်းမွန်ကျေးရွာအနီးမှ စောင့်ဆိုင်းတားဆီးပြီး မယ်ယန်းပို့ရန် စစ်ရေးကွင်းအတွင်း မောင်းနှင်ခေါ်ယူ၍ အသေးစိတ်စစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။

သွင်းကုန် ကြော်ငြာလွှာတစ်စောင်လျှင် ယာဉ်တစ်စီးထုတ်ပေးရမယ့်အစား သွင်းကုန်ကြေညာလွှာကို တစ်စောင် ယာဉ်နှစ်စီးပူးတွဲ၍ ရေးသားထုတ်ပေးထားကြောင်းကို ပဏာမစိစစ်တွေ့ရှိခဲ့တဲ့အတွက် ပူးတွဲဖော်ပြယာဉ် 2F/xxxx ကို မယ်ယန်းပို့ကုန်စစ်ဆေးရေးကွင်းအတွင်း ထပ်မံမောင်းနှင် ထည့်သွင်းပြီး အသေးစိတ် စစ်ဆေးမှုများပြုလုပ်ရာ ယာဉ်နှစ်စီးပေါင်း ပစ္စည်း ၅၁ မျိုးမှာ လိုင်စင်သွင်းကုန်ကြေညာလွှာမပါရှိဘဲ သယ်ဆောင်လာခြင်း၊ ပစ္စည်းနှစ်မျိုးမှာမူ လိုင်စင်သွင်းကုန်ကြေညာလွှာပါရှိသော်လည်း တရားဝင်ဖော်ပြကြေညာ၍ အခွန်ပေးဆောင်ထားသည် ထက်ပိုမိုသယ်ဆောင် လာကြောင်း စိစစ်တွေ့ရှိခဲ့ပြီး ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၆၆ သန်းကျော်ဖိုးရှိတယ်လို့ သိရပါတယ်။ သယ်ဆောင်လာတဲ့ ပစ္စည်းတွေကတော့ အဝတ်အထည်များ၊ ကားအလှဆင်၊ ဖိနပ်၊ စီစီတီဗွီကင်မရာ၊ ထမင်းပေါင်းအိုး၊ ခရီးဆောင်အိတ်၊ video Security Kit များ ဖြစ်ကြပါတယ်။

**MIRT**

## ရေခဲအိတ်များအောက်မှ သိုဝှက်တင်ဆောင်လာတဲ့ အချိုရည်နဲ့ စားဆီများကို တာချီလိတ်လှုပ်ရှားအဖွဲ့မှ စစ်ဆေးတွေ့ရှိ

တာချီလိတ်မိုဘိုင်းအဖွဲ့သည် နိုဝင်ဘာလ ၇ ရက်နေ့ ၁၆း၃၀ ချိန်တွင် ဝမ်ကောင်းမွန်ကျေးရွာအနီး တာဝန်ထမ်းဆောင်စဉ် တာချီလိတ်မှလာသော ရေခဲအိတ်များတင်ဆောင်ထားတဲ့ ကင်တာယာဉ်အမျိုးအစား ယာဉ်အမှတ် 2I/xxxx ကို စစ်ဆေးခဲ့တယ်လို့ သိရပါတယ်။အဆိုပါ ယာဉ်ပေါ်တွင် ရေခဲအိတ်များအောက် သိုဝှက်တင်ဆောင်လာတဲ့ အချိုရည် ၅၇ ကတ်နဲ့ စားဆီဖာ ၂၀ ကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ ကနဦးသတင်းများအရ သိရပါတယ်။စစ်ဆေးတွေ့ရှိအချိုရည်နဲ့ စားဆီများကို လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက် ဆောင်ရွက် လျက်ရှိပါတယ်။ **MIRT**

ထိုင်းနိုင်ငံသည် ကျွန်တော်တို့နိုင်ငံနဲ့ နယ်နမိတ်ခြင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည်။ အဓိက ကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်သည်။ အာဆီယံနိုင်ငံများအနက် တတိယအဖွံ့ဖြိုးဆုံးနိုင်ငံအဖြစ်ရပ်တည်နေသည်။ထိုင်းနိုင်ငံလုပ် ထုတ်ကုန်ပစ္စည်းများ မြန်မာဈေးကွက်တွင် များစွာနေရာယူနေတာ တွေ့ရသည်။ အာဆီယံဈေးကွက်၊ အာဖရိကဈေးကွက်များတွင်သာမက ကမ္ဘာ့ဈေးကွက်များတွင်လည်း ဈေးကွက်ဝေစု ရရှိလာတာတွေ့ရသည်။ ပြည်တွင်း ဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်ရောက်ရှိနေသော ထုတ်ကုန်ပစ္စည်းများအနက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများလည်း ပါဝင်ကြောင်းတွေ့ရသည်။အဆိုပါ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးလုပ်ငန်းများမှ ထုတ်ကုန်တွေသည် ကမ္ဘာ့ဈေးကွက်ထိ ဘယ်လိုထိုးဖောက်နိုင်ခဲ့ကြသလဲ စဉ်းစားကြည့်ဖို့လိုသည်။ တကယ်တော့ အဆိုပါလုပ်ငန်းတွေသည် ဒေသတစ်ခုရှိ ကုန်ကြမ်းကိုအခြေခံ၍ ရိုးရာဒီဇိုင်း၊ ရိုးရာနည်း ပညာတွေနဲ့ ပေါင်းစပ် ထုတ်လုပ်ထားသည့် ထုတ်ကုန်တွေဖြစ်သည်။ ပြောရရင်တော့ ကျေးလက်ဒေသ ထုတ်ကုန်များဖြစ်သည်။ ဈေးကွက်ဆိုတာအားလုံး သိတဲ့အတိုင်း အရည်အသွေး၊ ဈေးနှုန်း၊ ဝယ်ယူသူအကြိုက်ဆိုတာတွေနဲ့ ယှဉ်ပြိုင်နိုင်မှ ဈေးကွက်ရရှိနိုင်မည်ဖြစ်သည်။ ကဲဒါဆိုရင် ကျွန်တော်တို့ ထိုင်းနိုင်ငံရဲ့ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်ကြစို့ . . . . . ။

တကယ်တော့ ထိုင်းနိုင်ငံဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၆၂ ခု ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၀၀၁ ပြည့်နှစ်နောက်ပိုင်းကြမှ ထိုင်းနိုင်ငံ တော်ဝင်အစိုးရက ကျေးလက်အခြေခံ လူတန်းစားများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ The One Tambon One Products (OTOP) ကျေးရွာခရိုင်ခွဲတစ်ခု ထုတ်ကုန်တစ်မျိုး လုပ်ငန်းများဖွံ့ဖြိုးရေးစီမံကိန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် ဂျပန်နိုင်ငံမှ ဆောင်ရွက်ခဲ့သော ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဖွံ့ဖြိုးရေး စီမံကိန်းများကို အတုယူ၍ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ Tambon ဆိုသည်မှာ ထိုင်းဘာသာ စကားဖြစ်ပါသည်။ ကျေးရွာခရိုင်အုပ်စုဟု သိရသည်။ ကျေးရွာ သုံးရွာမှ ကျေးရွာ ၂၅ ရွာထိ ပေါင်းစပ်ဖွဲ့စည်းထားသော ကျေးရွာခရိုင်ခွဲအုပ်စုကို One Tambon ဟုခေါ်သည်။ အဆိုပါကျေးရွာများမှ ထုတ်လုပ်သောထုတ်ကုန် ပစ္စည်းများကို ခရိုင်ခွဲအမည်နာမတပ်၍ One Products ထုတ်ကုန်တစ်မျိုးဟု သတ်မှတ်ခြင်းဖြစ်သည်။ အမှန်တော့ အဆိုပါလုပ်ငန်းများသည် လူမှုအသိုက်အဝန်း စုပေါင်းဆောင်ရွက်မှုကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်သည်။ အချုပ်ပြောရလျှင် ကျေးရွာဖွံ့ဖြိုးမှုအတွက် စုစုစည်းစည်းဆောင်ရွက် ခြင်းဖြစ်သည်။ အဆိုပါ ကျေးရွာအုပ်စုများတွင် လုပ်ငန်းတူတာလည်းရှိမည်။ မတူတာတွေလည်းရှိသည်။ ထို့အတူ ဒေသထုတ်ကုန် တူတာရှိသလို မတူတာလည်း ရှိနိုင်သည်။ ဆိုလိုသည်မှာ အဆိုပါကျေးရွာတစ်ခုလုံး၊ ကျေးရွာအုပ်စုတစ်ခုလုံး ဒေသထုတ် ကုန်လုပ်ငန်းများ တက်ညီလက်ညီ လုပ်ကိုင်နေကြသည့် သဘောဖြစ်သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ASEAN Regional Expo on Community Products (OTOP/OVOP) ပြပွဲနဲ့ အလုပ်ရုံဆွေးနွေးပွဲကိုကျွန်တော်တက်ရောက်ဖြစ်ခဲ့သည်။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါ။ ကျွန်တော်နဲ့အတူ ဧရာဝတီတိုင်းဒေသကြီးမှ လုပ်ငန်းရှင် ဦးမောင်မောင်ဦး ၊သူက ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဖြစ်သည်။ နောက်တစ်ယောက်က ဦးကံသောင်း ၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌဖြစ်သည်။ နောက်တစ်ဦးကတော့ ဦးကြည်တင် ၊ စစ်ကိုင်တိုင်းဒေသကြီး ဂီတာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဖြစ်သည်။စုစုပေါင်းလေးယောက်ပါ။ကျွန်တော်တို့အဖွဲ့က ပြပွဲတွင်ရောင်းချဖို့ ကြိမ်အခြေခံ၊ ဝါးအခြေခံဖြင့် ထုတ်လုပ်ထားသည့် ဦးထုပ်များ၊ ဆွဲခြင်းများ၊ တစ်ရှူးဘောက်များ၊ စားပွဲခင်းများ စသည့် လက်မှုလုပ်ငန်းပစ္စည်းများ၊ ကျောက်စိမ်းအခြေခံကျောက်ပုတီး၊ ကျောက်လည်ဆွဲ၊ ကျောက်လက်ကောက် စသည့် လက်မှုအမှတ်တရ ပစ္စည်းများ၊ မြန်မာ့ဂီတာ၊ မြန်မာ့တယောများ စသည့် လက်မှုပစ္စည်းများကို ယူဆောင်ပြသခဲ့ကြပါသည်။ ကျွန်တော်တို့ ပြသခဲ့ရသည့် ခန်းမကြီးက ဘောလုံးကွင်း နှစ်ကွင်းစာလောက် ကျယ်သည်။ မိုးလုံလေလုံ ခန်းမကြီးဖြစ်သည်။ ပြခန်းနာမည်က Challenger Impact တဲ့။ ဖိတ်ကြား ထားတဲ့ အာဆီ




ယံနိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် အိမ်ရှင် ထိုင်းနိုင်ငံတို့သည် အဝန်းအဝိုင်း တစ်နေရာတည်းတွင် အခန်းများကန့်၍ ဒေသထုတ်ကုန်ပစ္စည်းများကို ပြသရောင်း ချခဲ့ကြသည်။

အဆိုပါ အရောင်းပြခန်းကြီးအတွင်း တွင် ထိုင်းနိုင်ငံ ကျေးရွာများမှ လုပ်ငန်းရှင်များသည် မိမိ၏ထုတ်ကုန်များကို ခင်းကျင်း ပြသထားကြသည်။ထုတ်လုပ်သည့် အခြေခံကုန်ကြမ်းများ၊ ထုတ်လုပ်ပုံအဆင့်ဆင့်များကို လက်ကမ်းစာစောင်များ ၊ ဗီဒီယိုများဖြင့် လေ့လာကြည့်ရှုနိုင်ရန် ပြသထားတာတွေ့ရသည်။ ထိုင်းနိုင်ငံရဲ့ ကျေးလက်ဒေသ ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေး ကောင်းမွန်တာတွေ့ရသည်။

အဆိုပါပြပွဲကြီး စည်းကားလိုက်တာလည်း မပြောပါနဲ့ နေ့စဉ်ကြက်ပျံမကျ တွေ့ရသည်။ ဒေသထွက်ကုန် ကုန်ကြမ်း အပေါ် အခြေခံ၍ ရိုးရာနည်းပညာအပေါ် ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်ထုတ်လုပ်သည့်အတွက် ကျွန်တော်တို့ ထုတ်ကုန်ပစ္စည်းတွေထက် အရည်အသွေး ပိုကောင်းသည်။ ဆိုင်တိုင်းလိုလို အရည်အသွေး ထောက်ခံချက် ရရှိထားပြီးသူများဖြစ်ကြောင်း တွေ့ရသည်။ တစ်ခုတော့ရှိသည်။ ဈေးနှုန်းက ကျွန်တော်တို့ထက် များသည်။ သို့သော် ဈေးကွက်ရှိကြောင်း သိရသည်။ ဈေးသက်သာ၍လားမသိ ကျွန်တော်တို့ ပစ္စည်းများအားလုံး ရောင်းကုန်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ကျေးရွာခရိုင်တစ်ခုထုတ်ကုန်တစ်မျိုး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသထုတ်ကုန်များဖွံ့ဖြိုးရေးအတွက် ဒေသန္တရဝန်ကြီးဌာနအား ဖွဲ့စည်းပေးထားသည်။ အဆိုပါဝန်ကြီး ဌာနအောက်တွင် Community Development Department (CDD) လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးဌာနဆိုတာရှိသည်။ ကျေးရွာခရိုင်ခွဲတစ်ခု ထုတ်ကုန်တစ်မျိုးဖွံ့ဖြိုးရေးအတွက် အဆိုပါဌာနမှ အဓိက စီမံဆောင်ရွက်နေခြင်း ဖြစ်သည်။ထိုင်းနိုင်ငံတွင် ပြည်နယ် ၇၅ ခုနှင့် ခရိုင် ၈၇၇ ခုတွင် ကျေးလက်ဒေသထုတ်ကုန် လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အစိုးရုံးများဖွင့်လှစ်ပေးထားသည်။ ဝန်ထမ်းအင်အား စုစုပေါင်း ၇၀၀၀ ခန့်ရှိကြောင်းတွေ့ရသည်။ ထို့ပြင် ကျေးရွာများတွင် ထဲထဲဝင်ဝင်တာဝန်ထမ်း ဆောင်သည့် Community Development Workers ဝန်ထမ်းပေါင်း ၃၅၀၀ ဦး ခန့်ထားကြောင်း သိရပြန်ပါသည်။ထိုသူတို့သည် ကျေးရွာများတွင် ကျေးရွာပြည်သူများနဲ့ ရောနှောနေထိုင်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် တစိုက်မတ်မတ် လုပ်ကိုင်နေကြသည်။ အစိုးရက နှစ်စဉ် ဘဏ္ဍာငွေ ဘတ်ဂျက်များ စီမံ ချထားပေးသည်။ ၂၀၁၂ ခုနှစ်က ခွင့်ပြုဘတ်ဂျက် ထိုင်းဘက်ငွေ ၄၄၀၉ သန်း၊ အမေရိ

ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်ကြသည့် သဘောကိုတွေ့ရသည်။

ကန် ဒေါ်လာ သန်း ၁၄၂ သန်းခန့်ရှိသည်။ ၂၀၁၃ ခုနှစ်မှာ ထိုင်းဘတ်သန်း ၄၄၇၀ သန်း၊ အမေရိကန်ဒေါ်လာသန်း ၁၄၄ သန်း ခွင့်ပြုပေးခဲ့သည်။ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေသုံးစွဲ၍ များစွာထောက်ပံ့ပေးကြောင်း တွေ့ရသည်။ ဒီလိုဘာကြောင့် ထောက်ပံ့ပေးနိုင်သလဲလို့ စဉ်းစားကြည့်သည်။ အဖြေက ရှင်းခနဲ တွေ့ရသည်။

အဆိုပါ လုပ်ငန်းများမှ ထုတ်လုပ် ရောင်းချနိုင်မှုသည် ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ဒသမ၅၆၃ ဘီလီယံ၊ ၂၀၁၂ ခုနှစ်မှာ ၂ ဒသမ ၄၀၈ ဘီလီယံ၊ ၂၀၁၃ ကျတော့ ၂ဒသမ ၆၃၆ ဘီလီယံ၊ ၂၀၁၄ မှာ ၂ဒသမ ၉၅၇ ဘီလီယံထိရှိခဲ့ကြောင်း တွေ့ရသည်။ ဖွံ့ဖြိုးရေးအတွက် သုံးစွဲသည့် နိုင်ငံတော်ဘက်ဂျတ်သည် အဆိုပါထုတ်ကုန်လုပ်ငန်းများမှ ရောင်းချရမှု၏ ငါးရာခိုင်နှုန်းခန့်သာရှိကြောင်း တွေ့ရသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါလုပ်ငန်းများမှ အခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံရရှိပါက နိုင်ငံတော်အတွက်ဝင်ငွေ နှစ်စဉ် အမေရိကန်ဒေါ် လာ သန်း ၁၀၀ ကျော်ခန့် ရရှိနိုင်ကြောင်း တွက်ချက်



သိရှိနိုင်ပါသည်။ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ ထိရောက်သည့်စီမံချက်များဖြင့် ချမှတ်ဆောင်ရွက်ကြကြောင်း တွေ့ရပြန်သည်။ ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် လူမှုအသိုက်အဝန်းဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်ကြသည့်သဘောကိုတွေ့ရသည်။ ပညာရေးဖွံ့ဖြိုးမှု လူမှုအသိုက်အဝန်းနှင့် အစုအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်တတ်မှု လူမှုအသိုက်အဝန်းဆိုတဲ့ ဖွံ့ဖြိုးမှုစီမံချက်များ တွေ့ရသည်။

တကယ်တော့ လူမှုအသိုက်အဝန်းအတွင်း အတူတကွ နေထိုင်ကြရင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကိုယ်ကိုယ်မိမိ ယုံကြည်မှုတည်ဆောက်လာနိုင်စေရန် အစိုးရက အထောက်အကူပြုပေးနေခြင်းဖြစ်သည်။ နိုင်ငံ၏စီပွားရေးများတွင် မေခရိုစီးပွားရေးနှင့် မိုက်ကရို စီးပွားရေး ပုံစံနှစ်မျိုးရှိသည်။မိုက်ခရိုစီးပွားရေးသည် ကျေးရွာအဆင့်၏ အခြေခံစီးပွားရေး လုပ်ငန်း အသေးစားများဖြစ်ပါသည်။ အဆိုပါစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ ဒါကြောင့် ကျေးရွာခရိုင်ခွဲတစ်ခု ထုတ်ကုန်တစ်မျိုး လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ထိုင်းနိုင်ငံတော်အစိုးရမှ စီမံဆောင် ရွက်နေခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျေးရွာအခြေခံအဆင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး၊ ကျေးရွာလူမှုအသိုက်အဝန်း ရေရှည်ဖွံ့ဖြိုးတိုး တက်လာစေရေးဆိုတဲ့ အခြေခံမှုများဖြင့် အစိုးရမှ ဆောင်ရွက်နေခြင်းဖြစ်သည်။ ကျေးလက်ဒေသထုတ်ကုန် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီဘုတ်အဖွဲ့၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့် စီမံခန့်ခွဲမှု ဆပ်ကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်း၍ စီမံဆောင်ရွက်နေတာတွေ့ရသည်။ လက်တွေ့ အကောင် အထည်ဖော်ရာတွင်လည်း အစိုးရစုပေါင်းအဖွဲ့ အစည်းပုံစံဖြင့် ဆောင်ရွက်ကြသည်။ ထိုအဖွဲ့တွင် ဝန်ကြီးဌာန ၁၆ ခုထိ ပါဝင်ကြောင်းသိရသည်။ သမ္မတရုံးဝန်ကြီးဌာန၊ ဒေသန္တရဝန်ကြီးဌာန၊ စက်မှု၊ ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံနည်းပညာနှင့်ပတ်ဝန်းကျင်၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးနှင့် သမဝါယမ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ နိုင်ငံခြားရေးရာ၊ ယဉ်ကျေးမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး စသည့်ဝန်ကြီးဌာနများ ပါဝင်ကြသည်။ ထိုအဖွဲ့တွင် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့နှင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးရေးဌာနတို့လည်း ထပ်မံပါဝင်ကြောင်း သိရသည်။

အလုပ်သမားဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ လည်းကောင်း၊ ထုတ်ကုန်ဖွံ့ဖြိုးမှုအတွက် စက်မှု၊ သိပ္ပံနည်းပညာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ သမ္မတရုံး စသည့်ဝန်ကြီးဌာနများမှလည်းကောင်း၊ ကုန်ကြမ်းရရှိရေးအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့်သမဝါယမ၊ သိပ္ပံနည်းပညာ စသည့်ဝန်ကြီးဌာနများမှ လည်းကောင်း၊ ဈေးကွက်ရရှိရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေး၊ နိုင်ငံခြားရေးရာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ခရီးသွားလာရေးနှင့်အားကစား စသည့် ဝန်ကြီးဌာနများမှ လည်းကောင်း၊ စံချိန်စံညွှန်းဆိုင်ရာကိစ္စများအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့်သမဝါယမ၊ ကျန်းမာရေး စသည့် ဝန်ကြီးဌာနများမှ လည်းကောင်း၊ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိပ်ကမ်းအဏ္ဏာပိုင် အဖွဲ့တို့ကလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ခွဲဝေ လုပ်ဆောင်ကြကြောင်း တွေ့ရသည်။သို့သော် အဆိုပါ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူလုပ်ဆောင်သည့် ဌာနမှာ လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေး ဌာနဖြစ်ကြောင်းလေ့လာသိရှိရသည်။ ထိုင်းနိုင်ငံ တော်ဝင်ဘုရင်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစံပြပုံစံမှာ လူမှုစီးပွားပြည့်စုံလုံလောက်ပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးလက်ဒေသများဖြစ်တည်ရေး စီမံကိန်းစံပြပုံစံဖြစ်သည်။ အဆိုပါ စံပြပုံစံဖြင့် ဆောင်ရွက်နေသည့် ပရောဂျက်ပေါင်း ၃၆၇၁ ခု ရှိကြောင်း တွေ့ရသည်။

ယခုဆိုလျှင် ထိုင်းနိုင်ငံ၏ ကျေးလက်ဒေသထုတ်ကုန် အမျိုးအစားပေါင်း ၇၁၇၃၉ ခုထိ ဖွံ့ဖြိုးတိုးတက်လာနိုင်ခဲ့ပြီ ဖြစ်သည်။ ခွဲခြားထုတ်နုတ် တင်ပြရလျှင် စားသောက်ကုန်ထုတ်လုပ်ငန်းအမျိုးအစားက ၁၈၄၀၀ ခု၊ အဖျော်ယမကာလုပ်ငန်း ၂၄၆၅ ခု၊ ရိုးရာအဝတ်အထည်လုပ်ငန်းက ၁၇၁၉၆ ခု၊ သစ်သားအခြေခံ ပရိဘောဂ၊ သစ်သားပန်းပု၊ အမှတ်တရ လက်ဆောင် ပစ္စည်းလုပ်ငန်းပေါင်းက ၂၅၈၁၃ ခု၊ တိုင်းရင်း ဘယဆေး လုပ်ငန်းပေါင်းက ၇၈၆၅ ခု ရှိကြသည်။

အဆိုပါ လုပ်ငန်းများမှ ထုတ်ကုန်တွေ ဈေးကွက်မြင့်တင်ရေးနိုင်ရေးအတွက် ထိုင်းနိုင်ငံအစိုးရမှ OTOP Midyear Fair , OTOP City Fair , OTOP Slipacheep Fair , Regional OTOP Fair , OTOP to Neighbour Country, OTOP Mobile to Factory and Festival , OTOP to Department Store , OTOP Distribution and Exhibition Center , OTOP to the World , OTOP to AEC စတဲ့ ပြပွဲများကို တစ်နှစ်တာအတွင်း စဉ်ဆက်မပြတ် ပြပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။ နှစ်စဉ်ပြသနိုင်ရေး စီမံချက်များကိုလည်း ကြိုတင်စီမံထားကြောင်းသိရသည်။ ထိုပြပွဲများမှ အကောင်းဆုံးတီထွင်နိုင်မှုဆု၊ အကောင်းဆုံးပစ္စည်းဆုစတဲ့ ဆုများကိုလည်း စိစစ်ရွေးချယ်ဆုပေးကြသေးသည်။ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန် အရည်အသွေး ပိုမိုကောင်းမွန် လာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ Knowledge Based OTOP , OTOP PLUS , OTOP Village Champion စတဲ့ စီမံချက်များဖြင့် ထပ်မံကူညီ ဆောင်ရွက်ပေးကြောင်း တွေ့ရပြန်သည်။ Knowledge Based OTOP ဆိုသည်မှာထုတ်ကုန်များဝယ်သူအကြိုက်ဖြစ်စေရန် အရည်အသွေးဆိုင်ရာ အသိပညာများ၊ နည်းပညာများကို ကူညီပေါင်းစပ် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ OTOP PLUS ဆိုတာ ထုတ်ကုန်ပစ္စည်းများအား အဆင့်ခွဲခြားသတ်မှတ်ပေးထားပြီး အကောင်းဆုံးအဆင့်ထုတ်ကုန်များကို စိစစ်ရွေးချယ်ပါသည်။ ထိုသို့စိစစ်ရွေးချယ်ရာတွင် တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်ခြင်း၊ ဒီဇိုင်းပုံစံ ဆန်းသစ်ခြင်း၊ ထုပ်ပိုးမှုပုံစံ ကောင်းမွန်ခြင်း စသည့် စံနှုန်းများဖြင့် ပြည်နယ် တစ်ခုခြင်းအလိုက် ထုတ်ကုန် ငါးခုသတ်မှတ်ရွေးချယ်ကြပါသည်။ ရွေးချယ်ရရှိသော ထုတ်ကုန်များအားပြည်တွင်းပြပွဲများတွင် အစိုးရမှ ကုန်ကျစရိတ်ခံကာ ပြသပေးသည်။ ထိုအထဲမှ အကောင်းဆုံး ပစ္စည်းအမယ် ၃၀ ကို ထပ်မံ စိစစ်ရွေးချယ်ပါသည်။ ရွေးချယ်ရရှိပစ္စည်းများကို ပြည်ပပြပွဲများတွင် ပြသနိုင်ရေး အစိုးရမှ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

OTOP Village Champion ဆိုတာ ကျေးရွာအုပ်စု ခရိုင်ခွဲတစ်ခုသည် မိမိထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်အောင် လူမှုအသိုက်အဝန်းပုံစံဖြင့် စုစည်းဆောင်ရွက်မှုရှိခြင်း၊ နိုင်ငံခြားခရီးသွားများအားဆွဲဆောင်နိုင်မှုရှိခြင်း၊ ကျေးရွာအုပ်စု၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားနိုင်မှုရှိခြင်း စသည့်စံနှုန်းများဖြင့် စိစစ်ရွေးချယ်၍ အဆိုပါ ကျေးရွာအုပ်စုအား ချန်ပီယံဆုပေးခြင်းဖြစ်သည်။ ထိုသို့ စိစစ်ရွေးချယ်ရာတွင် People, Place, Preserve, Product စတဲ့ P လေးလုံးကို အခြေခံထားကြောင်း တွေ့ရပြန်သည်။ ပတမ Pမှာ ပြည်သူများပူးပေါင်းပါဝင်မှု၊ ဒုတိယ P မှာ ဖွံ့ဖြိုးတိုးတက်သော ကျေးလက်နေရာဒေသဖြစ်ပြီး နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နိုင်မှုရှိသော နေရာဒေသဖြစ်ရခြင်း၊ တတိယ P မှာ Preserve မူလဖွံ့ဖြိုးမှုကို ရေရှည်ထိန်းသိမ်းထားနိုင်မှု၊ စတုတ္ထ P မှာ Product ဈေးကွက်အလားအလာကောင်းမွန်တဲ့ ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဆိုတဲ့ စံနှုန်းများဖြင့် စိစစ်ရွေးချယ်၍ ဆုပေးခြင်းဖြစ်သည်။ ကျွန်တော်တို့ ထိုင်းနိုင်ငံသို့ ရောက်ရှိချိန် သွားရောက်လေ့လာခဲ့ရတဲ့ ဟန်ဒုန်းခရိုင်ရှိ ဘန်တဗီကျေးရွာသည် ထိုင်းနိုင်ငံရဲ့ OTOP Village Champion ပထမဆုရရှိခဲ့သော ကျေးရွာအုပ်စုဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ထိုကျေးရွာအုပ်စုမှ ထုတ်လုပ်သောထုတ်ကုန်ပစ္စည်းတွေကိုကြည့်ပါက သစ်သားကိုအခြေခံပြီးထုတ်လုပ်တဲ့ ပရိဘောဂ၊ ပန်းပုနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများဖြစ်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ အခြေအနေ မျိုး ကျွန်တော်တို့နိုင်ငံတွင်လည်း ရှိသည်။ နိုင်ငံတော်မှ တစ်ဝင်းတစ်ဝိုင်းတည်း ဖြစ်တည်လာရန် ကူညီဖို့သာလိုမည်။ ထိုင်း နိုင်ငံအစိုးရအနေဖြင့် ထုတ်ကုန်ဆိုင်ရာ စံချိန်စံညွှန်းများနဲ့ ပတ် သက်၍ အမျိုးသား စံချိန်စံညွှန်းများရေးဆွဲထားသလို၊ ကျေးလက်ဒေသထုတ်ကုန်ဆိုင်ရာ စံချိန်စံညွှန်းများကိုလည်း သီးခြားရေးဆွဲ၍ သတ်မှတ်ပြဋ္ဌာန်း ပေးထားကြောင်း တွေ့ရသည်။

အထက်တင်ပြချက်များသည် ထိုင်းနိုင်ငံတော်ဝင်အစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးရွာခရိုင်ခွဲတစ်ခု ထုတ်ကုန်တစ်မျိုး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်ကုန်အရည် အသွေးတိုးမြှင့်ရေး၊ ထုတ်ကုန်များဈေးကွက်ရရှိစေရေးအတွက် လက်ရှိဆောင်ရွက်နေမှုများဖြစ်သည်။ ပြောရရင်တော့ ထိုင်းနိုင်ငံရဲ့ ကျေးလက်ဒေသထုတ်ကုန်လုပ်ငန်းများသည် အမှန်တကယ် ရှင်သန်ဖွံ့ဖြိုးလန်းဆန်းနေကြသည်။

ထိုအထဲမှ လူမှုအသိုက်အဝန်းဖွံ့ဖြိုးမှုပုံစံဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ကျေးရွာအုပ်စုခရိုင်ခွဲများလည်း ရှိနေပြီဖြစ်သည်။ ကျေးလက်ထုတ်ကုန်များ ပြည်တွင်းဈေးကွက်မှသည် ပြည်ပဈေးကွက်ထိ ထိုးဖောက်တက်လှမ်းလာနိုင်ခဲ့ကြပြီ။ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းမှာ အစိုးရမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်နှစ်စဉ် စီမံဆောင်ရွက်နေခြင်း၊ ကျေးလက်ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာတာဝန်ခံ ဝန်ကြီးဌာနများမှ တစိုက်မတ်မတ် ကြိုးစားစီမံဆောင်ရွက်ခြင်းများကြောင့်ဟု ထင်မြင်မိပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း ကျေးလက်ဒေသ ထုတ်ကုန်လုပ်ငန်းများသည် နေရာအနှံ့ပြန့်ကျဲလျက်ရှိနေကြသည်။ အများစုသည် ဒေသဈေးကွက်တစ်ခုတည်း အတွက်သာ ရည်ရွယ်ထုတ်လုပ်ကြသည်။ ထုတ်ကုန်တွေရဲ့ အရည်အသွေးအားနည်းသလိုထုတ်လုပ်တဲ့ အရေအတွက်ကလည်း နည်းသည်။ တချို့လုပ်ငန်းများသည် တစ်နှစ်ပတ်လုံး ထုတ်လုပ်နိုင်ခြင်းမရှိ။ ရာသီအလိုက်သာ ထုတ်လုပ်ကြရသည်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ ကျေးလက်ဒေသထုတ်ကုန်လုပ်ငန်းများသည် ထိုင်းနိုင်ငံနှင့်စာလျှင် ဖွံ့ဖြိုးမှုအားနည်းနေခြင်းဖြစ်သည်။ ကျေးရွာအုပ်စုလိုက် ဖွံ့ဖြိုးတိုးတက်မှုတွေ အားနည်းနေသလို ထုတ်ကုန်တွေရဲ့ ဈေးကွက်ခိုင်မာမှုကလည်း အားနည်းနေသည်။ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ဖို့ ဆိုများစွာကြိုးစားရဦးမည်။ စဉ်းစားကြည့်ရင် ကျေးလက်ဒေသထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်ဒေသရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေခြင်းဖြစ်သည်။

ကျွန်တော်တို့ ကျေးလက်နေပြည်သူများသည် လူမှုအသိုက်အဝန်းဖွံ့ဖြိုးမှုပုံစံဖြင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းကြသည်။ အဆိုပါ အသိပညာများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိသည်။ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး လုပ်ငန်းများဖွံ့ဖြိုးတိုး တက်ရေးအတွက် ထိထိရောက်ရောက် ထိန်းကျောင်းဆောင်ရွက်မည့် သီးခြားဝန်ကြီးဌာနတစ်ခုလိုနေသည်ဟု ထင်မြင်မိပါသည်။ ကျွန်တော်တို့နိုင်ငံတွင်တချို့ကျေးလက်ဒေသရိုးရာလက်မှုပညာများသည် အရည်အသွေးမြင့်မားကြောင်းတွေ့ရသည်။တချို့ထုတ်ကုန်များသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်သည့် အခြေအနေရှိသည်။ ဈေးကွက်မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်ပေးနိုင်ပါက နိုင်ငံတကာဈေးကွက်သို့ ပိုမိုထိုး ဖောက်လာနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့ နိုင်ငံအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ လုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးရွာအုပ်စုခရိုင်ခွဲတစ်ခု ထုတ်ကုန် တစ်မျိုးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များအား လေ့လာတင်ပြလိုက်ရပါကြောင်း . . . . ။

## ပြောင်း

### ပြောင်းတင်ပို့မှု လျော့ကျသွား

နိုဝင်ဘာလ ပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်း ၄ ခုပေါင်းမှ ကန်ဒေါ်လာ ၆ ဒသမ ၅၆၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၆၅၁၁ တန်ခွဲတင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၂၂၄၀၀ တန်၊ လွယ်ဂျယ်မှ ၂၀၃၀ တန်၊ချင်းရွှေဟော်မှ ၁၆၉၄ တန်နဲ့ ကန်ပိုက်တီးမှ ၃၈၇ တန်ခွဲဖြစ်ပါတယ်။

ယခင်သီတင်းပတ်က ထိုစခန်းများမှ ပြောင်းတန်ချိန် ၄၂၃၄၃ တန်ထိ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှု ၁၅၈၃၁ တန်ခွဲ လျော့ကျသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေး ၃၁၀၃၀၀ ကျပ်မှ ယခုတစ်ပတ်တွင် ၃၁၂၁၇၃ ကျပ်သို့ ဈေးထပ်မံမြင့်တက်လာတာတွေ့ရပါတယ်။ ပြောင်းသီးနှံတွေ အစိုဓာတ်ကင်းသွားလို့ ယခုလို ဈေးကောင်းရခဲ့ကြောင်း၊တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**



## သကြား

### တရုတ်နိုင်ငံသို့ သကြားဖြူတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၉ ဒသမ ၂၈၃ သန်းတန်ဖိုးရှိ သကြားဖြူ ၁၅၉၀၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၃၁၄၃ တန် လျော့နည်းခဲ့ပါတယ်။ ပြည်တွင်းမှာ ကုန်ကြမ်းရော သကြားရော လက်ကျန်နည်းနေပြီး၊ ယခုတစ်ပတ်မှာ ကုန်ကြမ်း တစ်ပိဿာ ကျပ် ၄၀ နဲ့ သကြားတစ်ပိဿာကို ကျပ် ၃၀ ဈေးတက်လာပါတယ်။ ဒီနှစ်မှာက သကြားဈေး အတက် အကျမကြမ်းတဲ့အတွက် ကုန်သည်တောင်သူတွေ အဆင်ပြေကြတယ်လို့သိရပါတယ်။

**မြင့်မြင့်မာ**

| ၉-၁၁-၂၀၁၅ မှ ၁၃-၁၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 188 | 14,614,313.564 |
| 2 | Form D | 16 | 1,118,268.880 |
| 3 | Form E | 57 | 1,254,391.870 |
| 4 | Korea GSP | 1 | 11,500.000 |
| 5 | Form AK | 70 | 3,148,698.120 |
| 6 | Form AJ | 7 | 299,593.407 |
| 7 | Form AI | 29 | 2,603,907.300 |
| 8 | Form AANZ | 1 | 2,650.800 |
| 9 | Form DFTP | - | - |
| **Grand Total** | | **369** | **23,053,323.941** |

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုဝင်ဘာလ ပထမပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၂၅၄ သန်းဖိုးရှိ ရော်ဘာ တန် ၂၂၀ ကို မလေးရှားတစ်နိုင်ငံတည်းကို တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့ အမျိုးအစားတွေကတော့ RSS-3 တန် ၁၀၀ နဲ့ RSS-2 တန် ၁၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာပေါက်ဈေးတစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးကျကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးချ၍ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀ - ၁၀၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀ -၉၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၀၀ - ၉၀၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၆၅၀ - ၇၅၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများက ရော်ဘာတန် ၆၀၀ ကျော်တင်ပို့

နိုဝင်ဘာလ ပထမပတ်တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၅၇၈ သန်းဖိုးရှိ ရော်ဘာ RSS-3 တန် ၅၅၀ ကို တင်ပို့ပြီး ယခင်တစ်ပတ်က တင်ပို့မှုထက် တန် ၂၀၀ ခန့်လျော့ နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းရွှေဟော်စခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်းဖိုးရှိရော်ဘာ RSS-3 ၅၆ တန်တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်ထက် ၂၃၅ တန်ခန့်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်းဖိုးရှိ ရော်ဘာ Latex 60% DRC တန် ၂၀ ကိုတင်ပို့နိုင်ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများရဲ့ စုစုပေါင်း ရော်ဘာ တင်ပို့မှုဟာ ၆၂၆ တန်ဖြစ်ပြီး၊ တန်ဖိုးမှာ ကန်ဒေါ်လာ သုညဒသမ ၆၅၃ သန်းဖိုးဖြစ်ပါတယ်။ ယခုသီတင်းပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမြင့်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၅၉၀၃၀၀ ကျပ်ရှိပြီး၊ ယခုတစ်ပတ်မှာ ၁၅၉၉၈၉၉ ကျပ်ကို ဈေးမြင့်လာတာဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

### ရောင်းသူဝယ်သူနှစ်ဦး အကျိုးရှိမယ့် ရော်ဘာဗဟိုဈေးဖွင့်လှစ်ရန်စီစဉ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်တဲ့ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာရဲ့ လုပ်ငန်းစီမံချက်မှာ ပါဝင်တဲ့ အရေးကြီးပို့ကုန်အဖြစ်သတ်မှတ်ထားတဲ့ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရော်ဘာဗဟိုဈေးတစ်ခုကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပထမဦးဆုံး ဖွင့်လှစ်သွားမယ်လို့ သတင်းရရှိပါတယ်။

ရည်ရွယ်ချက်မှာ ရော်ဘာအရည်အသွေး ထိန်းသိမ်းရေးနဲ့ ရော်ဘာဈေးကို ဈေးမှန်ရရှိအောင် ဆောင်ရွက်ရေးဖြစ်ပါတယ်။ ရော်ဘာစိုက်ခြံရှင်များမှ ဈေးကွက်ကို အထူးရှာဖွေရန်မလိုဘဲ ရောင်းချနိုင်ပြီး ဝယ်ယူသူ ကုမ္ပဏီများအနေဖြင့်လည်း ပစ္စည်းမှန်ဈေးနှုန်းမှန် အရည်အသွေးမှန်တဲ့ ပစ္စည်းများကို ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

ယင်းရော်ဘာဗဟိုဈေးကို မော်လမြိုင်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် မြေပေါ်မှာ တည်ဆောက်မှာဖြစ်ပြီး အဆိုပါဈေးအတွက် လုပ်ငန်းစီမံခန့်ခွဲမှုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းဈေးတွင် ခြံစိုက်တောင်သူများက ရောင်းချလိုတဲ့ ရော်ဘာများကို ဒိုင်သို့ပေးပို့ပြီး ဒိုင်က ပစ္စည်းအဆင့်ခွဲခြားသတ်မှတ်ကာ လေလံစနစ်ဖြင့် ရောင်းချပေးမှာဖြစ်ပါတယ်။ ရောင်းချသူကလည်း မိမိစိတ်ကြိုက် ဈေးနှုန်းမရရှိပါက ငြင်းပယ်နိုင်ပါတယ်။ ခြံရှင်များအနေနဲ့ ဈေးနှုန်းမှန်မှန်ကန်ကန်ရရှိပြီး အရည်အသွေး ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းတဲ့ အလေ့အကျင့်လည်း ရရှိလာမှာဖြစ်ပါတယ်။ မိမိရဲ့ ပစ္စည်းအရည်အသွေးကို ဈေးကောင်းရလာတာနဲ့အမျှ ပိုပြီးမြင့်အောင်ထုတ်လုပ်လာမှာဖြစ်ပါတယ်။

နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်ပါက အရည်အသွေးကောင်းပြီး ဈေးလည်းမှန်ကန်စွာ ရရှိလာမှာဖြစ်ပါတယ်။ ယခုဖွင့်လှစ်မယ့် ရောင်းသူရောဝယ်သူပါ အကျိုးရှိမယ့် ရော်ဘာဗဟိုဈေးရဲ့ လုပ်ငန်းစဉ်များ အောင်မြင်သွားပါက အခြားရော်ဘာစိုက်ပျိုးရာဒေသများဖြစ်တဲ့ တနင်္သာရီ၊ ပဲခူးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာလည်း ဆက်လက်ဖွင့်လှစ်ရန် နှစ်ရှည်စီမံကိန်းများရှိကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**




# ၂၀၀၈ ခုနှစ်မှ ၂၀၁၅ခုနှစ်အောက်တိုဘာလကုန်ထိ ရန်ကုန်မတ်ပဲဈေး ပြောင်းလဲမှုပုံစံများအား စိစစ်လေ့လာသုံးသပ်ချက်


| ကျော်မြင့် |


လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစာရင်းများအရ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပဲမျိုးစုံ စုစုပေါင်း ဧကဝဒသမ၁၂၅ သန်း ကျော်စိုက်ပျိုးပြီး ၃၅ ရာခိုင်နှုန်းကိုမိုးရာသီတွင်လည်းကောင်း၊ ၆၅ ရာခိုင်နှုန်းကို ဆောင်းရာသီတွင်လည်းကောင်းစိုက်ပျိုးသည်ဟု ခန့်မှန်းထားသည်။ မိုးရာသီတွင် အဓိကစိုက်ပျိုးသော ပဲများမှာ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲကြီး၊ စွန်တာပြာ၊ တို့ဖြစ်ပြီး၊ မတ်ပဲ၊ကုလားပဲ၊ စားတော်ပဲ၊ ပဲလွမ်းစသည်တို့ကို ဆောင်းရာသီတွင် အဓိက စိုက်ပျိုးသည်။ ပုံ-၁ နှင့် ပုံ-၂ ကိုလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၁။ တစ်နိုင်ငံလုံးအတိုင်းအတာအရ မတ်ပဲ၊ ပဲစင်းငုံအနီ၊ ပဲတီစိမ်း နှင့် အခြားပဲများ စိုက်ပျိုးသည့်ဧကခန့်မှန်းခြေ (၂၀၁၃-၂၀၁၄)**




**ပုံ-၂။ တစ်နိုင်ငံလုံးအတိုင်းအတာအရ မိုးရာသီနှင့် ဆောင်းရာသီတွင်ပဲမျိုးစုံ စိုက်ပျိုးသည့်ဧကခန့်မှန်းခြေ (၂၀၁၃-၂၀၁၄)**








စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏စာရင်းများအရ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပဲမျိုးစုံစုစုပေါင်း ပို့ကုန် ၁ ဒသမ ၃ သန်း၏ ၄၉ ရာခိုင်နှုန်းမှာမတ်ပဲ၊ ၁၅ ရာခိုင်နှုန်းမှာပဲစင်းငုံနှင့်၁၈ ရာခိုင်နှုန်းမှာ ပဲတီစိမ်းဖြစ်သဖြင့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းသုံးမျိုးစုစုပေါင်း မှာ ၈၂ရာခိုင်နှုန်း ပါဝင်သောကြောင့် ပြည်ပပို့ကုန်ပဲမျိုးစုံအတွက် အဓိက အရေးပါသောပဲများဖြစ်ကြသည်။ အခြားပဲများ တင်ပို့မှုပမာဏသည် ပဲမျိုးစုံစုစုပေါင်း ပို့ကုန် ၁ ဒသမ ၃ သန်း၏၁၈ရာခိုင်နှုန်းသာရှိသည်။ မြန်မာ့ပဲမျိုးစုံကိုအဓိက ဝယ်ယူတင်သွင်းသည့် နိုင်ငံမှာ အိန္ဒိယနိုင်ငံ ဖြစ်သည်။


မတ်ပဲသီးနှံသည်တစ်နှစ်တစ်ကြိမ်သာစိုက်ပျိုးထွက်ရှိသဖြင့် သီးနှံအသစ် (New supplies) ကိုဝယ်ယူသိုလှောင်ပြီး နောက်သီးနှံမတ်ပဲအသစ် မထွက်မီကာလအထိ သိုလှောင်မှုပမာဏကို အားထားရောင်းဝယ်ကြရပါသည်။

မတ်ပဲရောင်းဝယ်သည့်ကုန်သည်များသည် မတ်ပဲအသစ်ပေါ်ချိန်ဈေးကျစဉ်ဝယ်ယူမည်၊ ထို့နောက်သိုလှောင်မည်၊ မတ်ပဲအသစ်ရာသီပေါ်ပြီးနောက်ပိုင်းကာလများတွင်မတ်ပဲဈေးမြင့်လာလေ့ရှိရာ၊ ဈေးမြင့်ချိန်တွင် ပြန်လည်ရောင်းချခြင်း ဖြင့်အကျိုးအမြတ်ရမည်ဟု တွက်ကိန်းဖြင့်မတ်ပဲအသစ်ပေါ် ချိန်ဈေးကျစဉ်ဝယ်ယူပြီးသိုလှောင်ကြပါသည်။ သို့သော်မတ်ပဲဈေးသည်သိုလှောင်ထားသည့်ကာလနောက် ပိုင်းဈေးကျလာခြင်း၊ဈေးမြင့်လာခြင်းများနှင့်တွေ့ကြုံရပါသည်။ ပြီးခဲ့သည့်ကာလ ဈေးကွက်သတင်းအချက်အလက်အခြေအနေများကို စုစည်းသုံးသပ်ဖော်ပြထားပါသည်။

**ပုံ၃။ ဩဂုတ်၊လနောက်ပိုင်း မတ်ပဲဈေးကျသွားသည့်ဈေးပြောင်းလဲမှုပုံစံ (၂၀၀၈ ခုနှစ်)**




**ပုံ၄။စက်တင်ဘာလ နောက်ပိုင်း မတ်ပဲဈေးကျသွားသည့် ဈေးပြောင်းလဲမှု**





ပုံ-၃ ကိုလေ့လာကြည့်ရှုပါ။မတ်ပဲဈေးသည် ဩဂုတ်လအထိသာဈေးအမြင့်ဆုံးဖြစ်ပြီး နောက်ပိုင်းကာလများသည် ဈေးကျသွားသည့် ဈေးပြောင်းလဲမှု ပုံစံမျိုးဖြစ်ပေါ်ခဲ့သည်။


**ပုံ-၄ ကိုလေ့လာကြည့်ရှုပါ။မတ်ပဲဈေးသည် နှစ်စကာလတွင်ဈေးမြင့်လာသည်။ဇွန်လတွင်ဈေးကျလာသည်။စက်တင်ဘာလအထိသာ**ဈေးအမြင့်ဆုံးဖြစ်ပြီးနောက်ပိုင်းကာလများသည် ဈေးကျသွားသည့် ဈေးပြောင်းလဲမှု ပုံစံမျိုး ဖြစ်ပေါ်ခဲ့သည်။ မည်သည်သည့်အချိန်တွင်သိုလှောင်ထားသည့်မတ်ပဲကို ပြန်ရောင်းချမည်နည်း (When to sell?)ဆိုသောဆုံးဖြတ်ချက်ကို ပြီးခဲ့သည့်ကာလ ဈေးကွက်သတင်းအချက်အလက်များက အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

ပုံ-၅ ကိုလေ့လာကြည့်ရှုပါ။ မတ်ပဲဈေးသည် ဩဂုတ်လနောက်ပိုင်း မတ်ပဲဈေးကျသွားသည့် ဈေးပြောင်းလဲမှုပုံစံမျိုးဖြစ်ပေါ်သည်ကို တွေ့ရသည်။ ဩဂုတ်လတွင်ရောင်းချခြင်းသည် အကောင်းဆုံးဖြစ်ခဲ့သည်။

**ပုံ၅။ ဩဂုတ် လနောက်ပိုင်း မတ်ပဲဈေးကျသွားသည့် ဈေးပြောင်းလဲမှု ပုံစံ (၂၀၁၂ ခုနှစ်)**





**ပုံ၆။ဩဂုတ်မှအောက်တိုဘာလထိ မတ်ပဲဈေးကျသွားပြီး၊ အောက်တို ဘာမှဒီဇင်ဘာလထိမတ်ပဲ ဈေးမြင့်လာသည့် ဈေးပြောင်းလဲမှုပုံစံ (၂၀၁၄ခုနှစ်)**




ပုံ-၆ ကိုလေ့လာကြည့်ရှုပါ။ မတ်ပဲဈေးသည် ဩဂုတ်လမှ အောက်တိုဘာလထိမတ်ပဲဈေးကျသွားသည့် ဈေးပြောင်းလဲမှု ပုံစံမျိုး ဖြစ်ပေါ်သည်ကိုတွေ့ရသည်။ အောက်တိုဘာလမှ ဒီဇင်ဘာလထိ မတ်ပဲဈေးပြန်မြင့်လာသော်လည်း ဩဂုတ်လတွင်ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးဈေးကို ပြန်လည်မရရှိတော့ပါ။ ဩဂုတ်လတွင်ရောင်းချခြင်းသည် အကောင်းဆုံးဖြစ်ခဲ့သည်။

ပုံ-၇နှင့် ပုံ-၈၊ပုံ-၉ကိုလေ့လာကြည့်ရှုပါ။ စက်တင်ဘာလနောက်ပိုင်းမတ်ပဲဈေးမြင့်သွားပြီး၊ ဒီဇင်ဘာလတွင် ဈေးကျသွားသည့် ဈေးပြောင်းလဲမှုပုံစံမျိုး ဖြစ်ပေါ်သည်ကိုတွေ့ရသည်။ ပုံ-၇ တွင် နိုဝင်ဘာလတွင်ရောင်းချခြင်းသည် အကောင်းဆုံးဖြစ်ခဲ့သည်။ပုံ-၈တွင် မေလတွင်ရောင်းချခြင်းသည်အကောင်းဆုံးဖြစ်ခဲ့သည်။ ပုံ-၉ တွင် ဧပြီ၊ နိုဝင်ဘာလတွင် ရောင်းချခြင်းသည် အကောင်းဆုံးဖြစ်ခဲ့သည်။

**ပုံ၇။ စက်တင်ဘာလနောက်ပိုင်း မတ်ပဲဈေးမြင့်သွားပြီး၊ ဒီဇင်ဘာလတွင် ဈေးကျသွားသည့် ဈေးပြောင်းလဲမှုပုံစံ (၂၀၀၉ခုနှစ်)**




➲စာမျက်နှာ ၃၂ သို့

# မဲခေါင်စကြံ့လမ်းမကြီးပေါ်ရှိ မြန်မာနိုင်ငံမှ လမ်းအပိုင်းအား အဆင့်မြှင့်တင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေပံ့ပိုးမည်

မဲခေါင်စကြံ့လမ်းမကြီးပေါ်ရှိ မြန်မာနိုင်ငံတွင်းမှ လမ်းပိုင်းများအား အဆင့်မြှင့်တင်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီပံ့ပိုးမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏သတင်းထုတ်ပြန်ချက်များအားကိုးကား၍ နေးရှင်းသတင်းတွင် ဖော်ပြထားသည်။

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အဓိကလမ်းမကြီး၏တစ်စိတ်တစ်ပိုင်းဖြစ်သည့် ကရင်ပြည်နယ်အတွင်းရှိ အိန္ဒူမြို့နှင့်ကော့ကရိတ်မြို့နှစ်မြို့ကို ဆက်သွယ်သည့် အရှည် ၆၆ ဒသမ ၄ ကီလိုမီတာရှိလမ်းပိုင်းအား အဆင့်မြှင့်တင်ပြုပြင်နိုင်ရန်အတွက် ယခုကဲ့သို့ ထုတ်ချေးခြင်းဖြစ်ကြောင်း သိရသည်။

"ကရင်ပြည်နယ်ဟာ မပြည့်စုံတဲ့ အခြေခံအဆောက်အအုံနဲ့ဆင်းရဲနွမ်းပါး မှုနှုန်းမြင့်မားတဲ့ အကျိုးသက်ရောက်စေခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာ ကြီးစိုးခဲ့တဲ့ အစိုးရနဲ့လက်နက်ကိုင်အဖွဲ့အစည်းတွေ ရဲ့တိုက်ပွဲတွေကြောင့် ငြိမ်းချမ်းမှုနဲ့ အလှမ်းဝေးခဲ့တဲ့ပြည်နယ်တစ်ခုပါ။ ဒါပေမယ့် ကရင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့မြေပြင်ကုန်သွယ်ရေးလုပ်ငန်းဆက်သွယ်မှုမှာ ၂၅ ရာခိုင်နှုန်းလောက်ရှိနေတဲ့ထိုင်းနိုင်ငံရဲ့အဓိကလမ်းမကြီးတစ်ခု လည်းဖြစ်ပါတယ်"ဟု အေဒီဘီ၏ အရှေ့တောင်အာရှဒေသဌာနမှ ပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင် ဂျိမ်းစ်လယ်သာက ပြောကြားခဲ့သည်။

အဆိုပါ လမ်းမကြီးအား အဆင့်မြှင့်တင်မှုသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏အရှေ့အနောက်စကြံ့လမ်းမကြီး ဖြတ်သန်းရာ မြန်မာနိုင်ငံတွင်းရှိ လမ်းပိုင်းများအတွက် ပိုမိုတိုးတက်ကောင်းမွန်မှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း စီးပွားရေး အခွင့်အလမ်းသစ်များ ပိုမိုများပြားလာနိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းမှာ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ လမ်းကွန်ရက်အတွင်း ဆောက်လုပ်လျက်ရှိသည့် စံချိန်စံနှုန်းများနှင့်အညီ ရှိရင်းစွဲ နှစ်လမ်းသွားလမ်းမကြီးကို ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ပိတ်ဆို့မှုလျော့နည်းစေရန်နှင့် လမ်းမကြီး အန္တရာယ်ပိုမိုကင်းစေရန် လမ်းပိုင်းအချို့အား လမ်းလွှဲများဖြင့်သွားလာစေမည်ဖြစ်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများ၌ ရေမြောင်းများ တည်ဆောက်ခြင်းအပါအဝင် ရာသီဥတုဒဏ်ခံလမ်းစနစ်များ ထည့်သွင်းပေါင်းစပ်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး ကွန်ရက် မြှင့်တင်မှုတစ်ရပ်အဖြစ် ကျိုက်ဒိုးမြစ်ဆိပ် ကမ်းသို့ ဝင်ရောက်ရာလမ်းမကြီး တစ်ခုကိုလည်း ပြန်လည်တည်ဆောက်ရန် အဆိုပါစီမံကိန်းတွင် ထည့်သွင်းထားကြောင်းသိရသည်။ မဟာမဲခေါင်ဒေသ ခွဲနိုင်ငံများ၏ အရှေ့-အနောက်စကြံ့ လမ်းမကြီး၏ မြန်မာနိုင်ငံတွင်းရှိ လမ်းပိုင်းများ ပြုပြင်မွမ်းမံမှုပြီးစီးပါက မော်လမြိုင်နှင့် ရန်ကုန်မြို့တော်အား ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့နှင့် ချိတ်ဆက်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းနှင့်အတူ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် ကော့ကရိတ်နှင့် မြဝတီကို ချိတ်ဆက်ပေးသောလမ်းမကြီး ပြုပြင်မွမ်းမံရေး ထိုင်းအစိုးရက သီးခြားပံ့ပိုးပေးလျက်ရှိသလို ရန်ကုန်- မော်လမြိုင်အဝေးပြေးလမ်းမကြီးနှင့် အိန္ဒူကြားလမ်းပိုင်းအား မြန်မာပုဂ္ဂလိကကုမ္ပဏီက BOT စနစ်ဖြင့် ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါအေဒီဘီ၏ချေးငွေသည် အာရှဖွံ့ဖြိုးရေးစီမံကိန်းအရ ပေးအပ်ထားသည့် ချေးငွေအမျိုးအစားဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် အာဆီယံအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးရန်ပုံငွေမှ လည်း အဆိုပါလမ်းပိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ထည့်ဝင်ထားပြီး မြန်မာနိုင်ငံ အစိုးရမှလည်း တစ်စိတ်တစ်ပိုင်းပံ့ပိုးသည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း ထည့်ဝင်ထားကြောင်း သိရသည်။

အဆိုပါလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို ၂၀၁၉ခုနှစ် စက်တင်ဘာလအတွင်း ပြီးစီးရန်ရည် မှန်းချက်ထား၍ ဆောင်ရွက်မည်ဖြစ်ပြီး အချိန်ကာလအားဖြင့် သုံးနှစ်အတွင်းပြီးစီးရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Tree 3 Days
Brighten & Rewhiten Cream



PW Banishing Cream



# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပါက အရေးယူဆောင်ရွက်သွားမည်ဟု ထပ်မံအသိပေးကြေညာ

ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ထိရောက်သည့် အကျိုးအာနိသင်ရှိပြီး ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းစေသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါတယ်။

မြန်မာနိုင်ငံ၊ကျန်းမာရေးဝန်ကြီးဌာနရဲ့ အလှကုန်ပစ္စည်းဆိုင်ရာ အမိန့်အမှတ် (၁/၂၀၁၀)နဲ့အညီ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိဘဲ ပြည်တွင်း၌ ဈေးကွက်တင် ရောင်းချနေသော ဖော်ပြပါ အလှကုန်ပစ္စည်းများ ၁၃ မျိုးမှာ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့ တားမြစ်ဓါတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်တော်ကြောင်း အများပြည်သူလူထုအား အသိပေးနှိုးဆော်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါအလှကုန်ပစ္စည်းများကို အများပြည်သူလူထုသုံးစွဲခြင်းမပြုကြရန်နဲ့ တင်သွင်း၊ဖြန့်ဖြူးရောင်းချမှုများကို တွေ့ရှိပါက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အောက်တိုဘာလ နောက်ဆုံးပတ်တွင် ထပ်မံအသိပေး ကြေညာထားတာဖြစ်ပါတယ်။

မာကျူရီဟိုက်ဒြိုကွီနိုး၊ဘီတာမီသာဇုံး ၁၇-ဗယ်လီရိတ်၊ ရက်တီနွိုက်အက်စစ်တို့ပါဝင်သဖြင့် သုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများမှာ ထိုင်းနိုင်ငံလုပ် မယ်လ်လာနို (ခရင်မ်နံပတ်-၁၊ ညလိမ်း ခရင်မ်နံပတ်-၂၊ မျက်နှာသစ်လိမ်း ခရင်မ်နံပတ်-၃၊ ပိုလာ(ပလက်တီနမ်၊ခရစ်တယ်လ်ဝှိုက်ခရင်မ်၊ စူပါဝှိုက် ၊ ညလိမ်းခရင်မ်အသစ်)ဘာစ်ချီ(နေ့/ည၊ အသားဖြူခရင်မ်)၊ သရီးဒေးစ်(အသားစိုပြေတောက်ပြောင်စေတဲ့ ခရင်မ်)၊ ပီဒဗလျူဘင်နိစ်ရှင်းခရင်မ်၊ လေးနောင်း ညလိမ်းအသားဖြူ ခရင်မ်၊ ဒေါက်တာဂျပန်၊ အသားအရေ တောက်ပြောင်ဝင်းပစေသော အရည်များ ဖြစ်ပါတယ်။

**မယ်စားသုံး**

# မန္တလေးမြို့ပေါ်ရှိ ရေသန့်၊ ဆေးဝါးများနဲ့ အလှကုန်ဆိုင်များအား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စားသုံးအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေး၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနဲ့ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်ရေး ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုစစ်ဆေးမှုဟာ အရင်ကလို ဈေးများတွင်သာ စစ်ဆေးခြင်း မဟုတ်ဘဲ မန္တလေးမြို့ပေါ်ရှိ မြို့နယ်များဖြစ်သည့် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန် မြို့နယ်အနှံ့အပြားရှိ ရေသန့်လုပ်ငန်းများ၊ ဆေးဝါးအရောင်းဆိုင်များနဲ့ အလှကုန်အရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေးတာဖြစ်ခဲ့ပါတယ်။



ရှောင်တခင် စစ်ဆေးမှုအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဆက်စပ်အသင်းအဖွဲ့များနဲ့ ပူးပေါင်းပြီး နိုဝင်ဘာလ ၅ ရက်နဲ့ ၆ ရက်နေ့များမှာ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိန်သောင်း ခေါင်းဆောင်တဲ့ အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးရာမှာ ရေသန့်လုပ်ငန်းများနဲ့ ပတ်သက်ပြီး (GMP) စနစ်နဲ့ မညီညွတ်တဲ့လုပ်ငန်း၊ (FDA) ထောက်ခံချက်မရှိသော လုပ်ငန်း၊ မြို့တော်စည်ပင်နဲ့ စက်မှုလုပ်ငန်း လိုင်စင်မရှိတဲ့ လုပ်ငန်းများအား ရပ်ဆိုင်းစေခဲ့ပြီး ဆက်လက်ထုတ်လုပ်မည်ဆိုပါက သတ်မှတ်စံချိန်စံညွှန်း လုပ်ထုံးလုပ်နည်းများအတိုင်း ထုတ်လုပ်ရန် ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့ပါတယ်။ ဆေးဝါးအရောင်းဆိုင်များကို စစ်ဆေးရာမှာ ဆေးဝါး ရောင်းချခွင့် မှတ်ပုံတင်ထားမှု၊ နိုင်ငံပိုင် သတင်းစာများမှာ ကြေညာထားသော သုံးစွဲရန်မသင့်သည့် ဆေးဝါးများ၊ စံမမီဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး များနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေး၍ သက် တမ်းလွန်ဆေးဝါး ၁၃ မျိုးနဲ့ မှတ်ပုံတင် ထားခြင်းမရှိတဲ့ ဆေးဝါး ၁၆ မျိုး၊ စုစုပေါင်း ၂၉မျိုးသိမ်းဆည်းပြီး နောက်နောင်ရောင်းချခြင်းမပြုရန် ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်းနဲ့ ဆေးဝါး ထားသိုပုံနည်းစနစ်ပညာပေးခြင်းများဆောင်ရွက်ခဲ့ပါတယ်။ အလှကုန် အရောင်းဆိုင်များ စစ်ဆေးရာမှာ နိုင်ငံပိုင် သတင်းစာများမှာ ကြေညာ ထားတဲ့ အလှကုန်ပစ္စည်းများ ရောင်းချ ခြင်း ရှိ၊ မရှိစစ်ဆေးပြီး သုံးစွဲရန် မသင့် သည့် အလှကုန်ပစ္စည်း တစ်မျိုး သိမ်း ဆည်း၍ နောက်နောင် မရောင်းချစေရေး ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ ဆက်လက်ပြီး ပူးပေါင်းစစ်ဆေးအဖွဲ့ဟာ လုံခြုံစိတ်ချရမှုမရှိဟု ယူဆသော အလှကုန်ပစ္စည်း ၁၉ မျိုးအား နမူနာဝယ်ယူ၍ စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းများလည်း လုပ်ဆောင်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မျိုးထွန်း**
**စားသုံးသူ (မန္တလေး)**

➲ စာမျက်နှာ ၁၄ မှ အဆက်

မေး။ **တစ်လောက ကြေးမုံသတင်းစာမှာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က မြေပဲဆီ အမည်ခံပြီး ရောင်းချနေတဲ့ဆီများကို စားသုံးသူပြည်သူတွေ သိရှိရအောင်ကြေငြာ ပေးတာကိုတွေ့ရှိခဲ့ပါတယ်။ အဲဒီအခြေအနေကိုရှင်းပြပေးပါဆရာ။**

ဖြေ။ ဟုတ်ပါတယ်----- ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ လုပ်ငန်းကော်မတီ နှစ်ရပ်တို့ ဩဂုတ်လအတွင်းကျင်းပပြုလုပ်ခဲ့တဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ ဈေးကွက် အတွင်းတွင် မြေပဲဆီအမည်ခံဆီများ ရောင်းချနေမှုနဲ့ ပတ်သက်ပြီး လိုအပ်သည့် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် ထုတ်ကုန်များလုံခြုံစိတ်ချရမှု ဆိုင်ရာလုပ်ငန်းကော်မတီမှ ဈေးကွက်အတွင်း စုံစမ်းဝယ် ယူခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ဓါတ်ခွဲခန်းသို့ ပေးပို့ဓါတ်ခွဲစမ်းသပ် စစ်ဆေးခဲ့ရာစားသုံးဆီအရောများ၊ စားအုန်းဆီများ ပါဝင်နေတဲ့အတွက် မြေပဲဆီအမည်ခံပြီး ရောင်းချနေမှုများကို စားသုံးသူပြည်သူများသိရှိရအောင် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့နှင့် ၁၂ ရက်နေ့ ကြေးမုံသတင်းစာတွင်ကြေညာပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့ အပြင် ယခင်နှစ်ကလည်း ဆောင်ရွက်မှုတစ်ခုအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဈေးကွက်အတွင်း လုံခြုံစိတ်ချရမှုမရှိတဲ့ ထုတ်ကုန်တွေ ရောင်းချခြင်း ရှိ/မရှိကို လေ့လာစုံစမ်းမှုတွေအမြဲတမ်း ပြုလုပ်နေတဲ့အတွက်ဈေးကွက်အတွင်းမှာ ရောင်းချနေတဲ့ ငါးရံ့ခြောက်တွေမှာ ယင်မနားဆေးများ အသုံးပြုလျက် ရှိကြောင်းကို သတင်းရရှိခဲ့ပါတယ်။ အဲဒီအခြေအနေကို ရုံးချုပ်ကို တင်ပြခဲ့တဲ့အခါ ရုံးချုပ်ရဲ့ ညွှန်ကြားချက်အရ ဈေးကွက်အတွင်း ရောင်းချလျက်ရှိတဲ့ ငါးရံ့ခြောက် နမူနာ တစ်ကီလိုဂရမ်ကိုဝယ်ယူပြီး လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံ ကာကွယ်ရေးဌာနခွဲကို ပေးပို့ပြီး ဓါတ်ခွဲစမ်းသပ်ခဲ့ပါ တယ်။ ဓါတ်ခွဲခန်းအဖြေအရ နိုင်ငံတကာ စံချိန်စံညွှန်း သတ်မှတ်ရေးကော်မတီရဲ့ အသား၊ ငါးတွေမှာပါဝင်ရမယ့် (Trichlorfon) ရှိတဲ့ အမြင့်ဆုံးဓါတ်ကြွင်းပါဝင်မှု သတ် မှတ်ချက်က သုည ဒသမ ၁ စစာ ဖြစ်ပေမယ့် တကယ်တမ်း ပါဝင်နေတာက သုည ဒသမ ၅၇ ppm ဖြစ်နေတဲ့အတွက် အန္တရာယ်ရှိကြောင်း သိရှိခဲ့ရပါတယ်။ ဒါ့ကြောင့် ဒီလို အခြေအနေကို စားသုံးသူပြည်သူတွေ သတိပြုမိစေရန် ကောမတ်စ်ဂျာနယ်နဲ့ ပုဂ္ဂလိကဂျာနယ်တွေမှာ အသိပညာ ပေးသတင်းဆောင်းပါးများအဖြစ် ဖော်ပြပေးခဲ့တဲ့အပြင် ဟောပြောဆွေးနွေးပွဲများမှာလည်း ထည့်သွင်း ပညာပေး ခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

မေး။ **ဒါဆိုရင် ထုတ်လုပ်ရောင်းချတဲ့ စီးပွားရေးလုပ်ငန်းရှင် တွေကို အသိပညာပေးမှုတွေကော ဆောင်ရွက်ခဲ့ပါလား ဆရာ။**

ဖြေ။ ဟုတ်ကဲ့ပါ---အဲဒီလိုငါးရံ့ခြောက်အချို့မှာ ယင်မနား ဆေးသုံးစွဲ၍ရောင်းချလျက်ရှိတာကို ၂၀၁၄ ခုနှစ်အောက် တိုဘာလ ၁၆ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ဦးစီး မှူးရုံး၊ အစည်းအဝေးခန်းမမှာ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူများကို ခေါ်ယူတွေ့ဆုံပြီးအသိပညာပေး ဆောင်ရွက်မှုကိုပြုလုပ် ခဲ့ပါတယ်။ ဈေးကွက်အတွင်း မြေပဲဆီအမည်ခံဆီများ ရောင်းချနေတာနဲ့ ပတ်သက်ပြီးတော့လည်း လစဉ်ကျင်းပ ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူ အငြင်းပွား မှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များကိုအသိပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များတွင်ရှိသည့် ဈေးများ သို့ ကွင်းဆင်း၍ ဈေးရောင်းချသူများကို ကြော်ငြာထား သည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် စားသောက် ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အရည်အသွေး၊ စံချိန်စံ ညွှန်းနှင့်ကိုက်ညီမှုမရှိဟုကြော်ငြာထားသည့် ကုန်ပစ္စည်း များကို ဈေးကွက် အတွင်းရောင်းချခြင်းမပြုရန် အသိ ပညာပေး ဆောင်ရွက်မှုတွေကို ပြုလုပ်ခဲ့ပါတယ်။

မေး။ **စားသုံးသူပြည်သူတွေအနေနဲ့ ဥပဒေမှာပါရှိတဲ့အချက်တွေ ထဲက ဘယ်လိုအချက်တွေကို သိထား သင့်ပါသလဲခင်ဗျာ။**

ဖြေ။ ဥပဒေမှာ စားသုံးသူ၏ အခွင့်အရေးငါးချက်နဲ့ စားသုံး သူ၏တာဝန်လေးချက်ပါရှိပါတယ်။ စားသုံးသူတွေ အနေ နဲ့ ၎င်းတို့ရဲ့အခွင့်အရေးတွေကိုသိရှိပြီး ရယူနိုင်သလို ၎င်းတို့ ရဲ့ တာဝန်တွေကိုလည်း လိုက်နာသွားရမှာ ဖြစ်ပါ တယ်။

မေး။ **စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ရော ဥပဒေမှာပါရှိတဲ့ အချက်တွေထဲက နောက်ထပ်ဘယ်လို အချက်တွေကို သိထားသင့်ပါသလဲခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့--- ဥပဒေမှာ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့် အရေးလေးချက်၊ တာဝန်ကိုးချက်နဲ့ တားမြစ်ချက်တွေ လည်းပါရှိပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေ အနေနဲ့ အဲ့ဒီအချက်တွေကို သိရှိထားပြီး လိုက်နာသွားဖို့ လည်း လိုအပ်ပါတယ်။ ဥပဒေမှာလည်း---- "မသေချာ၊ မရေရာသော ကတိကဝတ်ပြုမှုများဖြင့် ကမ်းလှမ်း၍ ရောင်းချသော သို့မဟုတ် ပေးအပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု"တွေကိုမပြုလုပ်ဖို့ စီးပွားရေးလုပ် ငန်းရှင်တွေကို တားမြစ်ထားတဲ့အတွက် ဒီလိုဖြစ်စဉ်မျိုး တွေကို စားသုံးသူတွေရော စီးပွားရေးလုပ်ငန်းရှင်တွေပါ သတိပြုရမှာဖြစ်တယ်။

မေး။ **ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးက စားသုံးသူကာကွယ် ရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ ကွင်းဆင်းဆောင်ရွက် နေမှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေနဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန FDA(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းတို့နဲ့ ပူးပေါင်းပြီး တိုင်းအတွင်းမှာရှိတဲ့ အခြေခံပညာစာသင် ကျောင်းတွေ၊ ဈေးတွေ၊ ကုန်ပစ္စည်း ထုတ်လုပ်တဲ့ စက်မှု ဇုန်တွေ၊ မြို့နယ်/ရပ်ကွက်အတွင်းမှာ နေထိုင်တဲ့စားသုံး သူပြည်သူတွေကို စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနဲ့ အသိပညာဗဟုသုတတွေကို လိုက်လံဟောပြော ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

မေး။ **အဲဒီလို ---ဟောပြောဆွေးနွေး ဆောင်ရွက်ပြီးခဲ့တဲ့ အခြေအနေဘယ်လောက်တောင်ရှိပါသလဲဆရာ။**

ဖြေ။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ မြို့နယ်၄၄ မြို့နယ်မှာ အခြေခံပညာ စာသင်ကျောင်း၂၄ ကျောင်း၊ ဈေး၁၁ဈေး၊ ကုန်ပစ္စည်း ထုတ်လုပ်သည့် နေရာစက်မှုဇုန်ငါးခု၊ မြို့နယ် ၂၂မြို့နယ်၊ စုစုပေါင်း၆၂နေရာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အောက် တိုဘာလအထိ အခြေခံပညာစာသင်ကျောင်း၁၈ ကျောင်း၊ ဈေးခုနစ်ဈေး၊ စက်မှုဇုန်တစ်ခု၊ မြို့နယ်နှစ်မြို့နယ်၊ စုစုပေါင်း၂၈နေရာတို့တွင် စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးဆောင်ရွက်ပြီးဖြစ်ပါ တယ်။ ဒါ့အပြင်---စားသုံးသူအကာအကွယ်ပေးရေးလုပ် ငန်းနှင့်ဆက်စပ်လျက်ရှိသည့်ဌာနဆိုင်ရာများ၊ စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အစည်းအဝေးခြောက်ကြိမ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အောက်တိုဘာလအထိ အစည်း အဝေးခြောက်ကြိမ်ကို ကျင်းပ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ တယ်။

မေး။ **အဲ့ဒီလို ဆောင်ရွက်ခဲ့တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူး တွေ ရရှိခဲ့ပါသလဲခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့---ကျွန်တော်တို့အနေနဲ့ စားသုံးသူကာကွယ်ရေး နဲ့ပတ်သက်ပြီး အသိပညာပေးမှုများကို မြန်မာ့ရုပ်သံကြား အစီအစဉ်တွင်ပြသခြင်းအပြင် အသိပညာပေးသတင်း ဆောင်းပါးတွေကိုလည်း နိုင်ငံပိုင်သတင်းစာတွေ၊ ဝန်ကြီး ဌာနကထုတ်တဲ့ ကောမတ်စ်ဂျာနယ်တွေမှာ မကြာခဏ ဖော်ပြနေသလို အလျဉ်းသင့်ရင်လည်း ပုဂ္ဂလိကဂျာနယ် တွေမှာပါ ထည့်သွင်းဖော်ပြလျက်ရှိတဲ့ အတွက် ယခု အခါမှာ စားသုံးသူ ပြည်သူတွေဟာ စားသုံးသူအကာ အကွယ်ပေးရေးနဲ့ ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတ တွေရရှိပြီး ကုန်စည်နဲ့ ဝန်ဆောင်မှုတွေမှာ ဘယ်လိုမျိုး ဝယ်ယူ အသုံးပြု စားသုံးရမလဲဆိုတာ သိရှိလာပြီဖြစ်ပါ တယ်။

မေး။ **နောက်ထပ်ဆောင်ရွက်ချက်တွေရှိရင်လည်း ပြောပြပေး ပါလားခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့--- ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံပိုင် သတင်းစာတွေမှာ ကြေညာခဲ့တဲ့ စားသုံးရန် မသင့်တဲ့ အစားအစာတွေ ၊ သုံးစွဲရန်မသင့်တဲ့ဆေးဝါးတွေ ၊ လူသုံး ကုန်ပစ္စည်းတွေကို ဈေးကွက်အတွင်းမှာ ရောင်းချမှုရှိ/ မရှိကိုလည်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံး သူရေးရာဌာနဝန်ထမ်းတွေက ကွင်းဆင်းစုံစမ်းပြီး တွေ့ရှိ ချက်တွေကိုလည်း ရုံးချုပ်ကိုအချိန်နဲ့ တစ်ပြေးညီတင်ပြခဲ့ ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာန၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီဌာနမှ ဖွဲ့စည်း ထားသည့် Networking Committee အဖွဲ့ရဲ့ ကွင်းဆင်း ဆောင်ရွက်မှုများတွင်လည်း လိုက်ပါပူးပေါင်းဆောင်ရွက် လျက်ရှိပါတယ်။

မေး။ **စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်လို့ ပိုမိုအောင်မြင်မှုရရှိ အောင် ဆောင်ရွက်မှုတွေရှိရင်လည်း ပြောပြပေးပါလား ခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့. . . စားသုံးသူကာကွယ်ရေးလုပ်ငန်းတွေ ပိုမို အောင်မြင်မှုရရှိအောင် ဌာနဆိုင်ရာများ၊ စားသုံးသူ ကာ ကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့်အစိုးရမဟုတ် သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်တွင်း/ပြည်ပ မှထုတ်လုပ်တင်သွင်းလာသည့် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများကို စားသုံးသူများ ဝယ်ယူသုံးစွဲရာတွင် ဘေးဥပဒ်အန္တရာယ်မဖြစ်ရအောင် ကွင်းဆင်း၍ အသိ ပညာပေး ဟောပြောခြင်းများကို စဉ်ဆက်မပြတ်ဆောင် ရွက်ခြင်း၊ မီဒီယာများမှ တစ်ဆင့်အသိပေးဆောင်ရွက် ခြင်း၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ် ၍စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ **စားသုံးသူကာကွယ်ရေး လုပ်ငန်းလုပ်ဆောင်ရာတွင် အခြားဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု တွေရော လုပ်ပါသလား ဆရာ။**

ဖြေ။ ဟုတ်ကဲ့လုပ်ပါတယ် --- အစားအသောက်နှင့် ဆေး ဝါးကွပ်ကဲရေးဦးစီဌာန(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့နဲ့ပူးပေါင်းပြီး နယ်လှည့် ဓါတ်ခွဲစစ်ဆေးယာဉ် (Mobile Lab Van)နဲ့ တိုင်းအတွင်း မှာရှိတဲ့ဈေးတွေမှာ အစားအသောက်နဲ့အလှကုန်ပစ္စည်း တွေ နမူနာကောက်ယူစစ်ဆေးတဲ့အခါ ကျွန်တော်တို့ ဝန်ထမ်းတွေက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

မေး။ **စားသုံးသူကာကွယ်ရေးနဲ့ ပတ်သက်လို့ ရှေ့ဆက်လက် ဆောင်ရွက်မယ့်လုပ်ငန်းတွေကိုလည်း ရှင်းပြပေးပါလား ခင်ဗျာ။**

ဖြေ။ ကျွန်တော်တို့ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေနဲ့က တော့ စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်တဲ့ အသိပညာပေး ဟောပြောဆွေးနွေးပွဲတွေကို တိုင်း အတွင်းမှာ ဆက်လက်လုပ်ဆောင်သွားမယ့် အပြင်စား သုံးသူတွေရဲ့ တိုင်တန်းမှုတွေရှိလာရင်လည်း ဥပဒေနဲ့ အညီဖြေရှင်း ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စားသုံး သူကာကွယ်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာဌာနတွေ၊ အစိုးရမဟုတ်တဲ့ စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့ တွေနဲ့လည်းပူးပေါင်းပြီးအစွမ်းကုန်ကြိုးစား ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

မေး။ **ဟုတ်ကဲ့ ခုလိုပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့---ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ရုံးအနေနဲ့ စားသုံးသူအကာအကွယ်ပေးရေး လှုပ်ရှား ဆောင်ရွက်မှုများကို စားသုံးသူပြည်သူတွေ သိရှိရအောင် Commerce Journal က တစ်ဆင့် ဖြေကြားခွင့်ရတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# Vietjet မှ ပြည်တွင်းခရီးစဉ်သစ်များ တိုးချဲ့ပျံသန်း



ဗီယက်နမ်လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် Vietjetသည် ပြည်တွင်းခရီးစဉ်သစ်များအား တိုးချဲ့ပျံသန်းရန် ခရီးစဉ်သစ်နှစ်ခုကို ထပ်မံမိတ်ဆက်လိုက်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သစ်နှစ်ခုမှာ နားထရန်-ဟိုင်ဖောင်ခရီးစဉ်နှင့် ဗန်းင်-ဘွန်မသောက်(တ်) ခရီးစဉ်တို့ဖြစ်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နားထရန်-ဟိုင်ဖောင်ခရီးစဉ်ကို နိုဝင်ဘာလ၁၉ ရက်နေ့မှစတင်၍ တစ်ပတ်လျှင် ငါးကြိမ်နှုန်းဖြင့် ပျံသန်းသွားမည်ဖြစ်ပြီး ဗန်းင်-ဘွန်မသောက်(တ်) ခရီးစဉ်ကိုမူ နိုဝင်ဘာလ ၂၀ ရက်နေ့မှစတင်ကာ တစ်ပတ်လျှင် သုံးကြိမ်နှုန်းဖြင့် ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါခရီးစဉ်သစ်နှစ်ခုကို ရန်ကုန်မှ ဟိုချီမင်းမြို့သို့ သွားလာမည့် မြန်မာနိုင်ငံမှ ခရီးသွားများသည်လည်း ဟိုချီမင်း၊ နားထရန်နှင့်ဗန်းင်မြို့များရှိ Vietjet ၏ ပျံသန်းရေးကွန်ရက်အချက်အခြာနေရာများမှတစ်ဆင့် အလွယ်တကူ ချိတ်ဆက်သွားလာနိုင်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်များတွင် ပါဝင်သည့် ဟိုင်ဖောင်မြို့သည် ဗီယက်နမ်နိုင်ငံ၏ တတိယအကြီးဆုံးမြို့တော်ဖြစ်ပြီး ဗီယက်နမ်မြောက်ပိုင်းဒေသ၏ အရေးပါသည့် ပင်လယ်ဆိပ်ကမ်းမြို့တစ်ခုဖြစ်သည်။ ဟိုင်ဖောင်မြို့ကို ခံ့ညားထည်ဝါသည့်မြို့ဟုလည်း ခေါ်တွင်ကြပြီး ပန်းရောင်စုံများ လှပစွာ ဖူးပွင့်နေကြသည့် သစ်ပင်ကြီးငယ်များကိုလည်း နေရာအနှံ့တွင် တွေ့ရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ဘွန်မသောက်(တ်)မြို့-သည် ဗီယက်နမ်နိုင်ငံ၏ အလယ်ပိုင်းကုန်းမြင့်ဒေသတွင် အကြီးဆုံးမြို့ဖြစ်ပြီး ကော်ဖီ အဓိကထွက်ရာမြို့အဖြစ်လည်း လူသိများသည်။

လက်မှတ်များ ကြိုတင်စာရင်းပေးသွင်းဝယ်ယူခြင်းကို www.vietjetair.com(စမတ်ဖုန်းများဖြင့် ဝင်ရောက်ဝယ်ယူလိုပါက www.m.vietjetair.com)နှင့် www.facebook.com/ vietjetmyanmar (“Booking” စာမျက်နှာကိုနှိပ်၍ဝယ်ယူနိုင်သည်) သို့မဟုတ် Vietjet ၏ လက်မှတ်အရောင်းဌာနများနှင့် နိုင်ငံတစ်ဝန်းရှိ အေဂျင်စီများထံတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ခရီးသွားများအနေဖြင့် ဖုန်းနံပါတ် ၀၉၉ ၆၀၇၀ ၄၈၁၈ သို့ ပိတ်ရက်မရှိ ဆက်သွယ်နိုင်ပြီးအခန်းအမှတ်၀၃-၀၃၊ ၃-လွှာ၊ လပြည့်ဝန်းပလာဇာ၊ အမှတ်-၃၇၊ အလံပြဘုရားလမ်း၊ ရန်ကုန်မြို့ရှိ အထွေထွေလက်မှတ် အရောင်းကိုယ်စားလှယ်ဖြစ်သည့် AVIAREPS Myanmar (သို့မဟုတ်) နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့တို့ရှိ ကြိုတင်စာရင်းပေးသွင်း ဝယ်ယူနိုင်သည့် ရုံးခန်းပေါင်း ၁၂၀ ကျော်တွင် ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

ငွေပေးချေမှုကို Visa, Master Card, JCB, American Express အပါအဝင် ဗီယက်နမ်နိုင်ငံတွင်ပြုလုပ်ထားပြီး အင်တာနက်ဘဏ်စနစ်အသုံးပြုနိုင်ရန် မှတ်ပုံတင်ထားသည့် ATM ငွေပေးချေရေး ကတ်များဖြင့်လည်း လွယ်ကူစွာ ပေးချေနိုင်မည်ဖြစ်သည်။

# နိုဝင်ဘာလ ပထမပတ် မန္တလေး အဝေးပြေး ကုန်စည်ပို့ဆောင်ခများအခြေအနေ

မန္တလေးမြို့မှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်ကြီးများရှိ မြို့ကြီးများသို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်လျက်ရှိရာ ယခုတစ်ပတ် နိုဝင်ဘာလ ပထမတစ်ပတ်မှာ ဖြစ်ပေါ်နေတဲ့ ဈေးနှုန်းနဲ့ ယခင်တစ်ပတ်၊ ယခင်လ ကာလတူဖြစ်ပေါ်ခဲ့တဲ့ တစ်ပိဿာဈေးနှုန်း(ကျပ်) ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

| ခရီးစဉ် | | ၃. ၁၁. ၂၀၁၅ | | ၂၇. ၁၀. ၂၀၁၅ | | ၆. ၁၀. ၂၀၁၅ | |
|---|---|---|---|---|---|---|---|
| မှ | သို့ | ကျစ် | ပွ | ကျစ် | ပွ | ကျစ် | ပွ |
| မန္တလေး | မူဆယ် | ၇၇ | ၇၈ | ၇၅ | ၇၆ | ၇၂ | ၇၃ |
| ॥ | လားရှိုး | ၄၅ | ၅၅ | ၄၀ | ၅၀ | ၄၅ | ၅၅ |
| ॥ | တောင်ကြီး | ၂၅ | ၅၀ | ၂၅ | ၅၀ | ၃၀ | ၅၀ |
| ॥ | မော်လမြိုင် | ၃၀ | ၄၅ | ၃၀ | ၄၅ | ၃၀ | ၄၅ |
| ॥ | ရန်ကုန် | ၁၅ | ၂၅ | ၁၁၅ | ၄၅ | ၂၀ | ၃၀ |
| ॥ | ပဲခူး | ၁၅ | ၂၅ | ၁၅ | ၄၀ | ၂၀ | ၃၀ |
| ॥ | နေပြည်တော်/တပ်ကုန်း | ၁၅ | ၂၅ | ၁၅ | ၂၅ | ၁၅ | ၂၅ |
| ॥ | မိတ္ထီလာ | ၁၈ | ၂၀ | ၁၈ | ၂၀ | ၁၈ | ၂၀ |
| ॥ | ပခုက္ကူ | ၂၀ | ၂၅ | ၂၀ | ၂၅ | ၂၀ | ၂၅ |
| ॥ | စစ်တွေ | ၁၅၀ | ၂၀၀ | ၁၅၀ | ၂၀၀ | ၁၅၀ | ၂၀၀ |
| ॥ | ကလေး | ၈၀ | ၁၀၀ | ၈၀ | ၁၀၀ | ၇၀ | ၉၀ |
| ॥ | ပြည် | ၃၀ | ၅၀ | ၃၀ | ၅၀ | ၂၅ | ၄၀ |
| ॥ | မကွေး | ၂၅ | ၅၀ | ၂၅ | ၅၀ | ၂၅ | ၅၀ |
| ॥ | မုံရွာ | ၁၄ | ၁၆ | ၁၄ | ၁၆ | ၁၂ | ၁၅ |
| ॥ | မြင်းခြံ | ၂၀ | ၂၆ | ၂၀ | ၂၆ | ၁၈ | ၂၅ |
| ॥ | တောင်ငူ | ၂၀ | ၃၀ | ၂၀ | ၃၀ | ၂၀ | ၃၀ |
| ॥ | အောင်ပန်း | ၁၆ | ၆၀ | ၁၆ | ၆၀ | ၁၆ | ၆၀ |
| ॥ | မြစ်ကြီးနား | ၁၀၀ | ၁၅၀ | ၁၀၀ | ၁၅၀ | ၁၀၀ | ၁၅၀ |
| ॥ | တမူး | ၈၀ | ၁၀၀ | ၁၀၀ | ၁၂၀ | ၁၀၀ | ၁၂၀ |

ယခုတစ်ပတ် မန္တလေး-မူဆယ် ကုန်စည်သယ်ယူပို့ဆောင်ခများ ယခင်တစ်ပတ်ထက် ကုန်ကျစ် တစ်ပိဿာ ၂ ကျပ်၊ ကုန်ပွ တစ်ပိဿာ ၂ ကျပ် ဈေးတက်လာကြောင်း သိရပါတယ်။ ထို့အတူ မန္တလေး-လားရှိုး ကုန်စည်ပို့ဆောင်ခများ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၅ ကျပ်နှုန်းဈေးတက်ပါတယ်။ ကျန်မြို့များရဲ့ ကုန်စည်ပို့ဆောင်ခများ ယခင်တစ်ပတ်ရဲ့ ဈေးနှုန်းတူနဲ့ ဝန်ဆောင်မှုပေးပြီး၊ မန္တလေး - တမူး ကုန်စည်ပို့ဆောင်မှုမှာ ယခင်တစ်ပတ်ဈေးအောက် ကုန်ကျစ်၊ ကုန်ပွ တစ်ပိဿာ ၂၀ ကျပ် လျော့နည်းကြောင်း မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်များ ဝန်ဆောင်မှုအသင်းမှ သိရပါတယ်။

ယခုတစ်ပတ်အတွင်းမှာတော့ စက်ဆီဈေးငြိမ်နေပါတယ်။ မင်းသူအောင်စက်သုံးဆီအရောင်းဆိုင်မှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ်၊ DENKO စက်သုံးဆီအရောင်းဆိုင်တွင် ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၈၂ကျပ်၊ နီလာရိုးမ စက်သုံးဆီအရောင်းဆိုင်တွင် ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၀၀ ကျပ်ဖြင့် အသီးသီးရောင်းချလျက်ရှိကြောင်း သိရပါတယ်။

စက်သုံးဆီဈေးငြိမ်နေပြီး ကုန်စည်များပုံမှန်ပို့ဆောင်နေရပါက ဝန်ဆောင်ခများလည်း တည်ငြိမ်မှာ ဖြစ်ကြောင်း၊ ရာသီဥတုနဲ့ လမ်းပန်းဆက်သွယ်မှုအခြေအနေများရဲ့အပေါ် လည်း မူတည်ကြောင်း၊ လက်ရှိ အခြေအနေမှာ စက်သုံးဆီဈေးနှုန်း၊ ကုန်ပစ္စည်းများပုံမှန်ရရှိမှု၊ ရာသီဥတုနဲ့ လမ်းပန်းအခြေအနေ ကောင်းမွန်နေတာကြောင့် ကုန်စည်ပို့ဆောင်ခဈေးနှုန်းများလည်း အများအားဖြင့် တည်ငြိမ်မှုရှိကြောင်း၊ အဝေးပြေးကုန်တင် ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားပါတယ်။

**စိုးအောင်-မန္တလေး**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၇လမ်း | ၇၅၀ စ/ပေ | (၇) လွှာ | ၃၂၅ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ | (၁၂၅×၅၀) ပေ | (၁) ထပ် | ၇၉၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | ကွန်ဒို | လှိုင်မြို့နယ်၊ အုတ်ကျင်းဘူတာရုံလမ်း | ၁၈၅၀ စ/ပေ | (၄)လွှာ၊MB (၃)ခန်း | ၂၇၅၀ သိန်း | အသင့်နေ၊ ဓာတ်လှေကားပါ | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | (၇)လွှာ၊MB (၁)ခန်း | ၁၄၅၀ သိန်း | ၉၀%ပြီးစီး | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | အိမ်/မြေ | စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း အာရှတော်ဝင်အနီး | (၂၅×၇၀)ပေ | သစ်သား(၁)ထပ်အိမ်ပါ | တစ်သောင်း ငါးထောင်သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | မြေ | ဒဂုံမြို့သစ်(မြောက်)(၄၄)ရပ်ကွက် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၉၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | မြေ | လှည်းကူးမြို့နယ်၊ ငါးဆူတောင်ရွာအနီး | ၁၅ ဧက | ရော်ဘာပျိုးပင်စိုက်ခင်းမြေ | ၂၅၀၀ သိန်း | အမြန်လမ်းမနီး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၈။ | တိုက်ခန်း | လှိုင်မြို့နယ်၊ ရွာမကျောင်းလမ်း | ၈၅၀ စတုန်းပေ | (ပ) ထပ်ပြင်ဆင်ပြီး | ၇၅၀ သိန်း | အသင့်နေ | |
| ၉။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက် မယ်ညိုလမ်း | ၁၅၀၀စတုရန်းပေ | BN (၁)ထပ် | ၂၃၅၀ သိန်း | လမ်းသန့်၊ ရပ်ကွက်သန့်၊ မြေပိုပါရှိ | ၀၉/၅၁/၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဗစ်) (၂၀၁၂) | ယာယီ | ၁၂၈ သိန်း | 1.3 စီစီ |
| ၂။ | တိုယိုတာ(ဘယ်လ်တာ)(၂၀၁၀) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | ကာလ်ဒီးနား (၂၀၀၃) | ယာယီ | ၁၉၅ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | မတ်(ခ်)အိပ်စ် (၂၀၀၄) | ယာယီ | ၂၅၅ သိန်း | 3.0 ဓာတ်ဆီ |
| ၆။ | တိုယိုတာ/ခရောင်း (၂၀၀၄) | ယာယီ | ၂၅၅ သိန်း | 3.0 ဓာတ်ဆီ |
| ၇။ | ပရိုဘောက် (၂၀၁၀) | 6I | ၁၁၀ သိန်း | 1.5 ဓာတ်ဆီ |
| ၈။ | ဟာရီယာ (၂၀၀၄) | ယာယီ | ၃၄၅ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | အာပီအာ (၂၀၁၀) | ယာယီ | ၂၆၅ သိန်း | 1.8 ဓာတ်ဆီ |
| ၁၀။ | အပ်ကား(မီနီ) | - | ၅၆ သိန်း | |

သင့်ကျန်းမာရေး

# ဝမ်းချုပ်ခြင်းကို သက်သာ စေမယ့် ဓာတ်စာများ

ဒေါက်တာလွင်သန့်

ဝမ်းချုပ်ခြင်းဟာ လူအများစုဖြစ်တတ်တဲ့ ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်တယ်။ အကြောင်းရင်းတွေကတော့ အမျှင်ဓာတ်နည်းခြင်း၊ ရေသောက်နည်းခြင်း၊ ဆေးဝါးများသုံးစွဲခြင်းတို့ကြောင့် ဖြစ်နိုင်တယ်။ ဆေးမကူရတဲ့ သဘာဝနည်းလမ်းများက သာဝမ်းချုပ်ခြင်းသက်သာအောင် ဆောင်ရွက်လာနိုင်မှာဖြစ်ပါ တယ်။

**(၁) သံလွင်ဆီ-** သံလွင်ဆီက ဝမ်းချုပ်ခြင်းကို သက်သာစေတယ်။ အစာချေဖျက်မှုစနစ်မြင့်တင်နိုင်တာကြောင့်နံနက်တိုင်း သံလွင်ဆီ တစ်ဇွန်းသောက်ပေးရမယ်။ အစားအစာမစားရသေးခင် သောက်သုံးလျှင် ပိုထိရောက်မှုရှိစေတယ်။ အရသာပိုကောင်းစေဖို့ရှောက်သီးညှစ်ပြီး သောက်သုံးနိုင်တယ်။ ရှောက်သီးကလည်း ဝမ်းချုပ်ခြင်းကို သက်သာစေတယ်။

**(၂) ရှောက်သီး-** လတ်ဆတ်တဲ့ရှောက်သီးတစ်လုံးက အစာအိမ် ကို အကျိုးပြုစေနိုင်တယ်ဆိုတာ သိရမယ်။ ရှောက်သီးမှာပါတဲ့ ဆစ်ထရစ်အက်ဆစ်ဟာ အစာချေဖျက်မှုစနစ်ကို လှုံ့ဆော်ပေးတယ်။ ဝမ်းတွင်း အပူအပုပ်များ၊ မချေဖျက်နိုင်တဲ့အစာများကို ကူညီရှင်းထုတ်နိုင်ပါတယ်။ ရေနွေးတစ်ခွက်ထဲကို ရှောက်သီးတစ်စိတ်ခန့်ညှစ်ထည့်ပြီး သောက်သုံးနိုင်ပါတယ်။

**(၃) တစ်ခါတစ်ရံကော်ဖီကမိတ်ဆွေကောင်းဖြစ်နေတယ်။** ကော်ဖီရဲ့ မွှေးပျံ့တဲ့ရနံ့ကဖင်းဓာတ်က အစာချေဖျက်ခြင်းကိုကူညီပေးတယ်။ တစ်ခွက်မှနှစ်ခွက်သောက်ရင် ဆေးဖြစ်ပြီး၊ များရင်ဘေးဖြစ်စေပါတယ်။

**(၄) ပုံမှန်အားကစား-** ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များ ချောမွေ့လည်ပတ်နိုင်အောင်ကူညီပေးတယ်။ နေ့စဉ်နာရီဝက်ကနေ၊ တစ်နာရီထိ(ရွရွပြေး၊ စက်ဘီးစီး၊ လမ်းလျှောက်နှင့်ရေကူးခြင်း) ဆောင်ရွက်နိုင်တယ်။ လေ့ကျင့်ခန်းလုပ်ခြင်းဟာ ဝမ်းချုပ်ခြင်းနဲ့ ဆက်စပ်မှုရှိ၊ မရှိ၊ သုတေသနမလုပ်သေးပေမယ့်၊ အူမကြီးရဲ့ ကြွက်သားကိုပြေလျော့စေလို့ ဝမ်းမှန်စေတယ်။ အစာစားပြီး တစ်နာရီကျော်ကြာမှ လေ့ကျင့်ခန်းလုပ်သင့်တယ်။

**(၅) ဟင်းသီးဟင်းရွက်-** ဖိုင်ဘာအမျှင်ဓာတ်ပါတဲ့ ဟင်းသီးဟင်းရွက် များများစားပေးရမယ်။ အမျှင်ဓာတ်က ဝမ်းတွင်းမှာရှိတဲ့ စွန့်ထုတ်ပစ္စည်းများ ပျော့သွားနူးသွားစေတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့ အစားအစာတွေက ပဲအမျိုးမျိုး၊ တရုတ်ဆီးသီး၊ ဂျုံကြမ်းပေါင်မုန့်၊ ဘယ်ရီသီး၊ ပန်းဂေါ်ဖီစိမ်း၊ ဆီးသီး၊ သစ်တော်သီး၊ ပန်းသီး၊ သစ်စေ့၊ အာလူးစတာတွေပါဝင်တယ်။

**(၆) ရှားစောင်းလက်ပတ်-** ရှားစောင်းလက်ပတ်ဟာ အသားအရေလှပဖို့ တစ်ခုတည်းမဟုတ်ဘူး။ ဝမ်းတွင်းအစာ လှည့်ပတ်မှုကိုကောင်းစေတယ်။ ရှားစောင်းလက်ပတ်ကနေ ချက်ချင်းရယူထားတဲ့အနှစ်က အကောင်းဆုံးဖြစ်တယ်။ ထိုအနှစ်ကိုပြုပြင်ထားတဲ့ ရှားစောင်းလက်ပတ်ဖျော်ရည်ကို နှစ်ဇွန်းထက်ပိုပြီး မသုံးသင့်ပါဘူး။ သစ်သီးဖျော်ရည်ထဲမှာ သန့်ရှင်းတဲ့ ရှားစောင်းလက်ပတ်အနှစ်နှစ်ဇွန်းရောစပ်ပြီး နံနက်တိုင်း သောက်သုံးသင့်တယ်။ (သို့) ပြုပြင်ပြီးသား ရှားစောင်းလက်ပတ်ဖျော်ရည်တစ်ခွက်သောက်သင့်ပါတယ်။

**(၇) မန်ကျည်းဖျော်ရည်-** မန်ကျည်းဖျော်ရည်ဟာမြန်မာလူမျိုးများအကြိုက်ဖြစ်ပါတယ်။ မန်ကျည်းသီးအမှည့်ကိုရေစိမ်ထားပြီး၊ ထန်းလျက်နဲ့ဖျော်နံနက်စောစော သောက်ပေးခြင်းက ဝမ်းမှန်စေပြီး၊ ဝက်ခြံ၊ မွေးကျွတ်နာတို့ပျောက်စေတယ်။ မန်ကျည်းသီးမှည့်၊ ထန်းလျက်သုံးခဲ၊ ဆားအသင့်တင့်နဲ့ တစ်ညလုံး ရေစိမ်ထားပြီး၊ မိုးလင်းခါနီးဖျော်ပြီး သောက်ပေးခြင်းက ပုံမှန်ဝမ်းသွားမှုဖြစ်စေပါတယ်။

**(၈) ငှက်ပျောသီး-** ဖီးကြမ်းငှက်ပျောသီး နေ့စဉ်သုံးလုံးစားပေးရင် ဝမ်းတွင်းအစာ ကြေညက်လွယ်ပြီး၊ ဝမ်းမှန်စေပါတယ်။ အနီးအနားမှာ ဖီးကြမ်းငှက်ပျောသီးဆောင်ထားရမယ်။

# တရုတ်နိုင်ငံတွင် အွန်လိုင်းမှ ကျန်းမာရေးဝန်ဆောင်မှုဈေးကွက် ကျယ်ပြန့်လာ

တရုတ်နိုင်ငံတွင် အွန်လိုင်းမှ ဝန်ဆောင်မှုပေးနေသည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုင်ရာဈေးကွက်သည် တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်ကျယ် ပြန့်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။

အွန်လိုင်းအခြေပြု ကျန်းမာရေး ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဈေးကွက်သည် ပြီးခဲ့သည့်နှစ်က ယွမ် ၁၀ ဒသမ ၉ ဘီလီယံသာရှိခဲ့သော်လည်း ယခုနှစ်တွင်မူ ၁၇ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း၊ အဆိုပါပမာဏသည် တရုတ်နိုင်ငံတွင်အွန်လိုင်းဈေးကွက်ကျယ်ပြန့်လာသည်ကို ပြသခြင်းပင်ဖြစ်ကြောင်း iResearch ၏ လေ့လာဆန်းစစ်ချက်အရ သိရသည်။

တရုတ်နိုင်ငံ၏မြို့ကြီးများဖြစ်သည့် ပေကျင်း၊ ရှန်ဟိုင်းနှင့် Guangzhou မြို့တို့တွင် အတွေ့အကြုံရှိပြီး နာမည်ကျော်ကြားသည့်ဆရာဝန်များထံတွင် လူနာများ တန်းစီတိုးနေရသဖြင့်တရုတ်နိုင်ငံသားများသည် အွန်လိုင်းမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုအားကိုးအားထား ပြုလာကြခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံတွင် ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် နာမည်ကြီးကုမ္ပဏီ များဖြစ်သည့် Spring Rain နှင့် Kingdee ကုမ္ပဏီတို့သည် M-Health ဟု ခေါင်းစဉ်တပ်ကာ အွန်လိုင်းပေါ်မှနေ၍ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများကို လုပ်ဆောင်လျက်ရှိ သည်ဟု ဆိုသည်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ တစ်နှစ်အတွင်းမှာ လူနာပေါင်း သန်း ၁၀၀ ကျော်လောက်ကို အွန်လိုင်းကနေ ဝန်ဆောင်မှုပေးပြီးပါပြီ။ နောက်ထပ် လက်ခံထားတဲ့သူပေါင်း ၁ ဒသမ ၃ သန်း လောက်ရှိနေပါသေးတယ်။ ဒ့ါအပြင် အစားထိုး လူနာဈေးကွက်မှာလည်း လူနာပေါင်း ၂ ဒသမ ၅ သန်းကျော် လောက်ရှိနေပါတယ်"ဟု Kingdee Healthcare and Medical Software Technology Co., Ltd. မှ အထွေထွေမန်နေဂျာ ချန်ဒါကင်က ပြောကြားခဲ့သည်။

ထို့ပြင် အွန်လိုင်းမှ ကျန်းမာရေး ဆိုင်ရာပြုစုစောင့်ရှောက်မှုလုပ်ငန်းများသည် ဝန်ဆောင်မှုကောင်းခြင်း၊ ပိုမို အဆင်ပြေခြင်းတို့ကြောင့် ဈေးကွက်တွင်ကျယ်လာပြီး ထင်ရှားကျော်ကြားသည့်လုပ်ငန်းတစ်ခုဖြစ်လာကြောင်း Spring Rain ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဇန်ရှူးက ပြောကြားခဲ့သည်။

**မယ်သီတာ**

# ဆီရာလီယွန်နိုင်ငံ အီဘိုလာကင်းစင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထုတ်ပြန်ကြေညာ

ဆီရာလီယွန်နိုင်ငံကို အီဘိုလာ ကင်းစင်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ ဆီရာလီယွန်နိုင်ငံမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ အန်ဒရာနေဘ့သ်စထရောင်းက ဆီရာလီယွန်နိုင်ငံသည် အီဘိုလာကင်းစင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

အနောက်အာဖရိကနိုင်ငံများကို အီဘိုလာရောဂါကင်းစင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ၄၂ ရက်အကြာတွင် ဆီရာလီယွန်နိုင်ငံအား ယခုကဲ့သို့ ထုတ်ပြန်ကြေညာပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါအီဘိုလာကင်းစင်ကြောင်း ကြေညာချက်ကို ဆီရာလီယွန်နိုင်ငံ ဖရီတောင်းမြို့ရှိ တရုတ်နိုင်ငံကတည်ဆောက်ပေးခဲ့သည့် ဘင်တုမာနီညီလာခံစင်တာတွင် နေဘ့သ်စထရောင်းက ကြေညာပေးခဲ့ခြင်းဖြစ်သည်။

"ဒီအီဘိုလာသမိုင်းဟာ ဆီရာလီယွန်နိုင်ငံအတွက်ရော ကမ္ဘာကြီးတစ်ခုလုံးအတွက်ပါသမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။ အီဘိုလာရောဂါကင်းစင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့်မူ ကူညီထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်ပေးသွားဦးမှာဖြစ်ကြောင်း၊ ကူးစက်ရောဂါပိုးများ ထပ်မံဖြစ်ပေါ်လာ ခြင်းမရှိစေရန် ကူညီမှုများပြုလုပ်ပေးသွားဦးမှာဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ဆီရာလီယွန်သမ္မတ ကိုရိုမာက အီဘိုလာဗိုင်းရပ်စ်ကြောင့်အသက်ဆုံးရှုံးခဲ့ရသည့် ပြည်သူများကို အောက်မေ့သည့်အနေဖြင့် နိုဝင်ဘာ ၂၁ရက်တွင် အောက်မေ့ဖွယ်အခမ်းအနားတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုဝင်ဘာ ၁၈ ရက်ကိုလည်း အီဘိုလာဗိုင်းရပ်စ်ရောဂါနှိမ်နင်းရေးတွင် ပါဝင်လုပ်ဆောင်ပေးခဲ့သည့် ဝန်ထမ်းများ၊ အလုပ်သမားများကို ဂုဏ်ပြုသည့်နေ့အဖြစ်သတ်မှတ်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အီဘိုလာကပ်ရောဂါဆိုးကြီးကို အောင်နိုင်ခဲ့တာဟာ လူမှုအဖွဲ့အစည်းတွေအားလုံး ပါဝင်ဆောင်ရွက်ခဲ့ကြလို့ပါ။ နိုင်ငံတကာက ဝိုင်းဝန်းကူညီပေးခဲ့ ကြတဲ့သူတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ဆေးရုံတွေ၊ ဓာတ်ခွဲခန်းတွေ၊ အရေးပေါ်ဌာနတွေကိုလည်း ကူးစက်ရောဂါတွေ လုံးဝမဝင်ရောက်နိုင် အောင် ပြုလုပ်ထားဖို့ ညွှန်ကြားထားပါ တယ်။ ကူးစက်ရောဂါတွေ ဝင်ရောက်မလာနိုင်အောင် ကြိုတင်ကာကွယ်ရေးတွေ လုပ်ဆောင်ကြဖို့လည်း တိုက်တွန်းထားပါတယ်"ဟု သမ္မတကိုရိုမာက ပြောကြားခဲ့သည်။

ဆီရာလီယွန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ မေလ ၂၅ ရက်နေ့က ဖြစ်ပွားခဲ့သည့်အီဘိုလာဗိုင်းရပ်စ်ပိုးသည် အနောက်အာဖရိကနိုင်ငံတစ်ဝန်းသို့ကူးစက်ခဲ့ပြီး ကပ်ရောဂါအသွင်သို့ ရောက်ရှိခဲ့သည်။ အမေရိက၊ ဥရောပနှင့် အာရှတိုက်သို့လည်း ကူးစက်လာသဖြင့် ကမ္ဘာတစ်ဝန်းလုံးက စောင့်ကြည့်ခဲ့ရသည်အထိ ပြင်းထန်ခဲ့သည်။ အဆိုပါကူးစက်ရောဂါပိုးကြောင့် ဆီရာလီယွန်နိုင်ငံတွင် လူပေါင်း ၄၀၀၀ နီးပါး သေဆုံးခဲ့ရသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် အီဘိုလာရောဂါဖြစ်ပွားသူပေါင်း ၂၈၅၇၅ ဦးရှိ ရာ ၁၁၃၁၃ ဦး သေဆုံးခဲ့ရသည်။

**မယ်သီတာ**

# အမေရိကန်နိုင်ငံတွင် လူလတ်ပိုင်း အရွယ်သေဆုံးမှု ပိုမိုများပြားလာ

အမေရိကန်နိုင်ငံတွင်လူလတ်ပိုင်း အရွယ်သေဆုံးမှုနှုန်းမှာ တစ်နေ့တခြား ပိုမိုများပြားလာကြောင်း၊ အဆိုပါ သေဆုံးမှုအရေအတွက်တွင် အမေရိကန်နိုင်ငံသား လူမည်းအရေအတွက်ထက် လူဖြူများက ပိုမိုများပြားကြောင်းကိုလည်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါစစ်တမ်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အသက် ၄၅ နှစ်မှ ၅၄ နှစ်ကြားရှိ အမျိုးသား/အမျိုးသမီးများကို စစ်တမ်းကောက်ယူထားခြင်းဖြစ်သည်။

အဆိုပါစစ်တမ်းအရ ထိုအသက်အရွယ်အတွင်းရှိသည့် အမေရိကန်နိုင်ငံသား လူဖြူများသည် မူးယစ်ဆေး အလွန်အကျွံသုံးစွဲခြင်း၊ ကိုယ့်ကိုယ်ကို သတ်သေခြင်းတို့ကြောင့် သေဆုံးမှုနှုန်း ပိုမိုများပြားလာခြင်းဖြစ်သည်ဟုဆိုသည်။

"ဒီဖြစ်ရပ်တွေဟာ ချမ်းသာတဲ့နိုင်ငံတွေမှာသာ ဖြစ်ပွားနေကြတာပါ"လို့ ပရင့်စတန်တက္ကသိုလ်မှ ပါမောက္ခ အန်ဂတ်စ်ဒါတန်က ပြောကြားခဲ့သည်။ပါမောက္ခဒါတန်နှင့် ၎င်း၏ဇနီးဖြစ်သူ အန်နီကေ့စ်တို့သည် အဆိုပါစစ်တမ်းကို ကောက်ယူသည့်အဖွဲ့ကို ဦးဆောင်သူများဖြစ်သည်ဟု ဆိုသည်။

စစ်တမ်းကောက်ယူပြီးသည့် ရလဒ်များအရ အမေရိကန်နိုင်ငံတွင် လူလတ်ပိုင်းအရွယ်သေဆုံးမှုများ တစ်နေ့တခြား ပိုမိုမြင့်တက်နေသည်မှာ စိုးရိမ်စရာပင်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရမည့်ကိစ္စရပ်များထက် သက်လတ်ပိုင်း သေဆုံးမှုများပြားနေခြင်းကို ဂရုစိုက်၍ ဖြေရှင်းရန်လိုကြောင်းဖြင့် ကေ့စ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၆-၁၁-၂၀၁၅ မှ ၂၂-၁၁-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ကံအကျိုးပေးကောင်းနေပြီး အရှိန်အဝါဂုဏ်သိက္ခာတိုးတက်မှုရှိမည်။ လက်ရှိအကျိုးပေးသောလုပ်ငန်းများမှာ နိုင်ငံရေးပြုလုပ်သူများ၊ စာပေနှင့်ပတ်သက်သောလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ လုပ်ငန်းများ အဆင်ပြေမည်။ အချစ်ရေးနှင့်ပတ်သက်၍ ရှေ့တိုး နောက်ဆုတ်ရ အခက်တွေ့ရမည်။ မေတ္တာတရားကြီးမားတတ်သောကြောင့် မပြတ်သားတတ်ပါ။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဂရုစိုက်ရမည့်ကာလဖြစ်နေသည်။ အထူးသဖြင့် လေရောဂါ၊ နှလုံးရောဂါရှိသူများ အထူးဂရုစိုက်သင့်ပါသည်။

**ယတြာ။ ။ကြက်သွေးရောင်ကာလာကိုဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** ကိုယ့်အားကိုယ်ကိုးပြီး လုပ်ဆောင်တတ်သော သဘောရှိနေလိမ့်မည်။ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အကျိုးပေးကောင်းလာတတ်သည့် အချိန်ဖြစ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိနှင့်ပတ်သက်သောရောဂါများ၊ မကြာခဏ ဖြစ်ပွားတတ်သည်။ အချစ်ရေးနှင့်ပတ်သက်ပြီး ကံကောင်းတတ်ပါသည်။ အသိုင်းအဝိုင်း၊ ဆွေမျိုးနီးစပ်တော်သူနှင့် ချစ်သူဖြစ်ရတတ်သည်။

**ယတြာ။ ။အပြာရောင်ဖျော့ကိုဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** မာန်မာနကြီးပြီး အေးဆေးတည်ငြိမ်စွာနေထိုင်တတ်သည်။ မိတ်ဆွေအပေါင်းအသင်းအပေါ် ကတိတည်ကြည်မည်။ စီးပွားရေးလုပ်ငန်းများတွင် စိုက်ပျိုးရေးကို စိတ်ပါဝင်စား နေရတတ်သည်။ ဆက်သွယ်ရေးလုပ်ငန်း၊ စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးပေးအားကောင်းလာတတ်ပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အဖျားရောဂါအညောင်းမိရောဂါ၊ ဆီးချိုရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးနှင့်ပတ်သက်၍ စိတ်ကူးယဉ်မှုများနေမည်။ အိမ်ထောင်ရေးတွင် အထင်လွဲ မှားမှုများရှိနေတတ်ပါသည်။

**ယတြာ။ ။အနီရင့်ရောင် အသုံးပြုပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများအောင်မြင်၍ ဝင်ငွေများ တိုးတက်မှုရှိမည်။ ကုန်ရောင်းဝယ်ရေးလုပ်ငန်း၊ ပွဲရုံလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်းများ အကျိုးဖြစ်ထွန်းခြင်းရှိနေ တတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သွေးတိုးရောဂါ၊ ဖျဉ်းစွဲရောဂါများဖြစ်ပွားတတ်သည်။ အချစ်ရေးနှင့်ပတ်သက်ပြီး ချစ်သူဝိုင်းဝိုင်းလည်နေတတ်သည်။ မိမိအပေါ် နားလည်ခွင့်လွှတ်နိုင်သော အိမ်ထောင်ဖက်ကို ရရှိတတ်ပါသည်။ **ယတြာ။ ။အစိမ်းရောင်ကိုအသုံးပြုပါ။**




**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် စာပေနှင့်ပတ်သက်သော အလုပ်အကိုင်များလုပ်ကိုင်လျှင် နာမည် ကျော်ဇောမည်။ လူအများကို အုပ်ချုပ်ရသောလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုအားကောင်းနေတတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သွေးလေနှင့်ပတ်သက်သော ဝေဒနာခံစားရမှုရှိတတ်သည်။ အချစ်ရေးတွင်ဝေးနေ သော ချစ်သူနှင့်ပြန်တွေ့ရတတ်သည်။ မိမိအပေါ် စွဲစွဲမြဲမြဲ ယုံကြည်အားကိုးသူနှင့်လက်ထပ်သင့်သောကာလဖြစ်သည်။

**ယတြာ။ ။ အဝါရောင်နှံ့သာရောင် အသုံးပြုပါ။**



**သောကြာသားသမီးများအတွက်** အစိုးရလုပ်ငန်းနှင့် အကျိုးပေးမည်။ ရာထူးတက်မည်။ နယ်စပ်ဒေသသို့သွားရောက်ရတတ်သည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအနှောင့်အယှက်ကြန့်ကြာမှုများမည်။ စီးပွားရေး အတက်အကျရှိမည်။ ကျန်းမာရေးနှင့်ပတ် သက် ပြီး လေ ကြောင့်ဖြစ်သော ဝေဒနာခံစားရလိမ့်မည်။ အချစ်ရေးတွင် ဆန့်ကျင်ဘက်များနှင့် ရောရောနှောနှော နေထိုင်တတ်သောကြောင့် နာမည်ပျက်ကြုံတွေ့ရတတ်ပါသည်။

**ယတြာ။ အပြာဖျော့ရောင်၊ မိုးပြာရောင်ဆောင်ပါ။**



**စနေသားသမီးများအတွက်** အေးအေးဆေးဆေး သည်းခံတတ်သောကြောင့် အမြဲတမ်းအနိုင်ကျင့်ခံနေရသလို ပတ်ဝန်းကျင်၏ ဖိအားပေးမှုကြောင့် အမှားကျူးလွန်တတ်သည့် သဘောရှိလိမ့်မည်။ စီးပွားရေးစပ်တူရှယ်ယာမလုပ်သင့်ပါ။ မိမိကိုယ်တိုင်ဦးဆောင် ရသော အလုပ်ကို လုပ်ကိုင်သင့်ပါသည်။ ဝင်ငွေထွက်ငွေမျှတနေမည်။ ကျန်းမာရေးအနေဖြင့် နှလုံးတုန်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း ဝေဒနာဖြစ်တတ်သည်။ အချစ်ရေးနှင့်ပတ်သက်ပြီး စိတ်ညစ်ညူးရတတ်သည်။ ချစ်သူအပေါ် စိတ်ကုန်နေတတ်ပါသည်။

**ယတြာ။ မီးခိုးရောင်၊ မရမ်းရောင်ဆောင်ပါ။**

# ကျောက်တော်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်တဲ့နေရာမှာ ပြန်လည်စိုက်ပျိုးခဲ့တဲ့ စပါးများအထွက်ကောင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ဇွန်လပထမပတ်မှာ စိုက်ပျိုးခဲ့တဲ့ စပါးများမှာ ဇွန်၊ ဇူလိုင်အတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် မြို့နယ်အတွင်း စပါးစိုက်ဧက ၄၁၂၈၁ ဧကနီးပါး ရေမြုပ်ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း သိရပါတယ်။

သို့သော်ထိုနေရာတွင် ပြန်လည်စိုက်ပျိုးခဲ့သော မိုးစပါးများမှာ ရေကြီးနစ်မြုပ်စဉ်တင်ကျန်ခဲ့သော နုံးတင်မြေနုများကြောင့် စိုက်ပျိုးခဲ့သောစပါးများ အလွန်ကောင်းမွန်နေပြီး ဓါတ်မြေဩဇာသုံးစွဲရန်မလိုဘဲ စပါးပင်များ အလွန် ကောင်းမွန်နေကြောင်း၊ ယခင်နှစ်က တင်း ၄၀ ထွက်တဲ့နေရာမှာ တင်း ၆၀ ထိထွက်နိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရှိရပါတယ်။

**ထွန်းစံ-ကျောက်တော်**

# မုံရွာခရိုင် မိုးများခဲ့လို့ ဆောင်းနှမ်းအထွက်လျော့နိုင်

မုံရွာခရိုင်လေးမြို့နယ်မှာ ယခုနှစ်စိုက်ပျိုးရာသီချိန်အတွင်း နှမ်းမျိုးစုံဧကနှစ်သိန်းကျော် စိုက်ပျိုးခဲ့ကြတဲ့ အနက်ဆောင်းနှမ်းစိုက်ဧက တစ်သိန်းကျော်ရှိခဲ့တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ မိုးနှောင်းကာလ အောက်တိုဘာလ ထဲမှာ နှမ်းအများစုစိုက်ပျိုးခဲ့ကြကာ အချို့ဒေသများမှာ မိုးများခဲ့လို့ အပင်သေကာ အခင်းလိုက်ပျက်စီးမှုရှိခဲ့တယ်လို့ မုံရွာမြို့နယ်နဲ့ ဘုတလင်မြို့နယ်မှ နှမ်းတောင်သူတွေက ဆိုပါတယ်။

ဘုတလင်မြို့နယ်က ကျေးရွာတွေမှာတော့ မိုးကြောင့်အပင်ဖြစ်ထွန်းမှု ကောင်းမွန်ပေမယ့် အသီးထွက်နှုန်း နည်းလို့ နှမ်းအထွက်လျော့နိုင်တယ်လို့ဆိုပါတယ်။

အုတ်ဖို၊ ကွမ်းအုံ၊ ရဲထွက် စတဲ့ ဘုတလင်နယ်က နှမ်းတောင်သူတွေက ဒီနှစ်ဆောင်းနှမ်း တစ်ဧက ၅တင်းခန့်သာ ရနိုင်မယ်လို့ဆိုသလို၊ ဒါန်းတိုင်ကျေးရွာက နှမ်းတောင်သူတွေကတော့ မိုးမကြောက်တဲ့ဒေသအခေါ် “ရေငုပ်နှမ်း”မျိုးတွေဖြစ်လို့ မိုးများခဲ့ပေမယ့် တစ်ဧက ၁၀တင်းကျော် ထွက်နိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

ချောင်းဦးမြို့နယ် တမာမြိုင်အုပ်စု တောင်သူကြီးတွေကတော့ ယခုနှစ် ဆောင်းနှမ်းစိုက်ပြီးချိန် မိုးများခဲ့ လို့ အထွက်လျော့နိုင်ပေမယ့် တစ်ဧက ရှစ်တင်းနီးပါးရနိုင်တယ်လို့ဆိုပါတယ်။ မုံရွာနယ်က ဆောင်းနှမ်းတောင်သူ အချို့က မိုးကြောင့်ပျက်သွားတဲ့ နှမ်းခင်းကိုဖျက်ပြီး ဆောင်းပဲတွေဖြစ်ကြတဲ့ ကုလားပဲနဲ့ စွန်တာနီအစားထိုး စိုက်ခဲ့ကြတယ်လို့ဆိုပါတယ်။

မုံရွာခရိုင်ရဲ့ ဒေသခံနှမ်းတောင်သူအများစုက အထွက်နှုန်း နည်းရင်တောင် အရှုံးမရှိစေမယ့်နှမ်းဖြူကို အများဆုံး စိုက်ပျိုးကြပြီး မြေကောင်းတဲ့ဒေသတွေကတော့ ဈေးအမြင့်ဆုံးရနိုင်တဲ့ နှမ်းနက်ကို ရွေးချယ်စိုက်ပျိုးကြတယ်လို့ သိရပါတယ်။

နှမ်းဈေးကွက်အနေနဲ့ ပြီးခဲ့တဲ့နှစ် ဆောင်းနှမ်းပေါ်ချိန်မှာ နှမ်းညိုတစ်တင်း ၂၈၀၀၀ ကျပ် မှ ၃၀၀၀၀ ကျပ် နှမ်းဖြူ တစ်တင်း ၃၂၀၀၀ ကျပ် မှ ၃၄၀၀၀ ကျပ် အကြားဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှာ တော့ နှမ်းညိုတစ်တင်း ၂၈၃၀၀ ကျပ်နဲ့ နှမ်းဖြူတစ်တင်း ၃၅၅၀၀ ကျပ် အောက်ဈေးဖြစ်ပေါ်နေလို့ လာမယ့်ဒီဇင်ဘာလဆန်း ဆောင်းနှမ်းပေါ်ချိန်မှာ ဒိုင်ကို အဝင်လျော့နိုင်တဲ့အတွက် ဈေးမာနိုင်ဖွယ်ရှိတယ်လို့ တောင်သူနဲ့ ကုန်သည်တွေရဲ့ သုံးသပ်ခန့်မှန်းချက်ကို လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် -မုံရွာ**



# အဆင့်မြင့်လုပ်ငန်း အတွေ့အကြုံများအတွက် ရန်ကုန်တွင် အခြေချနေထိုင်သည့်လူငယ် ပိုမိုများပြားလာ

မြန်မာနိုင်ငံအတွင်းရှိ လူငယ်အများစုသည် ပညာသင်ရင်းမြို့ကြီးများတွင် အချိန်ပိုင်းအလုပ်အကိုင်များ လုပ်ကိုင်လာကြသည်ကိုတွေ့ရှိရသည်။ အချိန်ပိုင်းအလုပ်အကိုင်များသာမက လက်ရှိအချိန်တွင် အချိန်ပြည့်အလုပ် အကိုင်နှင့်တွဲ၍ ရုံးချိန်လွတ်သင်တန်းများကိုပါ တက်ရောက်လာကြောင်းတွေ့ရှိရသည်။

နယ်မြို့များမှရန်ကုန်မြို့သို့ ရောက်ရှိလာကာ ပညာရေးလေ့လာသူများသည် ယခုနှစ်တွင် ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်းကို တွေ့ရှိရသည်။ မြန်မာပြည်တွင်း အဆင့်မြင့်ပညာရေးနှင့် ကိုက်ညီသူများ၊ အဆင့်မြင့်ပညာဘွဲ့လွန်များအတွက် အလုပ်အကိုင်များသည် မြန်မာပြည်၏ မြို့ကြီးဖြစ်သော ရန်ကုန်မြို့၌သာ ပိုမိုလုပ်ကိုင်လာကြောင်းကိုလည်း အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်ဖြစ်သော www.ads.com.mm က သတင်းထုတ်ပြန်သည်။

မြန်မာပြည်လူငယ်အများစုက သူတို့နယ်မြို့ကနေ နိုင်ငံတကာနဲ့အလွယ်တကူ ရင်ဘောင်တန်းနိုင်တဲ့ အလုပ်ခွင်မျိုးကို မရရှိနိုင်ဘူး။ ဒါကြောင့် ရန်ကုန် မြို့ကို တက်လာပြီး သူတို့နဲ့သင့်တော် မယ့် အလုပ်အကိုင်ကို ပိုမိုရှာဖွေလာတာကိုတွေ့မြင်လာရတယ်။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုတွေအနေနဲ့လည်း ရန်ကုန်မြို့မှာပဲလုပ်ဆောင်နေတာကိုတွေ့ရတဲ့အတွက် အလုပ်အကိုင်ကလည်း ရန်ကုန်မြို့ပေါ်မှာ ပိုများလာတဲ့အတွက် လူတိုင်းက ရန်ကုန်မှာ အလုပ်အကိုင်ကို လွယ်လင့်တကူ ရှာဖွေနိုင်တယ်လေ။ ကိုယ်လိုချင်တဲ့အလုပ်အကိုင်မျိုးကို မရနိုင်သေးရင်လည်း ကိုယ်လိုချင်တဲ့သင်တန်းကိုလည်း အလွယ်တကူ တက်ရောက်နိုင်ပြီး အရည်အသွေးပြည့်ဝတဲ့အချိန် အလွယ်တကူ ကူးပြောင်းလို့ အဆင်ပြေလာတယ်။ တခြားအခွင့်အလမ်းပေါင်း မြောက်မြားစွာရရှိလို့ ရန်ကုန်မြို့က အလုပ်အကိုင်တွေကို လူငယ်တွေ ပိုပြီး စိတ်ဝင်စားတာကိုတွေ့ရပါတယ်”ဟု www.ads.com.mm ၏ Head Of Public Relations ဖြစ်သူ Mr. Elijah Htang က ပြောကြားခဲ့သည်။

မြန်မာပြည်၏လက်ရှိအလုပ်အကိုင်ရှာဖွေရေးတွင် လူငယ်အများစုသည် အွန်လိုင်းပေါ်မှတစ်ဆင့် အလုပ်အကိုင်များကို ပိုမိုရှာဖွေလာကြောင်းတွေ့ရှိ ရလေသည်။ လက်ရှိမြန်မာပြည်တွင်း လူငယ်အများစု သဘောကျနှစ်သက်သည့်လုပ်ငန်းများမှာ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ(Marketing)၊ အရောင်းပိုင်းဆိုင်ရာ(Sales )နှင့် စာရင်းကိုင်ပညာ(Accountant)ကို ပိုမိုစိတ်ဝင်စားမှု မြင့်တက်နေကြောင်း တွေ့ရှိရသည်။ Public Relations လုပ်ငန်းများနှင့် Communications Officer များကိုမူ နိုင်ငံခြားကုမ္ပဏီများမှသာ ခေါ်ယူအသုံးပြုထားကြောင်း တွေ့ရှိရသည်။



# မြို့ကြီးများ၏ ၁၆-၁၁-၂၀၁၅ မှ ၂၀-၁၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၆-၁၁-၂၀၁၅) | အင်္ဂါ(၁၇-၁၁-၂၀၁၅) | ဗုဒ္ဓဟူး(၁၈-၁၁-၂၀၁၅) | ကြာသပတေး(၁၉-၁၁-၂၀၁၅) | သောကြာ(၂၀-၁၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F |
| မန္တလေးမြို့ | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F |
| မြစ်ကြီးနား | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၉˚C/၈၄˚F | ၂၀% ၂၇˚C/၈၀˚F | နေသာ ၂၉˚C/၈၄˚F |
| လားရှိုး | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F | တိမ်အသင့်အတင့် ၂၄˚C/၇၆˚F | နေသာ ၂၄˚C/၇၆˚F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၇˚C/၈၀˚F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F | ၂၀% ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၂˚F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၂˚C/၇၁˚F | တိမ်အသင့်အတင့် ၂၁˚C/၇၀˚F | နေသာ ၂၃˚C/၇၃˚F | နေသာ ၂၁˚C/၇၀˚F | နေသာ ၂၁˚C/၇၀˚F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၂˚F | ၅၀% ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F |
| ဘားအံ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၃˚F | ၆၀% ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F |
| မုံရွာ | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၉˚C/၈၅˚F |
| ပုသိမ် | ၄၀% ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| မြိတ် | ၈၀% ၃၂˚C/၉၀˚F | ၄၀% ၃၂˚C/၉၁˚F | ၅၀% ၃၃˚C/၉၂˚F | ၈၀% ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F |
| စစ်တွေ | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၀˚C/၈၆˚F |
| မကွေး | ၈၀% ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | ၄၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၉၀˚F | ၄၀% ၃၃˚C/၉၁˚F |
| ဖလမ်း | နေသာ ၂၁˚C/၇၀˚F | နေသာ ၂၁˚C/၆၉˚F | ၂၀% ၁၉˚C/၆၆˚F | ၅၀% ၁၉˚C/၆၆˚F | နေသာ ၂၀˚C/၆၈˚F |

## အိန္ဒိယနိုင်ငံ တမီလ်နာဒူးမြို့တွင် မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း

အိန္ဒိယနိုင်ငံ တမီလ်နာဒူးလ်မြို့တွင် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် ဖြစ်ပေါ်လာခဲ့သည့် မုန်တိုင်းငယ်တစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းငယ်သည် ချင်းနိုင်မြို့မှတစ်ဆင့်ဖြတ်သန်းတိုက်ခတ်လာခြင်းဖြစ်ရာ ချင်းနိုင်မြို့တွင်လည်း မိုးသည်းထန်းစွာရွာသွန်းခဲ့ပြီး လေပြင်းများ တိုက်ခတ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် တမီလ်နာဒူး၊ ချင်းနိုင်၊ ပူဒူချယ်ရီမြို့တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် သီးနှံစိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အဆိုပါမုန်တိုင်းငယ်သည် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ကြီးထွားခဲ့ခြင်း မရှိသော်လည်း လေပြင်းများတိုက်ခတ်သဖြင့် သစ်ပင်များကျိုးကျခြင်း၊ နေအိမ်အမိုးများလန်ထွက်ခြင်း စသည့် ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

ယင်းမုန်တိုင်းငယ် တိုက်ခတ်ချိန်သည် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ဒီပါဝလီပွဲတော်ကျင်းပနေသည့်အချိန်နှင့် တိုက်ဆိုင်လျက်ရှိရာ မုန်တိုင်းငယ်၏လမ်းကြောင်းပေါ်ရှိ တမီလ်နာဒူး၊ ချင်းနိုင်နှင့် ပူဒူချယ်ရီမြို့တို့တွင် ပွဲတော်ကို အကျဉ်းချုံး၍သာ ကျင်းပနိုင်ခဲ့ကြောင်း၊ မိုးလေကင်းလွတ်မှသာ ထပ်မံကျင်းပမည်ဖြစ်ကြောင်း တမီလ်နာဒူးမြို့ခံတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းငယ်တိုက်ခတ်ချိန်တွင် အာရေဗျပင်လယ်တွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းသည် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ကာ ယီမင်နိုင်ငံ ဆိုခိုတရာကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ယီမင်နိုင်ငံ ဆိုခိုတရာကျွန်းသို့ တိုက်ခတ်ခဲ့သည့်မုန်တိုင်းငယ်သည် အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန် တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ သဖြင့် ဆိုခိုတရာကျွန်းပေါ်ရှိ လူနေအိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အမေရိကန် မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

**မယ်သီတာ**



## ယီမင်တွင် ဆိုင်ကလုန်းမုန်တိုင်း မာ့ခ်ျ ထပ်မံတိုက်ခတ်

ယီမင်မြို့တွင် နိုဝင်ဘာလ ၈ ရက်က ဆိုင်ကလုန်မုန်တိုင်းမာ့ခ်ျ တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၀ ဦးကျော်ခန့်သေဆုံးပြီး ၂၀ ခန့်ပျောက်ဆုံးနေကြောင်း သတင်းများက ဖော်ပြထားသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မာ့ခ်ျသည် ယီမင်နိုင်ငံ၏မြို့တစ်မြို့ဖြစ်သည့် ဆိုခိုတရာကျွန်းကိုဦးတည်၍ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၉၀ မှ ၁၂၀ အထိ တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့သည်။

မာ့ခ်ျမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆိုခိုတရာကျွန်းပေါ်တွင် နေထိုင်ကြသူများအနက် လူပေါင်း ၁၈၀၀၀ ကျော်မှာ မုန်တိုင်းဒဏ်ကို ခံစားခဲ့ကြရကြောင်း၊ ထို့ပြင် အဆိုပါမုန်တိုင်းဒဏ်ကြောင့် ငါးဖမ်းစက်လှေများ အများအပြား ပျက်စီးခဲ့ကြရပြီး နေအိမ်ပေါင်း ငါးထောင်ခန့်မှာလည်း လုံးဝပျက်စီးခဲ့ရကြောင်း၊ ထို့ပြင် မွေးမြူရေးလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများလည်း ပျက်စီးဆုံးရှုံးခဲ့ရ ကြောင်းဖြင့် ယီမင်နိုင်ငံ လယ်ယာသားငါးဝန်ကြီးဌာနဝန်ကြီး ဖက်ကာဖာယန်က ပြောကြားခဲ့သည်။

မုန်တိုင်း၏ အရှိန်ကြောင့် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ကယ်ဆယ်ရေးတပ်ဖွဲ့များမှ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

ဆိုခိုတရာမြို့သည် ကျွန်းပေါ်တွင် တည်ရှိသည့်မြို့ဖြစ်ပြီး ယီမင်နိုင်ငံ၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၅၀ အကွာတွင် တည်ရှိသည်။

ဆိုခိုတရာမြို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ယခုမုန်တိုင်းသည် ဆိုခိုတရာမြို့ကို ဦးတည်ပြီးတိုက်ခိုက်ခြင်းဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှု ပိုမိုများပြားကြောင်း၊ ယင်းမုန်တိုင်း မာ့ခ်ျသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ကာပါလာထက် အင်အားပိုမိုပြင်းထန်သဖြင့် မုန်တိုင်းဒဏ်ကို ပြည်သူများ ပိုမိုခံစားခဲ့ရပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် အင်အားပြင်းထန်သည့် မုန်တိုင်းမာ့ခ်ျကြောင့် ယီမင်ပင်လယ်ကမ်းခြေတစ်လျှောက်တွင်ရှိသည့် သန္တာကျောက်တန်းများ ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်ကြီးများလည်း အမြစ်မှ ကျွတ်ထွက်ကာ လဲပြိုကျမှုများကြောင့် မြေဆီလွှာပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါ ဆိုခိုတရာကျွန်းကိုဦးတည်၍ ပြီးခဲ့သည့် နိုဝင်ဘာ ၃ရက်ကလည်း ဆိုင်ကလုန်းမုန်တိုင်းကာပါလာ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် တစ်ပတ်အတွင်း မုန်တိုင်းနှစ်လုံးဆက်တိုက် ဝင်ရောက်တိုက်ခတ်ခဲ့သည့်နိုင်ငံအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

Domestic Sport News
Vol: 15, No.44 Monday November 16 2015



## မနောမြေနည်းပြဟောင်း အီမာဆင်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ လက်တွဲ

အရှေ့တီမောအသင်းနည်းပြအဖြစ် အရှေ့တောင်အာရှ ဘောလုံးလောကတွင် နာမည်ကြီးလာသည့် ဘရာဇီးလူမျိုးနည်းပြအီမာဆင်သည် မနောမြေအသင်းနှင့်လမ်းခွဲကာ ရန်ကုန်ယူနိုက်တက်အသင်းနှင့်လက်တွဲရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ မနောမြေနည်းပြဟောင်း အီမာဆင်သည် နိုဝင်ဘာ ၁၁ရက်က ရန်ကုန်ယူနိုက်တက်အသင်းနှင့် တစ်ရာသီစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ နည်းပြသစ် အီမာဆင်က“ရန်ကုန်လိုအသင်းမျိုးနဲ့လက်တွဲရတာ အလွန်ကို ဂုဏ်ယူပါတယ်။ သူတို့ရဲ့ နောက်နှစ်ရည်မှန်းချက်က အာရှအဆင့်ပြိုင်ပွဲတွေမှာ အောင်မြင်မှုရဖို့ပါ။ ဒီအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော်ပြင်ဆင်ဆောင်ရွက်သွားမှာပါ။ လိုအပ်တဲ့ ပြည်ပကစားသမားအသစ်တချို့ကို ထပ်မံခေါ်ယူသွားပါ့မယ်။ နောက်ပြီး လက်ရှိပြည်တွင်းအမှတ်ပေးချန်ပီယံသရဖူကို ကာကွယ်သွားမှာပါ”ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အီမာဆင်သည် ၂၀၁၂ ခုနှစ်တွင် အရှေ့တီမော လက်ရွေးစင်အသင်းကို နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မနောမြေအသင်း၌ နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ အီမာဆင်သည် ၁၉၉၉ ခုနှစ်မှစတင်၍ဘောလုံးနည်းပြလောကကို ဝင်ရောက်ခဲ့ပြီး ဘရာဇီးကလပ်အသင်းများစွာကို နည်းပြအဖြစ် ကိုင်တွယ်ဆောင်ရွက်ခဲ့ဖူးသူတစ်ဦးလည်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းနည်းပြသစ် အီမာဆင်သည် ရန်ကုန်ယူနိုက်တက်အသင်း ပါဝင်ယှဉ်ပြိုင်မည့်မဲခေါင်ဖလားတွင် စတင်တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

## မြန်မာ့လက်ရွေးစင်အသင်း ကူဝိတ်နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို ကစားရန်မလိုဟု ဖီဖာမှအကြောင်းကြား၊ တောင်ကိုရီးယားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်



အာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်မှုကြောင့် ဖီဖာ၏အရေးယူခြင်းကို ခံထားရသည့် ကူဝိတ်အသင်းနှင့် နိုဝင်ဘာ ၁၇ရက်တွင် ကစားရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို ကစားရန်မလိုတော့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

ကူဝိတ်အသင်းသည် မြန်မာအသင်း ပါဝင်လျက်ရှိသည့် ခြေစစ်ပွဲ အုပ်စု(ဆ)တွင် ဒုတိယနေရာ၌ ရပ်တည်နေသည့်အသင်းဖြစ်ပြီး ဖီဖာအနေဖြင့် ကူဝိတ်ဘောလုံးအသင်းကို ခြေစစ်ပွဲမှ ထုတ်ပယ်ခြင်းကိုသာ ပြုလုပ်ထားကာ ခြေစစ်ပွဲ ပွဲစဉ်များအတွင်း ပြိုင်ဘက်အသင်းများနှင့် တွေ့ဆုံခဲ့သည့် ရလဒ်များကို ပယ်ဖျက်မည်လား၊ သို့မဟုတ် မည်သို့ပြုလုပ်မည်ကို သဲကွဲစွာဆုံးဖြတ်ခြင်း မရှိသေးပေ။ မြန်မာနှင့် ကူဝိတ်တို့၏ဒုတိယအကျော့ပွဲကိုလည်း ကစားရန် မလိုတော့ဟုသာ အကြောင်းကြားထားပြီး ထိုပွဲကစားရခြင်း မရှိသည့်အတွက် မြန်မာအသင်းအနေဖြင့် မည်သည့် ရလဒ်မျိုးရရှိမည်ကိုလည်း လက်ရှိတွင် တိတိကျကျ ဆုံးဖြတ်ရခြင်း မရှိသေးဘဲ ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီက ခြေစစ်ပွဲစဉ်များ မပြီးဆုံးမီ ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းသည် လက်ရှိတွင် အုပ်စု စတုတ္ထနေရာ၌ ရမှတ် လေးမှတ်ဖြင့် ရပ်တည်နေပြီး တတိယနေရာမှ လက်ဘနွန်နှင့် သုံးမှတ် ကွာဟနေသည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၂ ရက်က တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့ပြင်မြန်မာအသင်းသည် ကူဝိတ်နှင့်ပွဲကို ကစားရန် မလိုတော့သဖြင့် မတ်လ ၂၉ ရက်မှသာ အုပ်စု နောက်ဆုံးပွဲအဖြစ် လက်ဘနွန်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

## ဘရာဇီးကလပ် ကိုရင်သီယန်တိုက်စစ်မှူး အက်ဒီဆင်ဒေ့ါဆန်းတို့စ်ကို ရန်ကုန်ယူနိုက်တက်အသင်းခေါ်ယူ

ရန်ကုန်ယူနိုက်တက် အသင်းသည် ဘရာဇီးကလပ် ကိုရင်သီယန်အသင်းတွင် တစ်ရာသီကစားခဲ့သည့် ဘရာဇီး တိုက်စစ်မှူး အက်ဒီဆင်ဒေ့ါဆန်းတို့စ်ကို တစ်ရာသီစာချုပ် ချုပ်၍ ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အက်ဒီဆင်ဒေ့ါဆန်းတို့စ်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သည် နိုဝင်ဘာ ၁၁ ရက်က စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဒေ့ါဆန်းတို့စ်သည် XV de Priacicaba အသင်းတွင် ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပွဲပေါင်း ၄၀ အထိ ကစားပေးခဲ့ပြီး ၁၇ ဂိုးသွင်းယူပေးခဲ့သည်။

ထို့ပြင် ၎င်းသည် ၂၀၁၂ ခုနှစ်တွင် ဘရာဇီးကလပ် ကိုရင်သီယန်အသင်းတွင် ၁၁ ပွဲတိတိ ကစားပေးခဲ့သည်။ထို့နောက် ၂၀၁၃ ခုနှစ်တွင် XV de Priacicaba အသင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ၁၇ ပွဲကစားခဲ့ကာ တစ်ဂိုး သွင်းယူပေးခဲ့သည်။

“ရန်ကုန်ယူနိုက်တက်အသင်းဟာ မြန်မာနိုင်ငံမှာ အအောင်မြင်ဆုံးကလပ်ဆိုတာ အေးဂျင့်ပြောထားလို့ သိပါတယ်။ ဘရာဇီးကစားသမားတွေလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်တော် ရန်ကုန်ယူနိုက်တက်ကို ရောက်ရှိခဲ့တာပါ။ ကျွန်တော့်အနေနဲ့ အကောင်းဆုံးခြေစွမ်းပြပြီး အသင်းအတွက် ပေးဆပ်သွားမှာပါ”ဟု ပြောကြားခဲ့သည်။

ယခုအခါတွင် ဒေ့ါဆန်းတို့စ်သည် ရန်ကုန်ယူနိုက်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်လေ့ကျင့်လျက်ရှိပြီး တိုယိုတာမဲခေါင်ဖလားပြိုင်ပွဲတွင်လည်း ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

## ၂၀၁၅ တိုယိုတာမဲခေါင်ဖလားပြိုင်ပွဲအတွက် ရန်ကုန်ယူနိုက်တက်အသင်း လေ့ကျင့်ရေးစတင်ပြုလုပ်



၂၀၁၅ တိုယိုတာမဲခေါင်ချန်ပီယံရှစ်ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် နိုဝင်ဘာ ၁၀ ရက်မှ စတင်ကာအသင်း၏တရားဝင်လေ့ကျင့်ရေးကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လက်ရွေးစင်အသင်းများသို့ ပေးထားရသည့် ကစားသမားများမှလွဲ၍ ကျန်ကစားသမားအစုံအလင်ဖြင့် လေ့ကျင့်ရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး တေဇာအောင်၊ နေဇာလှိုင်၊ ခင်မောင်လွင်၊ လတ်ကိုကိုအေး၊ အောင်မိုး၊ ပြည့်ဖြိုးအောင်၊ ဇော်ဝင်း၊ သီဟထက်အောင်၊ ရန်နိုင်အောင်၊ ဇာနည်ထက်၊ သီဟဇော်၊ ကျော်ထူး၊ ဇွန်မိုးအောင်၊ သန်းထက်အောင်၊ အောင်ကျော်ထွေး၊ ကောင်းဆက်နိုင်တို့ ပါဝင်ခဲ့ပြီး ရန်ကုန်လူငယ်အသင်းမှ ကျော်သူ၊ မင်းကျော်ခန့်၊ ပြည့်ဖြိုးဇော်၊သက်ဇော်ရှိန်း၊ ကျော်ဇင်ဦး၊ ရန်လင်းအောင်၊ သန်းထွဋ်အောင်၊ ဇင်ကိုကိုဝင်းတို့နှင့် ပူးပေါင်းကာ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်အသင်းသည် လက်ရွေးစင်အသင်းသို့ ကျော်ကိုကို၊ ကြည်လင်း၊ ဒေးဗစ်ထန်း၊ ဇော်မင်းထွန်း၊ ရန်အောင်ကျော်၊ ယူ-၂၁ အသင်းသို့ သန်းပိုင်၊ နန်းဝေမင်း၊ စွမ်းထက်အောင်၊ ထူးခန့်လွင်၊ ဝေလင်းအောင်တို့ကို ပေးထားရသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် လာမည့်နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌လာအိုကလပ် လာအိုတိုယိုတာအက်ဖ်စီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ရတနာပုံအသင်း၏ လေ့ကျင့်ရေးအစီအစဉ် ဒီဇင်ဘာလ ၁၄ ရက်တွင် ပြန်လည်စတင်သွားမည်

ရတနာပုံအက်ဖ်စီအသင်း၏ လေ့ကျင့်ရေးအစီအစဉ်များအား လာမည့် ဒီဇင်ဘာ ၁၄ ရက်မှစတင်ကာ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ မသန်စွမ်းလေ့ကျင့်ရေးကွင်းကြီးတွင် ပြန်လည်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရတနာပုံအသင်းမှ ကစားသမားများအား လက်ရွေးစင်အသင်းသို့ စေလွှတ်ထားသည့် ကစားသမား ငါးဦးနှင့် ယူ-၂၁ အသင်းသို့ စေလွှတ်ထားသည့် ကစားသမားနှစ်ဦးမှလွဲ၍ ကျန်ကစားသမားများအား အနားပေးထားကြောင်း သိရသည်။

ရတနာပုံအသင်းသည် 2015 BTV Number-One Cup ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၁ ရက်တွင် ပြန်လည်ရောက်ရှိလာခဲ့သည်။

အဆိုပါဖိတ်ခေါ်ပြိုင်ပွဲအား သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ရတနာပုံအသင်း နည်းပြမစ္စတာရီနီက“ဒီလိုပြိုင်ပွဲအတွေ့အကြုံက လူငယ်ကစားသမားတွေအတွက်လိုအပ်ပါတယ်။ ဒါမှ တကယ့်ပြိုင်ပွဲကြီးတွေမှာ သူတို့အတွက် အတွေ့အကြုံရှိပြီးသားဖြစ်မှာပါ။ ကျွန်တော်တို့အသင်းက လူငယ်ကစားသမားတွေရဲ့ ခြေစွမ်းကို အကောင်းဆုံး သိမြင်ခဲ့ပါတယ်။ ကျေနပ်မှုလည်းရှိခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။

# ဖီဖာဥက္ကဋ္ဌလောင်းအမည်စာရင်းများကို ဖီဖာက ထုတ်ပြန်ကြေညာ

## တောင်အာဖရိကမှ ဥက္ကဋ္ဌလောင်း မူဆာဘီလီတီ အရည်အချင်းစစ်ဆေးရာတွင် ကျရှုံးခဲ့




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် လာမည့် ၂၀၁၆ခုနှစ်အတွင်း ကျင်းပမည့် ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲအတွက် ဥက္ကဋ္ဌလောင်းခြောက်ဦး၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဖီဖာသည် ဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာနှင့် ယူအီးအက်ဖ်အေ ဥက္ကဋ္ဌဟောင်း မီချယ်ပလာတီနီတို့ကို ရက်ပေါင်း ၉၀ အတွင်း ဘောလုံးကိစ္စများတွင် ပါဝင်ပတ်သက်ခြင်းမပြုရန် ဖီဖာစည်းကမ်းထိန်းသိမ်းရေး ကော်မတီက ထုတ်ပြန်ခဲ့သဖြင့်၎င်းတို့နှစ်ဦး အနေဖြင့် ဖီဖာဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းထားခြင်းမှလည်း ပယ်ဖျက်ခြင်းခံခဲ့ရသည်။ သို့သော် ပလာတီနီမှာမူ အဆိုပါ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် လာဘ်စားသည့်အမှု၌ ပါဝင်ပတ်သက်ခြင်းမရှိဟု ဆွစ်ဇာလန်တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အမည်စာရင် တင်သွင်းသူများအနက် တောင်အာဖရိကဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မူဆာဘီလီတီအား ဖီဖာဥက္ကဋ္ဌလောင်း စိစစ်ရွေးချယ်ရေးအဖွဲ့က ၎င်း၏ အရည်အချင်းများအားစစ်ဆေးခဲ့ရာတွင် ကျရှုံးခဲ့သဖြင့် ဥက္ကဋ္ဌလောင်း အမည်စာရင်းမှ ပယ်ဖျက်ခံခဲ့ရသည်။

ဘီလီတီသည်၂၀၁၃ခုနှစ်အတွင်းက တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်မှ အချက်အလက်များကို အသုံးပြုကာ အီဆာအီတို့ချအားဆန့်ကျင်ခဲ့သဖြင့် ဘောလုံးကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်းမပြုရန် ခြောက်လပိတ်ပင်တားမြစ်ခြင်းခံရသဖြင့် ၎င်းအား ဖီဖာဥက္ကဋ္ဌလောင်းအမည်စာရင်းမှ ပယ်ဖျက်ခဲ့ရခြင်းဖြစ်သည်။

အမည်စာရင်း တင်သွင်းသူများအနက် ဆန်ကာတင်ကျန်ရစ်ခဲ့သူ ခြောက်ဦးမှာ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရှိတ်ဆောလ်မန် ဘင်အီဗရာဟင်အယ်လ်ခါလီဖာ၊ ဂျော်ဒန်မင်းသား အလီဘင်အယ်လ်ဟူစိန်၊ ဖီဖာ၏ ဒုတိယအထွေထွေအတွင်းရေးမှူးဟောင်း ပြင်သစ်နိုင်ငံသား ဂျရမ်မီကမ်ပိန်၊ ယူအီးအက်ဖ်အေ၏ အထွေထွေအတွင်းရေးမှူး ဂါနီအီဖန်တီနို၊ တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တိုကျိုဆက်ခ်ဝေးလ်နှင့် ယူအီးအက်ဖ်အေဥက္ကဋ္ဌဟောင်း မီချယ်ပလာတီနီတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါဥက္ကဋ္ဌလောင်း ခြောက်ဦးအနက် ယူအီးအက်ဖ်အေ၏ အထွေထွေအတွင်းရေးမှူး ဂါနီအီဖန်တီနိုမှာ ဖီဖာဥက္ကဋ္ဌသစ်ဖြစ်လာရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

အဆိုပါဖီဖာဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပွဲကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင်ကျင်းပမည်ဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။



# မူးပြီးလဲကျသဖြင့် ဖီဖာဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာ ဆေးရုံတက်ရ

ဖီဖာဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာသည် စိတ်လှုပ်ရှားမှုဖြစ်ကာ မူးမိုက်ပြီး လဲကျခဲ့သဖြင့် ဆေးရုံတင်ပို့ကာ ကုသခဲ့ရကြောင်း သိရသည်။ အသက် ၇၉ နှစ်ရှိ ဆပ်ဘလတ္တာသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကို ၁၈ နှစ်တိုင်အုပ်ချုပ်ခဲ့ပြီး လာဘ်စားမှုတွင် ပါဝင်ပတ်သက်နေသည်ဟုဆိုကာ ရက်ပေါင်း ၉၀ တိတိဖီဖာ၏လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်ခြင်းမပြုရန် ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီက အမိန့်ချမှတ်ခြင်းခံထားရသူဖြစ်သည်။

ဘလတ္တာသည် ဦးနှောက်အနည်းငယ်ထိခိုက်ကာ လဲကျသွားခြင်းဖြစ်ပြီး ပြန်လည်ကောင်းလာရန် မျှော်လင့်ချက်နည်းနေကြောင်း သတင်းများက ဖော်ပြထားသည်။ ၎င်းအား ဆေးစစ်ရာတွင် လာမည့်နိုဝင်ဘာလ ၁၇ ရက်အထိ ဆေးရုံတွင် ဆက်လက်ဆေးကုသမှုခံယူရန် ပြောကြားထားကြောင်း သိရသည်။

လွန်ခဲ့သည့် ငါးရက်ခန့်က ဘလတ္တာ၏ ရှေ့နေဖြစ်သူ ရစ်ချတ်ကူလန်က ဘလတ္တာသည် စိတ်ဖိစီးမှုများ များပြားနေသဖြင့် ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း၊ ၎င်းပြန်လည်ကောင်းလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ရက်အနည်းငယ်အတွင်း နေအိမ်သို့ ပြန်လည်ရောက်ရှိလာနိုင်ပါရန် မျှော်လင့်ပါကြောင်းဖြင့် ဘီဘီစီသို့ ပြောကြားခဲ့သည်။

ဘလတ္တာအနေဖြင့် ဆွစ်ဇာလန်နိုင်ငံတရားရုံး၏ ဆုံးဖြတ်ချက်များကို ကြံ့ကြံ့ခံကာ စောင့်မျှော်နေမည်ဖြစ်ကြောင်း၊ ယခုစစ်ဆေးနေသည့်ကိစ္စများ ပြီးဆုံးသွားပါက စည်းကမ်းထိန်းသိမ်းရေးကော်မတီသည်လည်းရှိတော့မည် မဟုတ်ကြောင်းဖြင့် ၎င်း၏အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်ဟုဆိုသည်။




# ဆန်ဒါလန်းဂိုးသမားဟောင်း မာတင်ဖူးလော့ပ် ကင်ဆာရောဂါဖြင့် ကွယ်လွန်

အသက် ၃၂ နှစ်အရွယ်ရှိ ဆန်ဒါလန်းဂိုးသမားဟောင်း ဟန်ဂေရီနိုင်ငံသား မာတင်ဖူးလော့ပ်သည် ကင်ဆာရောဂါဖြင့် ဟန်ဂေရီနိုင်ငံ၊ ဘူဒါပက်မြို့တွင် နိုဝင်ဘာ ၁၃ ရက်က ၎င်း၏နေအိမ်၌ကွယ်လွန်သွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ဟန်ဂေရီလက်ရွေးစင်အသင်းနှင့် ဆန်ဒါလန်းဂိုးသမားဟောင်း ဖူးလော့ပ်သည် ၂၀၁၃ ခုနှစ်အတွင်းက ၎င်း၏ လက်မောင်းတွင်ဖြစ်ပေါ်နေသည့်အကျိတ်ကို ခွဲစိတ်မှုခံယူပြီးနောက် ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ် သည်။

သူသည် ဆန်ဒါလန်းအသင်းတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ၄၇ ပွဲ ကစားခဲ့သူဖြစ်သည်။ ၎င်းသည် တော့တင်ဟမ်အသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့တွင်လည်း ကစားခဲ့ဖူးသူတစ်ဦးဖြစ်ပြီး ချက်စတာဖီးလ်၊ ကိုဗင်ထရီ၊ မန်စီးတီး၊ လယ်စတာစတာနှင့် စတုတ်စီးတီးတို့တွင်လည်း အငှားကစားသမားဘဝဖြင့် သွားရောက်ကစားခဲ့သူဖြစ်သည်။

ဖူးလော့ပ်သည် ၎င်း၏လက်မောင်းမှ အကျိတ်ကို ခွဲစိတ်ခဲ့ပြီးနောက် ဆေးစစ်ဆေးခဲ့ရာ ကင်ဆာရောဂါဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

“ဖူးလော့ပ်ဟာ သူ့ရဲ့နောက်ဆုံးအချိန်တွေကို ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရတာပါ။ သူ့ရဲ့ရောဂါဟာ ဘယ်လောက်အထိ ပြင်းထန်နေမလဲဆိုတာ စဉ်းစားလို့မရပါဘူး”ဟု ဖူးလော့ပ်၏မန်နေဂျာဟောင်းဖြစ်သူ ပေါလ်ဂျူးဝဲလ်က ပြောကြားခဲ့သည်။

# ဝလာဒီမာကလစ်ချ်ကိုနှင့် ထိုးသတ်ရန် တိုင်ဆန်ဖူရီ ပြင်ဆင်လျက်ရှိ

ဟဲဗီးဝိတ် ရွှေခါးပတ်ပိုင်ရှင် ယူကရိန်းနိုင်ငံသား ဝလာဒီမာကလစ်ချ်ကိုနှင့် အင်္ဂလန်နိုင်ငံသား တိုင်ဆန်ဖူရီတို့သည် လာမည့် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

တိုင်ဆန်ဖူရီသည် ဟဲဗီးဝိတ်တန်းချန်ပီယံသရဖူပေါင်းများစွာကို ပိုင်ဆိုင်ထားသည့် ဝလာဒီမာကလစ်ချ်ကိုနှင့် ရင်ဆိုင်ရမည်ဖြစ်သည့်အတွက် အထူးကြိုးစားပြင်ဆင်လျက်ရှိသည်ဟု ဆိုသည်။

တိုင်ဆန်ဖူရီနှင့် ဝလာဒီမာကလစ်ချ်ကိုတို့၏ စိန်ခေါ်ထိုးသတ်ပွဲကို ဂျာမနီနိုင်ငံ၊ ဒတ်ဆယ်ဒေါ့ဖ်တွင် ကျင်းပမည်ဖြစ်သည်။

အသက် ၂၇နှစ်အရွယ်ရှိ တိုင်ဆန်ဖူရီသည် ၎င်း၏လေ့ကျင့်ရေးပြုလုပ်နေသည့်ဗီဒီယိုဖိုင်ကို ၎င်း၏လူမှုကွန်ရက်ဖြစ်သည့် တွစ်တာပေါ်တွင် တင်ထားခဲ့ပြီး အဆိုပါဗီဒီယိုဖိုင်တွင် “ဒါမင်းအတွက်ပါ ဝလာဒီမာရေ၊ မင်းနဲ့ထိုးသတ်ဖို့အတွက် ငါလာနေပါပြီ”ဟု ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

“သူ ကျွန်တော့်ကို မနိုင်နိုင်ပါဘူး။ ကျွန်တော့်ရဲ့ လက်သီးချက်တွေ၊ ခြေဖျားခတ်ချက်တွေအောက်မှာ သူကျွန်တော့်ကို အတော်လေး ယှဉ်ပြိုင်ရမှာပါ။ တစ်ခါတစ်ရံမှာ လက်ဝှေ့သမားတစ်ယောက်ဟာ ညအချိန်မှာ တွေ့ရတဲ့ လူသတ်သမားတစ်ယောက်လိုဖြစ်နေပေမယ့် တစ်ခါတစ်လေမှာတော့ သိပ်ကိုစကား ပြောကောင်းတဲ့လူတစ်ယောက်ဖြစ်နေတတ်ပါတယ်”ဟု ဝလာဒီမာကလစ်ချ်ကိုက အဆိုပါဗီဒီယိုဖိုင်နှင့်ပတ်သက်၍ ပြောကြားခဲ့သည်။




ဝလာဒီမာက ၎င်းနှင့်ထိုးသတ်မည့် ဖူရီအတွက် လွန်စွာပင် စိုးရိမ်လျက်ရှိသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်သည့် ယူကရိန်းနိုင်ငံသား ဝလာဒီမာကလစ်ချ်ကိုသည်၎င်း၏ကြေးစားလက်ဝှေ့သမား သက်တမ်းတစ်လျှောက် ၆၇ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၆၄ပွဲအနိုင်ရရှိကာ သုံးပွဲရှုံးနိမ့်ခဲ့သည်။ ၎င်းအနိုင်ရရှိခဲ့သည့် ၆၄ပွဲအနက် ၅၃ပွဲမှာ အလဲထိုးနိုင်ပွဲများ ဖြစ်သည်။

အသက် ၂၇နှစ်အရွယ်သာရှိသေးသည့် တိုင်ဆန်ဖူရီသည် ကြေးစားလက်ဝှေ့သမားသက်တမ်းတစ်လျှောက် ၂၄ ပွဲထိုးသတ်ခဲ့ရာ ၂၄ပွဲစလုံးအနိုင်ရရှိခဲ့ပြီး ၁၈ ပွဲမှာ အလဲထိုးပွဲများဖြစ်ကြောင်း သိရသည်။

# သွားနှင့်တော့ . . . မေမေ

|မောင်မောင်အေး - လှိုင်ကော်|

ဒီတစ်ပတ်မှာတော့ မြင်မြင်သမျှသံဝေဂဆိုသလို ကိုယ်တိုင်လည်း အစားထိုးမရတဲ့ ကျေးဇူးရှင်မိခင်ဆုံးရှုံး၊ မော်ချီးဒေသမှာလည်း မိသားစုကိုယ်စီနဲ့ အရွယ်ကောင်းတွေ အသက်ဆုံးရှုံး၊ အထွေထွေရွေးကောက်ပွဲမှာလည်း နိုင်တဲ့ဘက်ကနိုင်တော့ ရှုံးတဲ့ဘက်က အစစအရာရာ စွန့်လွှတ်ဆုံးရှုံးနဲ့ တရားတော်တော်ရပါတယ်။

အမေက ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ ည ၁၀နာရီ ၁၅မိနစ် မှာ အတူနေ နှမလက်ထဲမှာ ကွယ်လွန်သွားတယ်။ အမေ့အသက်က ၉၃ နှစ်ထဲမှာ ရှေးလေးတန်းပဲ အောင်တယ်။ တစ်သက်လုံး မူလတန်းပြ ဆရာမပဲလုပ်ခဲ့တယ်။ အဖေကလည်း ရှေးခုနစ်တန်းအောင်သတဲ့။ တစ်သက်လုံး အလယ်တန်းပြ ကျောင်းဆရာပဲလုပ်ခဲ့တယ်။ ဒါပေမယ့် သူတို့နှစ်ဦးက ပွားစည်းတဲ့ သားသမီး ငါးဦးဟာ ဘွဲ့ရပညာတတ်၊ အရာရှိ အရာခံတွေထိဖြစ်ထွန်းခဲ့တယ်။ အဲဒီလိုဖြစ်ထွန်းအောင်လည်း အဖေနဲ့ အမေက သွန်သင်ဆုံးမခဲ့တယ်။ အဖေကတော့ အသက် ၇၄ နှစ် လွန်ခဲ့တဲ့ ၂၅ နှစ်က ဆုံးပါးခဲ့တယ်။

တွက်ကြည့်လိုက်တော့ အမေဟာ မုပြပင်စင်စားပြီး နှစ်ပေါင်း ၃၃ နှစ် နေနိုင်ခဲ့တာပါလား။ အမြဲတမ်း တတွဲတွဲနဲ့ မခွဲဘဲသွားသွားလာလာနေကြတဲ့ အဖေမရှိဘဲ ၂၅ နှစ်နေခဲ့တာပါလား။ ဒီကာလတွေကို အမေဘယ်လိုကျော်ဖြတ်နိုင်ခဲ့တာလဲ။ အမေနဲ့ အတူနေ နှမကိုလည်းကျေးဇူးတင်ရပါတယ်။ အမေရဲ့ ဝေယျာဝစ္စ၊ လျှုရေး၊ တန်းရေး၊ လူမှုရေး၊ ကျန်းမာရေးတွေကို နေ့ညမပြတ် အမေအသက်ထွက်တဲ့အထိ သူပဲပြုစုနေခဲ့ရတာ သူ့မိသားစုအရေးတွေကို ဦးစားမပေးနိုင်ဘဲ အမေ့အရေးဦးစားပေးခဲ့တယ်။ တို့လို အဝေးရောက် သားသမီးတွေကတော့ တစ်နှစ်မှတစ်ခါ အမေနေကောင်းလား တစ်ခွန်းနဲ့ပဲသားဝတ်၊ သမီးဝတ်ကျေပွန်လှပြီး အောက်မေ့နေကြတာ။ တစ်နှစ်တစ်ခါကန်တော့တဲ့ငွေက ရောက်တဲ့အချိန်ပြန်စား၊ အပြန်သယ်သွားရတာနဲ့ ကာမိစရာမရှိ။

၂၀၁၃ ခုနှစ်မှာ ပခုက္ကူကနေ ကယားကို ပြောင်းရတော့ အမေက ဝေးလှပါလားကွယ်လို့ ပြောပြီး ပင်စင်ယူပြီး ဒီမြို့မှာပဲ ထင်းကလေး၊ မီးသွေးကလေး ရောင်းပေါ့လို့ သူ့အနားမှာပဲ သားသမီးတွေကို အမြဲမြင်တွေ့ချင်စိတ်နဲ့ ပြောရှာပါတယ်။ ဘေးမှာ မိန်းမကလည်းပါနေတော့ သူ့နိုင်ကွက်ရသွားပါတယ်။ လက်ထောက်ညွှန်ကြားရေးမှူးကြီး ဒီနေ့ထင်းဘယ်ဈေးလည်း မီးသွေးတစ်အိတ်လောက် အိမ်ပို့ပေးပါဦးနဲ့ နောက် စရာဖြစ်သွားတယ်။

ဘယ်ရမလဲ- ကိုယ်ကလည်းအသက် ၉၀ နီးနေတဲ့ အမေအိုကြီးကို မာန်တက်ပြခဲ့သေးတယ်။ ရုံးချုပ်က လူကြီးတွေက ကျွန်တော်နဲ့မှ ဖြစ်မယ်ဆိုပြီး လွှတ်လိုက်တာ၊ ဒီလိုတာဝန်က တစ်နိုင်ငံလုံးမှ ၁၄ ဦးထဲရှိတာဆိုပြီး မူလတန်းပြဆရာမအိုကြီး မျက်စိလည်အောင် ပြောမိခဲ့ပါတယ်။ ဖွဲ့စည်းပုံတွေနဲ့ ပြောပြလည်း သူဒီထက် ပိုနားရှုပ်ပြီး နားလည်မှာမဟုတ်ပါဘူး။ ဂိတ်ပဲဆုံးကာနီးလို့ ဆင်းရတော့မယ်။ ကိုယ်တောင်အခုထိ နားမလည် သေးတာ။

သူလည်းဝန်ထမ်းဆိုတော့ သူ့သားဟာ အသက် ၆၀ ပြည့်မှပဲ သူ့နားရောက်လာတော့မယ်ဆိုတာသိလို့ ပြန်တိုင်း ပင်စင်ဘယ်လောက် လိုသေးလဲပဲ မေးတော့တယ်။ အမေက နားအတော်လေးတော့ လက်သုံးချောင်းကနေ ထောင်ပြခဲ့တာ မနှစ်ကအထိ လက်ညှိုးတစ်ချောင်းပဲထောင်ဖြစ်ခဲ့တယ်။ မနှစ်ကတော့ သတိနည်းနည်းချို့ယွင်းလာလို့ တစ်ခေါက်သွားရင် ပင်စင်ဘယ်လောက်လိုသေးလဲ ၁၀ခါ၊ ၁၅ခါလောက်မေးတယ်။ ကိုယ်ကလည်း မျက်နှာမပျက်၊ မကြားချင်ယောင်မဆောင်ဘဲမေးတိုင်းလက်ညှိုးတစ်ချောင်းထောင်ပြမိတယ်။ ပါလာတဲ့သားနဲ့သမီးက သူတို့အဖေ စိတ်ရှည်တာကို အသိအမှတ်ပြုကြတယ်။ သူတို့ကိုလည်း သင်ခန်းစာ ပေးချင်တာလည်းပါပါတယ်။ မိအိုဖအိုတွေ မေးသမျှကို စိတ်ရှည်ရှည်ဖြေကြဖို့ပေါ့။

အမေ့အသက် ၉၀ ပြည့်တဲ့နှစ်က ဘုန်းကြီး ငါးပါးပင့်ဆွမ်းကျွေး၊ မိတ်ဆွေနဲ့ အပေါင်းအသင်းတွေ အမေ့တပည့်ဟောင်းတွေနဲ့ မွေးနေ့ပွဲ ကလေး လုပ်ခဲ့ကြသေးတယ်။ မွေးနေ့ပွဲလာကြတဲ့အမေ့တပည့်တွေ၊ တူ၊ တူမတွေက ကုသိုလ်ကောင်းလိုက်တာ၊ ဒီလောက်အသက်ရှည်အောင် ဘာတွေလုပ်သလဲ ဘာဖြစ်လို့လဲလို့ မေးကြတော့ သားသမီးတွေအတွက် စိတ်ပူစရာမရှိ၊ နောက်ဆံတင်းစရာမရှိ၊ ဘယ်သမီးကတော့ စားနိုင်သောက်နိုင်ပါရဲ့၊ ဘယ်သားကတော့ တစ်နေ့လုပ်မှ တစ်နေ့စား၊ နဖူးကချွေး ခြေမကျအောင်လုပ်မှ စားသောက်ရုံရတဲ့ စိတ်ပူစရာ သားသမီးတွေ လုံးဝမပါလို့တဲ့။ အနှစ်ချုပ်မိတာကတော့ သားသမီးတွေ လိမ္မာရေးခြားရှိခြင်းဟာ မိဘများအသက်ရှည်ဆေးပဲလို့ နားလည်လိုက်မိပါတယ်။

သူ့ကိုကန်တော့ရင် ရတနာသုံးပါးမမေ့ကြနဲ့၊ ကျန်းမာရေး ဂရုစိုက် ဒါပဲတွင်တွင်ဆုပေးတယ်။ သူ့ကိုအပ်ထားတဲ့ဆရာဝန်တွေလာကြည့်ရင်လည်း "နေကောင်းတယ်နော်ဆရာ ကျန်းမာရေး ဂရုစိုက်ကြနော်"နဲ့ ပဋိသန္ထာရစကားဆိုတယ်။ သူကတော့ အိပ်ရာပေါ် ပက်လက်၊ အသည်းခြောက်ပြီး ရေဖျဉ်းစွဲနေပြီ။

ဘေးကပြုစုနေတဲ့ နှမတွေကိုလည်း သူက လွှတ်အားနာတတ်တာ မဆုံးခင်တစ်ပတ်လောက်က အားကယုတ်နေပြီ၊ အပေ့ါအလေးသွားရင် ထူထရ၊ ဆင်းရနဲ့ အားကုန်တယ်။ အိပ်ရာပေါ် မှာပဲ သွား၊ လုံချည်ထဲပဲသွားဆိုတာ အားနာလို့ထလိုက်၊ ထိုင်လိုက်နဲ့ အားအတော်ယုတ်သွားတယ်။

အဲဒီရက်က လက်ကိုင်ဖုန်းမြည်လို့ နှမနာမည်ပေါ်နေရင် နားမထောင်ရဲဘူး။ စိတ္တဇကိုဖြစ်လို့ ညတိုင်းဖုန်းမြည်ရင်လည်း ဇာတိမြို့ကဖုန်းမဖြစ်ပါစေနဲ့ နှမဖုန်းမဖြစ်ပါစေနဲ့လို့ ကြိုတင်ဆုတောင်းရတယ်။ ဆုတောင်းတိုင်းလည်းမပြည့်ပါဘူး။ အောက်တိုဘာ ၂၁ ရက်နေ့ညက စောစောအိပ်ယာဝင်ဖြစ်တယ်။ ည ၁၀ နာရီခွဲလောက်မှာ ဖုန်းမြည်တယ်။ မဟုတ်ပါစေနဲ့ ဆုတောင်းရင်း နှမနာမည်တွေ့လိုက်တယ်။ "အကိုလေးရေ. . . အမေတော့ မရှိတော့ဘူး" လို့ ငိုသံပဲကြားလိုက်ရတယ်။

ဘာမှမဟုတ်တဲ့ ရာထူးကလေးကိုမက်ပြီး အမေ့နားမလာနိုင်တဲ့ ကိုယ့်မိသားစုကို ခင်တွယ်နေတဲ့သားမိုက်၊ ပင်စင်ပြည့်တာတောင် မစောင့်နိုင်တော့ဘူးလားအမေ၊ ရောဂါဝေဒနာခံစားနေရတဲ့ အမေ့ကို ရနိုင်သမျှတောင့်ခံပြီး နေပါဦးလားလို့လည်း မပြောရက်၊ သူ့ကို ဒုက္ခပေးသလိုရှိတော့မယ်။ မီးစာကလည်းကုန်၊ ဆီလည်းခမ်းပြီကိုး။ သွားနှင့်တော့မေမေ။


နောက်တစ်နေ့ ရုံးချုပ်က ဆရာသမားကို အသိပေးခွင့်တောင်းပြီး ဇာတိမြို့ကိုပြန်၊အမေရဲ့ရုပ်ကလာပ်ကို မီးသဂြိုဟ်ဖို့ လုပ်ရပါတယ်။ နှမကမေးတယ်။ အုတ်ဂူလုပ်မလားလို့ မေးတယ်။ မီးသဂြိုဟ်ပြီး အရိုးပြာ ယူမလားလို့ မေးတယ်။ အုတ်ဂူဟာ အမေ မဟုတ်၊ အရိုးပြာဟာ အမေမဟုတ်၊ ဓာတ်ကြီးလေးပါးရဲ့ သဘာဝသတ္တိအရ ဖောက်ပြန် ပြောင်းလဲခြင်းရဲ့ ဖြစ်စဉ်ပဲဖြစ်တယ်။ သံသရာမရှည်အောင် သံယောဇဉ်ဖြတ်ကြစို့ရဲ့၊ ကျေးဇူးရှင်အမေက တို့ရင်ထဲမှာ ရှိပြီးသား အစဉ်ထာဝရပဲလေ။

လက်ရှိအသက်ရှင်နေဆဲ မိခင်များနှင့် ဖခင်များ၏ သားသမီးများသို့. . . . .


■

➲စာမျက်နှာ ၂၃ - ၂၀၀၈ ခုနှစ် . . . မှ အဆက်


ပုံ၈။ စက်တင်ဘာလနောက်ပိုင်း မတ်ပဲဈေးမြင့်သွားပြီးဒီဇင်ဘာလ တွင်ဈေးကျသွားသည့်ဈေးပြောင်းလဲ မှုပုံစံ(၂၀၁၀ခုနှစ်)





ပုံ၉။ စက်တင်ဘာလနောက်ပိုင်း မတ်ပဲဈေးမြင့်သွားပြီးဒီဇင်ဘာလ တွင်ဈေးကျသွားသည့်ဈေးပြောင်းလဲမှုပုံစံ(၂၀၁၃ခုနှစ်)




ပုံ၁၀။ အောက်တိုဘာ၊နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင်မတ်ပဲဈေးမြင့် သွားသည့်ဈေးပြောင်းလဲမှုပုံစံ(၂၀၁၄ခုနှစ်)




ပုံ-၁၁။ အောက်တိုဘာလတွင် ရန်ကုန်မတ်ပဲဈေးသိသာစွာမြင့် သွားသည့်ဈေးပြောင်းလဲမှုပုံစံ(၂၀၁၅ခုနှစ်)




ပုံ-၁၂။ အောက်တိုဘာလတွင် မွမ်ဘိုင်းမြန်မာ့မတ်ပဲဈေးသိသာ စွာမြင့်သွားသည့်ဈေးပြောင်းလဲမှုပုံစံ(၂၀၁၅ခုနှစ်)




ပုံ-၁၀ ကိုလေ့လာကြည့်ရှုပါ၊ ဩဂုတ်လတွင်ရောင်းချခြင်းသည် အကောင်းဆုံးဖြစ်ခဲ့သည်။ ပုံ၁၁ နှင့် ပုံ-၁၂ကိုလေ့လာ ကြည့်ရှုပါ၊ မတ်ပဲအသစ်စိုက်ချိန်နီးလာသည့်အောက်တိုဘာလတွင် မွမ်ဘိုင်းမြန်မာ့မတ်ပဲဈေး၊ ရန်ကုန်မတ်ပဲဈေးသိသာစွာမြင့်သွားသည့်ဈေးပြောင်းလဲ မှုပုံစံမျိုးဖြစ်ပေါ်သည်ကိုတွေ့ရသည်။ အိန္ဒိယနိုင်ငံတွင်ပြည်တွင်းပဲလိုအပ်ချက်နှင့်ဖြည့်တင်းပေးနိုင်မှု ကွာဟချက်အားဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းကို ထိန်းမတ်ပေးနိုင်ရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ပဲတန်ချိန် ၁၀ သန်း တင်သွင်းရဖွယ်ရှိကြောင်း အိန္ဒိယကုန်သည်ကြီးများအသင်း (Assocham) ပြောကြောင်း သတင်းများအရသိရှိရသည်။ ပဲသိုလှောင်မှုကန့်သတ်ချက်ကင်းလွတ်ခွင့်ပေးရေးကိုပဲသွင်းကုန်သမားများက တောင်းဆိုကြောင်းလည်းသတင်းများကဖော်ပြကြသည်။၂၀၁၅ခုနှစ် အောက်တိုဘာလတွင်မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေး သိသာစွာမြင့်လာမှုပေါ်အခြေခံပြီးရန်ကုန်မတ်ပဲ(RC )ဈေးမှာလည်း သိသာစွာမြင့်လာသည်ကို စိစစ်တွေ့ရှိရပါသည်။

# ပခုက္ကူတွင် Standard Chartered ဘဏ်မှ မိုက်ခရို၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ပညာပေးရေးအစီအစဉ် (MSME) သင်တန်းဖွင့်

ပခုက္ကူမြို့နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများရဲ့ ကြိုးစားအားထုတ် ဆက်သွယ် ဆောင်ရွက်မှုကြောင့် မိုက်ခရိုအသေးစားနဲ့ အလတ်စားလုပ်ငန်းများအတွက် ပညာပေးရေးအစီအစဉ် (MSME) သင်တန်းဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါသင်တန်းကို ဗြိတိသျှကောင်စီ၏ ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး (Standard Chartered) ဘဏ်မှ သင်ကြားပို့ချပေးခဲ့တာ ဖြစ်ပါတယ်။ ယင်းသင်တန်းသို့ ပခုက္ကူမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ ရေစကြို၊ မြိုင်၊ ဆိပ်ဖြူ ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦး၊ မြင်းခြံတို့မှ စီးပွားရေး လုပ်ငန်းရှင်များ၊ တတ်သိနားလည်လိုသူ ကျောင်းသား၊ ကျောင်းသူများ၊ ပခုက္ကူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါသင်တန်းမှာ "ခေါင်းဆောင်မှုပညာ"၊ "အောင်မြင်မှုအတွက် အခြေခံအုတ်မြစ်"၊ "အသင်းအဖွဲ့ဆိုင်ရာ သီအိုရီ" စတာတွေအပြင် "စီမံခန့်ခွဲမှုပညာ"၊ "ငွေကြေးဆိုင်ရာစာရင်းဇယား" စတာတွေကို သင်ကြားပေးသလို ပြန်လည်တွက်ချက်ခြင်း၊ မေးခွန်းမေးမြန်းခြင်း စတာတွေ သင်ကြားပေးခဲ့ကြောင်း သိရှိရပါတယ်။

စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများမှာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် (GDP) ခေါ် ပြည်တွင်းထုတ်ကုန်၏ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းကို ပံ့ပိုးကာ ၎င်းနိုင်ငံများရဲ့ အလုပ်အကိုင်အခွင့်အလမ်း အများဆုံး ဖန်တီးနိုင်တာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation) ရဲ့သုတေသနပြုချက်အရ စီးပွားရေးပညာရပ်မှာ ပါဝင်တဲ့ ဆုံးရှုံးနစ်နာမှု ထိန်းချုပ်ခြင်း (Pisk management)၊ အာမခံ (Insurance) နှင့် ငွေစာရင်းဆိုင်ရာ (Credit Process) စတဲ့ ပညာတွေကို လေ့လာမှု အားနည်းတဲ့အတွက် အသေးစားနဲ့ အလတ်စား လုပ်ငန်းများရဲ့ ဘဏ္ဍာရေးအခြေအနေကို ထိခိုက်ခြိမ်းခြောက်လျက်ရှိသည်ဟု ဆိုရမှာဖြစ်ပါတယ်။ Strandard Chartered ဘဏ်ရဲ့ မြန်မာနိုင်ငံ ကိုယ်စားလှယ်ချုပ် Tina Singhsacha ကလည်း Standard Chartered ဘဏ်ရဲ့ ယုံကြည်ချက်မှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် ဘဏ္ဍာရေးအခြေအနေနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာရေးကို လက်လှမ်းမမီသောအခါ စီးပွားရေးနှင့် လူမှုရေးအကျပ်အတည်းကိုဖြစ်စေသဖြင့် လူမှုအဖွဲ့အစည်းကို ထိခိုက်နိုင်ပါကြောင်း၊ ငွေကြေးဝန်ဆောင်မှု ပညာရေးကို လေ့လာခွင့်ရအောင် ဖန်တီးပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်စေခြင်း၊ တစ်ဦးချင်းဝင်ငွေတိုး တက်စေခြင်းနှင့် ဘဏ္ဍာရေးထိခိုက်မှုကိုလည်း ကာကွယ်ပေးနိုင်ခြင်းစတဲ့ ရလဒ်များကို ရရှိစေနိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့်လည်း Standard Chartered ဘဏ်ဟာ ဗြိတိသျှကောင်စီနှင့် ပူးပေါင်းကာ ဒီပညာပေးအစီအစဉ်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အဲဒီအစီအစဉ်ဟာ Standard Chartered ဘဏ်ရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှု၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သလို ဆက်လက်၍လည်း လူမှုရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်မှုများတွင် အဆင့်မြှင့်ကူညီသွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။

ဗြိတိသျှကောင်စီမြန်မာရဲ့ ညွှန်ကြားရေးမှူး Kevinmac Kerizie က ဗြိတိသျှကောင်စီက အရေးပါတဲ့ စီမံကိန်းကို Standard Chartered ဘဏ်နှင့် ပူးပေါင်းလုပ်ဆောင်ခွင့်ရလို့ များစွာဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသများရှိ စီးပွားရေးနယ်ပယ်အသီးသီးနဲ့ ဆက်စပ်လုပ်ကိုင်ခြင်းဖြင့် ဗြိတိသျှကောင်စီတွင် လူမှုစီးပွားရေး လုပ်ငန်းရှင်များအား ပံ့ပိုးပေးနေခြင်း လုပ်ငန်းစဉ်များနှင့် နိုင်ငံတစ်ဝန်းပြုလုပ်နေသော အခြားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီပေးနေခြင်းတို့နှင့် ဆက်စပ်မှုရှိကြောင်း မိုက်ခရိုအသေးစားနဲ့ အလတ်စားလုပ်ငန်းရှင်များ MSMEs တွင် ပညာရပ်ဆိုင်ရာပံ့ပိုးမှုကို ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ စီးပွားရေးဦးဆောင်သူများကွန်ရက်ကို ဖန်တီးပေးခြင်းဖြင့် လည်းကောင်း၊ ယခုအစီအစဉ်သည် စီးပွားရှာဖွေမှု၊ စွန့်ဦးတီထွင်မှုနှင့် တိုးတက်ကြီးပွားမှုတို့ကိုဖော်ဆောင်နိုင်သော အခြေအနေကောင်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါပညာပေးရေး အစီအစဉ်ကို ဩဂုတ်လ ၁၄ ရက်နေ့ကတည်းက ရန်ကုန်မြို့မှာ စတင်ခဲ့တာဖြစ်ပါတယ်။ ကျွမ်းကျင်သူများက ဗြိတိသျှကောင်စီမှပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် သင်ကြားပို့ချပေးခဲ့တာဖြစ်ပါတယ်။ အဲဒီ အလုပ် ရုံဆွေးနွေးပွဲ ဒုတိယအသုတ်မှ ဆရာ၊ ဆရာမများနဲ့ ပထမအသုတ်မှ ဆရာ၊ ဆရာမများ ပူးပေါင်းပြီး မြန်မာ့အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအား သင်တန်းပြန်လည်ပို့ချပေးခဲ့တာဖြစ်ပါတယ်။

ပခုက္ကူမှာ ဗြိတိသျှကောင်စီနဲ့ Standard Charatered ဘဏ်တို့ ပူးပေါင်း၍ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သုံးရက်အကြာ EDUCATION FOR ENTREPR - ENEURS (E4E) Supporting MICRO, SMALL AND MEDIUM ENTERPRISES ခေါင်းစဉ်ဖြင့် သင်တန်းပို့ချခဲ့ပါတယ်။ E4E ပညာပေးရေး အစီအစဉ်တွင် ငွေကြေးလည်ပတ်မှုကိုစီမံခြင်း၊ ရသုံးခန့်မှန်း တွက်ချက်ခြင်း၊ စာရင်းအင်းပညာနှင့် စီးပွားရေး စီမံကိန်းရေးဆွဲခြင်း စသည့်ကဏ္ဍများပါဝင်ကာ ဗြိတိသျှကောင်စီ မြန်မာရဲ့ လူမှုစီးပွားကျွမ်းကျင်မှု အစီအစဉ်ဖြစ်တဲ့(Skill for Social Entrepreneurs) ကိုလည်း အထောက်အကူပြုခဲ့ပါတယ်။ SISE အစီအစဉ်ဟာ လူ့အဖွဲ့အစည်းနဲ့ သဘာဝပတ်ဝန်းကျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးတာကြောင့် လူ့အသိုင်းအဝိုင်းကို သက်ရောက်စေနိုင်သည့် ကောင်းမွန်သော စီးပွားရေးနည်းလမ်းများကိုအသုံးပြုတဲ့ လူမှုစီးပွားရေးအဖွဲ့အစည်းများအတွက် ပံ့ပိုးကူညီမှုဖြစ်စေတယ်လို့လည်း သိရပါတယ်။

**မြင့်ဦး-ပခုက္ကူ**

## ဧရာပုသိမ်ဖွံ့ဖြိုးမှုကုမ္ပဏီမှ ကျန်းမာရေးနှင့်ညီညွတ်သော အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာလယ်ယာမြေတွင် ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချနိုင်ရေး၊ သဘာဝသီးနှံများစိုက်ပျိုးထုတ်လုပ် နိုင်ရေးနှင့် ဓာတ်မြေဩဇာသုံးစွဲရာတွင် တွေ့ကြုံရသည့်အခြေအနေများ၊ သဘာဝသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ရရှိလာမည့် အားသာချက်များကို ဒေသခံတောင်သူများသိရှိနားလည်စေရန်နှင့် နောက်ပိုင်းမှာ အော်ဂဲနစ်သီးနှံ စိုက်ခင်းများပိုမိုကျယ်ပြန့်လာစေရန်ရည်ရွယ်၍ ယခုနှစ်မိုးစပါးရာသီမှာ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်များတွင် အော်ဂဲနစ်စိုက်ခင်း များကို စိုက်ပျိုးခဲ့ကြောင်းသိရပါတယ်။

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ၂၀၁၅ခုနှစ် မိုးစပါးရာသီမှာ သဘာဝသီးနှံ စိုက်ခင်းများကို စိုက်ပျိုးရေးမျိုးသန့်ခြံမှ RS မျိုးသန့်၊ ဆင်းသွယ်လတ်၊ ပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင်၊ ဧရာမင်း၊ ဆင်းသုခ၊ သီးထပ်ရင်၊ စပါးများကို ၁၁၈ဧက စိုက်ပျိုးခဲ့ကြောင်း သဘာဝသီးနှံစိုက်ပျိုးထုတ်လုပ်ရာ ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု၊ အုတ်စီကုန်းကျေးရွာ၊ ဆင်းသွယ်လတ်စပါးများရိတ်သိမ်းချိန် နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ဧရာပု သိမ်ဖွံ့ဖြိုးမှုကုမ္ပဏီနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြေစာရင်း ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေး မှူးတို့တက်ရောက်ခဲ့ပြီး ဒေသခံတောင်သူများကိုလည်း သဘာဝသီးနှံ များ၏ အားသာချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်းသိရပါတယ်။

ယင်းရိတ်သိမ်းပွဲတွင် တောင်သူများအား အော်ဂဲနစ်စိုက်ပျိုးရေးသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီ ထွေသဟဇာတဖြစ်၍ ဓာတုဆေးဝါးများသုံးစွဲလျှင် မြေကျွံခြင်း၊ မြေပို၍မာလာခြင်း၊ မြေများပျက်စီးရပြီး၊ သီးနှံများ စားသုံးရာတွင် ရေရှည်တွင်ကျန်းမာရေးကိုထိခိုက်နိုင်ကြောင်း ဓာတုလွတ်သဘာဝသီးနှံများ စိုက်ပျိုးရာတွင် မြေဆီလွှာပျက်စီးမှုမှ ကာကွယ်နိုင်ကြောင်း ပတ်ဝန်းကျင်ရှိအပင်များနှင့် ရေနေသတ္တဝါများ ထိခိုက်မှုမရှိခြင်းနှင့် သီးနှံကောင်းများရရှိပြီး၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ ဝင်ငွေတိုးပွားလာခြင်းနှင့် အသုံးစရိတ်များလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.44 Monday November 16 2015

# ဒဗလျူတီအိုဆွေးနွေးပွဲတွေပြန်လည်စတင်ရန် အေပက်အဖွဲ့ဝင်တွေ ဆန္ဒရှိ

သောင်မတင် ရေမကျဖြစ်နေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဆွေးနွေးပွဲတွေပြန်လည်စတင်ဖို့ အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စီးပွားရေးအကြံပေးကောင်စီ (အေဘီအေစီ) က နည်းလမ်းရှာဖွေလျက်ရှိကြောင်း ဖိလစ်ပိုင်သတင်းဌာန mb.com သတင်းမှာ ဖော်ပြပါတယ်။

လာမယ့် ရက်သတ္တပတ်ထဲမှာ အေပက်စီးပွားရေးအဖွဲ့ဝင် ၂၁ နိုင်ငံမှ ခေါင်းဆောင်များ အစည်းအဝေးကျင်းပတဲ့အခါ အေစီဘီစီက ထောက်ခံတင်ပြချက် ၂၃ ခုကို တင်သွင်းမှာဖြစ်ပါတယ်။ အဲဒီတင်ပြချက်အနက်ဒဗလျူတီအိုဆွေးနွေးပွဲတွေ ပြန်လည်ကျင်းပရေးဆိုတဲ့ အချက်တစ်ချက်လည်းပါဝင်ကြောင်း "၂၀၁၅ ခု အေဘီအေစီ" အစည်းအဝေးသဘာပတိ ဒေါ်ရစ်မက်ဆေးဆေးဟိုက ပြောပါတယ်။

အေဘီအေစီက နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ထောက်ခံကြောင်း မက်ဆေးဆေးဟိုက ပြောပါတယ်။

စည်းမျဉ်းစည်းကမ်းကို အခြေခံတဲ့၊ ပွင့်လင်းမြင်သာတဲ့၊ ခွဲခြားဆက်ဆံမှုမရှိတဲ့ ကမ္ဘာ့ကုန်သွယ်ရေးစနစ်အဖြစ် ဒဗလျူတီအိုကိုရှုမြင်ထားတဲ့အတွက် ကိုယ်ကျိုးစီးပွားကာကွယ်မှုကို တိုက်ဖျက်ရာမှာ ဒဗလျူတီအိုက အကောင်းဆုံးရွေးချယ်စရာဖြစ်ကြောင်း အေဘီအေစီရဲ့ ထောက်ခံတင်ပြချက်ထဲမှာ ဖော်ပြပါတယ်။

"ယခုနှစ် ဒီဇင်ဘာမှာကျင်းပမယ့် (၁၀) ကြိမ်မြောက် ဒဗလျူတီအို ဝန်ကြီးအဖွဲ့အစည်းအဝေးမှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်ကို ဆောလျင်စွာ အကောင်အထည်ဖော်ဖို့ အေဘီအေစီ ကောင်စီကတိုက်တွန်းပါတယ်။ ဒိုဟာနိုင်ငံကုန်သွယ်မှုစေ့စပ်ညှိနှိုင်းမှုတွေမှာ အပြီးသတ်ဆောင်ရွက်နိုင်ဖို့ နည်းလမ်းတွေ ရှာဖွေရာမှာ အေပက်အဖွဲ့ဝင်နိုင်ငံတွေဦးဆောင်ဖို့ အေဘီအေစီက တိုက်တွန်းပါတယ်လို့ဆိုပါတယ်။

အထူးသဖြင့် အကောက်ခွန် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ကုန်ပစ္စည်းရွှေ့ပြောင်းမှု၊ ထုတ်ယူမှု နဲ့ အကောက်ခွန်ရှင်းလင်းမှုတွေ ပိုမိုကောင်းမွန်လာအောင် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

# လမ်းလုံခြုံမှု ကိန်းဂဏန်းအချက်အလက်ပြုစုရေး အာဆီယံစင်တာတည်ထောင်



ယာဉ်မတော်တဆ ဖြစ်မှုများနဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းအချက်အလက်တွေကို ပေါင်းစပ် ညှိနှိုင်းမျှဝေရေးဗဟိုဌာနတစ်ခုကို အာဆီယံက ထူထောင်သင့်တယ်လို့ မလေးရှားနိုင်ငံက အကြံပြုထားကြောင်း govinsider ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

ယခု တည်ဆောက်လိုက်တဲ့ ဗဟိုဌာနက အာဆီယံနိုင်ငံများမှာဖြစ်ပွားတဲ့ လမ်းမတော်တဆ ဖြစ်မှုများအတွက် စံချိန်စံညွှန်းများကို သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအစိုးရများက ယာဉ်အန္တရာယ်ကင်းရှင်းရေးမူဝါဒတွေကိုချမှတ်အကောင်အထည်မဖော်မီ ဒီမူဝါဒတွေရဲ့ ထိရောက်မှုကို အကဲဖြတ်သုံးသပ်တဲ့အခါ ယခုသတ်မှတ်ထားတဲ့ စံနှုန်းတွေက အစိုးရတွေအတွက် အဓိကအရင်းအမြစ်တွေဖြစ်လာနိုင်ပါတယ်။

ဒေသတွင်းမှာ ယာဉ်မတော်တဆဖြစ်ရာမှ သေဆုံးမှုကို ၂၀၂၀ ပြည့်နှစ်မှာ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချသွားဖို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ သယ်ယူပို့ဆောင်ရေးဝန်ကြီးများက ယခင်ရက်သတ္တပတ်က သတ်မှတ်ခဲ့ပါတယ်။

ဒါပေမယ့် ယာဉ်မတော်တဆဖြစ်မှုနဲ့ ပတ်သက်ပြီး စံချိန်မီတိကျတဲ့ ကိန်းဂဏန်း အချက်အလက်တွေ မရဘူးဆိုရင် ဒီရည်မှန်းချက်ကိုရရှိအောင် သက်ဆိုင်ရာ နိုင်ငံတွေက ဆောင်ရွက်နိုင်မှာမဟုတ်ကြောင်း မလေးရှားယာဉ်အန္တရာယ်ကင်းရှင်းရေး သုတေသနသိပ္ပံမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖောင်းရှောဘွန်းကပြောပါတယ်။

"နိုင်ငံအလိုက် တည်ရှိနေတဲ့ သဘာဝပတ်ဝန်းကျင် အခြေအနေတွေ၊ မူဝါဒတွေနဲ့ ကျင့်သုံးနေတဲ့ နည်းလမ်းတွေ အမျိုးမျိုးရှိနေတယ်ဆိုတာကို ကျွန်တော်တို့ သဘောပေါက်ပါတယ်။

လုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် နည်းလမ်းတကျနဲ့ ဖွဲ့စည်းထားတဲ့ လမ်းကြောင်းရှိဖို့ကလည်း အရေးကြီးပါတယ်" လို့ သူက ပြောပါတယ်။

ဥပမာအားဖြင့် မတော်တဆဖြစ်ပြီး သေဆုံးမှုကို အာဆီယံနိုင်ငံတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က အမျိုးမျိုးရှိနေပါတယ်။ မလေးရှားနိုင်ငံမှာကလည်း ယာဉ်အန္တရာယ်ဖြစ်မှုကြောင့် ဆေးဝါးကုသမှုခံယူပြီးနောက်ပိုင်း ရက်ပေါင်း ၃၀ အထိ ကာလအတွင်း သေဆုံးရင် ယာဉ်အန္တရာယ်ဖြစ်မှုကြောင့် သေဆုံးတယ်လို့ သတ်မှတ်ပါတယ်။ ဒါပေမယ့် တချို့ အာဆီယံနိုင်ငံတွေမှာ အချိန်ကာလ သတ်မှတ်ချက်က ၂၄ နာရီ သို့မဟုတ် ခုနစ်ရက်အတွင်းသာ သတ်မှတ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ရက် ၃၀ သတ်မှတ်တာကိုထောက်ခံပါတယ်။ အရှေ့တောင်အာရှဒေသမှာ မော်တော် ဆိုင်ကယ် သို့မဟုတ် သုံးဘီးဆိုင်ကယ်တိုက်မှုကြောင့် သေဆုံးသူက သုံးပုံတစ်ပုံရှိပြီး ယာဉ်မတော်တဆမှုနဲ့ သေဆုံးသူက ၁၅ ရာခိုင်နှုန်းရှိကြောင်း WHO က ၂၀၁၃ ခုနှစ် အစီရင်ခံစာအရ သိရပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ကုန်သွယ်မှုအတားအဆီးများလျှော့ချရေးကို အာဆီယံ ထိပ်သီးအစည်းအဝေးမှာ အဓိက ဦးတည်ချက်အဖြစ်ထား

အာဆီယံခေါင်းဆောင်များ၏ အာဆီယံထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလမှာ ကျင်းပပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ကြောင်း ကြေညာပြီး အာဆီယံဒေသရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကိုမြှင့်တင်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ဆယ်နှစ်တာ မဟာဗျူဟာကို ချမှတ်မှာဖြစ်ကြောင်း နေးရှင်းသတင်းမှာဖော်ပြပါတယ်။

(၁၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့မှာ နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်နေ့ထိကျင်းပမှာဖြစ်ပြီး အာဆီယံခေါင်းဆောင်များက အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ထူထောင်ကြောင်း ကြေညာမည်ဖြစ်ရာ AEC က ဒီဇင်ဘာ ၃၁ ရက်မှစတင် အကျိုးသက်ရောက်မှာဖြစ်ပါတယ်။

အာဆီယံ ၁၀ နှစ်စီမံကိန်း (၂၀၁၆-၂၀၂၅) အရ အာဆီယံဒေသမှာ ကုန်စည်နဲ့ ဝန်ဆောင်မှုအတွက် အခွန်နှုန်းများကို လျှော့ချပြီးနောက် အကောက်ခွန်မဟုတ်တဲ့ အတားအဆီးများကိုဖျက်သိမ်းပြီး ဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးသွားမှာဖြစ်ပါတယ်။ ကုန်သွယ်ရေးဖွံ့ဖြိုးမှုကို လွယ်ကူချောမွေ့စေဖို့ အာဆီယံ နိုင်ငံတွေမှာ တူညီတဲ့နှုန်းထားတွေ သတ်မှတ်နိုင်ဖို့ တယ်လီကွန်း ဝန်ဆောင်မှုများကို လျှော့ချပေးသွားမှာဖြစ်ပါတယ်။

အာဆီယံဒေသက ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ခြင်းနဲ့ အာဆီယံဒေသတွင်းရှိ လုပ်ငန်းတိုင်းရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်ခြင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကုန်ပစ္စည်းကုန်သွယ်မှု အားလုံးနီးပါးကို သုညရာခိုင်နှုန်းထိ အခွန်လျှော့ချရေး၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အခွန်မဟုတ်တဲ့အတားအဆီးများကို ဖျက်သိမ်းနိုင်မယ့်နည်းလမ်းတွေကို (၁၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ဆွေးနွေးဖော်ထုတ်မှာဖြစ်ပါတယ်။

အာဆီယံထိပ်သီးအစည်းအဝေးသို့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန်ပြည်ထောင်စုနဲ့ ရုရှားမှ ကိုယ်စားလှယ်များလည်း တက်ရောက်မှာဖြစ်ပါတယ်။

# အေအီးစီကို ရင်ဆိုင်ဖို့အတွက် အင်ဒိုနီးရှားက ထပ်မံပြင်ဆင်ရန်လိုအပ်

၂၀၁၆ ခုနှစ် ဇန်နဝါရီမှာ စတင်အကောင်အထည် ဖော်တော့မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းက လာမယ့်စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့နဲ့ အခွင့်အလမ်းတွေကို အရအမိ ဆုပ်ကိုင်နိုင်ဖို့အတွက် အင်ဒိုနီးရှားနိုင်ငံအနေနဲ့ စီးပွားရေးနယ်ပယ်မှာ တိုးတက်မှုရှိအောင် ဆောင်ရွက်ဖို့ လိုအပ်နေသေးကြောင်း အင်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"အာဆီယံ လွတ်လပ်တဲ့ ဈေးကွက်ကို ရင်ဆိုင်ဖို့အတွက် အင်ဒိုနီးရှားနိုင်ငံအသင့်ဖြစ်မဖြစ်ကို တချို့နယ်ပယ်တွေက သံသယရှိနေပါတယ်" လို့ စီးပွားရေးဝန်ကြီး ဒါမင်နာဆုရှင်းက ယခင်ရက်သတ္တပတ်အတွင်းက ပြောခဲ့ပါတယ်။

စီးပွားရေးနယ်ပယ်မှာ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ရေတိုရေရှည်စီမံချက်ချပြီး တိုးတက်ကောင်းမွန်အောင် ပြုပြင်ရမယ့် နယ်ပယ် အများအပြားရှိသေးကြောင်း ဝန်ကြီးက မှတ်ချက်ချပါတယ်။ အာဆီယံဒေသအချင်းချင်း ကုန်သွယ်မှုက ထူးထူးခြားခြားတိုးတက်လာပြီး ဒီတိုးတက်မှုကို ရင်ဆိုင်ဖို့အတွက် ထပ်မံပြင်ဆင်စရာတွေရှိနေသေးကြောင်း ဝန်ကြီးကပြောပါတယ်။

၂၀၁၄ ခုနှစ်က ပြုစုထားတဲ့ စာရင်းအရ အာဆီယံဒေသရဲ့ စုစုပေါင်းလူဦးရေ သန်း ၆၀၀ ရှိပြီး စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) က အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံရှိတဲ့အတွက် အာဆီယံဒေသက ကြီးမားတဲ့ ဈေးကွက် ကြီးဖြစ်ပါတယ်။ ဒါ့ကြောင့် အေအီးစီက အခွင့်အလမ်းတွေဆောင်ကျဉ်းပေးနိုင်မှာဖြစ်ကြောင်း သူက အတည်ပြုပြောကြားပါတယ်။ ဒီအခြေအနေက ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်ပါတယ်။ ဒါကြောင့် စီးပွားရေးနယ်ပယ်မှာရှိတဲ့ အားနည်းချက်တွေဖော်ထုတ်ဖို့ ပေါင်းစပ်ညှိနှိုင်းမှုနဲ့ ပြင်ဆင်မှုတွေ ဆက်လက်ဆောင်ရွက်ကြဖို့ ဗဟိုနဲ့ ဒေသဆိုင်ရာအစိုးရတွေကို သူကတိုက်တွန်းပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုယဉ်ကျေးမှုဆိုတဲ့ မဏ္ဍိုင်သုံးရပ်အပေါ်မှာ အခြေပြုပြီး အာဆီယံဒေသတွင်း ကုန်သွယ်မှုကို တည်ထောင်မယ့်ခေတ်သစ်ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ဒီကာလဟာ တစ်လခွဲသာသာမျှပင် ရှိပါတော့တယ်။

ဒီမဏ္ဍိုင်ကြီးသုံးရပ်က အာဆီယံဒေသကိုတည်ငြိမ်တဲ့၊ သာယာဝပြောတဲ့ လူတွေသဘောကျတဲ့ ဒေသတစ်ခုအဖြစ် အသွင်ပြောင်းပေးမှာဖြစ်ပါတယ်။ နောက်ဆုံးမှာ အာဆီယံနိုင်ငံတွေက လူမှုရေးနဲ့ ယဉ်ကျေးမှုအပြန်အလှန်ကူးလူးယှက်နွယ်ရေးအတွက် အခြေခံအုတ်မြစ်တွေဖြစ်လာနိုင်ပါတယ်။

# ကုသိုလ်ဖြစ်လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ဖို့ စီးပွားရေးသမားများကို တိုက်တွန်း

ထိရောက်တဲ့ အကျိုးသက်ရောက်မှုတွေရှိဖို့အတွက် အင်ဒိုနီးရှားနိုင်ငံမှာသာမက အာရှဒေသမှစီးပွားရေးလုပ်ငန်းများက သဘာဝဘေးအန္တရာယ်ကြီးကြီးမားမားကျရောက်တဲ့ အချိန်ကျမှသာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပိုမိုရေရှည်တည်တံ့တဲ့ ကုသိုလ်ဖြစ်လုပ်ငန်းများကို ဆောင်ရွက်ကြဖို့ ဒေသတွင်းရှိ ကုသိုလ်ဖြစ်အလှူရှင်များက မကြာသေးမီက တိုက်တွန်းကြောင်း ဂျကာတာပို့စ်သတင်းမှာဖော်ပြပါတယ်။

ကုသိုလ်ဖြစ်အလှူပေးရုံသာမက ပြဿနာရဲ့ အရင်းအမြစ်ကို လျော့ပါးသွားစေနိုင်တဲ့အထိ လိုအပ်တဲ့အထောက်အပံ့လုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ကိစ္စရပ်တစ်ခုတည်းကို ဦးတည်ပြီး ရေရှည်ဆောင်ရွက်မှသာ ကုသိုလ်ဖြစ်လုပ်ငန်းက ထိရောက်မှုရှိမှာဖြစ်ကြောင်း စင်ကာပူ လီယန်ဖောင်ဒေးရှင်းရဲ့ဥက္ကဋ္ဌ လော့ရင်လီယန်က ပြောပါတယ်။

ဥပမာအားဖြင့် ဆင်းရဲနေတဲ့ နယ်မြေတစ်ခုကို အသေးစားငွေကြေးထောက်ပံ့မယ်ဆိုပါက နေထိုင်သူတို့အား ငွေကြေးထောက်ပံ့ပေးရုံသာမက သူတို့အတွက် အလုပ်အကိုင်၊ လေ့ကျင့်မှုသင်တန်းနဲ့ ငွေကြေးအကျိုးအမြတ်ရှိစေမယ့် ဖြန့်ဖြူးရေး လမ်းကြောင်းများကို ဖန်တီးပေးသင့်ကြောင်း လီယန်က ပြောပါတယ်။

အဏ္ဏဝါရေးရာနှင့် ငါးဖမ်းလုပ်ငန်းဝန်ကြီး ဆူစီပတ်ဂျီယာဆုတီကလည်း သူမဝန်ကြီးမဖြစ်မီ ငါးပို့ကုန်လုပ်ငန်းရှင်ဘဝ ၂၀၀၄ ခုနှစ် ဒီဇင်ဘာနဲ့ ၂၀၀၅ ခုနှစ် မတ်လအတွင်း ဆူနာမီရေဘေးသင့်ဒေသများသို့သွားရောက်ခဲ့ပုံများကို ရှင်းလင်းတင်ပြပါတယ်။ ထိုစဉ်က ရေဘေးသင့် ဒေသဖြစ်တဲ့ Aceh ပြည်နယ် Simeulu ကျွန်းသို့သွားရောက်ပြီး အစားအစာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးရုံသာမက ဒေသခံတွေပြန်လည်နာလန်ထူဖို့နဲ့ သူတို့ရဲ့ ရေလုပ်ငန်းတွေ ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်ဖို့ အကူအညီပေးခဲ့တယ်လို့ ဆိုပါတယ်။

လီယန်ကလည်း သူရဲ့အဖိုးကွယ်လွန်သူဘဏ်လုပ်ငန်းရှင် လီယန်ရင်းချောင်တည်ထောင်ခဲ့တဲ့ လီယန်ဖောင်ဒေးရှင်းကတစ်ဆင့် အာရှဒေသရှိ လူဦးရေ ခုနစ်သိန်းခွဲကျော်အား ရေသန့်ရရှိနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖောင်ဒေးရှင်းက ရေရရှိရေးဌာန ၁၃၃၉ ခုနဲ့ သန့်စင်ခန်း ၂၁၇၀၄ ခုကို တည်ဆောက်ပေးခဲ့တဲ့အတွက် ကမ္ဘောဒီးယား၊ တရုတ်နဲ့ ဗီယက်နမ်နိုင်ငံတို့မှ လူခြောက်သိန်းခန့် အကျိုးခံစားခွင့် ရရှိစေခဲ့ပါတယ်။

လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ဖောင်ဒေးရှင်းက နန်ယန်နည်းပညာတက္ကသိုလ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့သလို ဒေသခံများထံ ကောင်းကောင်းမွန်မွန်ရောက်ရှိရေးအတွက် ဒေသဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

# အောက်တိုဘာလအထိစာရင်းအရ တောင်ကိုရီးယားက ဗီယက်နမ်မှာ ထိပ်ဆုံးရင်းနှီးမြှုပ်နှံသူဖြစ်

၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ဗီယက်နမ်နိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှု အဟောင်းအသစ် နှစ်ရပ်ပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံအထိရှိခဲ့တဲ့အတွက် ဗီယက်နမ်နိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံသူ ဖြစ်ခဲ့ကြောင်း နိုဝင်ဘာ ၁၀ ရက်က ထုတ်ပြန်တဲ့ အစီရင်ခံစာတစ်စောင်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။



တောင်ကိုရီးယားနိုင်ငံရဲ့ စီမံကိန်းသစ် ၂၈၃၃ အတွက် စုစုပေါင်း မှတ်ပုံတင် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံရှိပြီး ၁၀ လအတွင်း ထပ်မံတိုးချဲ့ခဲ့တဲ့ စီမံကိန်း ၂၅၇ခုအတွက် မှတ်ပုံတင်ရင်းနှီး ငွေက အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရှိကြောင်း စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီက ထုတ်ပြန်တဲ့ အစီရင်ခံစာမှာဖော်ပြပါတယ်။ ဒီစီမံကိန်းအများစုက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအရဆောင်ရွက်တဲ့ စီမံကိန်းတွေဖြစ်တယ်လို့ ဆိုပါတယ်။

တောင်ကိုရီးယား နိုင်ငံက အဓိကအားဖြင့် ဗီယက်နမ်ရဲ့ ဆင့်တက်ပြုပြင်မှုနဲ့ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတွေမှာရှိတဲ့ လုပ်ငန်းကဏ္ဍ ၁၆ ခုမှာ ရင်းနှီး မြှုပ်နှံလျက်ရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံ မှုက အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၃ ဘီလီယံရှိပါတယ်။ ဒီပမာဏက တောင်ကိုရီးယားနိုင်ငံက လာရောက်ပြီး ရင်းနှီးမြှုပ်နှံတဲ့ မှတ်ပုံတင်မတည်ရင်းနှီး ငွေစုစုပေါင်းရဲ့ ၉၀ ဒသမ ၃ ရာခိုင်နှုန်းရှိပါတယ်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းက ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံတဲ့ နယ်ပယ်ဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရှိပါတယ်။ တောင်ကိုရီးယားကလာရောက် ရင်းနှီးမြှုပ်နှံတဲ့ငွေကြေးရဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။

နယ်မြေဒေသအရ ကြည့်ရင် ယခုနှစ်ဆယ်လအတွင်း ရင်းနှီးမြှုပ်နှံခဲ့တာ ပြည်နယ်ပေါင်း ၄၁ ခုရှိပါတယ်။ အစီရင်ခံစာတင်သွင်းဖို့ လေ့လာသုံးသပ်ခဲ့တဲ့ ကာလအတွင်း ဗီယက်နမ်နိုင်ငံ တောင်ပိုင်းပြည်နယ်ဖြစ်တဲ့ ဘက်နင်းမှာ ရင်းနှီးမြှုပ်နှံမှုက အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃ ဘီလီယံရှိပါတယ်။

# မလေးရှားနိုင်ငံမှာ အတွေ့အကြုံရှိ အင်ဂျင်နီယာ ငါးသောင်း လိုအပ်

ဆောက်လုပ်ရေးလုပ်ငန်းများနဲ့ အခြေခံအဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ကြီးကြပ်ရတဲ့ အရေးပါတဲ့လုပ်ငန်းတွေနဲ့ သင့်တော်တဲ့ အရည်အသွေးပြည့် အင်ဂျင်နီယာတွေ မလေးရှားနိုင်ငံမှာလိုအပ်လျက်ရှိတယ်လို့ မလေးရှား အင်ဂျင်နီယာများအဖွဲ့ (Institution of Engineers Malaysia-IEM) ကပြောကြောင်း အေရှဝမ်းဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

မလေးရှားနိုင်ငံမှာ အတွေ့အကြုံပြည့်ဝတဲ့ အင်ဂျင်နီယာ တစ်သိန်းခန့်သာရှိကြောင်း IEM ဥက္ကဋ္ဌ ဒါတွတ်လင်းချောင်းဟွတ်က စတားဘစ်သတင်းဌာနကိုပြောပါတယ်။

"ဆောက်လုပ်ရေးနဲ့ အခြေခံ အဆောက်အအုံကဏ္ဍတွေမှာ လိုအပ်ချက်တွေဖြည့်ဆည်းဖို့အတွက် ကျွန်တော်တို့ အင်ဂျင်နီယာ ငါးသောင်းလိုအပ်ပါတယ်။ အတိုင်ပင်ခံနဲ့ စီမံခန့်ခွဲမှု ဌာနတွေမှာ အတွေ့အကြုံပြည့်ဝတဲ့ အင်ဂျင်နီယာတွေလိုအပ်နေပါတယ်" လို့ သူက ပြောပါတယ်။

"မလေးရှား IEM အသင်းအဖွဲ့ဝင်များအနက် ၇၀ ရာခိုင်နှုန်းက ဖွံ့ဖြိုးရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍများရှိ အင်ဂျင်နီယာတွေဖြစ်ပါတယ်။ သူတို့က အစိုးရစီမံကိန်းတွေမှာရှိတဲ့ အတိုင်ပင်ခံနဲ့ စီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ အလွယ်တကူဝင်ရောက်လုပ်ကိုင်နိုင်သူတွေဖြစ်ပါတယ်" လို့ သူကပြောပါတယ်။

ကျန် ၃၀ ရာခိုင်နှုန်းက လျှပ်စစ်၊ အီလက်ထရွန်းနစ်နဲ့ စက်မှုအင်ဂျင်နီယာလုပ်ငန်းတွေမှာ ဆောင်ရွက်ကြမယ့် အင်ဂျင်နီယာတွေဖြစ်ပါတယ်။ IEM မှာ လက်ရှိ အဖွဲ့ဝင်စုစုပေါင်း ၄၃၀၀၀ ရှိပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်အတွင်း IEM ကဆောင်ရွက်ခဲ့တဲ့ လေ့လာချက်အရ ပြည်တွင်းအင်ဂျင်နီယာ ဘွဲ့ရတွေက အခြေခံအင်ဂျင်နီယာပညာတွေကို နားလည်မှုမရှိတာကို တွေ့ရတဲ့အတွက် စိုးရိမ်မှုတွေရှိနေကြောင်း၊ ပြည်တွင်း အင်ဂျင်နီယာဘွဲ့ရတွေရဲ့ အရည်အသွေးနဲ့ ပတ်သက်ပြီး သူကပြောပါတယ်။

"ဒီအခြေအနေကြောင့် တာဝန်ကို ထိထိရောက်ရောက်ထမ်းဆောင်နိုင်ဖို့အတွက် အခက်အခဲဖြစ်စေနိုင်ကြောင်း ကုန်ချောထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနဲ့ ဖွံ့ဖြိုးရေး ကဏ္ဍမှပြန်လည်တုံ့ပြန်ပြောကြားမှုတွေအရ သိရပါတယ်။ ဒီတွေ့ရှိချက်တွေကို ကျွန်တော်တို့က အဆင့်မြင့်ပညာရေးဝန်ကြီးဌာနကို တင်ပြထားပါတယ်။ တက္ကသိုလ်တွေမှာရှိတဲ့ အင်ဂျင်နီယာသင်ရိုးညွှန်းတမ်းတွေကို မြှင့်တင်ပေးဖို့လည်း အဆိုပြုထားပါတယ်" လို့ သူကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မိုက်ခရို၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဖိလစ်ပိုင်ဘဏ်များမှ ပီဆို နှစ်ဘီလီယံကျော် ချေးမည်

ချေးငွေအစီအစဉ်ကို စတင်အကောင်အထည်ဖော်ပြီးနောက် ခုနစ်နှစ်အကြာမှာ ချေးငွေဖွံ့ဖြိုးရေး အစီအစဉ်အရ မိုက်ခရို (Micro)၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အား ဘဏ်များမှ ထုတ်ချေးငွေစုစုပေါင်းမှာ ပီဆို နှစ်ဘီလီယံကျော်ရှိသွားပြီဖြစ်ကြောင်း လွန်ခဲ့တဲ့ရက်သတ္တပတ်က ဖိလစ်ပိုင်ဗဟိုဘဏ် Banko Sentral ng Philipinas - BSP) ရဲ့ထုတ်ပြန်ချက်ကိုကိုးကားပြီး ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။

ချေးငွေရန်ပုံငွေအစီအစဉ်တစ်ခုဖြစ်တဲ့ Credit Surety Fund(CSF) အစီအစဉ်အရ ထုတ်ချေးဖို့ ဘဏ်များကအတည်ပြုထားတဲ့ ချေးငွေစုစုပေါင်းက စက်တင်ဘာလကုန်အထိ ပီဆို ၂ ဒသမ ၀၃ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း BSP ကပြောပါတယ်။ ချေးငွေအစီအစဉ်အရ အကျိုးခံစား ခွင့်ရရှိခဲ့တဲ့ MSMEs အရေအတွက် စုစုပေါင်း ၁၄၆၆၁ ခုရှိတယ်လို့ ဆိုပါတယ်။ ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အောက်ခြေအထိ ထိုးဖောက်ဝင်ရောက်နိုင်တဲ့အတွက် အရေအတွက်က ဆက်လက် တိုးတက်နိုင်တယ်လို့ BSP ကဆိုပါတယ်။

အာမခံ အပေါင်မပေးနိုင်တဲ့အတွက်လည်းကောင်း၊ သတင်းအချက်အလက်မရရှိနိုင်တဲ့ အတွက်ကြောင့်လည်းကောင်း၊ ချေးငွေမရရှိနိုင်တဲ့ လုပ်ငန်းငယ်များအတွက် ချေးငွေအဖြစ် ၂၀၀၈ ခုနှစ် ဩဂုတ်လမှာ BSP က CSF အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

CSF ကို အကောင်အထည်ဖော်ခြင်းအားဖြင့် အလားအလာရှိတဲ့ စီးပွားရေးစီမံကိန်းများရှိပေမယ့် ဘဏ်များက ချေးငွေရရှိနိုင်မယ့် အာမခံအပေါင်ပစ္စည်းအမာခံမရှိတဲ့ သမဝါယမအသင်းတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ဘဏ်များက ချေးငွေများရရှိနိုင်အောင် ဆောင်ရွက်ပေးနိုင်ပါတယ်။ ယခု ခုနစ်နှစ်မြောက်မှာ နိုင်ငံအနှံ့အပြားရှိ ပြည်နယ် ၃၀ နဲ့ မြို့ကြီး ၁၄ မြို့မှာ CSF အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါတယ်။ BSP ငွေကြေးဘုတ်အဖွဲ့နဲ့ ကာဘာတွန်မြို့တော်ဝန်တို့က ၄၅ ခုမြောက် CSF အစီအစဉ်အဖြစ်ဆောင်ရွက်မယ့် သဘောတူစာချုပ်ကို နိုဝင်ဘာ ၉ ရက်နေ့မှာလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သမဝါယမအသင်းကိုးသင်းက ကာဘာတွန်မြို့တော် CSF အစီအစဉ် မှာ ပူးပေါင်းပါဝင်ကြပြီး CSF ရန်ပုံငွေ အဖွဲ့က ပီဆို ၁ ဒသမ ၁ သန်းနဲ့ မြို့တော် အစိုးရအဖွဲ့က ကနဦးထည့် ဝင်ငွေအဖြစ် ပီဆို ၁ ဒသမ ၅ သန်းထည့်ဝင် ဆောင်ရွက်မှာဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### နယူးယောက်

အမေရိကန်နိုင်ငံမှာ အကြီးမားဆုံးမော်တော်ကား ကုမ္ပဏီကြီးဖြစ်တဲ့ ဂျင်နရယ်မော်တာ ကုမ္ပဏီက တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်မှာ ထုတ်လုပ်တဲ့ Buick Envision ကားကို ၂၀၁၆ ခုနှစ်မှာ အမေရိကန်ဈေးကွက်သို့ တင်ပို့ရန်စီစဉ်ထားကြောင်း ဝေါလ်စထရိဂျာနယ်သတင်းမှာ နိုဝင်ဘာ ၁၂ ရက်က ဖော်ပြပါတယ်။

### ဝါရှင်တန်

တရုတ်နိုင်ငံသုံးငွေကြေး ယွမ် သို့မဟုတ် ရင်မင်ဘီကို အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ရဲ့ အထူးထုတ်ယူခွင့် (SDR)အုပ်စုငွေကြေးများအတွင်း ထည့်သွင်းနိုင်ဖို့အတွက် ဆုံးဖြတ်ချက်ကို ဒီလထဲမှာဆုံးဖြတ်မှာဖြစ်ကြောင်း ရန်ပုံငွေအဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဂယ်ရီရိုက်စ်က နိုဝင်ဘာ ၁၂ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

တောင်ကိုရီးယား နိုင်ငံရဲ့ စီးပွားရေး ပြန်လည်နာလန်ထူလာတဲ့ လက္ခဏာများကို တွေ့ရတဲ့အတွက် စံချိန်တင်ကျဆင်းနေတဲ့ ဗဟိုဘဏ် အတိုးနှုန်းကို မပြောင်းလဲသေးဘဲ ငါးလခန့်စောင့်ကြည့်ဦး မှာဖြစ်ကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး လီဂျူယိုးရဲ့ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ နိုဝင်ဘာ ၁၂ ရက်နေ့က ဖော်ပြပါတယ်။

### ဟာနွိုင်း

ဗီယက်နမ်နိုင်ငံရဲ့ အကောက်အခွန်စီမံအုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများကို လွယ်ကူမှုရှိအောင် ထပ်မံဆောင်ရွက်ဖို့နဲ့ ဝန်ဆောင်မှုအရည်အသွေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ မျှော်လင့်ကြောင်း စစ်တမ်းကောက်ယူခဲ့တဲ့ စီးပွားရေးလုပ်ငန်း ၃၀၀၀ အနက် ၈၂ ရာခိုင်နှုန်းရဲ့ တုံ့ပြန်ချက်ပါရှိတဲ့ အစီရင်ခံစာကို ကိုးကားပြီး ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။

## MIDDLE EAST

## ရေရှည်တည်တံ့နိုင်မယ့် ရေနံဈေးနှုန်းချမှတ်ဖို့ ပင်လယ်ကွေ့ နိုင်ငံများကို အိုင်အမ်အက်ဖ်တိုက်တွန်း

ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများက နှစ်ပေါင်းများစွာ ဆက်လက်ကျဆင်းနေဦးမှာဖြစ်တဲ့အတွက် အခြေအနေနဲ့ ကိုက်ညီအောင် ဘတ်ဂျက်များကို ရေးဆွဲထားကြဖို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အကြီးအကဲ ခရစ္စတင်းလားဂတ်က နိုဝင်ဘာလ ၈ ရက်နေ့က သတိပေးပြောကြားကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါ တယ်။

ပင်လယ်ကွေ့နိုင်ငံများက ရေနံ နဲ့ သဘာဝဓာတ်ငွေ့ကို ဆက်လက်မှီခိုနေလို့ ရနိုင်တော့မှာ မဟုတ်ကြောင်း ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဂျီစီစီ) ဝင်နိုင်ငံခြောက်နိုင်ငံမှ ဝန်ကြီးများ၊ အရာရှိများနဲ့ ကာတာနိုင်ငံ မြို့တော်ဒိုဟာမြို့မှာ ဆွေးနွေးပွဲကျင်းပပြီးနောက် လားဂတ်က သတိပေးပြောကြားခဲ့ပါတယ်။

"ရေနံစိမ်းဈေးနှုန်းတွေက လက်ရှိရှိနေတဲ့အတိုင်း နှစ်ပေါင်းများစွာ ဆက်လက် တည်ရှိနေဦးမှာဖြစ်တဲ့အတွက် ဂျီစီစီအဖွဲ့ဝင်နိုင်ငံတွေက ဘဏ္ဍာရေးညှိနှိုင်းမှုတွေကို အဆင့်တစ်ခုအထိ ဆောင်ရွက်ဖို့လိုအပ်မှာ ဖြစ်တယ်လို့ယုံကြည်ပါတယ် "လို့ သတင်းစာရှင်းလင်းပွဲမှာ လားဂတ်ကပြောပါတယ်။

ဂျီစီစီ အဖွဲ့ဝင်နိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ယခုနှစ် မှာ ၃ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ်မှာ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းမယ်လို့ အိုင်အမ်အက်ဖ်က ယုံကြည်ကြောင်း လားဂတ်က ပြောပါတယ်။ စွမ်းအင်ဈေးနှုန်းတွေ ကျဆင်းမှုကြောင့် ပို့ကုန်မှဝင်ငွေက ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ရင်နိမ့်ကျပြီး ယခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ ဘီလီယံ(ယူရို ၂၅၆ ဘီလီယံ) ရှိကြောင်း သူမကပြောပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေက ၂၀၁၄ ခုနှစ်နှစ်စမှ ယခုချိန်အထိ ထက်ဝက်ကျော် ကျဆင်းခဲ့ပြီးရေနံစိမ်းအတွက် အပြည်ပြည်ဆိုင်ရာ အခြေခံစံထားဈေးနှုန်းဖြစ်တဲ့ ဘရင့်ရေနံစိမ်းရဲ့ ဒီဇင်ဘာအတွက် စာချုပ်ဈေးက နိုဝင်ဘာလ ၉ ရက်နေ့မှာ တစ်စည်ကို ၄၇ ဒသမ ၄၂ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

ဘဏ္ဍာရေးညှိနှိုင်းမှုလုပ်ငန်းများတွင် အထူးသဖြင့် အစိုးရအသုံးစရိတ်ကို တင်းကျပ်စွာ ထိန်းချုပ်ခြင်းနဲ့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုကို အားပေးဖို့ဖြစ်ကြောင်းနဲ့ ညှိနှိုင်းဆောင်ရွက်ရမယ့် အတိုင်းအဆ ပမာဏက နိုင်ငံအလိုက် ကွဲပြားနိုင်တယ်လို့ ဆိုပါတယ်။

## SOUTH ASIA

## အိန္ဒိယလူမျိုးငါးယောက်မှာ တစ်ယောက် လမ်းလျှောက်ပြီးအလုပ်ဆင်း



၂၁ ရာစုသို့ရောက်ရှိလာချိန်မှာ အိန္ဒိယလူမျိုး ငါးယောက်မှာ တစ်ယောက်က လုပ်ငန်းခွင်သို့လမ်းလျှောက်သွားပြီး ၁၅ ရာခိုင်နှုန်းခန့်က အများပြည်သူသယ်ပို့ဆောင်ရေးစနစ်ကို အသုံးပြုကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယ သတင်းမှာ ဖော်ပြပါတယ်။

နေအိမ်ကနေ ကီလိုမီတာ ၂၀ လောက်ရှိတဲ့နေရာကို သွားရောက်အလုပ်ဆင်းရသူ ၃၃ ရာခိုင်နှုန်းက ဘတ်(စ်)ကားနဲ့ရထားအပြင် တခြားသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုပါတယ်။ အိုးမကွာအိမ်မကွာအိမ်မှာ အလုပ်လုပ်ကြသူဦးရေက ၃၀ ရာခိုင်နှုန်းရှိပါတယ်။

ယခုကိန်းဂဏန်းအချက်အလက်တွေက မိမိတို့နေအိမ်ကနေ ကီလိုမီတာ ၂၀ အတွင်းမှာရှိတဲ့ အလုပ်ခွင်ကိုသွားရောက်တဲ့အခါ အသုံးပြုတဲ့သယ်ယူပို့ဆောင်မှုစနစ်တွေကို စစ်တမ်းကောက်ယူထုတ်ပြန်ခဲ့တဲ့ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံတွက်ချက်ထားတဲ့ တွေ့ရှိချက်တွေဖြစ်ပါတယ်။ ဒီစာရင်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်သားတွေနဲ့ အိမ်ဖော်တွေကို ထည့်သွင်းမထားပါဘူး။ စစ်တမ်းကောက်ယူခဲ့တဲ့ သန်း၂၀၀ အနက် အလုပ်သမား ၄၅ သန်းက သူတို့လုပ်ငန်းခွင်ကို လမ်းလျှောက်သွားကြပါတယ်။

အိုးမကွာအိမ်မကွာ နေထိုင်လုပ်ကိုင်သူအများစုက ကျေးလက်ဒေသကလူတွေဖြစ်ပါတယ်။

"မြို့ပြဒေသတွေမှာ လုပ်ငန်းခွင်ကို လမ်းလျှောက်သွားကြတဲ့သူအများစုက ဆင်းရဲသားတွေများပါတယ်။ တခြားသယ်ယူပို့ဆောင်ရေးကို အသုံးပြုဖို့ မတတ်နိုင်တဲ့အတွက် အဆင်ပြေညီညွတ်မှုမရှိ၊ အန္တရာယ်များမှန်းသိပေမယ့် ခရီးဝေးကြီးကိုလမ်းလျှောက်အလုပ်ဆင်းနေကြတာဖြစ်ပါတယ်" လို့သယ်ယူပို့ဆောင်ရေးနဲ့ မူဝါဒရေးရာဌာန ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဂါဒီပေါ်လီက တိုင်းမ်အော့ဖ်အိန္ဒိယ သတင်းဌာနကိုပြောပါတယ်။

ဒီကိန်းဂဏန်းတွေကို ကြည့်ခြင်းအားဖြင့် လမ်းလျှောက်သွားသူတွေအတွက် အထောက်အကူပြုမှုတွေ ဆောင်ရွက်ဖို့ လိုနေကြောင်းပြသလျက်ရှိနေတယ်လို့ဆိုပါတယ်။

## USA

## အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေမြင့်မားနေချိန်မှာ လေ့လာဆန်းစစ်သူတွေက ရွှေ့အလားအလာကို သုံးသပ်

နိုဝင်ဘာ ၁၂ ရက်မှာ ငွေကြေးမူဝါဒနဲ့ ပတ်သက်ပြီး ဗဟိုဘဏ်ပြောရေးဆိုခွင့်ရှိသူ အတော်များများက သူတို့ရဲ့ သဘောထားအမြင်များကို ဖော်ပြခဲ့ပြီးနောက် ယခုနှစ်အကုန်နောင်နှစ်ဆန်းမှာ အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းကို တိုးမြှင့်ပေးမယ့် အလားအလာတွေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူတွေနဲ့ လေ့လာဆန်းစစ်သူတွေက စဉ်းစားဖော်ထုတ်လာကြကြောင်း အိုင်ဘီတိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။

အလားတူ ထုတ်ပြန်လာတော့မယ့် အလုပ်လက်မဲ့ ခံစားခွင့်တောင်းခံမှု အခြေအနေကို သူတို့ကနားစွင့်နေကြပါတယ်။ ဒါပေမယ့် အောက်တိုဘာ အလုပ်အကိုင်အခြေအနေကို ပြသတဲ့ လစာ စာရင်းနဲ့ဆိုင်တဲ့ ကိန်းဂဏန်း အခြေအနေတွေကအမေရိကန်စီးပွားရေး ကြံ့ခိုင်မှုရှိနေတာကို ပြသနေပါတယ်။ အမေရိကန် ပြည်ထောင်စုရဲ့ အတိုးနှုန်းက စံချိန်တင်နိမ့်ကျနေပြီး ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင် အပါအဝင် ဗဟိုဘဏ် တာဝန်ရှိသူတွေက ဒီဇင်ဘာမှာ အတိုးနှုန်းတွေ မြှင့်တင်ပေးဖို့ ရည်ရွယ်ချက်ရှိကြောင်း မကြာသေးမီ ရက်သတ္တပတ်များက ပြောကြားထားပြီးဖြစ်ပါတယ်။

ဒီဇင်ဘာမှာ အတိုးနှုန်းမြှင့်တင်ပေးရေးကိစ္စက ရှင်သန်နေတဲ့ အလားအလာအဖြစ် တင်စားပြီး " Live possibility" တစ်ခုဖြစ်ကြောင်း ကွန်ဂရက်ကော်မတီရဲ့ ယခင်ရက်သတ္တပတ် ကြားနာစစ်ဆေးမှုမှာ ယယ်လင်က ပြောခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်နေ့ကလည်း အတိုးနှုန်းမြှင့်တင်ပေးရေးကိစ္စက " အလွန် ခိုင်မာကြောင်း " ဆန်ဖရန်စစ္စကို ဗဟိုဘဏ်အကြီးအကဲကပြောပါတယ်။

ဆယ်နှစ်နီးပါး ကာလအတွင်း အမေရိကန်ဗဟိုဘဏ်က အခြေခံအတိုးနှုန်းကိုမြှင့်တင်ပေးခြင်းမရှိခဲ့ဘဲ ၂၀၀၈ ဘဏ္ဍာရေးအကျပ်အတည်းကာလနောက်ပိုင်း သုည ရာခိုင်နှုန်းနီးပါးနှုန်း ထိန်းပေးခဲ့ပါတယ်။

## EAST ASIA

## တရုတ်စီးပွားရေး နှေးကွေးကျဆင်းမှုက တောင်ကိုရီးယား စီးပွားရေးကို ထိခိုက်

တရုတ်နိုင်ငံရဲ့ စီးပွားရေး နှေးကွေးကျဆင်းမှုက ပို့ကုန်တင်ပို့မှုအတွက် အိမ်နီးချင်းနိုင်ငံကို အကြီးအကျယ်မှီခိုနေရတဲ့ တောင်ကိုရီးယား စီးပွားရေးအပေါ်မှာ ထူးထူးခြားခြား ဂယက်ရိုက်ခတ်လာမှာကို စိုးရိမ်မှုတွေရှိနေကြောင်း တောင်ကိုရီးယားနိုင်ငံရဲ့ ရှေ့ဆောင်အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ကိုရီးယားဖွံ့ဖြိုးရေးအဖွဲ့ (Korea Development Institute-KDI) ရဲ့ နိုဝင်ဘာ ၉ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာဖော်ပြပါတယ်။

၂၀၀၈ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းနောက်ပိုင်း အဆမတန်ဆောင်ရွက်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပြန်လည်ချိန်သားကိုက်ညှိဖို့ တရုတ်နိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါဆောင်ရွက်မှုကြောင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးမှာ အခက်အခဲများကို ဖြစ်ပေါ်စေပြီး တောင်ကိုရီးယား စီးပွားရေးမှာလည်း စိုးရိမ်စရာ အကျိုးသက်ရောက်မှုတွေဖြစ် စေနိုင်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံက တောင်ကိုရီးယားနိုင်ငံရဲ့ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၇ ဘီလီယံရှိပါတယ်။ အမေရိကန်ပြည်ထောင်စုက အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၆ ဘီလီယံနဲ့ ဒုတိယနေရာမှာရှိနေပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု တစ်ရာခိုင်နှုန်းကျဆင်းရင် တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးကို သုည ဒသမ ၀၆ ရာခိုင်နှုန်း ကျဆင်းစေနိုင်ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးက ထွန်းသစ်စနိုင်ငံတွေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ အပေါ်မှာအကျိုးသက်ရောက်မှု ရှိနေပါတယ်။ ဒီအကျိုးသက်ရောက်မှုကတစ်ဆင့် တောင်ကိုရီးယားရဲ့ ဖွံ့ဖြိုးမှုနှုန်းကိုလည်း သုည ဒသမ ၂ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းအောင် အကျိုးသက်ရောက်မှုရှိစေပြန်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံရဲ့ စက်မှုပြုပြင်ပြောင်းလဲရေးက ဖြစ်လာမယ့် ဂယက်ရိုက်ခတ်မှုကို ခုခံကာကွယ်နိုင်ဖို့အတွက် အစီအမံတွေချ မှတ်ထားဖို့ KDI အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

နွေးကွေးနေတဲ့ တရုတ်စီးပွားရေး၊ ကျဆင်းနေတဲ့ ကမ္ဘာ့ကုန်စည်ဈေးနှုန်းတွေနဲ့ အမေရိကန်ဗဟိုအတိုးနှုန်းမြှင့်တင်ပေးမယ့် အလားအလာစတဲ့ အခြေအနေတွေ ပေါင်းစည်းမှုကြောင့် ယခုရက်သတ္တပတ်အတွင်းမှာ အာရှငွေကြေးအားလုံးရဲ့ တန်ဖိုးတွေ ကျဆင်းလာတာကို တွေ့ရပါတယ်။

ကမ္ဘာမှာ စီးပွားရေးအရ ဒုတိယအကြီးဆုံးနိုင်ငံဖြစ်တဲ့ တရုတ်စီးပွားရေးနွေးကွေးမှုကြောင့် အာရှဒေသမှာ တစ်ဦးတည်းသော ရေနံတင်ပို့နိုင်ငံဖြစ်တဲ့ မလေးရှားအပါအဝင် အာရှနိုင်ငံတွေထံမှ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကို ကျဆင်းစေခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုက အတိုးနှုန်းကို မြှင့်တင်ဖို့ ပြင်ဆင်လာတဲ့ အတွက် တောင်ကိုရီးယားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ကလည်း အတိုးနှုန်းတွေကို မူလအတိုင်းဆက်ထိန်းထားဖို့ ပြင်ဆင်ခဲ့ပါတယ်။ ယခုလစောစောပိုင်းကလည်း မလေးရှားနဲ့ ထိုင်းနိုင်ငံတို့က အတိုးနှုန်းတွေကို မပြောင်းလဲဘဲ ဆက်ထိန်းထားဖို့ ဆုံးဖြတ်ထားပါတယ်။

## တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ငွေကြေးဖလှယ်နှုန်းကို လျှော့ချသတ်မှတ်မှုနဲ့ ကုမ္ပဏီတွေက ဒေါ်လာကို ဝယ်ယူမှုတွေကြောင့် နိုဝင်ဘာ ၁၃ ရက်နေ့က ဒေါ်လာနဲ့ဖလှယ်ရာမှာ ယွမ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ကြောင်း ကုန်သည်တွေကပြောပါတယ်။ တရုတ်ဗဟိုဘဏ်က ပျမ်းမျှငွေလဲနှုန်းကို သုည ဒသမ ၀၄ ရာခိုင်နှုန်းလျှော့ချပြီး တစ် ဒေါ်လာကို ၆ ဒသမ ၃၆၅၅ ယွမ်နှုန်း သတ်မှတ်ခဲ့ပါတယ်။ ငွေလက်ငင်း ဈေး ကွက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၃၇၂၀ ယွမ်နှုန်းရှိခဲ့တဲ့အတွက် ယခင်နေ့ဈေးပိတ်ချိန်ကထက် သုည ဒသမ ၀၄ ရာခိုင်နှုန်းကျဆင်းပါတယ်။

## အိန္ဒိယရူပီး

ပို့ကုန် လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ရောင်းချမှုမြင့်တက်လာတဲ့အတွက် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းဈေးကွက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၁၁ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၂၀ ရူပီးနှုန်းကိုရောက်ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ လက်လီရောင်းချမှု ကိန်းဂဏန်းအချက်အလက်များ မထုတ်ပြန်မီ ပြည်ပမှာတခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းမှုကလည်း ပြည်တွင်းရူပီးငွေကြေးတန်ဖိုးကို အထောက်အကူဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

ဒါပေမယ့် ဈေးကွက်အဖွင့်မှာ ရှယ်ယာဈေးများကျဆင်းခြင်းနဲ့ လက်လီဈေးနှုန်း ဖောင်းပွမှုမြင့်တက်ခြင်းစတဲ့ အချက်တွေက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေပါတယ်။ ဒေဝါလီပွဲတော်ကြောင့် နိုဝင်ဘာ ၁၁ ရက်နဲ့ ၁၂ ရက်နေ့တွေမှာ ဈေးကွက်တွေပိတ်ပါတယ်။

## ဂျပန်ယန်း

နိုဝင်ဘာ ၁၃ ရက်နေ့ နံနက်က တိုကျိုဈေးကွက်မှာ ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၁၂၂ ယန်းအထက်မှာ ရှိနေပါတယ်။ ဝေါစထရီးဈေးကွက်မှာ ဒေါ်လာတန်ဖိုးတစ်ဟုန်ထိုးကျဆင်းပြီးနောက် နေ့အလိုက်နှိုင်းယှဉ်ရင် တန်ဖိုးကျဆင်းခဲ့ပြီးနောက် ပြန်လည်နာလန်ထူဖို့ရုန်းကန်နေရပါတယ်။

ဒေါ်လာနဲ့ယန်းငွေဖလှယ်နှုန်းက နိုဝင်ဘာ ၁၃ ရက် မွန်းတည့်ချိန်က တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၂ ဒသမ ၆၃ ယန်းနှုန်းဖြစ်ခဲ့ပါတယ်။ နိုဝင်ဘာ ၁၂ ရက်နေ့က ညနေငါးနာရီက နယူးယောက်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၂၂ ဒသမ ၅၄ ယန်းမှ တိုကျိုဈေးကွက်မှာ ၁၂၂ ဒသမ ၉၃ ယန်းနှုန်းရှိရာမှ ပြောင်းလဲလာတာဖြစ်ပါတယ်။

ယူရိုတန်ဖိုးက နိုဝင်ဘာ ၁၂ ရက်က နယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၈၀၇ ဒေါ်လာနှင့်၁၃၂ ဒသမ ၄၉ ယန်းနှုန်းနဲ့ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၇၄၃ ဒေါ်လာနှင့်၁၃၂ ဒသမ ၀၇ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့မှာ တစ်ယူရိုကို ၁ ဒသမ ၀၇၉၅ ဒေါ်လာနဲ့၁၃၂ ဒသမ ၃၈ ယန်းနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

မလေးရှားနိုင်ငံရဲ့ တတိယသုံးလပတ် စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) ကိန်းဂဏန်းများမထုတ်ပြန်မီ ပြည်တွင်းသုံးငွေကြေးရဲ့ ဝယ်လိုအားကျဆင်းတဲ့အတွက် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းဈေးကွက်မှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။

ရင်းဂစ်ငွေကြေးရဲ့ ဖလှယ်နှုန်းက နိုဝင်ဘာ ၁၂ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၃၆၀၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉နာရီ၂၇ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၃၇၁၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးကျဆင်းပါတယ်။

## တောင်ကိုရီးယားဝမ်

ရင်းနှီးမြှုပ်နှံသူများက တောင်ကိုရီးယားရှယ်ယာများကို ပြန်လည်ရောင်းချခြင်း၊ အမေရိကန်ဗဟိုဘဏ်တာဝန်ရှိသူတို့ရဲ့ ပြောစကားအရ အမေရိကန်ပြည်ထောင်စုက ယခုနှစ်အတွင်း အတိုးနှုန်းမြှင့်တင်ရန် အလားအလာရှိခြင်းစတဲ့ အချက်များကြောင့် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဝမ်ငွေကြေးတန်ဖိုးကျဆင်းခဲ့ပါတယ်။

ပြည်တွင်းငွေကြေး တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ နိုဝင်ဘာ ၁၂ ရက်ဈေးပိတ်ချိန်ကထက် ၅ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၆၃ ဒသမ ၈ ဝမ်နှုန်းရှိခဲ့ပါတယ်။

## ထိုင်းဘတ်

ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်က ထိုင်းဘတ်အပါအဝင် ကမ္ဘာတစ်ဝန်းရှိငွေကြေးများကို ရိုက်ခတ်မှုရှိခဲ့ကြောင်း ထိုင်းဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဘီရားရက်တိုင်းဆန်တီပရာဟော့က ပြောပါတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာ အရန်ငွေကြေး ခိုင်မာမှုက ဘတ်ငွေတန်ဖိုးကို ထိန်းပေးနိုင်ပါတယ်။

ထိုင်းဘတ်ငွေတန်ဖိုးက နိုဝင်ဘာ ၁၁ ရက်မှာ အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၈၆ ဘတ်ရှိရာမှ နောက်တစ်နေ့မှာ ၃၅ ဒသမ ၉၀ ဘတ်နှုန်းရှိခဲ့ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# နိုင်ငံခြားဘဏ်ကတ်ထုတ်ဝေရေးလုပ်ငန်းများကို တရုတ်နိုင်ငံက စည်းမျဉ်းတင်းကျပ်မည်မဟုတ်

အမေရိကန်ဒေါ်လာ ခုနစ်ထရီလီယံဖိုး ငွေပေးငွေယူရှိနေတဲ့ တရုတ်ဘဏ်ကတ်ထုတ်ဝေရေးဈေးကွက်အတွင်းသို့ ဝင်ရောက်ရန်ပြင်ဆင်နေကြတဲ့ ပင်လယ်ရပ်ခြားမှ ဘဏ်ကတ်ထုတ်ဝေသူများကို တရုတ်နိုင်ငံက လိုင်စင်စည်းကမ်းသတ်မှတ်ချက်တွေ ပြဋ္ဌာန်းသွားမှာမဟုတ်ကြောင်း နိုဝင်ဘာ ၁၀ ရက်နေ့က ဗဟိုဘဏ်မှ အဆင့်မြင့် အရာရှိတစ်ဦးရဲ့ ပြောကြားချက်ကိုကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

တရုတ်အစိုးရက နိုင်ငံခြားဘဏ်ကတ်လုပ်ငန်းများအား ထုတ်ပေးတဲ့ လိုင်စင်အရေအတွက်ကို ကန့်သတ်ပြီး ပြည်တွင်းလုပ်ငန်းတွေနဲ့ ဖက်စပ်လုပ်ငန်းထူထောင်ဖို့ ဖိအားပေးလာမှာကို စိုးရိမ်ကြောင်း ဘဏ်လုပ်ငန်းရပ်ကွက်က ရိုက်တာသတင်းဌာနကို အောက်တိုဘာလအတွင်းမှာ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ဒီလိုဆောင်ရွက်ဖို့ အစီအစဉ်မရှိကြောင်း တရုတ်နိုင်ငံဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူး ဖန်ယီဖေးက ပြောပါတယ်။

“ဘဏ်ကတ်နဲ့ငွေပေးငွေယူလုပ်တဲ့ ဈေးကွက်ကို ဥပဒေတွေနည်းဥပဒေတွေနဲ့အညီ ကျွန်တော်တို့ ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။ ပြီးတော့တရားမျှတတဲ့ ယှဉ်ပြိုင်မှုကိုလည်း အားပေးသွားမှာဖြစ်ပါတယ်”လို့ ဖန်ကပြောပါတယ်။

တရုတ်နိုင်ငံရဲ့ ဘဏ်ကတ်ဈေးကွက်က ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့အကြီးမားဆုံးဈေးကွက်ဖြစ်မယ်လို့ ခန့်မှန်းထားပြီး လျင်မြန်စွာတိုးတက်နေတဲ့ တရုတ်ဘဏ်ကတ်ဈေးကွက်ထဲကို တိုက်ရိုက်ဝင်ရောက်ဖို့ ဗီဇာနဲ့ မာစတာကတ်အပါအဝင် နိုင်ငံခြားဘဏ်ကတ်ကုမ္ပဏီတွေက ကြိုးစားခဲ့ပါတယ်။

# တောင်ကိုရီးယားဘဏ်များက ကုမ္ပဏီကြီးများအား ထုတ်ချေးငွေလျှော့ချ

တောင်ကိုရီးယားနိုင်ငံမှာ ဘဏ်များရဲ့ ထုတ်ချေးငွေစုစုပေါင်းမြင့်တက်ခဲ့ပေမယ့် စီးပွားရေးကျဆင်းမှုကာလရှည်လာတဲ့အတွက် ယခုနှစ်ပထမကိုးလအတွင်းမှာ ကုမ္ပဏီကြီးများသို့ ဘဏ်များရဲ့ထုတ်ချေးငွေ ကျဆင်းခဲ့ကြောင်း နိုဝင်ဘာ ၉ ရက်က ထုတ်ပြန်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းကိန်း ဂဏန်းတွေကို ကိုးကားပြီးယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ရှင်းဟန်ဘဏ်၊ ကူမင်းဘဏ်နဲ့ အခြားအဓိကဘဏ်ကြီးလေးခုကထုတ်ချေးခဲ့တဲ့ ချေးငွေများအနက် စက်တင်ဘာလကုန်အထိ စာရင်းများအရ စုစုပေါင်းကြွေးကျန်ပမာဏဝမ် ၁၀၃၅ ဒသမ ၈၅ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၉၈ ဒသမ ၆ ဘီလီယံ) အထိရှိခဲ့ရာ ဇန်နဝါရီကရှိခဲ့တဲ့ ကြွေးကျန်ပမာဏထက် ဝမ် ၅၆ ထရီလီယံပိုမိုခဲ့ကြောင်း ကိန်းဂဏန်းတွေအရ သိရပါတယ်။

ဘဏ်ချေးငွေစုစုပေါင်းအနက် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ စတိုးဆိုင်ငယ်ကလေးများအတွက် ထုတ်ချေးငွေက စက်တင်ဘာလအထိ စာရင်းအရ ဝမ် ၄၉၉ ဒသမ ၅ ထရီလီယံရှိခဲ့ပါတယ်။ ဇန်နဝါရီလကချေးငွေနဲ့နှိုင်းယှဉ်ရင် ဝမ် ၃၇ ဒသမ ၈ ထရီလီယံပိုမိုလာတာကိုတွေ့ရပါတယ်။ အဆိုပါကာလအတွင်း အိမ်ပေါင်ထား၍ ချေးယူတဲ့အိမ်ထောင်စုအတွက် ထုတ်ချေးငွေက ဝမ် ၁၄ ဒသမ ၉ ထရီလီယံမြင့်တက်ပြီး ဝမ် ၃၃၁ ဒသမ ၅ ထရီလီယံရှိခဲ့ပါတယ်။

ဒါပေမယ့် ကုမ္ပဏီကြီးများကို ထုတ်ချေးထားတဲ့ ကြွေးကျန်က စက်တင်ဘာလကုန်အထိ ဝမ် ၉၉ ဒသမ ၈ ထရီလီယံရှိခဲ့ပါတယ်။



# Guns N' Roses ရဲ့ လျှို့ဝှက်ချက်ကို ဖွင့်ဟလိုက်တဲ့ နစ်ကီဆစ်စ်

အမေရိကန် ရော့ခ်ဂီတသမား နစ်ကီဆစ်စ်ဟာ Guns N's Roses ဂီတအဖွဲ့ရဲ့လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

နစ်ကီဆစ်စ်ဟာ သူ့ရဲ့ဂီတဖျော်ဖြေပွဲခရီးစဉ်မှာ Guns N's Roses ရဲ့ လျှို့ဝှက်ချက်ကို သူ့ရဲ့ပရိသတ်တွေကို အင်တာဗျူးအစီအစဉ်မှာ ဖွင့်ဟခဲ့တာ ဖြစ်ပါတယ်။

နစ်ကီဆစ်စ်ဟာ Guns N's Roses ရဲ့ အဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်တဲ့ ဒီဂျေအက်ရှ်ဘာနဲ့ အဆက်အသွယ်ရှိနေတာကြောင့် အဲဒီအဖွဲ့ရဲ့ အတွင်းရေးတွေကို အလုံးစုံသိနေတဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ပရိသတ်တွေက မေးမြန်းခဲ့တာဖြစ်ပါတယ်။

၁၉၈၆ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့တဲ့ Guns N's Roses အဖွဲ့ဟာ အခုလက်ရှိအချိန်အထိ တည်ရှိနေဆဲဖြစ်ပေမယ့် အဖွဲ့သားတွေ တစ်ဦးနဲ့တစ်ဦး သဟဇာတမဖြစ်ကြတာကြောင့် လမ်းခွဲကြတော့မယ့် အနေအထားကိုရောက်နေတယ်ဆိုတဲ့ အသံတွေထွက်ပေါ်နေတာကြောင့် ပရိသတ်တွေရဲ့မေးမြန်းသံတွေ ထွက်ပေါ်လာတာဖြစ်ပါတယ်။

ပရိသတ်တွေရဲ့မေးမြန်းချက်ကို နစ်ကီဆစ်စ်က "သူတို့လည်း လူတွေပဲဗျာ။ Guns N's Roses ဆိုတာ လူတိုင်းက သိနေကြတာပဲ။ သူတို့တွေ ဘယ်တုန်းက လမ်းခွဲခဲ့ကြတယ်ဆိုတာလည်း သိနေကြတာပဲ။ အခု ပြန်လည်ပေါင်းစည်းကြတော့မယ်။ ဒါဖြစ်သင့်ပါတယ်။ လူတွေက သူတို့အဖွဲ့ကြီး ပြိုကွဲသွားတာကို မသိကြပေမယ့် ပြန်လည်းပေါင်းစည်းကြတော့မယ်ဆိုတော့ တော်တော်ကို အံ့သြနေကြတယ်" လို့ ပြောကြားခဲ့ပါတယ်။

နစ်ကီဟာ Guns N's Roses အဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒီဂျေအက်ရှ်ဘာနဲ့ ၂၀၀၇ခုနှစ်ကတည်းက ခင်မင်ခဲ့ကြတာဖြစ်ပါတယ်။

# ခရစ္စမတ်အတွက် ပြင်ဆင်နေတဲ့ ရိုးလင်းစတုန်း

ခရစ္စမတ်ကာလဟာ နီးကပ်လာပြီဖြစ်တာကြောင့် အင်္ဂလန်နိုင်ငံရဲ့ကမ္ဘာကျော်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ သည်ရိုးလင်းစတုန်းအဖွဲ့ဟာ အယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပြီဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီတေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပြီဖြစ်တယ်ဆိုတာကို အမေရိကန်နိုင်ငံရဲ့ အေဘီစီရေဒီယိုအစီအစဉ်နဲ့ သည်ရိုးလင်းစတုန်းအဖွဲ့တို့ တွေ့ဆုံမေးမြန်းခန်းအစီအစဉ်မှာ ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။

အဲဒီအယ်လ်ဘမ်ကို ဒီဇင်ဘာလ ဒုတိယပတ်လောက်မှ စတင်ဖြန့်ချိမှာ ဖြစ်တယ်လို့ဆိုပါတယ်။

"ကျွန်တော်တို့အဖွဲ့ အခုဆိုရင် ဒီအယ်လ်ဘမ်သစ်အတွက် စတူဒီယိုထဲကို ရောက်နေပါပြီ။ ခရစ္စမတ်ကာလ မတိုင်ခင်မှာ ထွက်ရှိဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပါပြီ"လို့ ပြောကြားခဲ့ပါတယ်။

သူတို့အဖွဲ့ဟာ လာမယ့်နှစ်ဆန်းမှာ တောင်အမေရိကခရီးစဉ်သစ်ကို သွားရောက်ကြမှာဖြစ်ပါတယ်။ အဲဒီခရီးစဉ်သစ်အတွက် ဒီအယ်လ်ဘမ်ကိစ္စ ပြီးရင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ သည်ရိုးလင်းစတုန်းအဖွဲ့ဟာ ၂၀၀၅ ခုနှစ်မှာ သူတို့အဖွဲ့ရဲ့အယ်လ်ဘမ်ကို စတင်ဖြန့်ချိစဉ်ကတည်းကပင် အောင်မြင်ကျော်ကြားခဲ့တာဖြစ်ပြီး အခုအချိန်အထိ အောင်မြင်ကျော်ကြားနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီအဖွဲ့ဟာ အာဂျင်တီးနား၊ ဘရာဇီး၊ ပီရူး၊ ကိုလံဘီယာနဲ့ မက္ကဆီကိုနိုင်ငံတွေကို သွားရောက်ဖျော်ဖြေကြမယ်လို့ ဆိုပါတယ်။





# ဆန္ဒပြသူတွေနဲ့ ထိပ်တိုက်ရင်ဆိုင်နေရတဲ့ ကက်တလင်းယန်နာ

အမေရိကန်နိုင်ငံရဲ့ တီဗွီအစီအစဉ်ကြေညာသူ ကက်တလင်းယန်နာဟာ လိင်ပြုပြင်ပြောင်းလဲရေးကို ဆန့်ကျင်ဆန္ဒပြသူတွေနဲ့ ထိပ်တိုက်ရင်ဆိုင်နေရတယ်လို့ သတင်းများက ဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံရဲ့ အိုလံပစ်ပြေးခုန်ပစ် ချန်ပီယံဟောင်းတစ်ဦးဖြစ်တဲ့ ကက်တလင်းယန်နာဟာ လိင်ပြုပြင်ထားသူတစ်ဦးဖြစ်ပြီး အမျိုးသားဘဝကနေ အမျိုးသမီးဘဝကို ပြောင်းလဲထားသူတစ်ဦးဖြစ်ပါတယ်။

သူဟာ အမျိုးသမီးဘဝကို ပြောင်းလဲပြီးနောက် အမေရိကန်နိုင်ငံရဲ့ ရုပ်သံအစီအစဉ်မှာ အစီအစဉ်ကြေညာသူအဖြစ် လုပ်ကိုင်လျက်ရှိပါတယ်။

ကက်တလင်းယန်နာကို ယခင်ကတည်းက မကျေနပ်မှုတွေ များပြားနေပေမယ့် ယန်နာက မသိကျိုးကျွန်ပြုနေခဲ့ပေမယ့် အခုအချိန်မှာတော့ ဆန္ဒပြသူတွေနဲ့ ထိပ်တိုက်ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။

အဲဒီဆန္ဒပြပွဲကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့မှာပြုလုပ်နေတာဖြစ်ပါတယ်။ ကက်တလင်းယန်နာဟာ ချီကာဂိုမြို့ရဲ့ဟီလ်တန်ဟိုတယ်မှာ နေထိုင်နေစဉ် ဆန္ဒပြသူတွေနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

ဆန္ဒပြသူထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ မိုနီကာဂျိမ်းစ်က "သူ့အနေနဲ့ ခုလို ပြုမူမှုတွေဟာ ကျွန်မတို့သာမန်ပြည်သူတွေကို အများကြီးထိခိုက်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ လှုပ်ရှားမှုတွေအားလုံးမှာ သူ့နေရာတွေချည်းပဲ။ ဒါကိုပြုပြင်ပေးဖို့လိုပါတယ်။ ကက်တလင်း . . . ရှင် အပြင်ကို ထွက်လာပေးပါ။ ရှင်ဒီကိစ္စကို ရှင်းပေးမှရမယ်"လို့ အော်ဟစ်ပြောဆိုလျက်ရှိတယ်လို့ ဆိုပါတယ်။

ချီကာဂိုရေဒီယိုအစီအစဉ်ရဲ့ Showbiz အစီအစဉ်ကလည်း ကက်တလင်းယန်နာနဲ့ ဆန္ဒပြသူတွေထိပ်တိုက်ရင်ဆိုင်နေရတယ်ဆိုတဲ့အကြောင်းကိုလည်း ထုတ်လွှင့်သွားခဲ့ပါတယ်။

# ပြင်သစ်နိုင်ငံမှာ ပြုလုပ်မယ့် ဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်တဲ့ U 2



အိုင်ယာလန်နိုင်ငံရဲ့အထင်ကရ ရော့ခ်တီးဝိုင်းတစ်ဝိုင်းဖြစ်တဲ့ U 2 တီးဝိုင်းဟာ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့မှာ ဖျော်ဖြေပွဲကျင်းပဖို့ စီစဉ်ထားတာကို ဖျက်သိမ်းလိုက်ပြီလို့ ဆိုပါတယ်။ သူတို့အဖွဲ့ ဖျော်ဖြေမယ့်နေ့မှာ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့မှာ ပေါက်ကွဲမှုနဲ့ ပစ်ခတ်မှုတွေဖြစ်ပွားခဲ့တာကြောင့် ပြင်သစ်နိုင်ငံအစိုးရက အရေးပေါ်အခြေ အနေကြေညာခဲ့ပါတယ်။ အဲဒီအခြေအနေတွေကြောင့် သူတို့ရဲ့ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

U 2 နဲ့တွဲဖက်ပြီး သီဆိုဖျော်ဖြေ ကြမယ့်သူတွေကတော့ iNNOCENCE နဲ့ eXPERIENCE တို့ပဲဖြစ်ပါတယ်။ U 2 အဖွဲ့ဟာ သူတို့အဖွဲ့ရဲ့ဖျော်ဖြေပွဲ ဖျက်သိမ်းလိုက်တယ်ဆိုတာကို အဖွဲ့ပိုင်ဝက်ဘ်ဆိုက်ကနေတစ်ဆင့် ကြေညာခဲ့သလို သူတို့ရဲ့လူမှုကွန်ရက်ဝက်ဘ်ဆိုက်ကနေလည်း ကြေညာခဲ့ပါတယ်။

U2 အဖွဲ့ရဲ့ဖျော်ဖြေပွဲကို HBO ရုပ်သံလိုင်းရဲ့အင်တာတိန်းမင့်အစီအစဉ်ကနေ တိုက်ရိုက်ထုတ်လွှင့်ပြသမှာဖြစ်ပေမယ့် HBO ကလည်း အဆင်မပြေဖြစ်မှုအတွက် ပရိသတ်တွေကို တောင်းပန်ပါကြောင်း သူ့ရဲ့ရုပ်သံလိုင်းမှတစ်ဆင့် ကြေညာခဲ့တယ်လို့ဆိုပါတယ်။ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့မှာ နိုဝင်ဘာ ၁၄ ရက်နေ့ နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုနဲ့ ပစ်ခတ်မှုတွေဖြစ်ပွားခဲ့တာကြောင့် အနည်းဆုံး လူပေါင်း ၁၅၀ ဦး သေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူတွေ အများအပြားရှိခဲ့တယ်လို့ သတင်းများက ဖော်ပြထားပါတယ်။

# The Commerce Journal

တွင်

ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်

## ကြော်ငြာခနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅" × ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |




**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) – ၀၉ ၇၃၀၅၃၅၃၁

ဂျာနယ်တိုက် – ၀၁-၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

# COMMERCE INTERNATIONAL

## အင်ဒိုနီးရှားနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မျှမျှတတဆောင်ရွက်ကြဖို့ ဝန်ကြီး တိုက်တွန်း



သဘာဝသယံဇာတတွေကို ရှာဖွေထုတ်လုပ်ရာမှာ Freeport McMoran Inc.သတ္တုတူးဖော်ရေး ကုမ္ပဏီ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက အင်ဒိုနီးရှားနိုင်ငံအပေါ် မျှမျှတတ ဆောင်ရွက်ကြစေလိုကြောင်း ရေကြောင်းရေးရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး ရီဇာရမ်မလီက အောက်တိုဘာ ၁၃ ရက်က ပြောကြားချက်ကို ကိုးကားပြီး အင်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှာ Freeport McMoran ကုမ္ပဏီအပါအဝင် အမေရိကန်စီးပွားရေးလုပ်ငန်းအမှုဆောင်များနဲ့ တွေ့ဆုံတဲ့ အစည်းအဝေးမှာ စွမ်းအင်နဲ့ သတ္တုသယံဇာတ ဝန်ကြီးဌာနကိုလည်း တာဝန်ယူထားရသူ ရီဇာက ယခုကဲ့သို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

"ကျွန်တော်တို့က မျှမျှတတ ဖြစ်ချင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံကို မျှမျှတတဆက်ဆံပြီး ပွင့်လင်းမြင်သာမှုရှိစေလိုတဲ့ဆန္ဒရှိပါတယ်။ ဒီလိုမျှမျှတတဆောင်ရွက်သွားရင် အင်ဒိုနီးရှားနိုင်ငံမှာ လုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေအတွက်လည်း ကောင်းလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"လို့ သူက ပြောပါတယ်။

အထူးသဖြင့် Freeport နဲ့ပတ်သက်ပြီး ပြောကြားရာမှာ အင်ဒိုနီးရှားနိုင်ငံမှာ ဆောင်ရွက်လျက်ရှိတဲ့ စီးပွားရေးအလေ့အကျင့်များကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ ရီဇာက တိုက်တွန်းပါတယ်။

ကုမ္ပဏီက အင်ဒိုနီးရှားအစိုးရကို ပေးသွင်းတဲ့ ခိုင်ကြေးကိုတိုးမြှင့်ဖို့၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်တဲ့အနေနဲ့ စွန့်ပစ်ရေထိန်းချုပ်မှုစနစ်ကို ဆောင်ရွက်ဖို့နဲ့ အင်ဒိုနီးရှားနိုင်ငံမှာ သတ္တုအရည်ကျိုစက်များ တည်ဆောက်ခြင်းဖြင့် ကုန်ကြမ်း ထုတ်လုပ်ပြီးနောက်ပိုင်း ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ သူက တိုက်တွန်းပါတယ်။

"အခုကတည်းက Freeport အနေနဲ့ အင်ဒိုနီးရှားအစိုးရရဲ့ ပန်ကြားချက်ကို ဖြည့်ဆည်းပေးရင် သဘောတူစာချုပ်ကို အပြီးသတ်ချုပ်ဆိုဖို့ မဖြစ်နိုင်စရာ မရှိပါဘူး။ ဟိုအရင်ကတော့ ကန်ထရိုက်စာချုပ် သက်တမ်းတိုးဖို့ လုပ်တိုင်း အဆင်မပြေ မှုတွေဖြစ်တတ်ပါတယ် "လို့ သူက ပြောပါတယ်။

ဘာသာပြန်-စစည်းတင်ပြသည်

## စီးပွားရေးရဲ့အနာဂတ်ကို နိုင်ငံတိုင်းက အကဲဖြတ် သုံးသပ်ဖို့ လိုအပ်

နည်းပညာသစ်တွေ ပေါ်ထွက်နေတဲ့အတွက် ဒီနည်းပညာသစ်တွေက စီးပွားရေးလုပ်ငန်းများနဲ့ အလုပ်အကိုင်များရဲ့ သဘောသဘာဝ တွေအပေါ်မှာ အကျိုးသက်ရောက်မှုရှိနိုင်တဲ့အတွက် နိုင်ငံတိုင်းက မိမိနိုင်ငံစီးပွားရေးရဲ့ အနာဂတ်ကို အကဲဖြတ် သုံးသပ်ဖို့လိုကြောင်း စင်ကာပူ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး အက်စ်အစ္စဝါရန်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါ တယ်။

နိုဝင်ဘာ ၁၂ ရက်မှာ ကျင်းပပြီး စက်မှုလုပ်ငန်းခေါင်းဆောင်တွေ တက်ရောက်တဲ့ Huawei Innovation Day အခမ်းအနားမှာ အမှာစကားပြောကြားရာမှာ နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုတွေ အရှိန်ရလာတဲ့အတွက် အလုပ်အကိုင်သစ်တွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လုပ်ငန်းကဏ္ဍတွေကို ဖန်တီးနိုင်တော့မှာဖြစ်ကြောင်း၊ ဒါ့ကြောင့် ရှိရင်းစွဲလုပ်ငန်းတွေရဲ့ အရေးပါမှုကျဆင်းလာတော့မှာ ဖြစ်ကြောင်း မစ္စတာအစ္စဝါရန်က ပြောပါတယ်။

ဒါကြောင့်နိုင်ငံတွေက တီထွင်ဆန်းသစ်မှုကို မြှင့်တင်ဖို့နဲ့ နည်းပညာသစ်တွေနဲ့ အညီချမှတ်ကျင့်သုံးဖို့အတွက် ဘယ်လိုဒီဇိုင်းတွေချမှတ် ဆောင်ရွက်မယ်ဆိုတာကို ဆန်းစစ်လေ့လာရတော့မှာ ဖြစ်ကြောင်း သူက ပြောပါတယ်။ ဒီရည်မှန်းချက်တွေကို အထောက်အကူပေးဖို့ ပုဂ္ဂလိကနဲ့ အစိုးရ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမယ့် တီထွင်ဆန်းသစ်ရေးမူဘောင်တွေချ မှတ်ဖို့နဲ့ သုတေသန နဲ့ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို စီးပွားဖြစ် ထုတ်လုပ်နိုင်အောင် ဖန်တီးဖို့အတွက် ဘယ်လိုရင်းနှီးမြှုပ်နှံ ဆောင်ရွက်မယ်ဆိုတာကို စဉ်းစားဖို့လိုပါတယ်။

စင်ကာပူနိုင်ငံဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီးကိတ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မယ့် အနာဂတ်စီးပွားရေးကော်မတီကို ဒီဇင်ဘာလမှာ တည်ထောင်ပြီး ဒီပြဿနာတွေကို ဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း မစ္စတာ အစ္စဝါရန်ကပြောပါတယ်။

စင်ကာပူစီးပွားရေးရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး အစီအစဉ်ရေးဆွဲဖို့ တာဝန်ပေးထားပြီးဖြစ်ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှာ ထောက်ခံတင်ပြချက်များကို တင်သွင်းနိုင်မယ်လို့ ခန့်မှန်းရပါ တယ်။

"လွန်ခဲ့တဲ့ ဆယ်စုနှစ်များအတွင်း စင်ကာပူနိုင်ငံက သုတေသနနဲ့ဖွံ့ဖြိုးမှု လုပ်ငန်းတွေမှာ ပိုအောပြီး ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း အစိုးရကဏ္ဍအေဂျင်စီတွေ၊ နိုင်ငံပိုင် ကော်ပိုရေးရှင်းတွေ၊ အကြီးစားစီးပွားရေး လုပ်ငန်းတွေ၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ၊ ထူထောင်စလုပ်ငန်းသစ်တွေ၊ သုတေသနအဖွဲ့တွေနဲ့ အဆင့်မြင့် လေ့လာရေးသိပ္ပံတွေပါဝင်ခဲ့ပါတယ်" လို့ သူက ပြောပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< October And November Sailing Schedule >>

DATE : 21th October 2015

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA / JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | 9.10.2015 | | | | 10.10.2015 | 11.10.2015 | | | | 19.10.2015 | 23.10.2015 | |
| | S/O CUT | | | | 5.10.2015 | | | | 6.10.2015 | 7.10.2015 | | | | | | |
| MV.HOEGH CHENNAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | 27.10.2015 | 25.10.2015 | | 28.10.2015 | 29.10.2015 | | | | | 10.11.2015 | |
| | S/O CUT | | | | | 23.10.2015 | 21.10.2015 | | 24.10.2015 | 25.10.2015 | | | | | | |
| MV.CITY OF MUMBAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | 8.11.2015 | | | 9.11.2015 | 10.11.2015 | | 4.11.2015 | | | 25.11.2015 | |
| | S/O CUT | | | | | 4.11.2015 | | | 5.11.2015 | 6.11.2015 | | | | | | |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | 26.11.2015 | | | | 25.11.2015 | 24.11.2015 | | 29.11.2015 | | 8.12.2015 | 12.12.2015 | |
| | S/O CUT | | | | 22.11.2015 | | | | 23.11.2015 | 20.11.2015 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက [illegible]နိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။